www.burmeseclassic.com

တက္ကသိုလ် နေဝင်းမြင့်

ဝမ်အင်း၏ကျုံးလင်စန်းရှ

# လှည့်ကွက်ကြားမှ လောဘသားများ



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# လှည့်ကွက်ကြားမှလောဘသားများ

(ပထမပိုင်း)

www.burmeseclassic.com

၂၀၁၂ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၄၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာရီ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

BURMESE CLASSIC



## ရေခဲတောင်မယ်

ဆောင်းည....

နှင်းများ အုပ်အုပ်သဲသဲကြွေသက်နေ၏။ မြူရည်များလည်း ရစ်ဆိုင်းလျက်ရှိ၏။

ထို့ကြောင့်....

ဆောင်းညပန်းချီသည် မပီပိုးဝါးနှင့် ရီရီဆိုင်းဆိုင်းမှိုင်းမှိုင်း ညို့ညို့ရှိနေလေသည်။

သည့်လိုဆောင်းညမျိုးတွင်....

မည်သူမျှပြင်ပသို့ထွက်ခွာလိုဖွယ်မရှိချေ။

သေရေးရှင်ရေးနှင့် မလွဲမရှောင်သာသော အရေးအခင်းမျိုး မှတစ်ပါး ပြင်ပသို့ထွက်ကြမည်မဟုတ်ပါ။

ဆောင်းညအေးအေးတွင် ကိုယ့်အိမ်ကိုယ့်ယာ၌ ဇွေးဇွေး စွာလဲလျောင်းနေကြမည်သာဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကြောင့် ထင်သည်။

ဆောင်းညသည် တိတ်ဆိတ်နေ၏။

လူသွားလူလာပြတ်တောက်နေ၏။

သို့သော်....

ဤမျှတိတ်ဆိတ်နေသောဆောင်းညကိုအံတု၍ တစ်နေရာမှ လှုပ်ရှားသံ အုပ်အုပ်ဆိုင်းဆိုင်းပေါ်ထွက်လာနေလေသည်။

ဝဝဝဝ



လမ်းကြားရှည်တစ်ခုပင် ဖြစ်သည်။

ယင်းလမ်းကြားရှည်သည် ဆောင်းညနှင်းကမ္ဘာအောက်တွင် မှောင်မည်းတိတ်ဆိတ်နေလေသည်။

သို့သော် လမ်းကြားရှည်၏ဟိုမှာဘက်အဆုံးတွင်မူ လဲ့လဲ့မှိန်မှိန်အလင်းရောင်ဖြာထွက်နေသောအိမ်တစ်လုံး....

တိတ်ဆိတ်နေသောဆောင်းညကိုစုဖက်ပြိုင်၍ အုပ်အုပ်ဆိုင်းဆိုင်းထွက်ပေါ်နေသောအသံများသည် ယင်းအိမ်ကလေးဆီမှ ပျံ့လွင့်ထွက်ပေါ်လာနေခြင်းပင်ဖြစ်သည်။

ထိုအိမ်၏တံစက်မြိတ်အောက် တံခါးပေါက်တွင်....

အရောင်အဆင်းကင်းမဲ့သောမီးအိမ်အိုတစ်လုံး ချိတ်ဆွဲထားပြီး.... ယင်းမီးအိမ်အိုအောက်တွင် အရောင်တလက်လက်ကွန့်မြူးတောက်ပနေသောငွေချိတ်ကြီးတစ်ခု။

ယင်းငွေချိတ်ကြီးသည် တံငါသည်များအသုံးပြုသောငါးမျှားချိတ်သဏ္ဍာန်ရှိလေသည်။

တဖြူးဖြူးတဖျပ်ဖျပ် တိုက်ခတ်နေသော ဆောင်းညလေများကြားတွင် ယင်းငွေချိတ်ကြီးသည် ဟိုတိုသည်သည်လှုပ်ယမ်းယိမ်းနွဲ့လျက် အရောင်တောက်ပကွန့်မြူးနေခြင်းပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မီးအိမ်အိုမှာမူ အရောင်အဆင်းဖျက်ပြယ်လျက် ကြပ်ခိုးများ တွယ်ကာ မဲညစ်နေလေပြီ။ သို့သော် ယင်းမီးအိမ်သည် အလင်းရောင်ကိုမူ တာဝန်မပျက်ပေးနိုင်စွမ်းရှိဆဲပင်ဖြစ်ပါ၏။

‘မီးအိမ်အို၏အလင်းရောင်ဖြင့် ယိမ်းနွဲ့လှုပ်ရှားနေသော ငွေ’ ချိတ်ကြီးမှစာတန်းတစ်ခုလည်းပေါ်ထွက်လို့လေသည်။

ယင်းစာတန်းကို သတိထားဖတ်ကြည့်လျှင်မူ

‘ငွေချိတ်လောင်းကစားခန်း’ဟူသောကမ္ဗည်းစာတန်းကို သဲသဲကွဲကွဲမြင်တွေ့ကြရမည်ဖြစ်ပါသည်။

၀၀၀၀



ငွေချိတ်လောင်းကစားခန်း....

ယင်းလောင်းကစားခန်းသည် အလောင်းအစားဝါသနာအိုး များအတွက် စိတ်အပန်းဖြေရာကွန်းရိပ်တစ်ခုပင်ဖြစ်သည်။

လောင်းကစားခန်းအတွင်းသို့ ဝင်ရောက်ကြည့်လိုက်ပါလျှင် လည်း လောင်းကစားခန်းတစ်ခုလုံး လူများဖြင့်ပြည့်ကျပ်နေသည်ကို လည်းကောင်း....

လောင်းကစားအမျိုးမျိုးတွင် မိမိဝါသနာပါရာ အားသန်ရာ သူနိုင်ကိုယ်နိုင်အပြိုင်ကြဲနေသည်ကိုလည်းကောင်း....

အံ့ဩဖွယ်ရာ တွေ့မြင်ရမည်ဖြစ်ပေသည်။

ဆောင်းညသည် မှောင်မည်းတိတ်ဆိတ်လျက် နှင်းများဖြိုင် ဖြိုင်သဲသဲကျရောက်နေလေရာ အအေးဓာတ်သည် ကြောက်ခမန်းလိ လိပင်ဖြစ်ပေါ်လျက်ရှိ၏။

ယင်းအချိန်မျိုးတွင်....

www.burmeseclassic.com

www.burmeseclassic.com



ဤလောင်းကစားခန်းအတွင်းသို့ တကူးတက လာရောက်အချိန်ဖြုန်းနေကြသောလူစုမှာ....

လောင်းကစားဘက်တွင် မည်မျှဝါသနာထုံသူများဖြစ်ကြကြောင်း ခန့်မှန်း၍ရပေသည်။

ထိုသူများသည် လောင်းကစားတွင် အလွန်အမင်းဝါသနာထုံသူများဖြစ်သကဲ့သို့ ငွေကြေးချမ်းသာသူကြေးရတတ်များလည်းဖြစ်ကြပေသည်။

လောကသည် ဆန်းကြယ်လှပေစွ။

အများသူငါ ဆောင်းရိပ်အောက်၌ တိတ်တိတ်ငြိမ်ငြိမ် ရှိနေကြချိန်တွင်....

ဤသူများသည် ငွေချိတ်ကြီးအတွင်း ညှို့ယူအမိခံနေကြရသည်မဟုတ်ပါလား။

လောင်းကစားခန်းအပြင်ဘက် အိမ်၏တံစက်မြိတ်အောက်မှငွေချိတ်ကြီးသည် ဆောင်းလေနှင့်အတူ တနွဲ့နွဲ့တယိမ်းယိမ်းလှုပ်ခတ်နေသကဲ့သို့....

အရောင်အဆင်းကင်းလျက် မဲညစ်ကာနေလေပြီဖြစ်သောမီးအိမ်အိုမှာလည်း....



လင်းလက်သောအလင်းရောင်ကို ဖြန့်ကြက်ပေးနေဆဲပင်ဖြစ်လေသည်။

လူအချို့သည်လည်း ယင်းငွေချိတ်လောင်းကစားခန်းမအတွင်း အသဲအမဲလောင်းကစားနေကြဆဲ....

ပြီးတော့ ငွေချိတ်လောင်းကစားခန်းသို့ တဖွဲဖွဲတသဲသဲ ဦးတည်လာနေကြဆဲ....

ငွေချိတ်လောင်းကစားခန်းသည် အေးစက်သော ဆောင်းရိပ်အောက်တွင် လှုပ်ရှားလျက် စီညံလျက်....

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



လောင်းကစားမှု....

အမှန်စင်စစ် လောင်းကစားမှုဟူသည် လူ့ဘောင်လောက စတင်ဖြစ်ထွန်းသည်မှစခဲ့သောအရာဖြစ်သည်။

လောင်းကစားမှုကင်းမဲ့လျှင်....

လူ့လောင်လောကသည် သွေ့ခြောက်ပျင်းရိဖွယ်ဖြစ်လိမ့်မည်ဟုတစ်ချို့ကဆိုကြသည်။

အမှန်တွင်မူ....

လောင်းကစားမှုဟူသည် ဒုစရိုက်လုပ်ငန်းတစ်ခုသာဖြစ်ပေသည်။ လောင်းကစားမှုကြောင့် ဒုက္ခပင်လယ်ဝေခဲ့ကြရသူများ ရာဇဝတ်မှုကျူးလွန်မိကြသူများ ဒုနဲ့ဒေးပင်မဟုတ်ပါလား။

သို့သော်....

အချို့သူများသည် ယင်းလောင်းကစားမှုကိုပင် ခုံမင်ကြဆဲ ဝါသနာစွဲရောက်ကြဆဲပင်ရှိသေး၏။



လောင်းကစားရင်းအရှုံးကြီးရှုံးသောအခါ ခံစားရသောဒုက္ခနှင့်သောကပရိဒေဝများ၏အတိမ်အနက် အလေးအပေါ့ကိုလည်း မသိ၍မဟုတ်။

သိကြသည်ချည်းသာဖြစ်သည်။

သို့ရာတွင် ထိုသူများသည် အလျှံတညီးညီး တောက်လောင်နေသော အပူပင်လယ်ထဲခုန်ချချင်သူများ....

ပမာဆိုသော်....

ပူမှန်းသိလျက် အပူကိုပင်နှစ်သက်သောပိုးဖလံမျိုးနှယ် လူစားမျိုးများဖြစ်ကြလေသည်။

ထိုသူများကြောင့်လည်း လောင်းကစားဂေဟာများ အလျှိုလျှိုပေါ်ပေါက်လာကာ တစ်နေ့တခြားကြီးထွားစည်ပင်လာရသည်မှာ အဆန်းမဟုတ်တော့ချေ။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com





လုယက်ပြီ

ဆောင်းည၏မှောင်ရိပ်ထဲတွင်ဖြစ်သည်။

လူတစ်စုသည် အရိုးခိုက်မျှအေးသောအအေးဒဏ်ကိုအံတု၍မှောင်ရိပ်ခိုလျက်ရှိနေကြသည်။

သူတို့သည် တစ်စုံတစ်ဦးအား စောင့်စားနေဟန်ပင်။

ထိုအခိုက်… လူနှစ်ယောက်သည် စကားတပြောပြောဖြင့် မှောင်ရိပ်ခိုလျက်ရှိသောလူစုရှိရာ အေးအေးလူလူ ဦးတည်လျှောက်လှမ်းလာနေလေသည်။

ထိုလူနှစ်ယောက်အနက်….

တစ်ဦးက အနီရောင်ခြုံလွှာကိုခြုံထားပြီး လက်ထဲတွင်မူ လမ်းလျှောက်ထွက်စဉ် ကိုင်ဆောင်လေ့ရှိသော လက်ကိုင်တုတ်တစ်ချောင်းကို လက်မှကိုင်လျက်ဟန် ပါပါလွှဲကာလျှောက်လာနေသည်။

ကျန်တစ်ယောက်မှာမူ….

www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက်ကို ရင်မှာကျစ်ကျစ်ပိုက်လျက် အအေးဒဏ်ကို ကာကွယ်ရင်းလျှောက်လှမ်းလာနေပါ၏။

မကြာပါချေ။

ထိုသူနှစ်ဦးသည် မှောင်ရိပ်ခိုနေသောလူစုအနားသို့ ရောက်လာကြ၏။ ထိုစဉ်....

မှောင်ရိပ်ခိုနေသောလူစုထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသူသည် ရုတ်တရက် မှောင်ရိပ်အတွင်းမှလျှားခနဲခုန်ထွက်လာပြီး ထိုသူနှစ်ဦးအားဟန့်တားလိုက်လေသည်။

"ဟေ့... ရပ်လိုက်ကြစမ်း"

ရုတ်တရက်ထွက်ပေါ်လာသောဟန့်တားသံနှင့်အတူ လူရိပ်သဏ္ဌာန်ကြောင့် ထိုသူနှစ်ဦးသည်လှမ်းလျှောက်ဆဲခြေလှမ်းများကို တွန့်ခနဲရပ်တန့်လိုက်ကြသည်။

တစ်ချိန်တည်းတွင်ပင်....

သူတို့နှစ်ဦးအား ကျန်မှောင်ရိပ်ခိုနေသူငါးယောက်က အရံသင့်ဝိုင်းရံထားလိုက်ပြီးဖြစ်သွားသည်။

"မိတ်ဆွေတို့... ဘာကိစ္စထူးများရှိလို့ပါလဲခင်ဗျာ"

ခြုံလွှာအနီခြုံလွှမ်းထားသူက ထိုလူစု၏ခေါင်းဆောင်အား



လေသံအေးအေးဖြင့် ယဉ်ကျေးစွာမေးလိုက်သည်။

"ဘာကိစ္စမှမဟုတ်ဘူး... မင်းတို့ဆီက ငါနည်းနည်းပါးပါး အလှူခံချင်လို့"

"ဟာ... ရပါတယ်၊ တစ်ယောက်ကိုတစ်ပြားလောက်တော့ ကျွန်တော်စွန့်ကြဲနိုင်ပါတယ်"

"တောက်... တိတ်စမ်း။ ငါတို့က သူတောင်းစားတွေ မဟုတ်ဘူးကွ၊ ကဲ... ဟေ့ ကောင်းကောင်းပြောမရရင် ဝိုင်းတွယ်လိုက်ကြစမ်း"

ခေါင်းဆောင်လုပ်သူက ယင်းသို့ပြောလိုက်သည်နှင့် လူနှစ်ဦးသည် ဝတ်ရုံနီနှင့်လူဆီသို့ပြေးဝင်သွားပြီး ဓားဖြင့်ညှပ်ပူးညှပ်ပိတ် ဝိုင်းခုတ်လိုက်ကြသည်။

"ရွမ်း... ရွမ်း"

ဓားများသည် လူကိုမခုတ်မိဘဲ လေကိုသာခုတ်မိလျက်သားဖြစ်သွားသည်။ ဝတ်ရုံနီနှင့်လူမှာမူ သူတို့နှစ်ဦး၏နောက်ကျောသို့ ဖျတ်ခနဲရောက်သွားသည်။

ဓားသမားနှစ်ယောက်သည် နောက်သို့ ကမျာကသောလှည့်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် နောက်ကျသွားလေပြီ။

ဝတ်ရုံနီနှင့်လူ၏လက်သည် ဆတ်ခနဲ ဆတ်ခနဲ ဖယ်ဆက်သလိုလှုပ်ရှားသွားသည်။ သူ့လက်ကိုင်တုတ်သည် တစ်ယောက်၏ ရင်ဝသို့ဆောင့်ထိုးပြီး တစ်ဆက်တည်းမှာပင် နောက်တစ်ယောက်၏မေးစေ့ကိုပင့်ထိုးလိုက်သည်။

နှစ်ဦးစလုံး လောကကြီးအား ခေတ္တခဏမေ့သွားလေပြီ။

ခေါင်းဆောင်ဖြစ်သူသည် မျက်လုံးပြူးသွား၏။

သူသည် အခြားလူနှစ်ယောက်အား ဝတ်ရုံနီနှင့်ပါလာသူထံသို့ လက်ညှိုးထိုးပြလိုက်သည်။

ဓားကောက်ကိုင်ထားသူနှင့်လှံရှည်ကိုကိုင်ထားသူသည် ထိုသူထံသို့ပြေးဝင်သွားသည်။

ဓားကောက်နှင့်လူက ထိုသူ၏လည်ပင်းသို့ဆတ်ခနဲထိုးစိုက်လိုက်သည်။ ထိုလူသည် လုံးဝရှောင်တိမ်းခြင်းမရှိဘဲ သူ့လက်ညှိုးနှစ်ချောင်းသည်သာလျှင် ဆတ်ခနဲလှုပ်ရှားသွားသည်။

အံ့ဩစရာကောင်းလှအောင်ဖြစ်သွားသည်။

ဓားကောက်သည် ထိုသူ၏လက်ချောင်းကြားတွင် ညှပ်မိလျက်သားဖြစ်နေလေသည်။



အားနှင့်ပြန်ဆွဲနှုတ်ကြည့်သည်။

မရပေ။

ဓားကောက်နှင့်လူသည် ဇောချွေးပြန်လာ၏။

လှံရှည်နှင့်လူမှာ မှင်သက်မိနေရာမှသတိရဟန်ဖြင့် ထိုသူအားထိုးလိုက်သည်။

ထိုသူသည် ကိုယ်ကိုတွန့်လိမ်လိုက်ပြီးရှောင်လိုက်၏။

လှံသွားသည် အရှိန်လွန်သွားသည်။

ထိုအခါ ထိုလူ၏လက်ဝါးစောင်းသည် ဖြောင်းခနဲလှံအရိုးကိုရိုက်ချိုးပစ်လိုက်လေသည်။

လှံရှည်နှင့်လူသည် ငုံးတိတိဖြစ်နေသောသူ၏လှံကိုတစ်လှည့် ထိုသူအားတစ်လှည့်ကြည့်ရင်း ရင်တုန်နေသည်။

ခေါင်းဆောင်ဖြစ်သူသည် ထိုသူ၏သိုင်းကွက်ကိုကြည့်ပြီးကြောက်ရွံ့တုန်လှုပ်ဟန်ဖြင့်မေးလိုက်သည်။

"မင်း... မင်း... မျက်ခုံးလေးခုရှင်လုရှောင်ဖုန့်များလား"

"ဟဲ... ဟဲ... ဟဲ... ဟုတ်ပါတယ်၊ ငါဟာလုရှောင်ဖုန့်ပဲ"

"ဆရာ... ဆရာရယ် ကျွန်တော်တို့မသိလို့ အခုလိုဖြစ်မိတာပါ၊ ခွင့်... ခွင့်လွှတ်ပါနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ... ဟဲ... ဟဲ... ရပါတယ်လေ၊ ခွင့်လွှတ်ရမှာပေါ့ကွာ... မင်းက မင်းတပည့်တွေနဲ့ပဲလွှတ်ပေးနေတာကိုးကွ၊ မင်းနဲ့ငါ တစ်ပွဲ လောက်...."

"အား... မ... မလုပ်ပါနဲ့ဆရာရယ်၊ ဆရာ့ပညာနဲ့ကျွန်တော့်ရဲ့ပညာဟာ မိုးနဲ့မြေလိုနှိုင်းမရအောင်ကွာခြားပါတယ်၊ ကျွန်တော်တို့လိုအမိုက်အမဲကလေးကိုသွားခွင့်ပြုပါနော်... နော်"

ခေါင်းဆောင်ဖြစ်သူသည် ကြောက်ကြောက်ရွံ့ရွံ့ပြောပြီး သူ့လူဘက်သို့လှည့်၍....

"ဟေ့ကောင်တွေ... ဘာငိုင်နေကြတာလဲ... သွားကြမယ်"

မှောင်ရိပ်ခိုနေသောလူစုသည် အမှောင်ထဲသို့ပင်ပြန်လည်ပြေးဝင်သွားကြတော့သည်။ လုရှောင်ဖုန်သည် ဝတ်ရုံနီနှင့်လူထံသို့ လျှောက်သွားပြီး...

"ဘယ်လိုလဲ... ယို့ဟွီး၊ လောင်းကစားခန်းရောက်တဲ့အထိ မင်းပိုက်ဆံတွေခံနိုင်ပါ့မလား"

"လုရှောင်ဖုန့်တစ်ယောက်လုံးပါလာမှတော့ ငါ့ပိုက်ဆံတွေလုရဲတဲ့လူ ရှိတော့ပါဘူးကွာ... ဟား... ဟား... ဟား"

"ဟား... ဟား... ဟား"



လုရှောင်ဖုန့်က ယို့ဟွီး၏အပြောကြောင့် သဘောကျသွားပြီး သူပါရောချ်ရယ်မောလိုက်လေတော့သည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ဖုန့်နှင့်ယို့ဟွီး....

သူတို့သည်မှောင်မည်းတမျှ စွတ်စိုထိုင်းမှိုင်းနေသော နှင်းမြူများကြားမှ မီးရောင်ထိန်လင်းလျက်ရှိရာ ငွေချိုတ်လောင်းကစားခန်းအတွင်းသို့ ဖြည်းညင်းစွာလျှောက်ဝင်လာသည်။

ယို့ဟွီးသည် ကိုယ်ပေါ်တွင်တင်နေသောဆီးနှင်းခဲလေးများကိုလက်ဖြင့် အသာအယာခေါက်ထုတ်ပစ်လိုက်သည်။

ထို့နောက်....

ကိုယ်ပေါ်တွင်ခြုံလွှမ်းထားသောအနီရောင်ဝတ်ရုံကို ချွတ်လိုက်သည်။

ထိုအခါ....

၎င်း၏ကိုယ်ပေါ်မှ ခေတ်မီစွာဝတ်ဆင်ထားသောအဝတ်အစားများသည် လူပုံအလယ်တွင် ထင်းခနဲဝင့်ထယ်စွာပေါ်လွင်လာလေသည်။



သူသည် နေ့စဉ် ဤအချိန်သို့ရောက်တိုင်းစိတ်ကြည်နူးပြီး ပျော်ရွှင်လန်းဆန်းလာတတ်သည်။

အထူးသဖြင့် ယနေ့လိုညမျိုး၌ လုရှောင်ဖုန့်တစ်ယောက်သူ့အနားတွင်ရှိနေသောကြောင့် သူသည် အခြားသောနေ့များထက်ပို၍စိတ်ကြည်နူးနေမိလေသည်။

"ဟေ့... ဟိုမှာကြည့်စမ်း... အနီရောင်ဝတ်ရုံနဲ့လူငယ်ကဘယ်သူလဲကွ၊ အတော့်ကိုရုပ်ချောတဲ့သူငယ်ပဲ"

"သူ့နာမည်က ယို့ဟွီးတဲ့ကွ... မုတ်ဆိတ်ပြာရဲ့ယောက်ဖလောင်းပေါ့ကွ"

"ဒါနဲ့ သူ့အနားမှာရပ်နေတဲ့လူက ဘယ်သူများလဲ"

"မျက်ခုံးမွေးလေးခုနဲ့လူကိုမေးတာလား"

"ဘယ်လို... မျက်ခုံးမွေးလေးခုနဲ့လူဟုတ်လား"

"ဟုတ်ပါတယ်... ဒီလူမှာ ထူးထူးဆန်းဆန်း သူ့နှုတ်ခမ်းမွေးနှစ်ဖက်ကွေးနေပုံက သူ့မျက်ခုံးမွေးနဲ့တစ်ထေရာထဲလေ၊ ဒါကြောင့်သူ့ကိုမျက်ခုံးမွေးလေးခုနဲ့လူလို့ တစ်ချို့ကခေါ်ကြတယ်"

"သြော်... သြော်... ဒါကြောင့်ကိုး၊ ဒါနဲ့ သူ့နာမည်အရင်းကဘယ်လိုတဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူက နာမည်ကြီးလုရှောင်ဖုန့်ပေါ့ကွ… မင်းမကြားဖူးဘူးလား"

"ကြော်… သူက လုရှောင်ဖုန့်ကိုး၊ သူ့နာမည်တော့ ကြားဖူးသား။ ဒါပေမဲ့ လူကိုယ်တိုင်ကိုတော့ အခုမှပဲမြင်ဖူးတော့တယ်"

ယင်းစကားသံများသည် အခန်းတွင်းရှိ ပိုက်ကျူးလောင်းကစားဝိုင်းတွင် လောင်းကစားနေကြသူအများထံမှတစ်ယောက်တစ်ပေါက် ပြောဆိုဝေဖန်စပ်စုလိုက်သောအသံများပင်ဖြစ်လေသည်။

လုရှောင်ဖုန့်သို့မဟုတ်မျက်ခုံးလေးခုရှင်….

အမှန်မှု လုရှောင်ဖုန့်တွင် မျက်ခုံးမွေးလေးခုတကယ်ရှိသည်မဟုတ်ပါ။

သူသည် အများသူငါကဲ့သို့ပင် မျက်ခုံးမွေးနှစ်ခုသာရှိပေသည်။ သို့သော်….

သူ၏နှုတ်ခမ်းမွေးနှစ်ခုမှာ…. သူ၏မျက်ခုံးမွေးနှင့်တစ်ပုံစံတည်းအလွန်တူညီနေသဖြင့် ရုတ်တရက် မြင်တွေ့လိုက်ရသောသူများသည် မျက်ခုံးလေးခုဟုပင် ထင်ယောင်မှားမိကြလေသည်။

ယင်းကြောင့် လူအများသည် လုရှောင်ဖုန့်အားမျက်ခုံးလေးခုရှင် သို့မဟုတ် မျက်ခုံးလေးခုနဲ့လူဟုခေါ်တွင်လာကြခြင်းဖြစ်သည်။



အထူးသဖြင့်….

ဤဘက်ပိုင်းနှစ်များတွင် လုရှောင်ဖုန့်သည် လျှို့ဝှက်ခက်ခဲသောဒုစရိုက်မှုခင်းအတော်များများကိုဖော်ထုတ်နိုင်ခဲ့သဖြင့်….

လုရှောင်ဖုန့် သို့မဟုတ် မျက်ခုံးလေးခုရှင်ဟူသောအမည်သည် တစ်မုဟုတ်ချင်း လွန်စွာကျော်ကြားလာခဲ့ခြင်းဖြစ်ပေတော့သည်။

ယခုလည်း လုရှောင်ဖုန့်ဟုဆိုလျှင် မည်သူမဆို ဂရုမထားၡ၍ကြည့်မိကြမည်သာဖြစ်သည်။

ထို့ကြောင့်….

လောင်းကစားနေကြသူများသည် လုရှောင်ဖုန့်ဟူသောအသံကိုကြားလိုက်ရသောအခါ သူတို့အားလုံး၏မျက်လုံးများသည် လုရှောင်ဖုန့်ထံ အလိုအလျောက်ရောက်ရှိသွားကြခြင်းဖြစ်ပေတော့သည်။

သို့သော်… အများသူငါစိတ်ဝင်စားနေသောအဖြစ်နှင့်ဆန့်ကျင်၍ တစ်ယောက်သောသူသည် ထူးထူးခြားခြား လုရှောင်ဖုန့်အားလုံးဝလှည့်၍ပင်မကြည့်။

လုံးဝဂရုမစိုက်သည့်အလား….

www.burmeseclassic.com

www.burmeseclassic.com



ကြားပင် မကြားဖူးသည့်ပုံစံဖြင့် ခပ်တည်တည်ထိုင်နေ၏။

ထိုလူကား မိန်းကလေးတစ်ယောက်ဖြစ်သည်။

သူမသည် ပေါ့ပါးသောပန်းနုရောင်ပိုးထည်အဝတ်အစားများကိုဝတ်ဆင်ထားလေသည်။ ထိုပိုးထည်အဝတ်အစားများသည် ပျော့ပျောင်းပြီး သူမ၏အသားများနှင့်ကပ်လျက် တသားတည်းလိုဖြစ်နေသည်။

ယင်းကြောင့် သူမ၏အချိုးအဆစ်ညီညာသော ခန္ဓာကိုယ်အလှအား ပို၍ဝင့်ထယ်စေသည်နှင့်အမျှ စွဲမက်နှစ်သက်ဖွယ်ကောင်းအောင်လည်း ကျက်သရေတိုးလာစေလေသည်။

သူမ၏အသားအရည်သည် ချောမွတ်ပြီးဖြူဖွေးနေသည်။ သူမ၏မျက်နှာသည် အပြုအပြင်အခြယ်အသမရှိပါဘဲလျက် ဝင်းမွတ်နုညက်နေသည်။

သူမ၏မျက်လုံးအစုံသည်လည်း အရည်လဲ့ကာ ကြည်လင်ရွှန်းလက်နေပါ၏။

သို့သော်....

သူမသည် အများသူငါ စိတ်ဝင်တစားနှင့်ဝိုင်းဝန်းကြည့်နေကြသောလုရှောင်ဖုန့်အား စိုးစဉ်းမျှပင်စိတ်ဝင်စားဟန်မပြု...



တစ်ချက်ကလေးမျှပင် လှည့်၍မကြည့်ပေ။

လုရှောင်ဖုန့်မှာမူ သူမ၏အလှအားစိတ်ဝင်တစားနှင့်အငေးသားကြည့်နေမိလေသည်။

လုရှောင်ဖုန့် မည်မျှလောက်ထိ သူမ၏အလှတွင်ယစ်မူးနေသနည်းဆိုသော်....

ယို့ဟွီးက ပြုံးဖြဖြနှင့်လုရှောင်ဖုန့်အားတံတောင်နှင့်အသာအယာတွက်၍သတိပေးလိုက်ရသည်အထိ အငေးသား အငိုင်သားစိုက်ကြည့်နေမိခြင်းဖြစ်၏။

"ဟေ့... ကိုယ့်လူ မျက်လုံးတွေကျွတ်ထွက်ကုန်လိမ့်မယ်၊ သတိလဲထားဦးမှပေါ့"

ယို့ဟွီးသတိပေးလိုက်မှပင် လုရှောင်ဖုန့်သည် ရှက်ကိုးရှက်ကန်းဖြင့်....

"ဟဲ... ဟဲ... ဟဲ တလွဲမထင်ပါနဲ့ကွာ၊ သူကလေးက ငါ့ကိုယောင်လို့မှလှည့်ကြည့်ဖော်မရတဲ့အတွက် ငါ့စိတ်ထဲမှာအတော်လေးကသိကအောက်ဖြစ်နေလို့ သူ့ကိုစိုက်ကြည့်နေမိတာပါကွ... ဟဲ... ဟဲ"

"အေး...မင်းကို သူ့မကြည့်တာဘဲ မင်းကံကောင်းတာယ်လို့မှတ်ပါကိုယ့်လူ"

www.burmeseclassic.com

www.burmeseclassic.com



ယို့ဟွီးစကားကြောင့် လုရှောင်ဖုန့်အတော်ပင် အံ့သြသွားသည်။ ယင်းကြောင့် ချက်ချင်းပြန်မေးသည်။

"ဟော… ဘယ်လိုကွ"

ယို့ဟွီးသည် ပြုံး၍ ပခုံးလေးတစ်ချက်မျှ တွန့်ပြပြီးနောက် လေသံအေးအေးဖြင့်….

"ဒီမိန်းကလေးဟာ ရေခဲတောင်လိုအေးစိမ့်တယ်ကွ၊ တော်ကြာ မင်းအအေးမိပြီးဖျားနေဦးမယ်နော်"

ယို့ဟွီး၏စကားကြောင့် လုရှောင်ဖုန့် တဟားဟားရယ်မောလိုက်လေသည်။ သူ သို့မဟုတ် မျက်ခုံးလေးခုရှင်လုရှောင်ဖုန့်ဆိုသောလူစားကား….

သည်နှယ်ငေးကြည့်ရလောက်အောင် ချောမွတ်လှပသောမိန်းမပျိုလေးတစ်ဦးကိုစိတ်ဝင်စားမိရုံနှင့် အအေးမိသွားမည်ဆိုပါက သူသည် ဆယ်ခါဆယ်ပြန်မက အအေးမိခံနိုင်သူပင်ဖြစ်သည် မဟုတ်ပါလား။

၀၀၀၀



လုရှောင်ဖုန့်….

သူသည်အေးစိမ့်သောအရသာကို နှစ်လိုဟန်ရှိသည်။

ထို့ကြောင့် ယို့ဟွီးသတိပေးနေသည့်ကြားမှပင် ပြုံးလျက် ရေခဲတောင်မယ်ဆိုသူကလေးထံသို့ တည့်တည့်မတ်မတ်လျှောက်သွားလေသည်။

သူ၏မျက်နှာသည် ပြုံးယောင်လဲ့လဲ့ဖြင့် မချိုမချဉ်နိုင်လှသောအမူအရာမျိုး….

သူသည် ရေခဲတောင်မယ်အနီးသို့ရောက်သွားသည်နှင့် ရေခဲတောင်မယ်၏ကိုယ်မှ လွှမ်းဖွာမွှေးကြိုင်လှသောရနံ့တစ်မျိုးကိုခံစားလိုက်ရလေသည်။

ယင်းမွှေးကြိုင်သောရနံ့သည် ရေမွှေး၊ ပေါင်ဒါအနံ့ မဟုတ်ပါ။ အရက်နံ့လည်းမဟုတ်ပါ။

အမှန်စင်စစ် အချို့သောမိန်းကလေးများသည် ပန်းများနှင့် သဏ္ဍာန်တူလှသည်။

သူတို့သည် ချောမောလှပရုံသာမက သူတို့၏ခန္ဓာကိုယ်လည်း မွှေးကြိုင်သောအနံ့များ အလိုအလျောက်ပျံ့လွင့်ထွက်ပေါ်နေတတ်ပေသည်။

www.burmeseclassic.com



ယခု အလွန်တရာချောမောလှပသော ရေခဲတောင်မယ်သည်လည်း ယင်းသို့သောမိန်းကလေးမျိုးပင်ဖြစ်ပါ၏။

လုရှောင်ဖုန့်သည် ရေခဲတောင်မယ်ထိုင်နေသောစားပွဲနားသို့ရောက်လာသည်။

ထိုအခါ ရေခဲတောင်မယ်သည် ထိုင်နေရာမှ ရုတ်တရက်ထပြီး လူအုပ်ကြားမှဖြတ်လျှောက်သွားတော့သည်။

သူမသည် မည်သူ့ကိုမျှစောင်းငဲ့ကြည့်ခြင်းမရှိဘဲ ခေါင်းလေးမော့ ရင်ကလေးချီ၍မျက်နှာထားတည်တည်ဖြင့်လျှောက်သွားလေသည်။ သူမ၏လမ်းလျှောက်ဟန်မှာ ယဉ်စစ်မို့ ရှုမငြီးအောင်ဖွဲ့မက်ဖွယ်ကောင်းလှပေသည်။

"ဒီလိုမိန်းကလေးမျိုးကအရှားသားကွ.... တစ်ထောင်မှာတစ်ယောက်တောင်ရှာတွေ့ဖို့မလွယ်ဘူး၊ မင်းသာသူ့နောက်ကိုလိုက်မသွားရင် နောင်ကျမှ မင်းနောင်တရလိမ့်မယ်နော်"

လုရှောင်ဖုန့်သည် ဆင်မယဉ်သာပမာ ဟန်ကလေးချိကာကြော့ကြော့ကလေးလျှောက်သွားသောရေခဲတောင်မယ်၏အလှကိုငေးကြည့်ရင်း စိတ်ထဲမှ ဤသို့ကိုယ့်ကိုယ်ကိုယ် အားပေးတိုက်တွန်းနေမိလေသည်။



သူသည် မိမိကိုယ်မိမိ တိုက်တွန်းအားပေးလာသော ဆန္ဒများကို ငြင်းဆန်ဘတ်သောလူစားမျိုးမဟုတ်သည့်အလျောက် စိတ်နောက်ကိုယ်ပါဆိုသည့်ပမာ သူမနောက်သို့ ချက်ချင်းလိုက်သွားမိလေတော့သည်။

"ဟေ့... ဟေ့... ဒါကဘာယ်လဲဟ"

မပြောမဆိုထွက်သွားသောလုရှောင်ဖုန့်အား ယို့ဟွီးက ဗျာဗျာသလဲလှမ်းမေးသည်။

လုရှောင်ဖုန့် ဘာမျှပြန်မပြောတော့။

ခြေလှမ်းကျဲကျဲဖြင့်သာ ရေခဲတောင်မယ်သွားရာနောက်သို့ ထပ်ကြပ်လိုက်သွားလေတော့သည်။ ဩော်... လုရှောင်ဖုန့် ရုတ်ခြည်းမြင်တွေ့လိုက်ရသောရေခဲတောင်မယ်ခေါ်မိန်းမလှလေးကား အလွန်တရာဆွဲငင်အားကောင်းသောမိန်းမဆန်းတစ်ဦးပါတကား။။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



လမ်းကြားကလေး....

ယင်းလမ်းကြားကလေးသည် အလင်းရောင်ကင်းမဲ့လျက်ရှိသဖြင့် အမြဲပင်မှောင်မည်းနေလေသည်။

သို့သော် ငွေချိတ်လောင်း ကစားခန်းသို့သွားလိုသူများသည် မှောင်မည်းနေသော ယင်းလမ်းကြားကလေးမှသာ ခြေလျင်ဖြတ်၍ သွားကြရလေသည်။

ထို့ကြောင့်လည်း လာရောက်လောင်းကစားကြသူများ၏ မြင်းရထားအားလုံးသည် ယင်းလမ်းကြားထိပ်တွင်စီတန်းရပ်စောင့်နေကြရလေသည်။

အလွန်အေးစိမ့်သောဆောင်းလေသည် ကျဉ်းမြောင်းသောလမ်းကြားထဲသို့တဟူးဟူးဖြတ်သန်းတိုက်ခတ်လျက်ရှိသည်။

ညဉ့်နက်ပြီ။

ညဉ့်နက်ပြီဖြစ်သော်လည်း လောင်းကစားဝါသနာပါသူ၊



စိတ်ဝင်စားသူ၊ အမှန်တကယ်လောင်းကစားသူများသည် ဟူးဟူးရားရားတိုက်ခတ်နေသောဆောင်းလေအေးနှင့်အတူ မှောင်မည်းနေသောလမ်းကြားလေးအတွင်း သွားလာလှုပ်ရှားလျက် ရှိကြလေသည်။

သူတို့သည် သူတို့၏ဘဝများကိုလောင်းကစားနှံ့ပုပ်အိုင်အတွင်းနစ်မြုပ်ကြလျက် ဒုစရိုက်ပင်လယ်တွင် နစ်မွန်းမသိနစ်ကြမည့်သူများသာဖြစ်ပါ၏။

ငွေချိတ်လောင်းကစားခန်း....

ငွေချိတ်လောင်းကစားခန်းဟုသောစာတန်းပါ ငွေချိတ်ဆိုင်းဘုတ်ကြီးသည်မူ ဟူးဟူးရားရားတိုက်ခတ်နေသောဆောင်းလေထဲတွင် ယိမ်းနွဲ့ကခုန်လျက်ရှိသည်။

ထိုငွေချိတ်တွင်.... ချိတ်မိမှန်းမသိ အချိတ်ခံနေကြရသော လောဘသမားငမိုက်သားများသည်လည်း တံငါသည်များ၏ငါးမြှားချိတ်တွင် တွယ်ချိတ်မိသောငါးများပမာ....

မရုန်းသာမလွန့်သာနှင့်....

နောက်ဆုံးတွင် ဘဝ၏အရှုံးကို နောင်တကြီးစွာဖြင့်တွေးကြရမည်သာဖြစ်ပါသည်။

www.burmeseclassic.com



ဩော်... ငွေရှိတ်ကြီးသည်ကား...

ဆောင်းလေတွင် တယိမ်းယိမ်းတနွဲ့နွဲ့ဖြင့် လှုပ်ရှားလျက်၊ ကခုန်လျက် လောဘသားများအားဖိတ်ခေါ်လျက်ပါတကား။

၀၀၀၀



## လမ်းကြားကလေးမှာနှစ်ယောက်ထဲ

ညဥ့်နက်လေပြီ။

ပတ်ဝန်းကျင်သည် အေးစိမ့်လျက် ခြောက်သွေ့ဖျင်းရိုမှုယ်ကောင်းလှသည်။

အလွန်အားနည်းသောမီးရောင်မှိန်လှဲ့လှဲ့များသည် သိပ်သိပ်သည်းသည်းကြွေသက်နေသော နှင်းကမ္ဘလာအား ထွင်းဖောက်နိုင်စွမ်းမရှိသဖြင့် ဘယ်သို့ကြည့်ကြည့် ပိုးတဝါးနှင့်မပီမပြင် မကြည်မလင်ဖြစ်နေလေသည်။

ရေခဲတောင်မယ်သည် တနွဲ့နွဲ့တလျှလျှလျှောက်လှမ်းနေသည်။ ယခုအခါ သူမ၏အချိုးအဆစ်ညီညာတမျှ အလုံးအဝန်း အရှိုက်အဖိုများဖြင့်ပြီးသောခန္ဓာကိုယ်အလှပေါ်တွင် ပိုးထည်နှင့်ထင်ဘူအစိမ်းရောင်ဝတ်ရုံတစ်ထည်ကိုလည်း ထပ်မံလွှမ်းခြုံထားလေသည်။

အေးစိမ့်သောအအေးဒဏ်ကို ကာကွယ်ရန်ဟန်တူပါ၏။

www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ဖုန့်သည် တရွဲ့ရွဲ့ တလျလျ လျှောက်လှမ်းသွားနေသော သူမနောက်မှ ခြေလှမ်းမှန်မှန်ဖြင့်လိုက်လာနေသည်။

မီးရောင်မှိန်မှိန်နှင့်မဝီဝိုးဝါးညဉ့်လွှာအောက်တွင် အစိမ်းရောင်ဝတ်ရုံသည် သူမခြေလှမ်းလိုက်တိုင်း စိမ်းမြရောင်လှိုင်းကလေးများလှုပ်ခတ်နေသကဲ့သို့တအိအိလှုပ်ရှားနေလေသည်။

လုရှောင်ဖုန့်သည် သူမနောက်မှထပ်ကြပ်လိုက်ရင်း တရွေ့ရွေ့လှုပ်ရှားရွေ့လျားနေသော အစိမ်းရောင်တိမ်တိုက်တစ်ခုနောက်သို့ အမီလိုက်နေသည်ဟု စိတ်အတွေးရောက်မိလေသည်။

မှောင်မည်းပြီး ဆိတ်ငြိမ်နေသောလမ်းကြားတွင် လူရိပ်လူယောင်ဟူ၍လုံးဝမမြင်ရတော့ပေ။

လမ်းကြားသည် အလွန်ရှည်လျားလေသည်။

ယခုအချိန်တွင်....

ယင်းလမ်းကြားရှည်တွင် လုရှောင်ဖုန့်နှင့်ရေခဲတောင်မယ်နှစ်ဦးတည်းသာလျှောက်လှမ်းလျက်ရှိတော့သည်။

ရှေ့မှ တရွဲ့ရွဲ့တအိအိဖြင့်လှုပ်ရှားနေသော မြစိမ်းရောင်လှိုင်းကလေးနောက်မှ ထက်ကြပ်လိုက်နေသောလုရှောင်ဖုန့်....

ထိုစဉ်....



ရှေ့မှသွားနေသောရေခဲတောင်မယ်သည်....

ရုတ်တရက် နောက်သို့ချာခနဲလှည့်ကြည့်သည်။

သူမ၏မျက်ဝန်းအစုံသည် ငွေကြယ်ကလေးများပမာ ရွှန်းလက်တောက်ပနေလေသည်။

လုရှောင်ဖုန့်၏လှမ်းလက်စ ခြေလှမ်းအစုံသည် သူမ၏ရွှန်းရှုတောက်ပသောထိုအကြည့်ကြောင့် တုန့်ခနဲရပ်သွားသည်။

သူမကိုလည်းပြုံး၍ပြလိုက်သည်။

သို့သော် ရေခဲတောင်မယ်သည် သူ့အပြုံးကို အပြုံးလှလှဖြင့်ပြန်လည်တုန့်ပြန်ခြင်းမရှိ။

မျက်နှာထားတည်တည်ဖြင့်သာစိုက်ကြည့်ရင်း....

“ရှင် ကျွန်မနောက် ဘာလို့လိုက်နေတာလဲဟင်”

ဟုတည်ငြိမ်သောအသံဖြင့်မေးလေသည်။

“ကျွန်.... ကျွန်တော်လဲ ဒီလမ်းအတိုင်းသွားရမှာမို့ လမ်းကြုံတယ်လေ၊ အဲဒါကြောင့်....”

ရေခဲတောင်မယ်သည် လုရှောင်ဖုန့်၏ဆင်ခြေစကားကို ဆုံးအောင်နားမထောင်။

တစ်ချက်မျှ တောက်ပဖွာပြုံးပြီးနောက်....

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား... ရှင် ကျွန်မအနား နည်းနည်းလေး တိုးလိုက်စမ်းပါဦး"

ဟုလုရှောင်ဖုန့်အားစတင်ဖိတ်ခေါ်လိုက်သည်။

လုရှောင်ဖုန့် အမှတ်မထင်ဝင့်ကြွားစွာပြုံးလိုက်မိသည်။

သူ့ကိုယ်သူလည်း အတော်ပင် အထင်ကြီးသွားမိသည်။

"ငါဆိုတဲ့ငါဟာ မိန်းမလှလေးတွေကျူလောက်အောင် အတော်ကလေးခန့်ချောချောတဲ့ကောင်"

ဟုစိတ်ထဲမှကျိတ်၍ရေရွတ်လိုက်မိသေးသည်။

သူသည် ဝင့်ထယ်စွာပြုံးရင်း ရေခဲတောင်မယ်အနားသို့ တစ်လှမ်းချင်းလျှောက်သွားလေသည်။

လက်တစ်ကမ်းမျှအကွာသို့အရောက်တွင်မူ ရေခဲတောင်မယ်သည် လျှပ်တစ်ပြက်လှုပ်ရှားလိုက်သည်။

"ဖြန်း... ဖြန်း"

"ဟာ..."

သူ့နှုတ်မှအာမေဍိတ်သံနှင့်အတူ သူ့ပါးပြင်လည်း ပူခနဲခံစားသွားရသည်။

ရေခဲတောင်မယ်၏နုညက်သောလက်ဝါးပြင်သည်...



သူ မမျှော်လင့်မိအချိန်တွင် သူ့ပါးပြင်ပေါ်သို့စည်းချက်ကျကျ ကျရောက်သွားပြီမဟုတ်ပါလား။

ရေခဲတောင်မယ်၏လက်သည် လျှပ်ပြက်သကဲ့သို့မြန်၏။

လျင်လည်းလျင်သည်။

ပြီးတော့ ပြင်းလည်းပြင်းသည်။

လုရှောင်ဖုန့် မထင်မှတ်မိ တရစပ်ထိခတ်လာခြင်းလည်းဖြစ်လေသည်။

သို့ရာတွင် ထိုမျှလျင်သောလက်ဝါးကို လုရှောင်ဖုန့်ရှောင်တိမ်းမည်ဆိုကရှောင်တိမ်းနိုင်သော်လည်း မမျှော်လင့်သောအချိန်၊ ရှောင်တိမ်းရန်လည်းမရည်ရွယ်သဖြင့်...

ယခုမူ...

သူ့ပါးပြင်ထက်တွင် ရေခဲတောင်မယ်၏လက်ချောင်းရာများ ထင်းခနဲကျန်ရှိသွားရလေသည်။

သူသည် ကြောင်အမ်းအမ်းအမူအရာဖြင့် ရေခဲတောင်မယ်အား တွေ၍ကြည့်နေစဉ်မှာပင် ရေခဲတောင်မယ်သည် သူ့အနားမှ ချာခနဲလှည့်၍ လှစ်ခနဲထွက်ခွာသွားတော့သည်။

လုရှောင်ဖုန့်သည် နေရာမှမရွေ့...

www.burmeseclassic.com

www.burmeseclassic.com



နားလည်ရခက်သော ရေခဲတောင်မယ်ခေါ် မိန်းမချောလေး၏နောက်ကျောပြင်အလှကိုငေးကြည့်ရင်း စိပ်ဖျဉ်းဖျဉ်းနှင့် အလှျိုးရာထင်ကျန်ရစ်လေသော သွေပါးပြင်ကိုပွတ်သပ်ရင်းသာ ငိုင်ငေးနေမိလေတော့၏။

၀၀၀၀



## လမ်းကြားကလေးမှာအထိတ်တလန့်

ရေခဲတောင်မယ်သည် လမ်းကြားကလေးအတိုင်း ဆက်၍လျှောက်လာသည်။

လမ်းကြားကလေးက ရှည်လျားလွန်းသည်။

လမ်းကြား၏ဟိုမှာဘက်ထိပ်သို့ရောက်ရှိရန် အတန်ကြာအောင်ပင် လျှောက်ရပေဦးမည်။

လမ်းကြားသည် မှောင်မိုက်တိတ်ဆိတ်၍လည်းနေသည်။ သူမသည် ၁၀ လှမ်းမျှလှမ်းပြီးနောက် ခြေလှမ်းများရပ်တန့်သွား၏။

ရုတ်တရက်....

သူမရှေ့ မှောင်ရိပ်ကွယ်မှ လူလေးယောက် ဖျတ်ခနဲခုန်ထွက်လာသည်ကိုတွေ့ရသောကြောင့်ဖြစ်သည်။

ထိုသူများကလျှင်သည်။

မြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ရိုပ်ခနဲတွေ့လိုက်စဉ်မှာပင် နှစ်ယောက်က သူမ၏ လက်များကို ဆတ်ခနဲဖမ်းဆွဲလိုက်ပြီးဖြစ်သွားသည်။

ကျန်နှစ်ယောက်ကလည်း သူမအား ပွေ့ချီခေါ်ဆောင်သွားရန် ကြိုးစားနေကြပြီ။

ရေခဲတောင်မယ် ထိတ်လန့်သွားသည်။

နှုတ်မှလည်း ကြောက်လန့်တကြားဟစ်အော်လိုက်မိသည်။

ယင်းအချိန်တွင် လုရှောင်ဖုန်၏ပါးပြင်သည် စပ်ဖျဉ်းဖျဉ်းဖြစ်နေဆဲ...

နာကျင်နေဆဲပင်ရှိသေးသည်။

သူ့အားအလစ်တွင် လက်ဝါးဖြင့် 'ထွယ်'သွားသော ရေခဲတောင်မယ်ကိုလည်း မကျေမနပ်ဖြစ်နေဆဲပင်။

ထို့ကြောင့် သူနှင့်မလှမ်းမကမ်းတွင် အန္တရာယ်နှင့်ရင်ဆိုင်နေရသော ရေခဲတောင်မယ်၏အခြေအနေကိုမြင်တွေ့ရသော်လည်း ဝင်ရောက်စွက်ဖက်ခြင်း မပြုတော့ဟု ဆုံးဖြတ်လိုက်သည်။

သို့သော် သူ့ဆုံးဖြတ်ချက်သည် မည်မျှမိုင်မာစေကာမူ သူ၏ ဝမ်းတွင်းပါအကျင့်ကြောင့် သူ့ဆုံးဖြတ်ချက်များ အလိုအလျောက် ပျက်ပြယ်သွားလေသည်။



လုရှောင်ဖုန့်တွင် ဝမ်းတွင်းပါအကျင့်တစ်ခုရှိသည်။

ယင်းမှာ သူနှင့်မဆီမဆိုင် မပတ်သက်သောကိစ္စပင် ဖြစ်လင့်ကစား အမြင်မတော်လျှင် ဝင်ရောက်စွက်ဖက်ရမှကျေနပ်ခြင်း ဖြစ်သည်။

သို့မဟုတ်လျှင် စားမဝင် အိပ်မပျော်နှင့် နေမထိထိုင်မသာ ဖြစ်နေတတ်လေသည်။

ယခုလည်းကြည့်....

သူ မပါဝင်။ မပတ်သက်တော့ဟုဆုံးဖြတ်ထားသည့်ကြားမှ သူ့မျက်စေ့အောက်တွင်ပင် ယောကျ်ားရင့်မှာကြီးလေးယောက်က အားနွဲ့သောမိန်းကလေးတစ်ဦးအား အနိုင်ကျင့်ရန်ကြံစည်နေကြပြီ မဟုတ်ပါလား။

သူသည် မူလဆုံးဖြတ်ချက်များကို အလိုအလျောက်ပြင်ဆင်လိုက်တော့သည်။

သူသည် မိန်းမသားတစ်ဦးအား အသားလွှတ်အနိုင်ကျင့်နေသည့်အဖြစ်ကို မျက်ကွယ်မပြုနိုင်။

လက်ပိုက်ကြည့်မနေနိုင်တော့။

ထို့ကြောင့် လူလေးယောက်က ရေခဲတောင်မယ်အားဝိုင်း၍

www.burmeseclassic.com

www.burmeseclassic.com



ပွေ့ချီလိုက်စဉ်မှာပင် သူတို့ရှေ့သို့ မျက်ခုံးလေးခုရှင်လုရှောင်ဖုန့် ရုတ်တရက်ရောက်ရှိသွားတော့သည်။

"ဟေ့... ကောင်မလေးကိုလွှတ်လိုက်စမ်း"

လုရှောင်ဖုန့်၏အသံက ညဥ့်ယံတွင်ဟိန်း၍ထွက်လာသည်။

ထိုအသံကြောင့် မိန်းမချောလေးအားပွေ့ချီရန်ကြိုးစားနေသောလူလေးယောက်သည် ကြောက်လန့်မသွားပေ။

အားလုံးမဲ့ပြုံးပြုံးလိုက်ကြသည်။

လှောင်ပြုံး သရော်ပြုံးများပင်ဖြစ်သည်

အကြောင်းမှာ သူတို့ကလေးယောက်၊

ပြီးတော့ အားလုံး သန်မာထွားကျိုင်းလှသောသိုင်းသမားများလည်းဖြစ်ကြသည်။

သူတို့ရှေ့မှောက်သို့ရောက်လာသူမှာ တစ်ယောက်တည်းသမား။ ပိန်ပိန်သေးသေးမဟုတ်သော်လည်း သူတို့လောက် ထွားကျိုင်းသန်မာခြင်းမရှိ။

ယခု သူတို့လေးယောက်ကို ထိုတစ်ယောက်တည်းသမားက အမိန့်ပေးလာသဖြင့် သူတို့မပြုံးဘဲမနေနိုင်ကြ။

ဟားတိုက်၍ပင် ရယ်ချင်နေကြပုံရသည်။



"ဟေ့... ပြောနေတာ မကြားဘူးလား၊ မင်းတို့ နှာခေါင်းရိုးတွေကျိုးသွားချင်လို့လား"

ထိုလူလေးယောက်သည် လုရှောင်ဖုန့်၏စကားကြောင့် ပြက်လုံးတစ်ခုကိုကြားလိုက်ရသည့်အလား ဟားတိုက်၍ရယ်မောလိုက်ကြတော့၏။

ထိုအခိုက် လူလေးယောက်အနက် ခေါင်းဆောင်ဖြစ်ဟန်တူသူက ဖျတ်ခနဲရှေ့တစ်လှမ်းတိုးရင်း....

"မင်းလားကွ... ငါတို့ကိစ္စထဲဝင်ရှုပ်တာ၊ ကဲ... ရှုပ်ဦးကွာ"

ဟုဆိုကာ လုရှောင်ဖုန့်အားတိုက်ခိုက်လေတော့သည်။

တစ်ချိန်တည်းတွင်ပင် နောက်တစ်ယောက်ကပါ ဝဲယာညှပ်၍ လုရှောင်ဖုန့်အားတိုက်ခိုက်လေတော့သည်။

ကျန်နှစ်ယောက်ကလည်း ရေခဲတောင်မယ်အား ဝဲယာညှပ်၍ဖမ်းဆွဲထားသည်။ လုရှောင်ဖုန့်တစ်ချက်မျှပြုံးလိုက်သည်။

ဝဲယာညှပ်၍ တိုက်ခိုက်လာသော ရန်သူနှစ်ယောက်အား ရုတ်တရက် ခြေတစ်လှမ်းနောက်ဆုတ်၍ ရှောင်တိမ်းပေးလိုက်ရာ ရန်သူနှစ်ယောက်သည် လေကိုသာထိုးမိသွားသဖြင့် ရှေ့သို့ငိုက်ထိုးယိမ်းယိုင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် လုရှောင်ဖုန့်သည် သူတို့အား မထေမဲ့မြင်ပြုံး၍ကြည့်ရင်း....

"ဘယ့်နှယ်လဲ... မင်းတို့ကွာ... ဒီပညာလောက်နဲ့များ..."

လုရှောင်ဖုန့်၏စကားမဆုံးမီပင် ထိုသူနှစ်ယောက်သည် အချင်းချင်းဖျတ်ခနဲလှည့်ပြီးနောက် အချက်ပေးလိုက်သည်။

ထိုအခါ သူတို့ကိုယ်သည် တစ်ပြိုင်တည်း လေထဲခုန်ပျံတက်သွားပြီး လုရှောင်ဖုန့်၏ရင်ဝသို့ခြေဖျားဖြင့်ကျုံးကန်လိုက်လေသည်။

လုရှောင်ဖုန့် အပြုံးမပျက်ပါ။

ပြန်လည်ခုခံခြင်းလည်း မပြုပါ။

အသာအယာပင်ရှောင်တိမ်းပေးလိုက်ရာ ထိုသူနှစ်ယောက်သည် မြေပေါ်သို့ပစ်လဲ၍ကျသွားတော့သည်။

"ဝုန်း...."

သူတို့သည်လဲရာမှ ကပျာကယာ လူးလိမ့်ထလာပြန်သည်။ လုရှောင်ဖုန့်သည်တစ်ချက်ပြုံးလိုက်ပြီး သူ၏အားကောင်းသောလက်သီးများသည် ထိုသူနှစ်ယောက်၏နှာခေါင်းဆီသို့ မိုးသီးမိုးပေါက်ပမာ ကျရောက်သွားတော့သည်။

ချက်ချင်းဆိုသလိုပင်....



ထိုသူနှစ်ယောက်၏နှာခေါင်းမှသွေးများ ဒလဟောကျလာပြီး မြေပေါ်ခေါက်ခနဲခွေကျသွားသည်။

ကျန်နှစ်ယောက်မှာမူ ဖမ်းဆွဲထားသောရေခဲတောင်မယ်အား ရုတ်တရက်လွှတ်လိုက်ပြီး ခွေကျသွားသောသူတို့လူနှစ်ယောက်အားကြောင်အမ်းအမ်းဖြင့်ကြည့်နေမိကြသည်။

အကြောင်းမှာ....

လုရှောင်ဖုန့်က သူတို့နှစ်ယောက်အား နှာခေါင်းမှသွေးများကျလာအောင် ဘယ်ပုံဘယ်နည်းထိုးလိုက်သည်ကို သူတို့သေချာစွာမမြင်တွေ့လိုက်ရဘဲ....

ဖျတ်ခနဲလျှပ်ပြက်သလိုလှုပ်ရှားသွားသော လုရှောင်ဖုန့်၏လက်ကလေးကိုသာ လှစ်ခနဲမြင်လိုက်ရသောကြောင့်ပင်ဖြစ်သည်။

"ကဲ... မင်းတို့နှစ်ယောက် သူတို့လိုနှာခေါင်းရိုးမကျိုးချင်ရင် မင်းတို့အဖော်နှစ်ယောက်ကိုခေါ်ပြီး ဒီနေရာက အေးအေးဆေးဆေးထွက်သွားပါ"

လုရှောင်ဖုန့်စကားဆုံးသည်နှင့် ထိုသူနှစ်ယောက်သည် မြေကြီးပေါ်တွင် နှာခေါင်းသွေးယိုစီးကာခွေလဲနေသော သူတို့အဖော်နှစ်ဦးအား ကပျာကယာပြေးထူကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်....

ကြောက်ကြောက်ရွံ့ရွံ့ဖြင့် လုရှောင်ဖုန့်တို့အနားမှ ခပ်သုတ်သုတ်ထွက်ပြေးသွားကြတော့၏။

၀၀၀၀

ရုတ်ရုတ်သဲသဲ အဖြစ်များငြိမ်သက်သွားပြီ။

အခြေအနေလည်း ပုံမှန်ပြန်ရောက်သွားလေပြီ။

သို့သော်....

အလှမာန်ဝင့်ခဲ့လေသော ရေခဲတောင်မယ်တစ်ယောက်မှာမူ အခြေအနေအေးချမ်းသွားကာမှပင် ရုတ်တရက် အရည်ပျော်ကျသွားပါ၏။

မမျှော်လင့်ဘဲ ကျရောက်ဖြစ်ပေါ်လာသောထိတ်လန့်ဖွယ်အန္တရာယ်ကြောင့် သူမ လွန်မင်းစွာထိတ်လန့်သွား၍လားမသိ။

သူမ၏ခြေအစုံသည် မတ်ရပ်နေရင်းမှအလိုအလျောက်ပျော့ခွေယိမ်းယိုင်လာသည်။ မဟန်နိုင်လွန်းသည့်အဆုံးတွင်မူ သူမ၏ခန္ဓာကိုယ်အား လုရှောင်ဖုန့်၏ကျယ်ပြန့်သောရင်ခွင်တွင်းသို့ ဝင်ရောက်မှေးမှီလိုက်ရလေတော့သည်။



ရေခဲတောင်မယ်သည် ယင်းသို့ ရုတ်တရက် အရည်ပျော်ကျသွားရုံမက သူမ၏နှုတ်မှလည်း ထိတ်ထိတ်လန့်လန့်ဖြင့်ဆိုလာလေသည်။

"ကျွန်... ကျွန်မ ဒီအနီးအနားမှာနေပါတယ်ရှင်၊ ကျေးဇူးပြုပြီး ကျွန်မကိုလိုက်ပို့ပေးပါလားရှင်"

အမှန်မှာ ရေခဲတောင်မယ်၏အိမ်သည် ပြောသကဲ့သို့မနီးလှပါ။ သို့သော် လုရှောင်ဖုန့်အဖို့ ယခုခရီးသည် ဝေးသည်နီးသည် အကြောင်းမဟုတ်ပါ။

မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဖြစ်သော လုရှောင်ဖုန့်အဖို့ ခရီးဝေးလေပို၍သဘောတွေ့လေပင်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်....

ခရီးဝေးမှသာ အလွန်တရာလှပကျော့ရှင်းသော ဤယမင်းသူဇာရေခဲတောင်မယ်လေးနှင့်အချိန်ကြာကြာ ပူးပူးတွဲတွဲနေရမည်မဟုတ်ပါလော။

သို့ဖြင့် သူတို့နှစ်ဦးသည် အေးအေးလူလူဖြင့် မြင်းလှည်းရပ်ထားရာနေရာသို့ရောက်လာကြသည်။

"ဟောဟိုရပ်ထားတဲ့မြင်းလှည်းဟာ ကျွန်မရဲ့မြင်းလှည်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



အားအင်ကုန်ခမ်းသလိုဖြစ်သွားသော ရေခဲတောင်မယ်သည် မလှမ်းမကမ်းတွင်ရပ်ထားသောမြင်းလှည်းကိုညွှန်ပြရင်း သူမအားဖေးမျှတွဲခေါ်လာသောလုရှောင်ဖုန့်အား ပြောလိုက်သည်။

"ဟုတ်လား... ကဲ... အဲဒီကိုသွားကြရအောင်နော်"

ထို့နောက် သူတို့နှစ်ဦးသည် မြင်းလှည်းပေါ်သို့တက်လိုက်ကြသည်။ မကြာမီ မြင်းလှည်းသည် ထိုနေရာမှထွက်ခွာလာတော့သည်။ သူသည် မိန်းမချောလေးနှင့်မျက်နှာချင်းဆိုင်ထိုင်ခုံတွင် သက်တောင့်သက်သာထိုင်ရင်းလိုက်ပါလာသည်။

မြင်းလှည်းသည် တငြိမ့်ငြိမ့်နှင့် အရှိန်မှန်မှန်ရွေ့လျားသွားနေလေသည်။ သူသည် မျက်နှာချင်းဆိုင်မှ လှပကျော့ရှင်းသောရေခဲတောင်မယ်၏မျက်နှာကလေးကိုတစိမ့်စိမ့်ကြည့်ရင်း လိုက်ပါနေခြင်းဖြစ်ရာ သူ့စိတ်အစဉ်သည် နုပျိုလန်းဆန်းလျက်ရှိသည်။

ပတ်ဝန်းကျင်တစ်ခုလုံးကား မှောင်မည်းတိတ်ဆိတ်လျက်ရှိပြီး တစ်ခါတစ်ရံမြင်းလှည်းမောင်းသူ၏အော်သံ တစ်ချက်တစ်ချက်ကိုသာကြားနေရသည်။

မြင်းလှည်းအတွင်းတွင်မူ လေဒဏ်ခံနိုင်သောမီးအိမ်တစ်လုံးထွန်းညှိထားသဖြင့် လင်းထိန်နေသည်။



နွေးနွေးထွေးထွေးလည်းရှိသည်။

သူတို့နှစ်ဦးသည် ကိုယ့်အတွေးနှင့်ကိုယ်လိုက်ပါလာကြရာမှ လုရှောင်ဖုန့်က စကားဆက်လိုက်သည်။

"ညီမက ငွေရှိုတ်ဂေဟာကို မကြာခဏလာလေ့ရှိသလား"

"ဟင့်အင်း... ခဏခဏမလာပါဘူး၊ တစ်ခါတလေမှပါ"

"ဩော်... ဩော်... ဒါနဲ့ ညီမက ဒီလိုပဲအဖော်မပါဘဲ တစ်ယောက်တည်းလာတတ်သလား"

"ဟုတ်ကဲ့ရှင့်"

သူမသည် အဖြေပေးပြီးတစ်ချက်မျှပြုံး၍...

"ရှင်ကောဟင်"

ဟုလုရှောင်ဖုန့်အားပြန်မေးသည်။

"ဟဲ... ဟဲ... ကျွန်တော်နာမည်က 'ရှင်'မဟုတ်ဘူးဗျ၊ ကျွန်တော်က 'လု'မျိုးပါ၊ နာမည်က'ရှောင်ဖုန့်'တဲ့ဗျ"

လုရှောင်ဖုန့်ရှင်းပြချက်ကြောင့် ရေခဲတောင်မယ်ရယ်မောလေသည်။ ရယ်သံကလွင်သည်။ ညက်ညောသည်။

"ဩော်ဟုတ်လား... ကျွန်မက 'လင်း'မျိုးပါ၊ ကျွန်မနာမည်က'ယိုဇွမ်း'လို့ခေါ်တယ်ရှင့်"

www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ဖုန့် နှစ်နှစ်ကာကာပြုံးလိုက်သည်။

"အိုဟိုး... ယို့စွမ်းတဲ့လား၊ လုလိုက်တဲ့နာမည်ကလေးဗျာ... ယို့စွမ်းဆိုတာနှင်းခဲနဲ့တူတယ်လို့ အဓိပ္ပာယ်ရတယ်ဗျ။ လင်းဆိုတာလဲ အေးမြခြင်းလို့အဓိပ္ပာယ်ဆောင်တယ်လေ၊ အင်း... လှနဲ့နာမည်နဲ့ လိုက်ဖက်ပါပေတယ်ဗျာ"

လုရှောင်ဖုန့်ကနှစ်နှစ်သက်သက်ချီးကျူးလိုက်သည်။

ဆက်၍လည်း....

"အေးလိုက်တာမှ နှင်းခဲအလားပဲလို့အဓိပ္ပာယ်ရတာပေါ့ နော်"

ဟုချီးကျူးမှုကိုထပ်ကွန့်လိုက်သည်။

ယို့စွမ်းကလုပစ္စာပြုံးလျက်....

"ရှင်ကရှောင်ဖုန့်ဆိုတော့ စာမဏီငှက်ငယ်လို့အဓိပ္ပာယ်ရတယ်ရှင့်၊ ဒါပေမဲ့ ရှင့်ကြည့်ရတာစာမဏီငှက်ငယ်နဲ့လုံးဝမတူပါလား"

နှစ်ဦးသား ပြိုင်တူရယ်မောလိုက်ကြသည်။

ရယ်မောခြင်းသည် တစ်ဦးကိုတစ်ဦးပို၍ ရင်းနှီးကျွမ်းဝင်စေသည်မဟုတ်ပါလား။

ယခု... သူတို့နှစ်ဦးသည်လည်း ပို၍ပို၍ရင်းရင်းနှီးနှီးရှိလာ



ကြသည်။ လက်ပွန်းတတီး အကျွမ်းဝင်လာကြသည်။ ထိုသို့ ရယ်ကြမောကြရင်းပင် သူတို့သည် လောကကြီးအား တဒင်္ဂမေ့ပစ်လိုက်ကြတော့သည်။

၀၀၀၀

မြင်းလှည်းသည် ဖြည်းဖြည်းမှန်မှန်မောင်းနှင်နေသည်။

ထို့ကြောင့် မြင်းလှည်းပေါ်တွင်ထိုင်၍ လိုက်ပါလာရသည်မှာ ပုခက်ပေါ်တွင် အမြိုက်သားထိုင်လိုက်လာရသကဲ့သို့ စည်းစိမ်ရှိလှသည်။

ငြိမ့်ညောင်းလှသည်။

ပြီးတော့ ယို့စွမ်း၏ကိုယ်ပေါ်မှမွှေးကြိုင်သောအနံ့အသက်များသည် လုရှောင်ဖုန့်၏နှာခေါင်းထဲသို့တိုးဝင်လာလျက်ရှိသည်။

လုရှောင်ဖုန့်သည် သူ့နှာခေါင်းထဲသို့တိုးဝှေ့ဝင်လာသော အလွန်တရာမွှေးကြိုင်သည့်သင်းရနံ့များကို အားပါးတရရှူရှိုက်နေလိုက်သည်။ တစ်ကိုယ်လုံးလန်းဆန်းသွားသည်ဟု သူထင်မှတ်လိုက်မိသည်။ ထိုသင်းရနံ့မှာ သံနံ့စင်ပန်း၏ရနံ့ သို့မဟုတ် စပယ်သင်းရနံ့နယ်လော...

www.burmeseclassic.com

www.burmeseclassic.com



သူ ခွဲခြားနိုင်စွမ်းမရှိတော့ပါ။ ဤခရီးသည် သုံးရက်နှင့်သုံးညဝေးစေဦးတော့ သူတစ်စက်ကလေးမျှညည်းညူမိမည်မဟုတ်ပါ။

ဝမ်းပန်းတသာနှင့်ပင် ခရီးအလျှဉ်ကို သူကြိုလင့်တောင့်တနေမိမည်သာဖြစ်သည်။

"ကျွန်မ 'ယုံလု'လမ်းရဲ့ဝဲဘက်အစွန်ဆုံးအိမ်မှာနေပါတယ်ရှင်"

"ယုံလုလမ်းဆိုတာဘယ်မှာလဲဗျ"

"ခုလေးတင်ပဲကျော်လာပြီရှင်"

"ဟာ... ဟုတ်လား၊ ဒါဖြင့်....."

"ကျွန်မ အိမ်မပြန်ချင်သေးလို့ပါ"

လှရောင်ဖုန့်သည် သူ့နှလုံးခုန်နှုန်းပို၍မြန်လာသည်ဟုထင်မိလိုက်သည်။ ကြည့်.... သူမကဲ့သို့လွန်စွာချောမောသောမိန်းကလေးတစ်ဦးက မိမိအနားမှာရှိစဉ် 'ကျွန်မ ကနေ့ည အိမ်မပြန်ချင်ဘူး'ဟု တိုးတိုးဆိုလာလျှင် အဘယ်သူသည် 'လှရောင်ဖုန့်'ကဲ့သို့ရင်မခုန်ပါဘူးဟု မုသားသုံးဝံ့မည်နည်း။

လှရောင်ဖုန့်ခံစားရသည်ထက် အပြန်တစ်ရာမကသော ခံစားမိမည်သာဖြစ်မည်မဟုတ်ပါလား။



လှရောင်ဖုန့် ရင်ခုန်လျက် သွေးခုန်နှုန်းမြန်လျက်ရှိစဉ် သူမက စကားဆက်ပြန်သည်။

"ကျွန်မ ဒီညလာဘ်မကောင်းဘူးရှင့်... တစ်ချိန်လုံးရှုံးနေတာပဲ၊ ဒါကြောင့် နေရာပြောင်းပြီးထပ်ကစားချင်တယ်လေ"

လှရောင်ဖုန့်၏နှလုံးခုန်နှုန်းသည် ချက်ချင်းပုံမှန်ပြန်ရောက်သွားသည်။ အဘယ့်ကြောင့်ဆိုသော် သူမသည် သူထင်သလို မဟုတ်မူဘဲ ထပ်မံလောင်းကစားချင်၍သာ အိမ်မပြန်လိုသေးကြောင်း ပြောခြင်းဖြစ်သည်မဟုတ်ပါလား။

"ဒီအနီးအနားမှာ ငွေချိတ်လောင်းကစားခန်းတစ်ခုရှိတယ်၊ အဲဒါ ရှင်သိလားဟင်"

လှရောင်ဖုန့် မသက်မသာခေါင်းယမ်းပြလိုက်သည်။

သူမသည် မျက်မှောင်တစ်ချက်ကျုံ့လိုက်ပြီး....

"ရှင် ဒီနယ်သားမှမဟုတ်ဘဲလေ... ဘယ်သိပါ့မလဲ"

"ဘာလဲ... အဲဒီနေရာဟာ မဆိုင်တဲ့လူ မသိအောင် လျှို့ဝှက်ထားတဲ့နေရာမို့လို့လား ဗျ"

ယို့စွမ်းသည် သူ့အား တစ်ချက်မျှခွန်းလက်စွာငေးကြည့်လိုက်ပြီးနောက်....

www.burmeseclassic.com

www.burmeseclassic.com



“ရှင် ဒီနေ့ညအားရဲ့လားဟင်”

ဟုခပ်တိုးတိုးမေးပြန်သည်။

“အားပါတယ်”

“ကျွန်မကိုလိုက်ပို့နိုင်မလား”

“လိုက်ပို့မှာပေ့ါ”

“အို… ဝမ်းသာလိုက်တာရှင် တစ်ခုတော့ရှိတယ်၊ လူစိမ်းကိုတော့ သူတို့လက်မခံဘူးရှင့်… ဒါပေမဲ့…”

“ဒါပေမဲ့ ဘာဖြစ်သလဲ”

“လူစိမ်းကိုလမ်းမပြဘဲ မျက်လုံးကိုအဝတ်စည်းပြီးခေါ်သွားရင်တော့ဖြစ်ပါတယ်”

“ဒါဖြင့် ကျွန်တော့်မျက်လုံးကိုအဝတ်နဲ့စည်းပြီးခေါ်သွားမယ်ဆိုပါတော့”

“အားနာစရာကြီးရှင်”

“အို… ဘာမှအားနာစရာမလိုပါဘူးဗျာ… ရပါတယ်လေ”

ရေခဲတောင်မယ်ယို့စွမ်းသည် သူမ၏ဝတ်ရုံအောက်မှပဝါစတစ်ခုကိုဖျတ်ခနဲဆွဲထုတ်လိုက်သည်။

ဝဝဝဝ



## ရွှေလက်လေးကိုဆွဲ၍

မျက်လုံးကွယ်နေသော ဒုက္ခိတတစ်ဦးကိုမဆိုထားနှင့်…

လူတစ်ယောက်သည် နေ့နေ့ညည အနှစ်နှစ်အလလ တစ်ချိန်လုံးသာ အမှောင်ထုအောက်တွင်နေနေရလျှင် မည်ကဲ့သို့ခံစားရမည်ကို သူကောင်းစွာကိုယ်ချင်းစာနာမိသည်။

လုရှောင်ဖုန့်သည် သူ၏မိတ်ဆွေ မန်းလူအား ရုတ်တရက်သတိရလိုက်မိသည်။

မန်းလူသည် အလွန်မြင့်မြတ်သောပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်ဟု သူအစဉ်ချီးကျူးမိသည်။

ကံကြမ္မာက မန်းလူအား မျက်နှာသာမပေးဘဲ မျက်မမြင်ဒုက္ခိတအဖြစ်သို့ ဖန်တီးထားသော်လည်း သူသည် ညည်းညူခြင်း စိတ်ဓာတ်ကျခြင်းလုံးဝမရှိခဲ့ပေ။

သူသည် လောကတွင် ရှိရှိသမျှသက်ရှိသက်မဲ့တို့အပေါ်၌

www.burmeseclassic.com

www.burmeseclassic.com



ကရုဏာသက်ခြင်း၊ ကြင်နာခြင်း၊ ချစ်မြတ်နိုးခြင်းတို့ဖြင့် အစဉ်အမြဲ မေတ္တာနှင့်တုံ့ပြန်နေတတ်လေသည်။

ထိုသို့စိတ်မျိုးထားရှိနိုင်ရန်မှာ မလွယ်ကူလှပါပေ။

လုရှောင်ဖုန့်သည် သက်ပြင်းတစ်ချက်လေးတွဲ့စွာချလိုက်လေသည်။ ယို့စွမ်းသည် သူမျက်လုံးများကိုအဝတ်ဖြင့်စည်းနှောင်ထားသည်မှာ မကြာလှသေးပါ။

မျက်လုံးကိုအဝတ်ဖြင့်စည်းထားခံရသဖြင့် သူ၏အမြင်အာရုံသည် လောကကြီးနှင့်ခေတ္တခဏမျှအဆက်အသွယ်ပြတ်သွားတော့သည်။

သို့သော် သူသည် နားကိုတော့တတ်နိုင်သမျှစွင့်ထားသည်။

မြင်းလှည်းသည် ညဈေးတန်းတစ်ခုကိုဖြတ်ကျော်သွားသည်ဟု သူထင်မိသည်။

အကြောင်းမှာ.., ဈေးအော်ရောင်းသူများ၏ဖောက်သည်ဆွယ်သံများကို သူကြားလိုက်မိသောကြောင့်ဖြစ်သည်။

မကြာမီ ရေစီးသံများနှင့်လှော်သူသံများကိုကြားလိုက်ရပြန်သည်။ ထို့နောက် မြင်းလှည်းအရှိန်လျော့နည်းသွားသည်ဟု စိတ်ထဲမှ သူခံစားမိလာသည်။



ထိုသို့ခံစားမိသည်နှင့်အတူ မြင်းလှည်းသည် တုံ့ခနဲရပ်တန့်သွားသည်။

"ကဲ.. ရှင်ဆင်းနိုင်ပါပြီ၊ ကျွန်မရဲ့လက်ကိုကိုင်ထားပြီး ဖြည်းဖြည်းသာလျှောက်နော်"

ယို့စွမ်းကပြောရင်း သူမ၏လက်ကလေးကိုကမ်းပေးလိုက်သည်။ လုရှောင်ဖုန့်သည် သူမ၏လက်ကလေးအား စမ်းတဝါးဝါးဖြင့် လှမ်းကိုင်လိုက်သည်။

သူမ၏လက်ကလေးသည် ပျော့ပျောင်းနူညက်၍ချောမွတ်နေသည်ဟု လုရှောင်ဖုန့်တွေ့ထိခံစားမိသွားသည်။

လုရှောင်ဖုန့်သည် သူမ၏လက်ကလေးအား တင်းကျပ်စွာဆုပ်ကိုင်လိုက်ပြီးနောက် မြင်းလှည်းထက်မှဆင်းခဲ့လေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## မထင်မှတ်သောထောင်ချောက်

လူရှောင်ဖုန်း....

သူသည် ဒုစရိုက်လောကသားများနှင့်အကြိမ်ပေါင်းများစွာ ထိတွေ့ရင်ဆိုင်ခဲ့ဖူးရာထူးခြားသောအလေ့အကျင့်များလည်း ရနေလေသည်။

တစ်ခါတစ်ရံ ထိုအလေ့အကျင့်များကို သူ့နေရာနဲ့သူ အသုံးပြုလာတတ်သည်။

ယခု သူ၏မျက်လုံးအစုံကိုအဝတ်များဖြင့် စည်းနှောင်ထားခြင်းခံရသော်လည်း သူသည် နားကိုအသုံးချသွားလေသည်။ သူသည် ယို့စွမ်းအား မယုံကြည်၍တော့မဟုတ်ပါ။

အလေ့အကျင့်ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

သူသည် နားကိုအစွမ်းကုန်ဖွင့်၍ကျော်ဖြတ်လာရသောခရီးလမ်းများကို ကျက်မှတ်ထားသည်။



သူဖြတ်ကျော်လာရသောလမ်းတွင် ဆူညံသောလူသံ သူသံများ၊ စျေးသည်များ၏စျေးခေါ်နေသောအသံများ၊ ခေါက်ဆွဲဆိုင်တစ်ဆိုင်မှသံယောင်းမဖြင့် ဒယ်အိုးအားတဒေါင်ဒေါင်ခေါက်နေသော အသံများ စသည်စသည်များကိုကြားလာရသဖြင့်....

ဤနေရာသည် ညစျေးတစ်ခုဖြစ်ရမည်ဟု သူကျက်မှတ်နားလည်လိုက်သည်။

သူ့နောက်တွင် ဆက်၍ကြားလိုက်ရသောရေစီးသံနှင့် လူသံသူသံများကြောင့် ချောင်းတစ်ခုကိုဖြတ်ကျော်ပြီးနောက် ရွာတစ်ရွာကိုပါဖြတ်ကျော်လာခဲ့ခြင်းဖြစ်ရမည်ဟု စိတ်ထဲ၌တွေးမှတ်လိုက်လေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



သူသည် ယို့စွမ်းခေါ်ဆောင်ရာနောက်သို့ဆက်လက်လိုက်ပါလာသည်။ လမ်းသည် တဖြည်းဖြည်း အောက်သို့နိမ့်ဆင်းသွားသည်ဟု သူထင်မိသည်။

လေကလေးကလည်း တဟူးဟူးတိုက်ခတ်နေကြောင်း သူခံစားမိသည်။ လေထဲတွင် ပုရစ်အော်သံများ၊ ငှက်သံများကိုလည်း ကြားနေရသည်။

အနီးအနားတွင် လူသူမရှိဘဲ လွင်ပြင်တစ်ခုကိုဖြတ်သွားနေရသည်ဟု သူ့စိတ်ထဲ၌မှန်းဆနေမိသည်။

ထို့နောက် သူသည် တံခါးခေါက်သံ၊ တံခါးဖွင့်သံများကိုပါ ဆက်တိုက်ကြားလိုက်ရသည်။

သူသည် အခန်းထဲသို့လှမ်းဝင်လိုက်သည်။ စင်္ကြံလမ်းတစ်ခုတွင်လျှောက်နေသည်ဟု သူထင်မိသည်။

စင်္ကြံလမ်းဆုံးသွားသည်နှင့် အော်ဟစ်သံများ၊ ရယ်မောသံများ၊ ကြွေစေ့များကိုပန်းကန်ပေါ်ပစ်ချလိုက်သောအသံများနှင့် ဖိုက်ကြိုးများ စားပွဲပေါ်သို့ရိုက်ချနေသောအသံများ....

တချွင်ချွင်မြည်နေသောငွေသံများ၊ ကြေးငွေများထိတွေ့၍ ထွက်ပေါ်လာသောအသံများတို့ပါ ရောထွေးကြားလိုက်ရလေသည်။



ထိုအခိုက် ယို့စွမ်းသည် သူ့အားခေတ္တရပ်တန့်စေပြီးလျှင်....

"ကဲ... ရောက်ပါပြီ၊ ရှင် ဒီမှာခဏနေဦးနော်၊ ကျွန်မ အိမ်ရှင်ကိုသွားခေါ်လိုက်ဦးမယ်"

ထို့နောက် သူမသည် သူ့လက်ကိုလွှတ်လိုက်သည်။

မွှေးကြိုင်သောအနံ့များလည်း ချက်ချင်း ဝေး၍ဝေး၍သွားသည်။ သူသည် ရုတ်တရက် 'ဝုန်း'ခနဲ ကျယ်လောင်သော တံခါးပိတ်သံကိုကြားလိုက်ရပြန်သည်။

ထို့နောက်တွင်မူ....

အခန်းထဲမှအသံဗလံများ အားလုံးရုတ်ခြည်းပင် ထူးဆန်းစွာပျောက်ကွယ်သွားလေတော့သည်။

ထို့ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးသည် ရုတ်တရက် တိတ်ဆိတ်သွားသည်။ တိတ်ဆိတ်မှုမှာ အပ်ကျသံပင် ကြားနိုင်လောက်အောင် တိတ်ဆိတ်သွားခြင်းဖြစ်သည်။

မည်သို့ဖြစ်သွားပါလိမ့်။

"ယို့စွမ်း... ညီမ... ညီမရေ"

သူက ယို့စွမ်းအား တမ်းတစွာခေါ်လိုက်သည်။

သို့သော် ပြန်လည်ထူးသံကိုမူ လုံးဝမကြားရပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါ်သံ၏ပဲ့တင်သံကိုသာ ကြားလိုက်ရလေသည်။

ထို့ပြင် စောစောပိုင်းက ကြားရသောအခန်းထဲမှ များပြား လှသောလူများ၏အသံဗလံများလည်း အဘယ်ကြောင့် ရုတ်တရက် ရပ်တန့်သွားသည်ကို သူတွေး၍မရပါ။

သူ လုံးဝသည်းမခံနိုင်တော့ပါ။

မျက်လုံးအား စည်းထားသောအဝတ်ကို ရုတ်တရက် ဆွဲ ချွတ်လိုက်သည်။ သူ့မျက်လုံးများကိုမူ ခေတ္တခဏပိတ်ထားလိုက် သည်။ အမှောင်လောကမှ အလင်းလောကသို့ကူးပြောင်းရာ၌ မျက်စိ ကျင့်သားရအောင် ယခုလိုခေတ္တခဏတော့ ပိတ်ထားရသည်။

ထို့နောက် သူသည် မျက်လုံးများကိုဖွင့်ကြည့်လိုက်သည်နှင့် သူ၏တစ်ကိုယ်လုံးသည် ရုတ်ခြည်းတောင့်တင်းသွားပြီး ပါးစပ်အ ဟောင်းသားနှင့် အူကြောင်ကြောင်ဖြစ်သွားရလေတော့သည်။

oooo



အဘယ်ကြောင့်ဆိုသော်....

သူမျက်လုံးဖွင့်ကြည့်လိုက်စဉ် ယို့ခွမ်းတစ်ယောက် ပျောက် ချင်းမလှ ပျောက်ကွယ်သွားသည်ကိုလည်းကောင်း....

လုံးဝမမြင်မကြားရတော့သည့်အပြင် သူတွေးထင်ခဲ့သည့် လောင်းကစားသူများကိုလည်း တစ်ယောက်တလေမျှပင် မတွေ့ရ သောကြောင့်ဖြစ်လေသည်။

သူ နားဖြင့်ကြားခဲ့ရသည့်လူသံသူသံများသည် သူ့အား မည်သို့အဖြေပေးမည်နည်း။

ဤမျှများပြားလှသော လောင်းကစားနေကြသည့်သူများ သည် တမုဟုတ်ချင်း ပျောက်ကွယ်သွားသည်ဆိုခြင်းမှာ မဖြစ်နိုင်ပါ။

ဤသို့ဆိုလျှင်.... သူ၏နားများသည်ပင် အကြားမှားနေ၍ လော။ မမှားနိုင်ပါ။

အကြောင်းမှု....

www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ဖုန့်သည် အလွန်နားပါးရုံမက မှတ်ဉာဏ်လည်း အလွန်ကောင်းသောလူတစ်ယောက်ဖြစ်သောကြောင့်ပင်။

ယခု သူနားလည်လိုက်သည်မှာ သူသည် တစ်စုံတစ်ဦး ဆင်ထားသောထောင်ချောက်ထဲသို့ အမှတ်မထင်ကျရောက်သွားပြီဆိုခြင်းပင်ဖြစ်လေသည်။

၀၀၀၀



လုရှောင်ဖုန့် ပြုံးမိသည်။

လုရှောင်ဖုန့်သည် သူရောက်ရှိနေသောအခန်းကို လေ့လာလိုက်သည်။ အခန်းက သိပ်မကျယ်လှပါ။

ကုတင်တစ်လုံး၊ စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးသာရှိသည်။ စားပွဲပေါ်တွင် ဟင်းလျာများစုံလင်လှသည်။

အရက်တစ်အိုးလည်း ပါရှိသည်။

လုရှောင်ဖုန့်သည် တစ်စုံတစ်ရာတွေးမိသည့်အခါ သူ၏မျက်လုံးအစုံပြူးကျယ်သွားသည်။

ဤအခန်းသည် လူများများဝင်ဆန့်နိုင်သောအခန်းမဟုတ်ပေ။ အမှန်မှာ... ဤအခန်းသည် လူသူတစ်စုံတစ်ယောက်မှမရှိခဲ့ကြောင်းသိသာနိုင်ပေသည်။

သို့သော် စောစောက လူသံသူသံများစွာတို့၏အသံများကို သူနားနှင့်ဆတ်ဆတ်ကြားခဲ့သည်မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကိုယ့်မျက်လုံးကိုယုံကြည်ရမည်လော....

သို့မဟုတ် ကိုယ့်နားကိုပင် ယုံကြည်ရမည်လော....

မည်သို့ပင်ဖြစ်စေ.... သူ၏နားသည် အလွန်ပါးသည်ဟု သူ့ကိုယ်သူ ယုံကြည်သည်။

ဤသို့ဆိုလျှင် သူ့မျက်လုံးများချွတ်ယွင်းနေ၍လော....

ဒါလည်း မဖြစ်နိုင်ပေ။

သူ့မျက်လုံးသည် စွန်ရဲတစ်ကောင်လိုအမြင်စူးရှလှသည်။

သည်သို့ဆိုလျှင် မည်သို့များဖြစ်နေပါသနည်း။

အခန်းထဲတွင်လူတစ်ယောက်မှမရှိလျှင် ထိုအသံဗလံအမျိုးမျိုးကို သူမည်သို့ကြားနိုင်ရမည်နည်း။

ဤသည်မှာ မဖြစ်နိုင် မဖြစ်အပ်သောကိစ္စရပ်ပင်ဖြစ်သည်။ သို့သော် ယခုမဖြစ်နိုင် မဖြစ်အပ်ဟုဆိုသောကိစ္စများဖြစ်ပွားခဲ့ပြီမဟုတ်ပါလော။

တစ်ခုတော့ရှိသည်။

မယုံကောင်းယုံကောင်း သရဲတစ္ဆေအိမ်တွင်းသို့ သူရောက်ရှိနေခြင်းပင်လော။ သူသည် စဉ်းစား၍မရသည့်ကိစ္စအား မည်သည့်အခါမျှ ဦးနှောက်အခြောက်ခံ၍ စဉ်းစားတတ်လေ့မရှိပေ။



လောလောဆယ်တွင်မူ သူသည် ဤအခန်းထဲမှထွက်သွားနိုင်ခြင်းလည်းမရှိပါ။ အကြောင်းမှာ သူရောက်ရှိနေသောအိမ်ခန်းသည် ပြတင်းပေါက်လုံးဝမရှိသည့်အပြင် လေးဘက်လေးတန်ရှိနံရံနှင့်တံခါးကို သံမဏိများဖြင့်လုံလုံခြုံခြုံပြုလုပ်ထားခြင်းကြောင့်ဖြစ်၏။

သူသည် နံရံများကိုလက်ဖြင့်စမ်းသပ်ကြည့်မိသည့်နောက် ပြုံးလိုက်မိပြန်သည်။

ပြုံးရယ်ခြင်းသည် အခြားသူများအား စိတ်ချမ်းသာစေသလို မိမိကိုယ်တိုင်လည်း များများပြုံးလျှင် စိတ်များများချမ်းသာမည်မဟုတ်ပါလော။

ထို့ကြောင့် သူသည် အားရပါးရပြုံးလိုက်မိလေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## မိတ်ဆွေဟောင်းမို့ဖိတ်ခေါ်ပါသည်

လုရှောင်ဖုန့်သည် စားပွဲပေါ်တွင်တင်ထားသောအရက်အိုး အားလှမ်းကိုင်မည်အပြုတွင် အရက်အိုးအောက်၌ စာရွက်တစ်ရွက်ဖိ ထားသည်ကိုတွေ့လိုက်ရလေသည်။

စာရွက်ကိုကောက်ယူ၍ဖတ်ကြည့်လိုက်သည်။

"မိတ်ဆွေဟောင်းမို့ ဖိတ်ခေါ်ပါသည်။

ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာနှင့်စားသောက်ပါ"

ရေးထားသောစာလုံးကလေးများသည် ဝိုင်းစက်၍ညီညာ လှသည်။

"မိတ်ဆွေဟောင်း"

လုရှောင်ဖုန့်သည် ယင်းစကားလုံးကြောင့် မျက်မှောင်ကုပ် သွားသည်။

သူ့မိတ်ဆွေဟောင်းတဲမှ မည်သူများဖြစ်နိုင်မည်နည်း။



စာရွက်၏အောက်နားတွင် စာကြောင်းများပါရှိသေးသည်။

သူ ဆက်ဖတ်ကြည့်လိုက်သည်။

သုံးရက်လောက် အနားယူ လိုက်ပါ။

သုံးရက်လွန်ရင် ကျွန်မ ထပ်လာပါဦးမယ်။

အောက်တွင် စာရေးသူ၏နာမည် ရေးထိုးထားခြင်းမရှိ သော်လည်း ရေခဲတောင်မယ်ဖြစ်မည်ဟု သူနားလည်လိုက်သည်။

သူတို့က သူ့အား သေသပ်ပိရိစွာအကွက်ဆင်၍ ဤနေရာ သို့ခေါ်လာသည်မှာ သူ့အား ဤနေရာတွင် သုံးရက်ကြာမျှ ကျွေးမွေး ပြုစုထားလိုခြင်းသက်သက်သာဖြစ်မည်ဟု သူမယုံပါ။

အကြောင်းထူး တစ်ခုခု သို့မဟုတ် သည့်ထက်ကြီးမားသော အကြံအစည်တစ်ခုခုလျှို့ဝှက်ကြံစည်ထားသည်ဟု သူယုံကြည်သည်။

ဖြစ်လာမှတော့ မထူးတော့ပါ။

လုရှောင်ဖုန့်သည် ယင်းကိစ္စများကို ခေါင်းထဲမှဖယ်ထုတ် ပစ်လိုက်သည်။

ထိုအခါ သူ့စိတ်သည် ကြည်လင်လန်းဆန်းလာသည်။

ခေါင်းလည်းပေါ့သွားသည်ဟု ခံစားမိလာသည်။

သူသည် ခုံပေါ်ကျကျနနထိုင်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှဟင်းလျာများအား အနည်းငယ်တို့စမ်းပြီး မြည်း ကြည့်လိုက်သည်။

စမ်းသပ်ကြည့်ခြင်းဖြစ်ခည်။

ဟုတ်ပါသည်။

သတိဟူသည် ပိုသည်မရှိပါ။

လိုသည်သာရှိသည်။

ဟင်းလျာတွင် အဆိပ်မရှိပါ။

သူသည် အရက်အိုးကိုပိတ်ထားသောအဖုံးအား လက်ဖြင့် ဖောက်ခနဲမြည်အောင် ရိုက်ဖောက်ပစ်လိုက်သည်။

"ရှီး... ရှီး"

အရက်အိုးတွင်းမှအမြှုပ်များ၊ အရည်များပန်းထွက်မလာဘဲ မီးခိုးများသာ ထောင်းခနဲထူးဆန်းစွာအလုအယက်ထွက်လာသည်။

"ချွမ်း...."

လုရှောင်ဖုန်း၏လက်ထဲမှအရက်အိုးသည် မြေပေါ်သို့ကျကွဲ သွားသည်။ လုရှောင်ဖုန်းသည် မြေပေါ်တွင်ကျကွဲနေသောအရက်အိုး အစအနများကိုကြည့်ကာ သူရယ်ချင်လာသည်။

သို့သော် အခြေအနေအရ သူ မရယ်မောနိုင်တော့ပါ။



အကြောင်းမှာ.... ထိုတခဏ်အချိန်ကလေးတွင်ပင် သူသည် သတိလစ်မေ့မြောသွားခြင်းကြောင့်ဖြစ်လေသည်။

မီးခိုးများသည် အခန်းတွင်း၌ရစ်ဝေ့လာပြီး တဖြည်းဖြည်း ပျံ့နှံ့သွားလေသည်။

oooo

www.burmeseclassic.com

www.burmeseclassic.com



## မရေမရာ

နှင်းမြူများ သဲသဲအုပ်အုပ်ကျနေရာမှတဖြည်းဖြည်းရပ်သွားချေပြီ။ ကြယ်ကလေးများသည် မှိတ်တုတ်မှိတ်တုတ်ဖြင့် မိုးကောင်းကင်တစ်ခုလုံးတွင် ပြန့်ကျဲလင်းလက်လျက်ရှိသည်။

လေထဲတွင် ပုရစ်အော်သံများနှင့် အခြားပိုးကောင်များ၏ အသံများကိုတစ်ချက်တစ်ချက်ကြားနေရသည်။

မြေပေါ်တွင် စေးစေးကနှင်းမြူများကြောင့်စိုထိုင်းနေ၏။

လူ့ရှောင်ဖုန့်၏အဝတ်အစားများသည် နှင်းမြူကြောင့် ရွှဲစိုနေ၏။

အေးစက်သောအငွေ့အသက်များသည် သူ့မျက်နှာပေါ်တွင် လာရောက်ထိတွေ့မိသည့်အခါ သူသတိပြန်ရလာသည်။

သူ သတိရလာချိန်တွင် အရှေ့မိုးကုပ်စက်ဝိုင်းမှမှောင်မိုက်သည့်အရောင်များ ပျောက်ကွယ်စပြုလာပြီဖြစ်သည်။



သူနိုးလာသောအချိန်သည် ကမ္ဘာမြေကြီးကလည်း အိပ်ရာမှနိုးလာသောအချိန်ဖြစ်သည်။ သူသည် ခေါင်းကိုတစ်ချက်ခါယမ်းလိုက်ရင်း မတ်တတ်ရပ်လိုက်သည်။

အဝေးမှတောင်တန်းများတွင် ဖွေ့ဝိုက်နေသော မြူခြည်ခိုးများသည် မီးဖိုမှထွက်ပေါ်လာသောမီးခိုးများအလား ထင်မှတ်ရလေသည်။ အနီးအနားတစ်ဝိုက်တွင် အိမ်ခြေလုံးဝမရှိပါ။

ဤနေရာသည် မနေ့က သူရောက်ခဲ့သောနေရာမဟုတ်ပါ။

သည်အဖြေက သေချာသည်။

မနေ့က သူသည် အလုံပိတ်လှောင်ထားသော အိမ်တစ်အိမ်တွင်ရှိနေခဲ့သည်မဟုတ်ပါလော။

ယခု သူသည် မည်သည့်နေရာသို့ရောက်နေပါလိမ့်။

အကယ်၍ မနေ့က သူ ဤနေရာတွင်ရှိနေခဲ့လျှင် သူရောက်ရှိနေသောအိမ်သည် မည်သည့်နေရာသို့ရောက်သွားပါသနည်း။

အိမ်ကတော့ ခြေပေါက်ပြီးထွက်သွားမည်မဟုတ်ပါ။

နောက်ပြီး သူ့အားအကွက်ဆင်၍ခေါ်ဆောင်လာသောသူသည် သူ့အား ဤမြို့ပြင်၌တစ်ညအိပ်ဖူးသည့်ရှိအောင် တမင်သက်သက် ခေါ်ဆောင်လာခြင်းဖြစ်မည်ဟု သူ မထင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုတော့ တစ်ခုခုပင်။

သို့သော် မည်သို့သောတစ်ခုခုဖြစ်နိုင်ပါသနည်း။

မရေရာပါ။

သူသည် စို့ရွှဲနေသောအပြင်အင်္ကျီကိုချွတ်ပြီးပခုံးပေါ်သို့လွှားတင်လိုက်သည်။ ထို့နောက် ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားလေတော့သည်။

oooo



## ဝူဟုတ်တည်းခိုခန်း

'ဝူဟုတ်'တည်းခိုခန်းမှ ရောင်းချသောဝက်သားပေါက်စီသည် အလွန်အရသာရှိသည်။ ကြက်သားခေါက်ဆွဲလည်း မဆိုးပါ။

လုရှောင်ဖုန့်သည် တည်းခိုခန်းရောက်လျှင် စားလိုသောပေါက်စီနှင့်ကြက်သားခေါက်ဆွဲအား အားရပါးရစားပစ်လိုက်မည်ဟု အားခဲထားသည်။

ဝူဟုတ်တည်းခိုခန်း၏ဆိုင်းဘုတ်ကိုတွေ့လိုက်သည်နှင့် သူ ဝမ်းသာသွားသည်။ သူသည်ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လှမ်းလာသည်။

မကြာပါချေ။

သူသည် တည်းခိုခန်းသို့ရောက်လာပြီး အထဲသို့လှမ်းဝင်လိုက်သည်။ ရုတ်တရက် ဓားနှစ်လက်၊ လှံသုံးချောင်းနှင့်သံကြိုးတစ်ချောင်းသည် သူ့အားဝိုင်းရံထားလိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရပ်လိုက်... မင်းကို တို့ဖမ်းထားပြီ"

အနီရောင်အမွေးအမျှင်များကို ဦးထုပ်ပေါ်တွင်တန်ဆာဆင်ထားသောလူတစ်ယောက်က အသံကျယ်လောင်စွာဖြင့် ပြောလိုက်သည်။ လုရှောင်ဖုန့်က မျက်မှောင်တစ်ချက်ကုပ်သွားသည်။

"မင်းတို့က ရုံးတော်ကလူတွေလား"

ထိုလူကခေါင်းညိတ်ပြလိုက်သည်။

"ကျုပ်ကမှုခင်းမှူးဗျ"

"ဪ... ဒါဖြင့် ခင်ဗျားတို့ ကျုပ်ကိုဖမ်းရအောင် ကျုပ်က ဘာအပြစ်များရှိနေလို့လဲ"

ထိုလူကပြုံးလိုက်ပြီး....

"အပြစ်ရှိလို့ဖမ်းတာပေါ့... ဟိုမှာ ခင်ဗျားကိုဖမ်းဖို့ တိုင်တန်းထားတဲ့လူတွေ"

လုရှောင်ဖုန့်က မျက်မှောင်ကုပ်သွားသည်။

မှုခင်းမှူးညွှန်ပြသောနေရာသို့ကြည့်လိုက်သည်။ ဟုတ်ပါသည်။ အခန်းထောင့်တစ်နေရာတွင် လူခုနစ်ယောက်။

ဂုဏ်သရေရှိသော လူခုနစ်ယောက်တို့ထိုင်နေကြသည်။

သူတို့၏မျက်နှာသည် ဒေါသရောင်များယှက်သန်းနေကြ၏။



"ကျုပ်ကိုတိုင်ရအောင် ကျုပ်က သူတို့ကိုဘာများလုပ်မိလို့လဲ"

မှုခင်းမှူးက ထိုလူများဘက်သို့လှည့်လိုက်ပြီး....

"ကဲ... ခင်ဗျားတို့ကိစ္စကို ဒီလူကိုပြောပြပါဦး"

ထိုလူခုနစ်ယောက်အနက် တစ်ယောက်က မတ်တတ်ရပ်လိုက်ပြီး သူ့အားလက်ညှိုးတငေါက်ငေါက်ထိုး၍....

"သူပေါ့ မျက်ခုံးမွေးလေးခုနဲ့ဆိုတာ... မနေ့ညက ကျုပ်အိမ်ထဲဝင်လာပြီး ကျုပ်ဆီမှာရှိတဲ့ငွေ ၂၀၀၀ ကိုလုယူသွားတယ်"

"ဟုတ်တယ်... မနေ့ညက ကျုပ်ရဲ့ကျောက်မျက်ရတနာသေတ္တာကိုလုယူသွားတာလဲ သူပဲ"

"မနေ့ညက ကျုပ်အိမ်ကပစ္စည်းကိုခိုးသွားတာ သူပါပဲ"

စွပ်စွဲလာသောစကားများကြောင့် လုရှောင်ဖုန့်မျက်လုံးပြူးကျယ်သွားသည်။

မှုခင်းမှူးက အသံကျယ်လောင်စွာဖြင့်....

"ကဲ သက်သေနဲ့တကွရှိနေပြီပဲ၊ ခင်ဗျား ဘာငြင်းဦးမလို့လဲ"

မှုခင်းမှူးသည်ပြောရင်း စားပွဲတစ်လုံးပေါ်တွင် တင်ထားသောအထုပ်ကလေးများအားထိုးပြလိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ဟိုပစ္စည်းတွေဟာ ခင်ဗျားတည်းခိုတဲ့အခန်းက ရလာတဲ့ တိုက်ရာပါပစ္စည်းတွေပဲ"

လုရှောင်ဖုန့်က ခနဲပြုံးပြုံးလျက်....

"ကျုပ်က သူများပစ္စည်းခိုးရင် ကိုယ့်အခန်းထဲမှာ ဖြောင်ကျကျထည့်ထားပါ့မလားဗျာ၊ စဉ်းစဉ်းစားစားလဲလုပ်ပါဦး မှူခင်းမှူးရာ"

မှူခင်းမှူးက မဲ့ပြုံးပြုံးလိုက်ပြီး....

"ခင်ဗျားရဲ့လေသံက တစ်ယောက်ယောက်က သူတို့ပစ္စည်းတွေကို ခင်ဗျားအခန်းမှာလာထားပြီး ခင်ဗျားကို သူခိုးဖြစ်အောင် စွပ်စွဲနေသလိုပဲ"

လုရှောင်ဖုန့်က ပါးစပ်ပိတ်ထားလိုက်တော့သည်။ ရုံးတော်လူများနှင့်အငြင်းပွားနေလျှင် အကျိုးမရှိမှန်း သူသိလိုက်သည်။

ထိုစဉ် အသံတစ်သံထွက်ပေါ်လာသည်။

"သူက သူများပစ္စည်းတွေခိုးတယ်မခိုးဘူးဆိုတာတော့ ကျုပ်တို့မသိဘူး... ဒါပေမယ့် ကျုပ်တို့လူကိုသတ်တာတော့ ကျုပ်တို့က လက်ပိုက်ကြည့်မနေနိုင်ဘူး"

လုရှောင်ဖုန့်သည် အသံလာရာဆီသို့ ချာခနဲလှည့်ကြည့်လိုက်သည်။



အဘိုးအိုသုံးယောက် အနီရောင်၊ အစိမ်းရောင်၊ အနက်ရောင်ကတ္တီပါအဝတ်အစားများကို ဝတ်ဆင်ထားသောအဘိုးအိုသုံးယောက်.... နှစ်ယောက်က ရေနွေးကြမ်းသောက်နေပြီး ကျန်တစ်ယောက်က အရက်သောက်နေ၏။

"ခင်ဗျား ဘယ်သူလဲ"

လုရှောင်ဖုန့်က မေးလိုက်သည်။

အရက်သောက်နေသောအဘိုးအိုက မတ်တတ်ရပ်လိုက်သည်။ သူမတ်တတ်ရပ်လိုက်တော့မှ သူ၏အကျီရင်ဘတ်တွင် သိမ်းငှက်ရုပ်တစ်ခုရွှေချည်ဖြင့်ထိုးထားသည်ကို ထင်းခနဲတွေ့လိုက်ရလေသည်။

လုရှောင်ဖုန့် ရင်ထဲထိတ်ခနဲဖြစ်သွားသည်။

ထိုအဘိုးအိုသုံးယောက်သည် သိမ်းငှက်မြို့စားကြီး၏ကိုယ်ရံတော်သုံးယောက်ဖြစ်နေသည်ကို သိလိုက်ရလေသည်။

"ကျုပ်က ခင်ဗျားတို့လူတွေကိုသတ်တယ်ဆိုတာ ဘယ်သူကပြောတာလဲ"

အဘိုးအို၏မျက်နှာသည် ပြောင်းလဲသွားခြင်းမရှိပါ။

သူသည် အေးစက်တည်ငြိမ်စွာဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ ကျုပ်ပြောပြဖို့မလိုပါဘူး... ကျုပ်တို့နောက်ကိုသာ အသာတကြည့်လိုက်ခဲ့ပါ"

လုရှောင်ဖုန့်ကရယ်မောလိုက်ပြီး...

"ဘယ်လိုလဲဗျ... တစ်ယောက်က ပစ္စည်းခိုးမှုနဲ့ကျုပ်ကို ဖမ်းမယ်၊ နောက်တစ်ယောက်ကလူသတ်မှုနဲ့ကျုပ်ကိုဖမ်းပြန်တယ်၊ ကျုပ်ကလူတစ်ယောက်ထဲဗျ... ဘယ်သူ့နောက်ကိုလိုက်ရမှာလဲ"

အဘိုးအိုသည် မှုခင်းမှူးအားကြည့်ပြီးလှမ်းမေးလိုက်၏။

"မင်းက သူ့ကိုဖမ်းမလို့လား"

မှုခင်းမှူးမျက်နှာတစ်ချက်ကွက်ခနဲပျက်သွားသည်။

သူသည် ကပျာကယာလက်ကာပြလိုက်ပြီး....

"ကျွန်တော် သူ့ကိုမဖမ်းတော့ပါဘူးခင်ဗျာ"

အဘိုးအိုသည် လုရှောင်ဖုန့်အားစေ့စေ့ကြည့်လိုက်ပြီး....

"မင်း ကြားလိုက်တယ်မဟုတ်လား"

လုရှောင်ဖုန့် ခေါင်းညိတ်ပြလိုက်သည်။ ရုတ်တရက် သူ၏ ခန္ဓာကိုယ်သည် ဝိတ်နေသောပြတင်းပေါက်ကိုပြေးဆောင့်လိုက်ပြီး ကျွမ်းပစ်၍ခုန်ထွက်သွားတော့သည်။

"ဝုန်း...."



ပြတင်းပေါက်တံခါးရွက်သည် ကျိုးပဲ့လွင့်စင်သွား၏။

လုရှောင်ဖုန့်သည် အပြင်သို့ရောက်သည်နှင့် ခြေကုန်သုတ်ကာထွက်ပြေးသွားလေတော့သည်။

အပြင်ဘက်၌ လေများတိုက်ခတ်နေဆဲ....

"ဟင်း... ဟင်း...ဟင်း လုရှောင်ဖုန့်ရာ... မင်းပြေးလို့မလွတ်ပါဘူးကွာ"

လေထဲတွင် အဘိုးအို၏အော်ဟစ်ကြိမ်းမောင်းလိုက်သော အသံသည် အဝေးသို့တိုင်အောင် လွင့်ပျံ့သွားလေသည်။ လုရှောင်ဖုန့်သည် နောက်သို့လှည့်မကြည့်စတမ်းပြေးလွှားနေဆဲ....

oooo

www.burmeseclassic.com

www.burmeseclassic.com



## တစ်ကျော့ပြန်

လုရှောင်ဖုန့်သည် ပြေးလွှားခြင်းကိုရပ်တန့်လိုက်သည်။

သူ ဝေးဝေးပြေးမသွားပါ။ သူသည် ငွေချိုတ်လောင်းကစားခန်းရှိရာလမ်းကြားရှည်သို့ရောက်လာသည်။

ထို့နောက် လမ်းထိပ်တွင် မြင်းလှည်းတစ်စီးကိုငှားကာ သူရောက်ခဲ့သော ငွေချိုတ်လောင်းကစားခန်းရှိရာနေရာသို့ ပြန်လည်မောင်းနှင်သွားစေလေသည်။

လမ်းတွင် သူတွေ့ကြုံခဲ့ရသောအဖြစ်အပျက်များအား ပြန်လည်တွေးကာဆန်းစစ်ကြည့်နေ၏။ မိမိအား မြို့ပြင်၌တစ်ညတာအိပ်စက်စေလိုသောလူတစ်စုသည် တကယ်တော့ မိမိအား အပြစ်ပုံချရန်အကွက်ဆင်ထားခြင်းဖြစ်သည်ကို သူနားလည်လာလေသည်။

သူသာ အဖြစ်အပျက်များကို အမှန်အတိုင်းဖွင့်ဟပြောပြလိုက်လျှင်....



ထိုသူများက သူ့စကားကို ယုံကြည်လိမ့်မည်မဟုတ်ဟု သူတွက်ဆမိ၏။ ရေခဲတောင်မယ်အမည်ရှိမိန်းကလေးကလည်း သူ့အတွက် သက်သေထူလိမ့်မည်မဟုတ်ဟုလည်း သူယုံကြည်သည်။

သူသည် မိမိကိုယ်တိုင် သက်သေအထောက်အထားများကိုရှာဖွေရန်မှတစ်ပါး အခြားနည်းလမ်းမရှိတော့ဟုနားလည်လိုက်လေသည်။ ထို့ကြောင့် သူသည် ယခုကဲ့သို့ မနေ့ညက သူရောက်ခဲ့သောနေရာသို့ ပြန်လည်၍တစ်ကျော့ထပ်မံသွားရန်ဆုံးဖြတ်လိုက်ခြင်းဖြစ်လေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



*

## လုရောင်ဖုန်ဦးနှောက်ခြောက်သည်

လုရောင်ဖုန်သည် စန်းတွာမြည်းလှည်းယာဉ်များ ငှားရမ်းသောဌာနသို့ရောက်သွားသည်။ သူသည် မြင်းတစ်ကောင်ဆွဲသော မြင်းလှည်းတစ်စီးအား ငှားရမ်းလိုက်သည်။

ထို့နောက် သူသည် မနေ့ညက ရေခဲတောင်မယ်ခေါ် ယို့စွမ်းခေါ်ဆောင်သွားရာလမ်းအတိုင်း မောင်းနှင်ခဲ့လေသည်။

သူသည် ယို့စွမ်းနှင့်အတူလာစဉ်က မျက်လုံးအစုံကိုပိတ်စဖြင့်စည်း၍လာရသဖြင့် နားကိုသာအသုံးချ၍ လမ်းခရီးကိုတွေးမှတ်ယူဆထားသည်။

ထို့ကြောင့် ယခု သူသည် မျက်လုံးကိုဦးစားမပေးဘဲ သူ၏နားကိုသာအစွမ်းကုန်စွင့်၍ ဖြည်းညင်းစွာမောင်းနှင်နေရလေသည်။ သူသည် မှတ်မိသလောက်အတိုင်းမောင်းနှင်ခဲ့ရာ သူမောင်းနေသောလမ်းသည် လူသူအသွားအလာကင်းမဲ့သောတောလမ်းတစ်ခုတွင် မောင်း



နှင်နေသည်ကိုသတိပြုမိလေသည်။

သူမျက်မှောင်ကုပ်သွားသည်။ သူမှတ်မိသော ညဈေးသံများ၊ ဆူညံသောအသံများနှင့် ချောင်းရေတသွင်သွင်စီးနေသော အသံများကား မကြားရပါသေးချေ။

၀၀၀၀

မြင်းလှည်းသည် အတန်ကြာမောင်းနှင်လာမိသောအခါ ဈေးတန်းတစ်ခုကိုဖြတ်ကျော်လာသည်။

ထို့နောက် ရေစီးသန်သောချောင်းကလေးတစ်ခုကိုဖြတ်ကျော်လာပြန်သည်။

သူမျက်လုံးကို အဝတ်ဖြင့်စည်းနှောင်ထားစဉ်က နားဖြင့်သေသေချာချာကြားခဲ့ရသောခရီးစဉ်အတိုင်းတော့ ယခုထက်ထိမှန်နေလေ၏။

ဤလမ်းအတိုင်း....

ဤခရီးစဉ်အတိုင်း....

သို့သော် မနေ့က သူရောက်ရှိခဲ့သောနေရာဟုစိတ်ထဲကထင်မိသည့်နေရာတွင် မြင်းလှည်းကိုရပ်တန့်လိုက်သောအခါ....

www.burmeseclassic.com

www.burmeseclassic.com



သူမျက်လုံးသည်ပြူးကျယ်သွားတော့သည်။

● အကြောင်းမှာ ရေခဲတောင်မယ်က သူ့အား မြင်းလှည်းပေါ်မှလက်တွဲ၍ဆင်းခဲ့သောနေရာသည် ငွေချိတ်လောင်းကစားခန်းဖြစ်ဖို့မဆိုထားနှင့် အဆောက်အဦးဟူ၍ တဲအိမ်တစ်လုံးပင် ရှိမနေသောကြောင့်ဖြစ်လေသည်။

လူသူမရှိသောလွင်ပြင်တစ်ခုမျှသာ ဖြစ်နေချေသည်တကား။ ထို့ကြောင့် လုရှောင်ဖုန့် လွန်စွာဦးနှောက်ခြောက်သွားရခြင်းဖြစ် ပေတော့သည်။

၀၀၀၀



## ပြုံးနိုင်လျှင်အကျိုးရှိသည်

သစ်ရွက်များသည် လေတိုက်လိုက်တိုင်း ယိမ်းခါလျက်ရှိနေသည်။ လုရှောင်ဖုန့်သည်စိတ်ပျက်စွာဖြင့် သစ်ပင်တစ်ပင်အောက်တွင်ထိုင်ချလိုက်သည်။

ရွက်ဝါများသည် တစ်ရွက်ပြီးတစ်ရွက် လေ၏တိုက်ခတ်မှုကြောင့်ကြွေသက်နေသည်။

မြေကြီးသည် စိုထိုင်းနေသေး၏။ အေးစက်စက်ရှိနေသေး၏။ သူသည် တဖြည်းဖြည်းခေါင်းအေးအေးထားကာ ဖြစ်ပျက်ခဲ့သမျှများကိုပြန်လည်ဆန်းစစ်နေသည်။

မနေ့ညက....

သူသည် ဤလမ်းအတိုင်းလာခဲ့သည်မှာအမှန် ပင်။

သို့သော် ငွေချိတ်လောင်းကစားခန်းအား အဘယ်ကြောင့်မတွေ့ရပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် လူအများ၏စကားပြောနေသောအသံ....

လောင်းကစားဝိုင်းမှထွက်ပေါ်လာသောအသံဗလံများကို သူသေသေချာချာကြားလိုက်ရသည်။

သူနားသည် သည်လောက်တော့ ကောင်းကောင်းကြားပါသည်။ သို့သော် သူသည် မျက်လုံးကိုစည်းထားသောပဝါစကိုဖြုတ်လိုက်သောအခါ အခန်းတစ်ခုလုံးတွင် လူသူတစ်ယောက်မျှမရှိတော့ပေ။ လူမဆိုးထားနှင့်ယင်ကောင်တစ်ကောင်ပင် မတွေ့ရပေ။

ပြီးနောက်...., လောင်းကစားရာ၌အသုံးပြုသောလောင်းကစားကိရိယာများကိုလည်း မတွေ့ရတော့။

ထူးဆန်းသည်။

တကယ့်ကိုထူးဆန်းနေသည်။

သူနားဖြင့် ကြားလိုက်ရသည့်အတိုင်းဆိုလျှင် အနည်းဆုံး လူ ၄၀– ၅၀ခန့်နှင့် လောင်းကစားဝိုင်း ၄– ၅ ဝိုင်းမျှ ရှိနေသင့်သည်။ သို့သော် ယခု သူရောက်ရှိနေသောအခန်းမှာ လူ(၁၀) ယောက်ထက် ပို၍မဆန့်နိုင်ပါ။

အခန်းထဲတွင် ရေးသားထားသောစာရွက်ပေါ်၌ မိမိအား သုံးရက်နေထိုင်ရန်ရေးသားထားခဲ့သည်။



သို့သော် ယခုတော့ တစ်ညတည်းနှင့်သူ့အား ဤမြို့ပြင်သို့ ထားလိုက်ပြန်သည်။ တွေ့ကြုံဖြစ်ပျက်ခဲ့သောအရာများသည် တခြားလူမဆိုထားဘိ မိမိကိုယ်မိမိပင် ယုံကြည်နိုင်ရန်ခက်ခဲနေသည်။

လုရှောင်ဖုန့်သည်တွေးရင်း ပြုံးမိလာသည်။ ပြုံးခြင်းသည် ရှုပ်ထွေးနေသောစိတ်အစဉ်ကိုကြည်လင်ပေါ့ပါးစေနိုင်သည် မဟုတ်ပါလော။

လုရှောင်ဖုန့်၏စိတ်သည် ကြည်လင်ပေါ့ပါးလာသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## မဖြေနိုင်သောအဖြေ

"အား... အား... အား"

သစ်ပင်နောက်တွင် ကျီးကန်းတစ်ကောင်က ဝအားအား နှင့်အော်နေသည်။ လုရှောင်ဖုန့်သည်မျက်မှောင်ကုပ်သွားသည်။

တွေးလို့ကောင်းတုန်းအနှောင့်အယှက်ပေါ်လာသဖြင့် ဒေါပွ သွားသည်။ သူသည်သစ်ကိုင်းခြောက်တစ်ခုကိုယူ၍ ခြောက်လှန့်ပစ် လိုက်သည်။

"အား... အား... အား"

ကျီးကန်းကမကြောက်ဘဲ အော်မြဲအော်နေ၏။ လုရှောင်ဖုန့် ကစိတ်မရှည်တော့ဘဲ နောက်သို့လှည့်ကြည့်လိုက်သည်။

ကျီးကန်းကိုမတွေ့ရတော့ပါ။

ရုတ်တရက်....

"ရှူး... ရှူး... ဝုတ်"



ခွေးဟောင်သံကြားလိုက်ရပြန်သည်။

လုရှောင်ဖုန့် စိတ်ညစ် သွားသည်။ ခေါင်းအေးအေးထားပြီး စဉ်းစားလိုက်ကာမှ အလိုက်မသိတတ်သောကျီးကန်းနှင့်ခွေးကိုပါ လာတိုးရလေခြင်း။

သူသည် ခဲလုံးတစ်လုံးကိုကောက်ယူ၍ ခွေးဟောင်သံကြား ရာသို့ပစ်ပေါက်လိုက်သည်။

"ညောင်... ညောင်... ညောင်"

ခွေးဟောင်သံတော့ပျောက်သွားသည်။ သို့ပေမယ့် ကြောင် တစ်ကောင်၏အသံထပ်မံပေါ်လာပြန်သည်။ လုရှောင်ဖုန့်၏မျက်လုံး အစုံသည် ဝိုင်းစက်ပြူးကျယ်သွားသည်။

သူသည် ထိုင်ရာမှ ကပျာကယာထလိုက်သည်။

ထို့နောက် အသံလာရာဆီသို့လျှောက်သွားလေတော့သည်။ သစ်ပင်တစ်ပင်၏နောက်ကွယ်တွင် အသက် (၁၀)နှစ်ကျော်ခန့်ရှိ သောကလေးငယ်တစ်ယောက်သည် ခြေဆန့်ကာထိုင်နေ၏။

သူသည် လုရှောင်ဖုန့်အားတွေ့လိုက်ရသောအခါ အံ့ဩခြင်း မရှိ၊ ထိတ်လန့်မှုလည်းမရှိ။

ပြုံး၍ပင်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကလေး… မင်းတစ်ယောက်ထဲ ဒီမှာဘာလာလုပ်တာလဲ"

ကလေးငယ်က ရှေ့သို့ညွှန်ပြလိုက်သည်။

နွားတစ်ကောင် မြက်များစားနေသည်ကိုတွေ့ရသည်။

"မင်းကနွားကျောင်းသားဟုတ်လား"

"ဟုတ်ပါတယ်"

"နေပါဦး… ခုနက တိရစ္ဆာန်တွေအော်နေတဲ့အသံဟာ ဘယ်ကလဲဆိုတာ မင်းသိလား"

ကလေးငယ်သည် ပြုံးကာသူ၏ပါးစပ်အားလက်ညှိုးဖြင့်ထိုးပြလိုက်သည်။ လုရှောင်ဖုန့် မျက်မှောင်ကုပ်သွားသည်။

"ဒီအသံတွေထွက်အောင် မင်းကလုပ်နေတာလား"

"ဟုတ်တယ်"

"မင်းက အသံတုတွေလုပ်တတ်တယ်ဟုတ်လား"

ကလေးငယ်ကခေါင်းညိတ်လိုက်သည်။ လုရှောင်ဖုန့်သည် သူဖြေရှင်း၍မရသောပြဿနာတစ်ခု၏အဖြေကို ရုတ်တရက် ရသွားလေတော့သည်။

၀၀၀၀



မှန်ပါသည်။ စောစောက သူကြားခဲ့သောကျီးကန်းအော်သံ၊ ခွေးဟောင်သံ၊ ကြောင်အော်သံများသည် ထိုကလေးငယ်က အသံတု လုပ်၍အော်လိုက်သောအသံများသာဖြစ်သည်။

ကလေးငယ်သည် လုရှောင်ဖုန့်အား မျက်လုံးတစ်ဖက်မှိတ်ပြလိုက်ပြီး…

"ကျွန်တော်က ခွေးထီးနဲ့ခွေးမ ကိုက်နေတဲ့အသံလဲ လုပ်တတ်သေးတယ်ဗျ… ကျွန်တော့်ကိုမုန့်ဖိုးပေးရင်လုပ်ပြမယ်လေ"

လုရှောင်ဖုန့်၏မျက်ဝန်းအစုံသည် ရုတ်ခြည်းတောက်ပလာလေသည်။

သူသည် ဝမ်းသာအားရဖြင့်ထခုန်လိုက်သည်။

ကလေးငယ်အားပွေ့၍နမ်းရှုံ့လိုက်ပြီးနောက် ငွေတုံးတစ်တုံးကိုပါ ကလေးငယ်၏လက်ထဲသို့ထည့်ပေးလိုက်သည်။

"ကျေးဇူးတင်လိုက်တာကွ… ကျေးဇူးတင်လိုက်တာ"

လုရှောင်ဖုန့်၏အပြုအမူကြောင့် ကလေးငယ်၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားသည်။

"ဟင်… ခင်ဗျားကငွေလဲပေးတယ်၊ ကျေးဇူးတင်တယ်လို့ ပြောတယ်… ဘာဖြစ်လို့လဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ဖုန့်သည် ကျေနပ်စွာရယ်မောပြီး ကလေးငယ်၏ ပခုံးကိုတစ်ချက်ပုတ်လိုက်ရင်း....

"ဟ... မင်းက ငါ့အသက်ကိုကယ်တဲ့လူဆိုတော့ ငါကျေးဇူးတင်ရမှာပေါ့"

သူသည် ဤသို့ပြောပြီးသည်နှင့် မြင်းလှည်းဆီသို့ ပြေးလွှားသွားလေသည်။ ကလေးငယ်သည် ငွေတုံးကလေးကိုတင်းကျပ်စွာ ဆုပ်ကိုင်လျက် အလျင်အမြန်မောင်းနှင်ထွက်ခွာသွားသောမြင်းလှည်းအားငေးကြည့်ရင်းကျန်ရစ်ခဲ့လေတော့သည်။

ဝဝဝဝ



## နွားကြီးနှင့်အလောင်းအစား

ငွေချိတ်လောင်းကစားခန်း....

ဤလောင်းကစားခန်းသည် (၂၄)နာရီပတ်လုံးဖွင့်လှစ်ထားခြင်းမရှိပါ။ ဖွင့်သည့်အချိန်ကိုလည်းကြည့်ပါဦး။

ညမမှောင်သေးလျှင် မဖွင့်ပေ။

မှောင်မိုက်သည့်ညအချိန်ကျမှသာဖွင့်သည်။

လောင်းကစားခန်းပိတ်သည့်အချိန်မှာလည်း မိုးမလင်းမီမှာပင် ပိတ်ထားလိုက်ပြီးဖြစ်လေသည်။

နေ့ဘက်တွင် လူအများသည် ငွေရှာသောအချိန်ဖြစ်သည်။

ငွေရမှလည်း... ညဘက်တွင် လောင်းကစားနိုင်မည်ဖြစ်ပါသည်။ ဤသည်မှာ ငွေချိတ်လောင်းကစားခန်းပိုင်ရှင် မုတ်ဆိတ်ဖြူ၏ဥပဒေသဖြစ်သည်။

ယခု မမှောင်သေးပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့် ညဥ့်အချိန်မရောက်သေးပါ။

ယင်းအချိန်တွင် လုရှောင်ဖုန့်သည် လမ်းကြားရှည်သို့ ဖြတ်ကျော်လာပြီး လောင်းကစားခန်းထဲသို့ဝင်ရောက်လာလေသည်။

လောင်းကစားခန်းထဲတွင် လောလောလတ်လတ် လောင်းကစားကြခြင်းမရှိသေးသော်လည်း တံခါးကိုမူဖွင့်ထားသည်။ အခန်းထဲသို့ သူဝင်သွားသည်နှင့် သန်မာထွားကျိုင်းသောလူနှစ်ယောက်က သူ့အား လှမ်း၍ဟန့်တားလိုက်သည်။

မည်သည့်လောင်းကစားခန်းမဆို သည်လိုလူမိုက်မျိုးကို ထားရှိတတ်သည်။ သူတို့၏တာဝန်ကား လောင်းကြေးမပေးနိုင်သူအားပညာပေးသည်။ လောင်းကစားခန်းကိုနှောင့်ယှက်သူအား ဟန့်တားသည်။

နွားကြီးနှင့်ဝက်ကြီးသည် ငွေရှိတ်လောင်းကစားခန်း၏ လူမိုက်များအနက် ကြောက်စရာအကောင်းဆုံးကြေးစားလူမိုက်နှစ်ယောက်ဖြစ်သည်။

"ဒီနေရာကို မင်းရောက်ဖူးသလားကိုယ့်လူ"

နွားကြီးကလှမ်းမေးလိုက်သည်။

"ကျုပ်လာဖူးတယ်"



"လာဖူးရင် ဒီကစည်းကမ်းကိုတော့မင်းသိမှာပေါ့"

"လောင်းကစားခန်းပဲ စည်းကမ်းတွေရှိသေးလို့လားဗျ"

"ရှိတယ်... တို့ဆီက စည်းကမ်းဟာ ရုံးတော်ထက်တောင် တင်းကျပ်သေးတယ်ကွ"

လုရှောင်ဖုန့် ပြုံးမိသွားသည်။

"ဆိုစမ်းပါဦး... မင်းတို့ရဲ့စည်းကမ်းတွေ"

"မိုးမချုပ်သေးခင် ဘယ်သူပဲလာလာ ကျုပ်တို့က အဲဒီလူကို ပြန်ကြွခိုင်းရမှာပဲ"

"ကျုပ် ခဏလေးဝင်ကြည့်မလို့ပါ၊ လောင်းကစားဖို့မဟုတ်ပါဘူး"

"မရဘူး"

လုရှောင်ဖုန့်သည် ပခုံးတစ်ချက်တွန့်ပြီးပြန်လှည့်ထွက်သွားသည်။ တံခါးဝရောက်မှပြန်လှည့်လာပြီး တံခါးဝအနီးရှိကျောက်ထိုင်ခုံတစ်လုံးအားညွှန်ပြကာ...

"ဒီကျောက်ထိုင်ခုံကို ခင်ဗျားတို့ရဲ့ခေါင်းပေါ် ရောက်အောင် မနိုင်သလား။ မ,မနိုင်ရင်တော့ ခင်ဗျားတို့လျော်ရမယ်... ဘယ်နှယ်လဲ လောင်းကြမလား"

www.burmeseclassic.com

www.burmeseclassic.com



နွားကြီးကသွားတွေဖြဲပြလိုက်ပြီး....

"မင်းမှာငွေပါသလားဟေ့"

လုရှောင်ဖုန့် ပြုံးလိုက်သည်။

အိတ်ထဲမှငွေတစ်ရာကိုနှိုက်ထုတ်ပြလိုက်သည်။

ထိုအခါကျမှ နွားကြီးသည် တဟဲဟဲရယ်ကာ ထိုကျောက်ထိုင်ခုံအား အပေါ်သို့ မ,ပြလေတော့သည်။

လုရှောင်ဖုန့်ကသက်ပြင်းတစ်ချက်ချလိုက်ပြီး....

"အင်း... ကျုပ်ရှုံးသွားပါပြီဗျာ"

ဟုပြောလိုက်သည်။

တစ်ဆက်တည်းပင် ငွေတစ်ရာထုတ်ပေးလိုက်လေသည်။

နွားကြီးသည် မယုံကြည်နိုင်သောအကြည့်ဖြင့် လုရှောင်ဖုန့်အား ငေးကြည့်မိလေသည်။

ဝက်ကြီးကနွားကြီးကိုယ်စား ငွေကိုဖျတ်ခနဲလှမ်းယူလိုက်သည်။ ငွေတစ်ရာဆိုသည်မှာ သူတို့အတွက် သုံးလကြာအောင်သုံးစွဲနိုင်သည်မဟုတ်ပါလား။

နွားကြီး၏မျက်နှာသည် ပြုံးဖြီးဖြီးဖြစ်လာသည်။

စကားလည်း ချိုချိုသာသာနှင့်ပြောလာသည်။



အင်း... ငွေ... ငွေ တော်တော်တန်ခိုးကြီးသည့်ငွေပါပေ။

"ဟဲ... ဟဲ... ခင်ဗျားမဆိုးဘူး၊ ကတိတည်တယ်၊ အဲ ခင်ဗျားအားနေလို့ရှိရင် အပြင်ကိုတစ်ခေါက်လောက် လျှောက်လည်လိုက်ပါဦး၊ ခင်ဗျား ဒီကိုပြန်လာခဲ့တဲ့အခါကျရင် ကျုပ် ခင်ဗျားကိုအရက်အဝတိုက်ပါ့မယ်ဗျ"

လုရှောင်ဖုန့်ကပြုံးပြီးခေါင်းခါပြလိုက်သည်။

"ကျုပ်အပြင်ကိုမသွားချင်တော့ဘူး... ဒီမှာပဲထိုင်စောင့်နေတော့မယ်"

နွားကြီးကခေါင်းခါလိုက်သည်။

"မဖြစ်ဘူးဗျ"

လုရှောင်ဖုန့်၏မျက်နှာ ရုတ်တရက်တည်ငြိမ်လာသည်။

"ဘာဖြစ်လို့လဲ"

"ဒီလိုပါ မိုးမချုပ်ရင် ကျုပ်တို့လောင်းကစားမလုပ်ရဘူးဗျ"

"ဒါဖြင့် ခင်ဗျားက ဘာဖြစ်လို့ ကျုပ်နဲ့လောင်းနေရတာလဲ"

နွားကြီး၏မျက်နှာရှုံ့မဲ့သွားသည်။

အရိုက်ကိုလက်သီးနှင့် ချက်ကောင်းအထိခံလိုက်ရသလို ခံလိုက်ရသည်။

www.burmeseclassic.com



"ကျုပ်ကဘာလောင်းလို့လဲ"

သူက မသိချင်ယောင်ဆောင်ပြီးပြန်မေးလိုက်သည်။

လုရှောင်ဖုန့်ကတစ်ချက်ပြုံးပြီး....

"လောင်းလို့ပဲ ကျုပ်အခုငွေတစ်ရာရှုံးသွားတယ်လေ"

နွားကြီး ပါးစပ်ပိတ်သွားတော့သည်။ သူ ဘာပြန်ပြောရမှန်းမသိအောင်ကို ဖြစ်သွားလေတော့သည်။

ဝက်ကြီးသည် ချောင်းတစ်ချက်ဟန့်ပြီး တံတောင်ဆစ်ဖြင့် နွားကြီးအားတစ်ချက်တွက်လိုက်ပြီး....

"ကဲ... ခင်ဗျားနေချင်ရင်နေပါဗျာ၊ ဒါပေမဲ့ အတွင်းဘက်ကို တော့မသွားရဘူး"

လုရှောင်ဖုန့်ကကျေနပ်စွာပြုံးလိုက်ပြီး....

"စိတ်ချ... ကျုပ်ကဒီမှာပဲထိုင်စောင့်နေမှာပါဗျာ"

ဝဝဝဝ



လောင်းကစားခန်း၏ခေါင်းရင်းဘက်တွင် အခန်းတစ်ခုရှိသည်။ တံခါးဖွင့်ထားသဖြင့် အငြိမ်မနေတတ်သောလုရှောင်ဖုန့်က ဝင်သွားသည်။

နံရံပေါ်တွင် ပန်းချီကားချပ်များချိတ်ဆွဲထားသည်။

လုရှောင်ဖုန့်သည် ပန်းချီကားချပ်များကိုစိတ်ဝင်စားစွာ တစ်ခုချင်းကြည့်ရှုနေ၏။ ဝက်ကြီးနှင့်နွားကြီးတို့သည်အိတ်ထဲတွင် ငွေတစ်ရာရှိနေသဖြင့် အရက်ကောင်တာသို့သွားကာ အရက်ထိုင်သောက်နေကြလေသည်။

လုရှောင်ဖုန့်သည် ပန်းချီကားများကိုတစ်ခုပြီးတစ်ခု အသေအချာကြည့်ရင်းမှ ရုတ်တရက်တစ်ခုသောပန်းချီကားတစ်ချပ်ကိုဖယ်ရှားလိုက်သည်။

ယင်းပန်းချီကားချပ်၏နောက်ကွယ်ရှိနံရံတွင် လျှို့ဝှက်တံခါးပေါက်တစ်ခုကိုတွေ့လိုက်ရတော့သည်။

လုရှောင်ဖုန့်သည် ကျေနပ်စွာပြုံးလိုက်ပြီး....

လျှို့ဝှက်တံခါး၏ဂျက်ကိုလက်ဖြင့် အသာအယာစမ်းကြည့်နေ၏။ မကြာပါချေ။ သူသည် အဖုကလေးတစ်ခုအား စမ်းမိပြီး နှိပ်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်တံခါးသည် တအိအိပွင့်သွားသည်။

သူသည် ဝဲယာသို့တစ်ချက်ဝေ့ကြည့်ပြီးနောက် အတွင်းသို့ လှမ်းဝင်လိုက်လေသည်။

၀၀၀၀



## မှတ်ခါ်တ်ပြာနှင့်မျက်နှာဖုံးဆိုင်

သူလှမ်းဝင်လိုက်သောအခန်းသည် အခန်းမဟုတ်ပါ။

လှသွားစင်္ကြံလမ်းတစ်ခု၊ ၄င်းတူနေသည်ဟု လုရှောင်ဖုန်းက ထင်မိသည်။ သူသည် ခေတ္တရပ်၍ ပု ရှု့သို့အကဲခတ်ကြည့်လိုက်သည်။ ဝဲယာနံရံများသည် ကျောက်တုံးများဖြင့် တည်ဆောက်ထားသည်ကို တွေ့လိုက်ရသည်။

နံရံပေါ်တွင် ချိုင့်ဝင်နေသောလေးထောင့်အပေါက်ကလေးများ အစီအရီရှိလေသည်။ ထိုလေးထောင့် အပေါက်ကလေးများတွင် ဆီမီးအိမ်တစ်လုံးစီထွန်းညှိထားသောကြောင့် စင်္ကြံလမ်းတစ်ခုလုံး လင်းထိန်၍နေလေသည်။

လုရှောင်ဖုန်းသည် ရှေ့သို့ခြေလှမ်းလှမ်းလိုက်ပြီး ဆက်၍ လျှောက်သွားလေသည်။ စင်္ကြံလမ်းတစ်ခုလုံးသည် တိတ်ဆိတ်နေပြီး အစောင့်ဟူ၍တစ်ယောက်မျှမတွေ့ရပါ။

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်လမ်းဖြစ်၍ အစောင့်ချထားခြင်းမရှိဟု သူပေ့ါမိသည်။ သူသည် ခြေလှမ်းငါးဆယ်မျှလျှောက်လာသောအခါ တံခါးတစ်ခုကိုတွေ့လိုက်ရလေသည်။

သူသည် ထိုတံခါးအားတွန်းဖွင့်လိုက်ရာ တံခါးသည် သော့ခတ်မထားသဖြင့် အလွယ်တကူပွင့်သွားလေတော့သည်။

၀၀၀၀

အခန်းထဲတွင် မီးရောင်များ ထိန်ထိန်လင်းနေ၏။

စားပွဲတစ်လုံးတွင်ဝိုင်းဖွဲ့၍ လူသုံးယောက်ထိုင်နေကြသည်။

လှပချောမောသောရေခဲတောင်မယ်သည် အရက်တစ်ခွက်မော့သောက်ရင်းမှ သူ့အားအေးတိအေးစက်ကြည့်လိုက်ပြီး....

"ရှင် အခုမှလာတယ်ဟုတ်လား"

သူ့မျက်ဝဲဘက်တွင်ယို့ဟွီးကထိုင်နေ၏။ ယို့ဟွီးသည် သူ့အားခေါင်းညိတ်ပြရင်း ပြုံး၍နှုတ်ဆက်လိုက်သည်။ လုရှောင်ဖုန့်က ယို့ဟွီးအားကြည့်ပြီးရယ်မောလိုက်သည်။ ယို့ဟွီးကပြုံး၍....

"လုရှောင်ဖုန့်... ခင်ဗျားစိတ်ဆိုးတဲ့အခါမှာ ရယ်တတ်တယ်လို့ပြောကြတယ်... အဲဒါဟုတ်ရဲ့လား"



လုရှောင်ဖုန့်ကရယ်မောဆဲ...

ယို့ဟွီးသည် ပန်းတစ်ချက်တွန့်ပြလိုက်ပြီး....

"ခင်ဗျား ကျုပ်ကိုစိတ်ဆိုးနေမှန်း ကျုပ်သိပါတယ်ဗျာ"

လုရှောင်ဖုန့်ကယဲ့ယဲ့ပြုံးလိုက်ပြီး....

"ကျုပ်မှာသူငယ်ချင်းတစ်ယောက်ရှိတယ်... သူ့နာမည်က ယို့ဟွီးလို့ခေါ်တယ်"

ယို့ဟွီးကသဘောကျစွာပြုံးလိုက်ပြီး....

"ခင်ဗျား သူ့ကိုမှတ်မိလိမ့်မယ်လို့ကျုပ်ယုံကြည်ပါတယ်"

လုရှောင်ဖုန့်ကရေခဲတောင်မယ်ဘက်လှည့်လိုက်ပြီး....

"ခင်ဗျားနာမည်လင်းယို့စွမ်းဟုတ်လား"

ယို့ဟွီးကစကားဝင်ထောက်လိုက်သည်။

"သူကလင်းယို့စွမ်းမဟုတ်ပါဘူး... ဖန်ယို့ဝှမ်းပါ"

လုရှောင်ဖုန့်မျက်မှောင်ကုပ်သွားသည်။

"ဗျာ... ဒါဖြင့် သူကခင်ဗျားရဲ့ညီမပေါ့"

"ဟုတ်ပါတယ်"

ယို့ဟွီးတို့မောင်နှမကြားတွင်ထိုင်နေသောလူမှာ အသွင်နံ့ခန့်ညားသောလူကြီးတစ်ယောက်ဖြစ်သည်။

www.burmeseclassic.com



လုရှောင်ဖုန့်သည် ထိုလူအား စူးစူးဝါးဝါးတစ်ချက်ကြည့်လိုက်ပြီး....

"သူကယ်မှမ်းဆိုရင် ခင်ဗျားကမုတ်ဆိတ်ပြာဖြစ်ရမှာပေါ့"

ထိုလူကပြုံးလိုက်ပြီး....

"ဟုတ်ပါတယ်... မုတ်ဆိတ်ပြာဆိုတာကျုပ်ပါပဲ"

"ဒါပေမဲ့ ခင်ဗျားမေးစေ့မှာမုတ်ဆိတ်လဲမရှိပါလား"

"အဲဒါဘာဖြစ်သလဲ"

"လူတွေက ခင်ဗျားကို မုတ်ဆိတ်ပြာလို့ ဘာကြောင့်ခေါ်ကြတာလဲ"

ထိုလူ စကားပြန်မပြောတော့ပါ။ သူသည် မျက်နှာပေါ်သို့ ဟာစ်စိုတစ်ခုစွပ်လိုက်သည်။ ထိုတခဏအချိန်တွင် ထိုလူ၏ခန့်ညားချောမောသောမျက်နှာသည် အလွန်ကြမ်းတမ်းသော ရုပ်သွင်သို့ ပြောင်းလဲသွားသည်။

ထို့ပြင် မုတ်ဆိတ်အပြာရောင်များသည် သူ၏မေးစေ့ပေါ်တွင် ဗလပျစ်ထူဗောင်းစွာပေါက်နေတော့၏။

လုရှောင်ဖုန့်က အနည်းငယ်ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ နားလည်သဘောပေါက်သွားဟန်ဖြင့် ရယ်မောလိုက်သည်။



"ဟဲ... ဟဲ... ဒီလိုကိုး"

မုတ်ဆိတ်ပြာကလည်း တစ်ချက်ရယ်မောလိုက်ပြီး....

"လောင်းကစားလုပ်ငန်းလုပ်တယ်ဆိုတာ မင်းသားလေးလိုမျက်နှာမျိုးနဲ့လုပ်လို့မဖြစ်ဘူး"

"ကြောက်ရွံ့ရှိသေအောင် မျက်နှာဖုံးစွပ်ထားရတယ်ဆိုပါတော့ ဟုတ်လား"

"ဟုတ်ပါတယ်... လုရှောင်ဖုန့်က နာမည်နဲ့လိုက်အောင် ဉာဏ်ကောင်းပါပေတယ်ဗျာ"

လုရှောင်ဖုန့် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ကျုပ် ဒီကိုရောက်အောင်ရှာလာနိုင်လိမ့်မယ်လို့ ခင်ဗျားတို့ ထင်မှာမဟုတ်ဘူးမဟုတ်လား"

"ကျုပ်က ခွေးလိုအော်တတ်တဲ့ ကလေးတစ်ယောက်နဲ့ ကံကောင်းထောက်မပြီးတွေ့မိလို့ဆိုပါတော့"

မုတ်ဆိတ်ပြာက သူ၏မုတ်ဆိတ်များကို ဟန်ပါပါတစ်ချက်ပွတ်သပ်ပြီး....

"ခွေးလိုအော်တတ်တဲ့ကလေးက အများသား"

"တစ်ချို့လူတွေဟာ ခွေးလိုအော်တတ်ရုံမကဘူး... အသံ

www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးကိုလဲ တုပနိုင်သေးတယ်ဗျ"

"ကျုပ်ဆီမှာလူတစ်ယောက်ရှိတယ်... သူက အသံအမျိုးမျိုး တုနိုင်တဲ့အပြင် လူအများကြီးစုဝေးပြောဆိုနေတဲ့အသံကိုလဲ တုတတ်တယ်ဗျ"

"ခင်ဗျားတို့က ပထမတော့ ကျုပ်ကိုသတိမေ့အောင်လုပ်၊ နောက်တော့ ကျုပ်အယောင်ဆောင်ပြီး ဓားပြသွားတိုက်တယ်ပေါ့ ဟုတ်လား"

လုရှောင်ဖုန့်ကမကျေနပ်သောလေသံဖြင့် မေးလိုက်သည်။ မုတ်ဆိတ်ပြာ၏ငြင်းဆန်သည့်စကားကိုကြားသည့်အခါ လုရှောင်ဖုန့် အံ့အားသင့်သွားသည်။

"မဟုတ်ဘူး ကျုပ်တို့ကခင်ဗျားအယောင်ဆောင်ပြီး ဓားပြသွားတိုက်တာတော့မဟုတ်ဘူး"

"ဒါဖြင့်..."

လုရှောင်ဖုန့်၏စကားမဆုံးမီ မုတ်ဆိတ်ပြာက ကြားဖြတ်ပြောလိုက်သည်။

"ခင်ဗျားဆီကိုအကူအညီတစ်ခုတောင်းမလို့ပါ"

"ဘယ်လိုအကူအညီမျိုးလဲ"



"ကျုပ်မိန်းမဆီက တံဆိပ်တုံးတစ်ခုပြန်ရအောင် ဆောင်ရွက်ပေးဖို့ပါ"

လုရှောင်ဖုန့်မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားမိန်းမယူသွားတဲ့တံဆိပ်တုံးကို ဘာဖြစ်လို့ကျုပ်က ပြန်တောင်းပေးရမှာလဲ"

"ကျုပ်မိန်းမကတံဆိပ်တုံးကိုခိုးယူ ထွက်ပြေးသွားလို့ပါ"

"တံဆိပ်တုံးက ဘာတံဆိပ်တုံးမို့ ဒါလောက်အရေးကြီးနေရတာလဲ"

"သိမ်းငှက်မြို့စားကြီးရဲ့တံဆိပ်တုံးမို့ပါ"

"သိမ်းငှက်မြို့စားကြီးရဲ့တံဆိပ်တုံးဟုတ်လား... ဒီတံဆိပ်တုံးက ဘာဖြစ်လို့ ခင်ဗျားဆီရောက်လာရတာလဲ"

"မြို့စားကြီးရဲ့သားတော်ယို့ထင်ပို ကျုပ်ဆီအပ်ထားလို့ပါ"

"သူက ပေးထားတာတော့မဟုတ်ပါဘူး... သူ လာလောင်းကစားရင်းရှုံးသွားလို့ အပေါင်ခံထားတဲ့သဘောပါ"

"နောက်တော့ သူလာရွေးသလား"

"သူလာရွေးချိန်မှာ ကျုပ်သိမ်းထားတဲ့သေတ္တာထဲမှာရှာလို့ မတွေ့တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားမိန်းမကခိုးသွားတယ်ဆိုတာသေချာရဲ့လား'

"သေချာပါတယ်… ကျုပ်မိန်းမကခိုးပြီးထွက်ပြေးသွားတာတော့အမှန်ပဲ"

"ဒါဖြင့် ခင်ဗျားမိန်းမနာမည်ကဘယ်လိုခေါ်သလဲ"

"လီရှားတဲ့"

"အခု သူဘယ်မှာရှိမယ်ထင်သလဲ"

"သူ အခု ချယ်ရီမြစ်ရဲ့တစ်ဘက်ကမ်းမှာရှိတဲ့လဟာဆပ်မြို့မှာ ရောက်နေတယ်လို့ကြားတယ်"

လုရှောင်ဖုန့်ကမေးခွန်းကိုမှတ်ပြီးစဉ်းစားဟန်ပြုလိုက်၏။

မှတ်ဆိတ်ပြာကတစ်ချက်ပြုံးလိုက်ပြီး….

"ခင်ဗျား ဘယ်လိုသဘောရသလဲ… ပြောစမ်းပါဦး"

လုရှောင်ဖုန့်သည် သူ့အားတစ်ချက်ဝေ့ကြည့်လိုက်ပြီး….

"ကျုပ်စကားတစ်ခွန်းပဲပြောစရာရှိပါတော့တယ်"

"ပြောပါလုရှောင်ဖုန့်"

လုရှောင်ဖုန့်သည် သူ့အားစေ့စေ့ကြည့်လျက်….

"ကျိုက်ကြန့်"

ဟု ပြောလိုက်လေတော့သည်။



"ကျိုက်ကြန့်"

ယင်းစကားသည် မိတ်ဆွေတစ်ယောက်နှင့်တစ်ယောက် ခွဲခွာသောအခါ အပြန်အလှန်နှုတ်ဆက်သောစကားဖြစ်ပါသည်။

သို့မဟုတ် တစ်ယောက်မျက်နှာတစ်ယောက် မကြည့်ချင်တော့၍….

"နောက်မှပဲတွေ့ကြမယ်"

ဟူသောအဓိပ္ပာယ်လည်းယူဆနိုင်ပါသည်။ လုရှောင်ဖုန့် သုံးလိုက်သောအဓိပ္ပာယ်မှာ မှတ်ဆိတ်ပြာစေလွှတ်လိုက်သောနေရာသို့ မသွားလိုသဖြင့်ငြင်းပယ်လိုက်ခြင်းဖြစ်ပါသည်။

လုရှောင်ဖုန့် ယခုကဲ့သို့ငြင်းပယ်လိုက်ခြင်းမှာ အကြောင်းရှိသည်။ ချယ်ရီမြစ်၏တစ်ဘက်ကမ်းရှိ လဟာဆပ်မြို့သို့ မသွားလိုသောကြောင့်ဖြစ်သည်။ 'လဟာဆပ်'မြို့သည် တစ်နှစ်တာပတ်လုံးရေခဲဖြင့်ဖုံးကွယ်နေသောမြို့တစ်မြို့ဖြစ်သည်။

ရာသီဥတုသည် အလွန်အေးစက်ပြီး ကျန်းနန်ကဲ့သို့မြို့ကြီးသို့ ကြီးပြင်းလာရသောလုရှောင်ဖုန့်အဖို့ မည်သည့်နည်းနှင့်မျှ သွားလိုမည်မဟုတ်ပါ။ ထို့ကြောင့်… သူသည် မှတ်ဆိတ်ပြာ၏ဆန္ဒအား ငြင်းပယ်လိုက်ရခြင်းဖြစ်ပါသည်။

www.burmeseclassic.com



မုတ်ဆိတ်ပြာသည် ပြောပြောဆိုဆိုထွက်ခွာသွားသော လုရှောင်ဖုန်၏နောက်ကျောပြင်ကို ငေးမောကြည့်နေမိလေသည်။

၀၀၀၀

လုရှောင်ဖုန်သည် အခန်းမှထွက်လာသည့်တိုင်အောင် မုတ်ဆိတ်ပြာသည် ဟန့်တားခြင်းမရှိပါ။

စိတ်ဆိုးသည့်အမူအရာမပြပါ။

သူကပင် ပြုံးလိုက်ပြီး....

"မသွားဖြစ်ရင်တော့ အရက်လာသောက်ပါဦး"

ဟုဖိတ်ခေါ်လိုက်သေး၏။

တတ်လည်းတတ်နိုင်သော မုတ်ဆိတ်ပြာပါပေ။

၀၀၀၀

လုရှောင်ဖုန်သည် လျှို့ဝှက်တံခါးအား အသာအယာဆွဲဖွင့်လိုက်သည်နှင့် ဝူးဟုတ်တည်းခိုခန်းတွင်တွေ့ခဲ့ရသော အဘိုးအိုသုံးယောက်နှင့်မျက်နှာချင်းဆိုင်တွေ့လိုက်ရပြန်သည်။

သူသည် မျက်မှောင်တစ်ချက်ကုပ်သွားသည်။



သိမ်းငှက်မြို့စားကြီး၏ကိုယ်ရံတော်များသည် သိုင်းပညာအလွန်ထက်မြက်သည်ဟု သူကြားဖူးသည်။ တစ်ယောက်ချင်းဆိုလျှင် သူမကြောက်ပါ။ မမှုပါ။

သို့သော် ယခုတော့ သုံးယောက်ဖြစ်နေသည်။

သူသည် သက်ပြင်းတစ်ချက်ချပြီး နောက်သို့အသာအယာပြန်ဆုတ်ခဲ့ရသည်။

ယို့ဝှမ်းသည် သူ့အားပြုံးပြုံးလေးကြည့်နေသည်။

လုရှောင်ဖုန်သည် အသံကျယ်လောင်စွာဖြင့်....

"ကျုပ်အရက်လာသောက်တော့မလို့ဗျ... ခင်ဗျားရဲ့ဖိတ်ခေါ်ချက်ကိုကျုပ်လက်ခံလိုက်ပြီ"

ဟုအော်ဟစ်ပြောဆိုလိုက်လေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ဖုန့်သည် အရက်ခွက်ပေါင်း (၂၁၁)ခွက်မျှသောက်ပြီးသည့်နောက်....

"ကဲ... ကျုပ်ခင်ဗျားအတွက်ဘာလုပ်ပေးရမှာလဲ၊ ကျုပ်လုပ်ပေးပြီးရင် ကျုပ်အတွက်ကော ဘာအကျိုးများခံစားရမလဲဆိုတာပြောပါ"

မုတ်ဆိတ်ပြာကပြုံးလိုက်ပြီး....

"ဒီလိုမှပေါ့ဗျာ... ခင်ဗျားကလူပါးပဲ၊ ကဲ... ခင်ဗျား ဘာမှမပူနဲ့တော့၊ ခင်ဗျား လဟာဆယ်ကိုသွားပါ... ခင်ဗျားအမှုကိုကျုပ်ဖြေရှင်းပေးခဲ့မယ်... သိမ်းငှက်မြို့စားကြီးရဲ့လူကိုသတ်တဲ့အမှုကိုလဲ သူတို့ကအရေးယူတော့မှာမဟုတ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားကသူတို့အတွက်တံဆိပ်တုံးရှာပေးရမဲ့လူဖြစ်သွားပြီမဟုတ်လား"

လုရှောင်ဖုန့်သည် အရက်တစ်ကျိုက်ထပ်မံမော့ချပြီး....

"ထားပါတော့လေ ကျွန်တော်ရရှိမဲ့အကျိုးကိုသာပြောပါ"

မုတ်ဆိတ်ပြာက သူ့အားစေ့စေ့ကြည့်လိုက်ပြီး....

"ငွေငါးသောင်း"

မုတ်ဆိတ်ပြာက လက်ချောင်းငါးချောင်းထောင်ပြလိုက်၏။

လုရှောင်ဖုန့်ကခေါင်းခါယမ်းလိုက်သည်။



သူသည် လက်ချောင်းငါးချောင်းထောင်ပြလိုက်ပြီး....

"ငါးသိန်း"

ဟုပြောလိုက်တော့သည်။

မုတ်ဆိတ်ပြာက အားရပါးရရယ်မောလိုက်ပြီး....

"ကောင်းပါပြီလေ... တံဆိပ်တုံးရရင် ချက်ချင်း ကျုပ်ကိုလာပေးပါ"

"ကောင်းပြီ"

သူတို့နှစ်ယောက်သည် လက်ချင်းဆွဲကိုင်လှုပ်ယမ်းကာနှုတ်ဆက်လိုက်ကြလေသည်။

oooo

www.burmeseclassic.com

www.burmeseclassic.com



## မိန်းကလေးနှစ်ယောက်

ယခင်ကဆိုလျှင် လုရှောင်ဖုန့်သည် သူများနောက်သို့ ခြေရာခံလိုက်သည်သာရှိသည်။ ယခုမှာမူ သူ့နောက်တွင် သူ့အားခြေရာခံလိုက်လာသောလူများရှိနေပေပြီ။ တစ်ဦးတစ်ယောက် တစ်စုတစ်ဖွဲ့မဟုတ်။ အုပ်စုသုံးစုပင်ရှိနေသည်။

ထိုအုပ်စုသုံးစုသည် လူသုံးယောက်မဟုတ်ပါ။

ပထမအုပ်စုတွင် လူတစ်ယောက်တည်းသာပါသည်။

မိန်းကလေးတစ်ယောက်ဖြစ်သည်။

ဒုတိယအုပ်စုတွင် လူငါးယောက်ရှိသည်။

ထွားကျိုင်း၍ ဓားကိုယ်စီလွယ်ထားသော သိုင်းသမားငါးယောက်ဖြစ်သည်။

တတိယအုပ်စုတွင် အဘိုးအိုသုံးယောက်ဖြစ်သည်။ သူတို့၏ ပုံပန်းနှင့်ဝတ်စားဆင်ယင်မှုမှာ ကဗျာဆရာနှင့်တူလှပေသည်။



သို့သော်... ထိုအဘိုးအိုသုံးယောက်သည် ကဗျာဆရာများမဟုတ်ပါ။ သိမ်းငှက်မြို့စားကြီး၏ကိုယ်ရံတော်များဖြစ်သည်ကို လုရှောင်ဖုန့်ကသိထားသည်။

ထို့ကြောင့် လုရှောင်ဖုန့်သည် သူ့နောက်မှခြေရာခံလိုက်လာသောလူများအားလုံးဝလှည့်မကြည့်တော့ပါ။ မသိချင်ယောင်ဆောင်၍နေလိုက်သည်။ အမှန်မှာ သူသည်ထိုလူစုများသည် အဘယ့်ကြောင့် သူ့နောက်သို့ခြေရာခံလိုက်လာကြသည်ကို ရေရေရာရာမသိရှိ၊ အမှန်ပင်ဖြစ်လေသည်။

သို့သော် သူ့ထင်ကြေးတွင် တဲဆိပ်တုံးကိစ္စကြောင့်သာ သူ့နောက်သို့ ထိုသူများခြေရာခံပြီးလိုက်လာကြဟန်ရှိသည်ဟုထင်မှတ်မိလေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ဖုန့်သည် တုန်ဟန်တည်းခိုခန်းတွင် အနားယူနေလေသည်။ သူ့နောက်သို့ ခြေရာခံလိုက်လာကြသူများသည်လည်း ယင်းတည်းခိုခန်းသို့လာရောက်၍တည်းခိုကြသည်။

လုရှောင်ဖုန့် သက်ပြင်းတစ်ချက်ချလိုက်သည်။

လာမည့်ဘေးပြေးတွေ့ရုံမှအပ သူမည်သို့မျှမကြံတတ်နိုင်တော့ချေ။ သူသည် သက်ပြင်းရှည်ကြီးချလိုက်၏။ ထိုစဉ်မှာပင် အခန်းတံခါးခေါက်သံကြားလိုက်ရသည်။

"ဒေါက်... ဒေါက်... ဒေါက်"

"ဝင်ခဲ့ပါ"

သူသည် လာမည့်ဘေးပြေး၍တွေ့ရန်စိတ်ဆုံးဖြတ်ထားပြီးဖြစ်သဖြင့် ဤကဲ့သို့အော်၍ပြောလိုက်ခြင်းပင်ဖြစ်သည်။

သူ၏အထင်နှင့်အမြင်လွဲသွားသည်။ ဝင်လာသူမှာ တည်းခိုခန်း၏အလုပ်သမားတစ်ယောက်သာဖြစ်သည်။

ထိုလူသည် လုရှောင်ဖုန့်အားစပ်ဖြဲဖြဲပြုံးပြ၍...

"ဟဲ... ဟဲ... ဆရာ့ကိုမိန်းကလေးတစ်ယောက်ကတွေ့ချင်လို့တဲ့"

"အင်း... လမ်းမှာတွေ့တဲ့မိန်းကလေးနဲ့တူတယ်"



သူသည် စိတ်ထဲ၌ဤသို့ရေရွတ်လိုက်ပြီး...

"အေး... ငါဆီခေါ်ခဲ့ပါ"

ဟုပြန်ပြောလိုက်လေသည်။

၀၀၀၀

သူတွေးသည့်အတိုင်းပင် အခန်းထဲသို့ဝင်ရောက်လာသူမှာ လမ်းတွင်တွေ့ခဲ့ရသောမိန်းကလေးပင်ဖြစ်ပါသည်။

"ကျွန်မနာမည်ကတင်ဗုမ်းအိပါ"

မိန်းကလေးက ကိုယ့်ကိုယ်ကိုမိတ်ဆက်လိုက်သည်။

"တွေ့ရတာဝမ်းသာပါတယ်... ကျွန်တော်လုရှောင်ဖုန့်ပါ"

တင်ဗုမ်းအိကရယ်မောလိုက်ပြီး...

"ရှင်ဟာလုရှောင်ဖုန့်ဆိုတာ ကျွန်မသိပါတယ်ရှင်"

လုရှောင်ဖုန့်က သူမအားကြည့်လိုက်ပြီး...

"ကိစ္စက..."

သူ၏စကားမဆုံးမီမှာပင် တင်ဗုမ်းအိကကြားဖြတ်၍...

"ကျွန်မကတစ်ယောက်ထဲဖြစ်နေလို့ ရှင်နဲ့ခရီးဖော်အဖြစ်လိုက်ပါရစေလို့ လာပြီးအကူအညီတောင်းတာပါ"

www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ဖုန့်ကပြုံးလိုက်ပြီး….

"ညီမကဘယ်ကိုသွားမလို့လဲ"

"လဟာဆစ်ကိုပါ"

"လဟာဆစ်ဟုတ်လား"

လုရှောင်ဖုန့် မျက်လုံးပြူးကျယ်သွားသည်။

"ဟုတ်ပါတယ်ရှင်"

တင်ဝှမ်းအိသည် ဤသို့ပြောရင်း ခုတင်ပေါ်သို့တက်၍ လဲလျောင်းလိုက်လေသည်။

လုရှောင်ဖုန့်၏မျက်လုံးများသည် ပို၍ဝိုင်းစက်သွား၏။

"ဒါ… ဒါ ဘာလုပ်တာလဲဟင်"

တင်ဝှမ်းအိကဖိတ်ခေါ်သောအပြုံးကိုပြုံးပြပြီး….

"ကျွန်မ ခရီးပန်းလာလို့ပါရှင်… ခဏလေးအိပ်ပါရစေနော်"

ဟုပြောပြီးမျက်လုံးအစုံကိုမှိတ်ထားလိုက်လေသည်။

လုရှောင်ဖုန့်သည် ခေါင်းခါယမ်းလိုက်မိသည်။

သူသည် သက်ပြင်းတစ်ချက်ချပြီး စောင်များယူကာ ကြမ်းပေါ်ခင်း၍အိပ်ပစ်လိုက်ရတော့သည်။

၀၀၀၀



လရောင်များသည် ပြတင်းပေါက်တွင်ကပ်ထားသောစက္ကူမှတစ်ဆင့် အခန်းထဲသို့တိုးဖောက်ဝင်လာသည်။ တင်ဝှမ်းအိသည် ကလေးငယ်တစ်ယောက်ပမာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော်လည်း လုရှောင်ဖုန့်သည်အိပ်၍မရပါ။

သူသည် ရှေ့ဆက်ရမည့်ခရီးအတွက် ရင်လေးလာမိလေသည်။ တွေ့ကြုံရမည့်အန္တရာယ်မှာ သူ၏တစ်သက်တာတွင် အကြီးမားဆုံးဖြစ်ကောင်းဖြစ်လိမ့်မည်ဟုလည်းတွေးမိလေသည်။

ယခု သူ၏အခန်းတွင်းသို့ဝင်ရောက်ပြီး အိပ်ပျော်နေသောတင်ဝှမ်းအိသည် မည်သူဖြစ်ပါသနည်း။

သူမသည် မိမိ၏ရန်သူလော…

မိတ်ဆွေလော….

သူ ဝေခွဲ၍မရပါ။ သို့သော် တင်ဝှမ်းအိ သူ့ထံသို့လာရောက်ခြင်းမှာလျှို့ဝှက်သိပ်သည်းသောအကြံအစည်တစ်ခုကြောင့်ဖြစ်ရမည်ဟု သူနားလည်လိုက်သည်။ သူမသည် မည်သို့သောအကြံအစည်ဖြင့်ရောက်လာရပါသနည်း။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ဖုန့် အိပ်ရာမှနိုးလာသောအခါ သူမသည် ကြေးမုံပြင်ရှေ့တွင်ခေါင်းဖြီးနေလေပြီ။

လုရှောင်ဖုန့်သည် အိပ်ရာမှထလိုက်ပြီး....

"ဟော့... မင်းစောစောစီးစီးနိုးနေပါလား"

ဟု နှုတ်ဆက်လိုက်လေသည်။ သူမသည် ခေါင်းဖြီးနေရာမှ လှည့်ကြည့်လိုက်သည်။ သူသည် အံ့အားသင့်သွားလေတော့သည်။ ခေါင်းဖြီးနေသောမိန်းကလေးမှာ ညကရောက်လာသောတင်ဂုမ်းအိမဟုတ်တော့ခြင်းကြောင့်ဖြစ်ပါသည်။

ယခု မိန်းကလေးမှာ...

သုံးမည်ရှမိန်းကလေးဖြစ်နေသည်ကို အံ့သြဖွယ်တွေ့လိုက်ရလေသည်။

၀၀၀၀



သုံးမည်ရှမိန်းကလေး....

ထိုသုံးမည်ရှမိန်းကလေးကား ရေခဲတောင်မယ်ခေါ် လင်းယို့စွမ်းခေါ် ယို့ဝှမ်းပင်ဖြစ်နေပါသည်။

"ခင်ဗျားကိုး"

လုရှောင်ဖုန့်နှုတ်မှလွှတ်ခနဲအသံထွက်သွားသည်။

ယို့ဝှမ်းက သွားအားမဲ့ပြုံးပြုံးလိုက်ပြီး....

"ရှင်သိပ်အံ့သြသွားသလားဟင်"

လုရှောင်ဖုန့်ကခေါင်းညိတ်ဝန်ခံလိုက်သည်။

"ခင်ဗျား ဘယ်လိုလုပ်ရောက်လာတာလဲ၊ တင်ဝှမ်းအိကော ဘယ်ရောက်သွားတာလဲ"

"ကျွန်မ ဒီမှာပါရှင်"

တံခါးဝမှတင်ဝှမ်းအိ၏အသံ ရုတ်တရက်ထွက်ပေါ်လာလေသည်။ ယို့ဝှမ်းသည် ခေါင်းဖြီးလက်စဘီးကိုစိတ်ဆိုးစွာရိုက်ချိုးပစ်လိုက်သည်။

သူမသည် မပြောမဆိုဘဲ ဘီးသွားများဖြင့် တင်ဝှမ်းအိထံသို့ ဖျတ်ခနဲပစ်ထည့်လိုက်သည်။ တစ်ချိန်တည်းမှာပင် တင်ဝှမ်းအိ၏ လက်ကလည်း တစ်ချက်ဝှေ့ယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သေးငယ်သောဓားကလေးသုံးလက်သည် ယို့ဝှမ်းထံသို့ ဒေါသကြီးစွာပြေးဝင်သွားလေသည်။ ယို့ဝှမ်းသည် ကပျာကယာ မြေပေါ်သို့လှိမ့်ချလိုက်သည်။

ဓားကလေးသုံးလက်သည် ဝင်းခနဲအရောင်လက်သွားပြီး နံရံသို့တန်းစီကာစိုက်ဝင်သွားသည်။ လုရှောင်ဖုန့်သည် တင်ဝှမ်းအိအားလှည့်ကြည့်လိုက်သောအခါ တင်ဝှမ်းအိအား မတွေ့ရတော့ပါ။ အဝေးဆီမှပျံ့လွင့်လာသောသူမ၏အသံကိုသာ ကြားလိုက်ရ၏။

"ယို့ဝှမ်း တစ်နေ့ကျရင် ညည်းကို ငါစာရင်းရှင်းရလိမ့်မယ်၊ မှတ်ထား"

ယို့ဝှမ်းသည် အသာအယာပြန်ထလာသည်။

၀၀၀၀



## မီးတောင်မယ်

လုရှောင်ဖုန့်သည် မျက်မှောင်ကုပ်သွားသည်။

"သူ ဘယ်သူလဲဆိုတာခင်ဗျားသိသလား"

ယို့ဝှမ်းကပြုံးလိုက်ပြီး....

"သိသားပဲ"

"သိရင်ပြောလေ... သူဘယ်သူလဲ"

"မီးတောင်မယ်"

"မီးတောင်မယ်ဟုတ်လား"

လုရှောင်ဖုန့်၏မျက်ခုံးမွေးအစုံသည် အပေါ်သို့မြောက်တက်သွားလေသည်။

"အင်း... ကျုပ်ကံကောင်းလှချည်လား၊ မိန်းကလေးနှစ်ယောက်နဲ့တွေ့တယ်၊ တစ်ယောက်ကရေခဲတောင်မယ်၊ တစ်ယောက်ကမီးတောင်မယ်ဆိုပါလား၊ တောင်နှစ်လုံးကြားထဲမှာရောက်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ငါဟာ ကံကောင်းတယ်လို့ပဲပြောရမလား၊ ကံဆိုးတယ်လို့ပြောရ မလားမသိဘူး... နို့ သူကို ဘာဖြစ်လို့မီးတောင်မယ်လို့ခေါ်သလဲ"

ယို့ဝှမ်းကမဲ့ပြုံးပြုံးလိုက်ပြီး....

"မီးတောင်ဟာ ရေခဲတောင်ထက် ကြောက်စရာကောင်းတယ်လို့မှတ်ပါ"

"ဘာဖြစ်လို့လဲ"

"သူ့ဆီမှာ ရွှေချောင်းသုံးသိန်းဖိုးလောက်ပါလာတဲ့အတွက် ပိုပြီးကြောက်စရာကောင်းမနေဘူးလား"

"ရွှေချောင်းသုံးသိန်းဖိုးဟုတ်လား"

"ဟုတ်တယ်"

"သူ ဘယ်ကရလာတာလဲ"

"ခိုးလာတာပေါ့"

"ဒါလောက်များများခိုးနိုင်ရအောင် သူ ဘယ်မှာသွားခိုးတာလဲ"

"ကျားနက်ဂိုဏ်းရဲ့ဘဏ္ဍာတော်ထဲကပေါ့"

"အင်း ကျုပ်နားလည်ပြီ၊ ကျုပ်နောက်ကိုလိုက်လာတဲ့လူစုဟာ ကျားနက်တံဆိပ်ပါတဲ့အကျီဝတ်ထားတယ်ဆိုတော့"



ယို့ဝှမ်းသည် သူ့အားစေ့စေ့ကြည့်လိုက်ပြီး....

"အခု ဂိုဏ်းပေါင်းစုံထဲမှာ ကျားနက်ဂိုဏ်းဟာ အင်အားအတောင့်ဆုံးနဲ့ငွေကြေးအချမ်းသာဆုံးမဟုတ်လား"

လုရှောင်ဖုန့်ကခေါင်းညိတ်ဝန်ခံလိုက်သည်။

"ဟုတ်တယ်... ငွေရှိလို့လဲ သူတို့ဂိုဏ်းဟာ တစ်နေ့တခြားတိုးတက်ကျယ်ပြန့်လာနေတာပေါ့ဗျ"

သူသည် ပြောရင်း မျက်မှောင်ကုပ်သွားပြန်သည်။

"အဲ... ဒီလောက်ရွှေများများရအောင် တင်ဝှမ်းအိက ဘယ်လိုလုပ်ပြီးသွားခိုးတာလဲ"

ယို့ဝှမ်းကပြုံးလိုက်ပြီး....

"သူလဲပညာတတ်တာပေါ့"

"ပညာ... ဘာပညာလဲ"

"သူက ကျားနက်ဂိုဏ်းရဲ့ဂိုဏ်းချုပ်ကိုနိုင်တဲ့ပညာပေါ့"

"ဗျာ... ဘယ်လို"

"မဖျာနဲ့လေ... ကျားနက်ဂိုဏ်းရဲ့ဂိုဏ်းချုပ်ဟာ မိုးပျံကျားလို့ခေါ်တယ်၊ အဲ... တင်ဝှမ်းအိဟာမိုးပျံကျားရဲ့ မိန်းမပေါ့ရှင့်"

လုရှောင်ဖုန့် ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ယောက်ျားကိုနိုင်သောပညာသည် ဇနီးသည်ဖြစ်သူထံတွင် အမြဲတမ်းရှိနေသည်မဟုတ်ပါလား။

၀၀၀၀

"ဘာလဲ… ရှင်အံ့ဩသွားသလား"

ယို့ဝှမ်းသည် လုရှောင်ဖုန့်အားကြည့်၍ ပြုံးဖြီးဖြီးဖြင့် မေးလိုက်သည်။

"ဟုတ်တယ်… သူကမိုးပျံကျားရဲ့မိန်းမဆိုရင် ဘာဖြစ်လို့သူယောက်ျားရဲ့ရွှေချောင်းတွေကို ခိုးပြီးထွက်ပြေးရတာလဲဆိုတာ ကျုပ်အံ့ဩနေမိတာပါ"

"ဒီလိုပါရှင်…. တင်ဝှမ်းအိဟာ မိုးပျံကျားရဲ့တပည့်တစ်ယောက်နဲ့တိတ်တိတ်ပုန်းကြိုက်နေကြတယ်လေ၊ မိုးပျံကျားကကိစ္စတစ်ခုနဲ့ခရီးသွားနေတုန်း သူကရွှေချောင်းတွေခိုးပြီး မိုးပျံကျားရဲ့တပည့်နဲ့ထွက်ပြေးသွားတယ်လေ"

လုရှောင်ဖုန့် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရှင်အံ့ဩသွားပြန်ပလား၊ ဟင်း… ဟင်း… လင်ယောက်ျားရဲ့ပစ္စည်းကိုခိုးပြီး ချစ်သူနဲ့လိုက်သွားတဲ့မိန်းမဟာ သူတစ်ယောက်



ထဲမှမဟုတ်ဘဲ၊ အဲ… နောက်လဲ ဒီလိုအဖြစ်မျိုးတွေက ထပ်ခါ တပ်ခါ ဖြစ်နေဦးမှာပဲရှင့်"

လုရှောင်ဖုန့်ကပြုံးလိုက်ပြီး….

"ကျုပ်က ဒါကိုအံ့ဩနေတာမဟုတ်ပါဘူး… မိုးပျံကျားရဲ့တပည့်ကိုအံ့ဩချီးကျူးနေမိတာပါ"

"ဘာလဲ… ရှင်က သူ့ကိုမနာလိုဝန်တိုဖြစ်နေသလား၊ ဟဲ… ဟဲ… ဟဲ… မနာလိုမရှိနဲ့တော့၊ သူ့တပည့်ကိုလဲ မိုးပျံကျားက လှူလှတ်ပြီးသတ်ခိုင်းလိုက်ပြီလေ"

"ဒီလိုကိုး… ကျုပ်နောက်ကိုလိုက်လာနေတဲ့ လူငါးယောက်ဟာ လက်စသတ်တော့ တင်ဝှမ်းအိနောက်ကိုလိုက်နေတာကိုး"

"ဟုတ်တယ်… ဒါကြောင့်လဲ သူဟာ ရှင့်ဆီလာပြီး အကာအကွယ်ယူနေတာပေါ့"

"နေပါဦး… ကျုပ် မရှင်းတာတစ်ခုရှိတယ်၊ ခင်ဗျားကကျားနက်ဂိုဏ်းရဲ့အတွင်းရေးကို ဘယ်လိုကြောင့် ဒီလောက်အထိ သိနေရတာလဲ"

"သိဆို… ကျွန်မက မိုးပျံကျားနဲ့ဟိုတုန်းကတည်းကသိကျွမ်းခဲ့ဖူးတယ်လေ၊ တင်ဝှမ်းအိနဲ့မိုးပျံကျားတို့ သိကျွမ်းရင်းနှီးအောင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကပဲ မိတ်ဆက်ပေးခဲ့လို့ သူတို့ချင်းသိတာပါ"

လုရှောင်ဖုန့်သည် ဒုတိယအကြိမ် ပါးစပ်ပိတ်ထားလိုက်လေတော့သည်။ သူသည် ဘာကိုဆက်၍မေးရမှန်းမသိအောင် ဖြစ်သွားသည်။

လုရှောင်ဖုန့်သည် အတန်ကြာစကားမပြောဘဲ ဆိတ်ဆိတ်နေလိုက်သည်။

ဤအကြိမ် သူတွေ့ဆုံခဲ့ရသောကိစ္စအရပ်ရပ်တို့သည် အံ့သြဖွယ်များဖြင့် ပြည့်နှက်နေ၏။ သူသည် အလွန်လှပသောမိန်းကလေးနှစ်ယောက်နှင့်တွေ့ခဲ့သည်။

တစ်ယောက်ကရေခဲတောင်မယ်ယို့စွမ်းဖြစ်ပြီး....

တစ်ယောက်က မီးတောင်မယ်တင်ဝှမ်းအိပင်ဖြစ်ပါသည်။

ယို့ဝှမ်း၏စကားသည် တကယ်မှန်ကန်ခဲ့ပါလျှင် တင်ဝှမ်းအိသည် တကယ်ပင် မီးတောင်ထက် ကြောက်မက်ဖွယ်ရာ မသတ္တဝါတစ်ယောက်ဖြစ်နေချေပြီ။

သူမသည် လင်ယောကျ်ား၏တပည့်နှင့်ဖောက်ပြန်ပြီး လင်ယောကျ်ား၏ရွှေချောင်း သုံးသိန်းဖိုးကိုပါခိုးယူကာ ထွက်ပြေးတိမ်းရှောင်နေခြင်းဖြစ်သည်။



သူမအား ကျားနက်ဂိုဏ်းသားများက လိုက်လံရန်မူခြင်းခံရသည့်အတွက် မိမိထံသို့လာရောက်အကာအကွယ်ယူနေခြင်းဖြစ်သည်။

ဤသို့ဆိုလျှင် ကျားနက်ဂိုဏ်းသားတို့သည် မိမိအပေါ်ပါ ရန်မူလာမည်မှာသေချာသည်။ အကြောင်းမှာ ကျားနက်ဂိုဏ်းသားတို့သည် မိမိနှင့်တင်ဝှမ်းအိတို့အား မဟာမိတ်ဖြစ်နေပြီဟုအထင်ရောက်သွားမည်ဖြစ်သောကြောင့်ပင်။

သူ မည်သို့စခန်းဆက်သွားရမည်နည်း။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## အရောင်းအဝယ်

ညဦးနက်လုပြီဖြစ်သည်။ လေများသည် တဟူးဟူးတိုက်ခတ်နေသည်။ လုရှောင်ဖုန့်သည် ပြတင်းပေါက်မှအပြင်ဘက်သို့ငေးကြည့်လိုက်သည်။

"ညဉ့်နက်နေပြီဗျာ... ခင်ဗျားကဘယ်မှာအိပ်မှာလဲ"

ယို့ဝှမ်းကပြုံးလိုက်ပြီး....

"ဘာလဲ... ရှင်ကကျွန်မကိုနှင်ထုတ်မလို့လား"

လုရှောင်ဖုန့်ကခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးဗျာ... ဒါနဲ့ကျုပ် ခင်ဗျားကိုတစ်ခုမေးချင်ပါတယ်"

"ဘာများလဲရှင်"

"တင်ဝှမ်းအိ ကျုပ်ဆီလာတာဟာ ကျုပ်ကိုအကာအကွယ်ယူဖို့ဆိုတာတော့သိရပြီ... ခင်ဗျားက ကျုပ်ဆီလာတာကကော"



"ရှင်က ကျွန်မကိုဘယ်လိုထင်သလဲ"

"ဟဲ... ဟဲ... ဟဲ၊ ကျုပ်ကိုကြိုက်လို့လိုက်လာတယ်ဆိုတာ ကျုပ်ထင်ချင်ပါတယ်လေ၊ ဒါပေမဲ့ မဖြစ်နိုင်ဘူးမဟုတ်လား"

"အင်း... ဒီလိုတော့လဲ ရှင်ဟာအခြေအနေကိုသုံးသပ်တတ်သားပဲ"

"ဒါလောက်တော့ဖြစ်ရမှာပေါ့ဗျာ"

ယို့ဝှမ်းသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"အမှန်ပြောရရင် ကျွန်မ ရှင့်ဆီလာရတာက အရောင်းအဝယ်ကိစ္စတစ်ခု ရှင်နဲ့လုပ်ချင်လို့ပါ"

"ဘယ်လိုအရောင်းအဝယ်မျိုးလဲ"

"ကျွန်မကိုယ်ကိုရောင်းပြီး ရှင့်ဆီမှာရှိတဲ့မြို့စားကြီးရဲ့ တံဆိပ်တုံးနဲ့လဲချင်တယ်"

"ဟာ... ရက်ရောလှချည်လား"

သူမသည် ဆက်လက်ပြုံးလိုက်ပြီး....

"ကျွန်မဟာမုတ်ဆိတ်ပြာရဲ့ဇနီးပဲ.... ရှင်သာ တံဆိပ်တုံး ကျွန်မကိုပေးလိုက်ရင်..."

လုရှောင်ဖုန့်က ကြားဖြတ်၍ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က တံဆိပ်တုံးရမှမရသေးဘဲဗျ"

"စရံအဖြစ် ကျွန်မကိုယ်ကိုအရင်ပေးမယ်လေ၊ နောက်မှ တံဆိပ်တုံးကိုပေးပေါ့... ကျွန်မ ရှင့်ကိုယုံပါတယ်"

"ထားပါတော့လေ... စရံကို ကျုပ်ကလက်ခံလိုက်ပြီထား တော့... အဲ မတော်တဆ ကျုပ်ကတံဆိပ်တုံးကိုရှာလို့မရရင်ကော"

ယို့ဂွမ်းက တခိခိရယ်မောလိုက်ပြီး....

"ကျွန်မက စရံဆုံးတယ်လို့ပဲသဘောထားရတော့မှာပေါ့ ရှင်၊ ဟုတ်ဘူးလား... ဟင်း... ဟင်း... ဟင်း"

လုရှောင်ဖုန့်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"အင်း... ကျုပ်က ခင်ဗျားကို အခန်းထဲကမောင်းမထုတ်ပါ ဘူးလို့ ကတိပေးထားတဲ့အတွက် ကျုပ်ကိုယ်ကျုပ်ပဲမောင်းထုတ်ရ တော့မှာပေါ့ဗျာ"

သူသည် ပြောပြီး ဂွမ်းစောင်တစ်ထည်ယူလိုက်ကာ အခန်း တံခါးကိုဖွင့်၍ထွက်သွားတော့သည်။

အခန်းထဲတွင်ကျန်ရစ်ခဲ့သော ယို့ဂွမ်း၏ကျိန်ဆဲသံများသည် ဆူညံစွာထွက်ပေါ်လာလေသည်။

ဝဝဝဝ



တစ်ညလုံး လေများပြင်းထန်စွာတိုက်ခတ်နေသဖြင့် လု ရှောင်ဖုန့်သည် ဘဲခြောက်တစ်ကောင်နှင့်တူနေလေသည်။

သူသည် အိပ်ရာမှနိုးလာသောအခါ ခြေလက်များကိုဆန့်ခါ၍ လှုပ်ရှားကြည့်လိုက်သည်။ အိမ်ခေါင်မိုးပေါ်တွင် တစ်ညလုံးအိပ် ခဲ့ရသောကြောင့် သူ၏တစ်ကိုယ်လုံးတောင့်တင်းနေလေသည်။

အခန်းထဲပြန်ရောက်လာသောအခါ ယို့ဂွမ်းမရှိတော့ပါ။

သို့သော် နှုတ်ခမ်းဆိုးဆေးဖြင့် ကြေးမုံပြင်တွင် စာများရေး သားသွားသည်ကိုတွေ့ရသည်။

ဖတ်ကြည့်ရာ....

"လုရှောင်ဖုန့် ရှင်ဟာအသည်းငယ်တဲ့လူပဲ... ရှင့်နာမည်ကို ဘဲနာလို့ပြောင်းလိုက်ပါတော့"

လုရှောင်ဖုန့်တစ်ချက်ပြုံးလိုက်သည်။

"ဟဲ... ဟဲ... ဟဲ... အခု ငါဟာဘဲကင်ဖြစ်နေပြီဟေ့"

ဟုအော်၍ပြောလိုက်ချင်တော့သည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



ဘဲကင်သည် အလွန်အရသာရှိသည်။

လုရှောင်ဖုန့်၏နံနက်စာစားပွဲပေါ်တွင် ဘဲကင်အပြင် ဝက်အူချောင်း၊ ကြက်ဥကြော်နှင့်ငါးဟင်းချိုတစ်ခွက်လည်းပါလေသည်။ လုရှောင်ဖုန့်သည် ထမင်းပန်းကန် ငါးပန်းကန်မြောက် စားပြီးသောအခါ သူ့ရှေ့သို့စာတစ်စောင်ရောက်လာလေသည်။

စာအိတ်ကလည်း အကောင်းစားထဲကဖြစ်သည်။

စာက မိန်းမလက်ရေးဖြစ်သည်။

စာကတိုတိုတုတ်တုတ်ဖြစ်သည်။

"ဟိုခွေးမလေးသွားပြီလား... ကျွန်မ ရှင့်ဆီလာလို့မဖြစ်ဘူး၊ ရှင်ကျွန်မဆီကိုလာပါ... မလာရင် ရှင်ဟာ ခွေးမကမွေးတဲ့ ခွေးသားဖြစ်ပါစေ"

ဤမျှသာဖြစ်သည်။

ဤစာသည် တင်ဇမ်းအိ၏လေသံဖြစ်နိုင်သည်။

လုရှောင်ဖုန့်က စာပို့သူကိုမေးလိုက်သည်။

"ဒီစာကိုဘယ်သူပေးခိုင်းလိုက်တာလဲ"

"အမျိုးသမီးတစ်ယောက်ပါ"

"သူဘယ်မှာလဲ"



"ကျွန်တော်လိုက်ပို့ပါမယ်"

လုရှောင်ဖုန့်သည် ထိုင်ရာမှထလိုက်သည်။

"ကဲ... မင်းငါ့ကိုလိုက်ပို့စမ်း၊ ကျုပ်မသွားရင် ကျုပ်ကခွေးမကမွေးတဲ့ခွေးမသားဖြစ်သွားလိမ့်မယ်"

စာပို့သူ၏ခေါ်ရာနောက်သို့ လုရှောင်ဖုန့် ခြေလှမ်းမှန်မှန်ဖြင့်လိုက်သွားတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးသည် စေ့ရုံသာစေ့ထားသည်။ တံခါးတွန်းဖွင့်လိုက်သည်နှင့် စံပယ်ပန်း၏ရနံ့သည် သင်းကြိုင်စွာမွှေးပျံ့လာသည်။

တင်ဝှမ်းအိသည် ခုတင်ပေါ်တွင်လဲလျောင်းနေသည်။

သူမ၏ကိုယ်ပေါ်၌ အနီရောင်ပွမ်းစောင်တစ်ထည်ခြုံထားလေသည်။

လုရှောင်ဖုန့်သည် ကုတင်အနားသို့မတ်တတ်ရပ်လိုက်သည်၊

“ခင်ဗျားက ကျုပ်ကိုလာခိုင်းတာငွေပြန်ပေးမလို့လား”

သူသည် အသံကိုမာမာထား၍ပြောလိုက်သော်လည်း စိတ်ထဲကမူ ရယ်ချင်နေမိသည်။

တင်ဝှမ်းအိသည် မျက်လုံးမှိတ်ထားလိုက်သည်။

လုရှောင်ဖုန့်က မဲ့ပြုံးပြုံးလိုက်သည်။

“မင်းက ရွှေချောင်းသုံးသိန်းဖိုးလောက်ရနေပြီးမှ နောက်ထပ် ဘာလိုချင်သေးသလဲ”

တင်ဝှမ်းအိက မျက်လုံးများမှိတ်မြဲမှိတ်ထားသည်။

သို့သော် မျက်ရည်ဥများသည် သူမ၏ကော့ညွတ်သောမျက်တောင်များကြားမှယိုစီးကျလာသည်။

“မင်း ဘာဖြစ်လို့အိပ်ရာက မထသေးတာလဲ”



တင်ဝှမ်းအိသည် ခြုံထားသောပွမ်းစောင်အား လှစ်ဟပြလိုက်သည်။ သူမ၏ခြေထောက်တစ်ဖက်တွင် သွေးရဲရဲနီနေ၏။

လုရှောင်ဖုန့် နားလည်လိုက်သည်။

တကယ်တော့ တင်ဝှမ်းအိမှာခြေထောက်တစ်ဖက်ဒဏ်ရာရသွားသဖြင့် မထနိုင်တော့ကြောင်း သူသိလိုက်ရသည်။

“မင်းခြေထောက်မှာ ဒဏ်ရာရသွားတယ်မဟုတ်လား”

တင်ဝှမ်းအိကမဲ့ပြုံးပြုံးလိုက်သည်။

“ဒဏ်ရာရသွားတာမဟုတ်ဘူး… ခြေတစ်ဖက်ဘယ်တော့မှအကောင်း ပြန်ဖြစ်မလာနိုင်တော့ပါဘူးရှင်”

ဟုပြောချလိုက်လေသည်။ လုရှောင်ဖုန့်သည် ပါးစပ်ပိတ်ထားလိုက်သည်။ သို့သော် သူ၏ရင်ထဲ၌မူမဖော်ပြနိုင်သောဝေဒနာတစ်ရပ်ခံစားလိုက်ရလေတော့သည်။

“ဘယ်လိုဖြစ်တာလဲတင်ဝှမ်းအိရယ်”

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## ရက်စက်ပါပေ့ကွယ်

"ဘယ်လိုဖြစ်တာလဲ တင်ဝှမ်းအိ"

မာကျောချွဲခက်ထန်သောအသံဖြစ်သည်။ အသံရှင်မှာ အခန်း၏ထောင့် စားပွဲပေါ်ရှိမီးအိမ်၏နောက်ကွယ်တွင်ထိုင်နေသဖြင့် အမှောင်ရိပ်ကျကာ မျက်နှာကိုကောင်းစွာမတွေ့ရပါ။

သူ၏နံဘေးတွင် ကျားနက်အမှတ်အသားရှိသော အဝတ်အစားများ ဝတ်ဆင်ထားသောလူနှစ်ယောက်ကမတ်တတ်ရပ်နေ၏။ တင်ဝှမ်းအိသည် ကုလားထိုင်တစ်လုံးပေါ်တွင် ကြိုးဖြင့် တုတ်နှောင်ခြင်းခံနေရသည်။

သူမနောက်တွင် လူနှစ်ယောက်ကမတ်တတ်ရပ်ကာ စောင့်ကြပ်နေ၏။

တင်ဝှမ်းအိသည် အံကိုသာတင်းတင်းကြိတ်ထားသည်။

စကားမပြောပါ။



"ငါမေးနေတာ မကြားဘူးလား"

ထိုလူ၏အသံသည် ပို၍ကျယ်လောင်လာသည်။

ဒေါသထွက်လွန်း၍လားမသိ...

အသက်ရှူများပင် ပြင်းထန်နေသည်။

"ဒီမှာတင်ဝှမ်းအိ... မင်း ရွှေချောင်းဘယ်မှာသွားဝှက်ထားသလဲဆိုတာပြောမပြရင်...."

သူသည် စကားကိုတစ်ပိုင်းတစရပ်တန့်ထားလိုက်သည်။

"ကျွန်မ မသိဘူး... မပြောဘူး"

တင်ဝှမ်းအိကဟာစ်အော်၍ငြင်းပယ်လိုက်သည်။

"ဟား... ဟား... ဟား"

ထိုလူသည် တဟားဟားရယ်မောလိုက်သည်။

"ဒီမှာတင်ဝှမ်းအိ... မပြောရင် မင်းဒုက္ခရောက်သွားမှာပေါ့... မမိုက်စမ်းပါနဲ့ကွာ"

"ကျွန်မပြောပြီးပြီပဲ... ကျွန်မ မသိပါဘူးလို့"

တင်ဝမ်းအိကဖွတ်ငြင်းသည်။

ထိုလူဒေါသထွက်လာသည်။

"တောက်...."

www.burmeseclassic.com

www.burmeseclassic.com



သူသည် တောက်တစ်ချက်ခေါက်ပြီး လက်ထောင်ပြလိုက်သည်။

သူမနောက်မှ လူနှစ်ယောက်အနက် တစ်ယောက်က သူမဆံပင်များကိုဆွဲလိုက်ပြီး… ကျန်တစ်ယောက်မှာမူ သူမ၏ပါးပေါ်သို့ လက်ဝါးဖြင့် ဘယ်ပြန်ညာပြန်(၁၀)ချက်တိတိရိုက်ချလိုက်လေတော့သည်။

“အား….”

တင်ဝှမ်းအိ၏နှုတ်ခမ်းမှသွေးများ စီးကျလာသည်။

ဦးခေါင်းမှာလည်း ငိုက်စိုက်ကျသွားလေသည်။

“ဟေ့… ရေနဲ့လောင်းစမ်း”

ထိုလူက အမိန့်ပေးလိုက်ရာ လူတစ်ယောက်သည် အဆင်သင့်ယူဆောင်ထားသောရေပုံးတစ်ပုံးဖြင့် တင်ဝှမ်းအိအား ခေါင်းပေါ်မှလောင်းချလိုက်လေတော့သည်။

“အား… အား”

တင်ဝှမ်းအိသည် သတိပြန်ရလာသည်။

သို့သော်….

ဝေဒနာပြင်းထန်စွာခံစားရသဖြင့် ညည်းညူနေသည်။



“ကဲ… မင်းကိုငါနောက်ဆုံးမေးမယ်”

ထိုလူသည် တင်ဝှမ်းအိအားစေ့စေ့ကြည့်၍မေးနေ၏။

တင်ဝှမ်းအိမ်မှာမူ အံကိုတင်းတင်းကြိတ်လျက် ဝေဒနာကိုကြိတ်၍ခံစားနေရသည်။

သူမသည် မိန်းမသားတစ်ယောက်ဖြစ်သော်လည်း အလွန်သတ္တိကောင်းသည်။

ဇွဲရှိသည်။

ဤအကြောင်းကိုလည်း မိုးပျံကျားကသိထားသည်။

သို့သော် ရွှေရောင်းသုံးသိန်းဖိုးသည် သူတို့အဖို့အရေးကြီးနေသည်ဖြစ်၍….

သူတို့သည် ဖြစ်သည့်နည်းကိုအသုံးပြုကာ တင်ဝှမ်းအိအား အမျိုးမျိုးနှိပ်စက်လာလေသည်။

တင်ဝှမ်းအိမှာမူ ကြံ့ကြံ့ခံသည်။

မည်သို့မျှဖွင့်ဟမပြောတော့ပါချေ။

နောက်ဆုံး မိုးပျံကျားသည် လုံးဝစိတ်မရှည်နိုင်တော့ဘဲ သူ့ခါးမှဓားအားဆွဲထုတ်လိုက်ပြီး တင်ဝှမ်းအိအား တအားခုတ်ချပိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တင်ဝှမ်းအိသည် ကံကောင်းထောက်မ၍ အသက်မသေဘဲ ခြေထောက်တစ်ဖက်သာပြတ်သွားကာ သတိလစ်မေ့မျောသွားလေသည်။

မိုးပျံကျားတို့သည် တင်ဝှမ်းအိအား သေဆုံးသွားပြီဟုထင်မှတ်ကာ သူမအားထားပစ်ခဲ့ပြီးထွက်ခွာသွားကြလေတော့သည်။

၀၀၀၀



## လေးနက်သောကတိ

နေရောင်ခြည်သည် ပြတင်းပေါက်မှအလုအယက်တိုးဝင်လာသည်။ နေရောင်ခြည်သည် စူးရှသည်ဟုထင်ရသည်လားမသိ။

လုရှောင်ဖုန့်က မျက်လုံးမှိတ်ထားသည်။

သူ၏အတွေးထဲတွင် လူတစ်ယောက်အား သတိရလာသည်။ ထိုလူကား မိုးပျံကျားပင်ဖြစ်သည်။

ယခု တင်ဝှမ်းအိအားခြေတစ်ဖက်ကျိုးအောင်နှိပ်စက်လိုက်သူမှာ သူ့စနက်ပင်ဖြစ်ရမည်ဟုတထစ်ချတွက်လိုက်မိသည်။

လုရှောင်ဖုန့်သည် ပထမ၌ တင်ဝှမ်းအိအပေါ်သံယောဇဉ်မရှိခဲ့သည်မှာအမှန်ပင်။

သို့သော် ယခုမှာမူ နိုင့်ထက်စီးနင်းဖြင့် သူမ၏ခြေတစ်ဖက်အား ကျိုးသွားအောင်နှိပ်စက်ခဲ့သောမိုးပျံကျားအား ရွံမုန်းလာသဖြင့် သူသည် သူမအပေါ် ကရုဏာသက်မိလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ဖုန့်သည် သူမအားစေ့စေ့ကြည့်လိုက်ပြီး....

"မင်း ငါ့ကိုစာရေးပြီးခေါ်ခိုင်းလိုက်တာဟာ မိုးပျံကျားက မင်းကိုတစ်ဆင့်ခိုင်းလိုက်လို့မဟုတ်လား"

တင်ဝှမ်းအိက သူ့အားစေ့စေ့ကြည့်လိုက်ပြီး....

"ရှင် မြန်မြန်ဒီနေရာကနေပြီးထွက်သွားပါ"

သူမ၏အသံသည် ကရုဏာသံပါနေသည်။ လုရှောင်ဖုန့်က ငွမ်းစောင်အား ပြန်ချလိုက်သည်။ ထို့နောက် ကုလားထိုင်တစ်လုံးယူ၍ ခုတင်နားတွင်ချပြီးထိုင်ချလိုက်သည်။

"ရှင် မြန်မြန်သွားပါတော့ရှင်"

"ကျုပ် မသွားတော့ဘူး"

"ရှင်မသွားရင် ရှင်ဒုက္ခရောက်သွားလိမ့်မယ်"

"ကိစ္စမရှိဘူး... ကျုပ်ဟာ တစ်သက်လုံး ဒုက္ခနဲ့ရင်ဆိုင်လာရတဲ့လူတစ်ယောက်ပဲ၊ ဒုက္ခဆိုတာ ကျုပ်အတွက်မထူးတော့ပါဘူး"

"ဒါပေမယ့်... ဒီတစ်ခါ ရှင်ကြုံတွေ့ရမယ့်ဒုက္ခက မသေးဘူးရှင့်"

"ထားပါတော့လေ.... ဒါနဲ့ မင်းက ဘာဖြစ်လို့ သူ့ဆီကရွှေချောင်းတွေခိုးလာရတာလဲဟင်"



"မြို့စားကြီးရဲ့တံဆိပ်တုံးအတွက်ပဲပေါ့ရှင်"

လုရှောင်ဖုန့် မျက်မှောင်ကုပ်သွားသည်။

"တံဆိပ်တုံးအတွက်ဟုတ်လား"

"ဟုတ်ပါတယ်ရှင်... ကျွန်မကရွှေချောင်းနဲ့တံဆိပ်တုံးကို ဝယ်ချင်လို့ပါ"

"ခင်ဗျားကတံဆိပ်တုံးဝယ်ပြီးဘာလုပ်မလို့လဲ"

"မိုးပျံကျားဟာ ကျွန်မကိုမေတ္တာရှိလှချေရဲ့ဆိုပြီး ကျွန်မနဲ့ လက်ထပ်ခဲ့တယ်၊ ဒါပေမယ့် အခု သူကသစ္စာဖောက်ပြီး ကျွန်မကို ဂရုမစိုက်တော့ဘဲပစ်ထားခဲ့တယ်၊ ကျွန်မသာ မြို့စားကြီးရဲ့တံဆိပ်တုံးကိုရလိုက်ရင် ကျွန်မဟာ အာဏာရှိတဲ့လူတစ်ယောက်ဖြစ်လာမယ်၊ အာဏာရှိတဲ့လူဖြစ်လာခဲ့ရင် ဒင်းကိုကျွန်မကောင်းကောင်းကြီးကလဲ့စားချေဖို့ပါပဲ"

တင်ဝှမ်းအိသည် ပြောရင်း ပြောရင်း စိတ်ထိခိုက်လာလေသည်။

"ဒါပေမယ့် အခုတော့ ကျွန်မဟာဒုက္ခိတဖြစ်နေပြီရှင့်"

လုရှောင်ဖုန့်သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခင်ဗျားက လီရှားရဲ့သတင်းကြားခဲ့သလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... သူ လဟာဆပ်မှာရှိပါတယ်၊ သူကတော့ ကျွန်မကို ဒီလကုန်အထိ စောင့်လိမ့်မယ်၊ ကျွန်မကသာ ရွှေချောင်းနဲ့အတူ ရောက်အောင်မသွားနိုင်ရင် သူက လုစန်းကိုရောင်းလိုက်မယ် လို့ပြောတယ်"

"လုစန်းဆိုတာဘယ်သူလဲ"

"လုစန်းဆိုတာ သူဌေးကြီးတစ်ယောက်ပါ"

"အခု ခင်ဗျား ဘာဆက်လုပ်မယ်လို့စိတ်ကူးထားသလဲ"

တင်ဝှမ်းအိကသက်ပြင်းချလိုက်ရင်း....

"ကျွန်မခိုးလာတဲ့ရွှေတွေလဲ သူတို့ကိုပြန်ပေးလိုက်ရပြီ၊ လူလဲ ဒုက္ခိတဖြစ်နေရပြီ... အဲဒီတော့ ဒီမှာပဲ ကျွန်မ အေးအေးဆေးဆေးနေရတော့မှာပေါ့ရှင့်... ဒါပေမယ့်"

"ပြောပါ... မင်း ဘာများထပ်ပြောစရာရှိလို့လဲ"

"ကျွန်မ ရှင့်ဆီကအကူအညီတစ်ခုလိုချင်ပါတယ်"

"ဘယ်လိုအကူအညီမျိုးလဲ"

"ရှင်သာ မြို့စားကြီးရဲ့တံဆိပ်တုံးကိုရလာခဲ့ရင် ကျွန်မကို ဦးဆုံးခဏလောက်ပြစမ်းပါရှင်၊ ကျွန်မကို ဒုက္ခိတဘဝရောက်အောင် တွန်းပို့ခဲ့တဲ့ ဒီတံဆိပ်တုံးကိုကြည့်သွားချင်လို့ပါ"



"ရပါတယ်... ကျုပ်သာ ဒီတံဆိပ်တုံးရခဲ့ရင် ခင်ဗျားကို အရင်ဆုံးဝင်ပြပါမယ်"

လုရှောင်ဖုန်းက တင်ဝှမ်းအိအား လေးလေးနက်နက် ကတိပေးလိုက်တော့သည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



## တော်တော်ဆိုးတဲ့လူ

ယနေ့ ရာသီဥတုကသာယာပါပေသည်။

နေရောင်ခြည်များသည်လည်း တောက်ပသစ်လွင်နေဆဲ။

သို့သော် လုရှောင်ဖုန့်၏ရင်ထဲတွင်မူ ကြည်ကြည်လင်လင် မရှိတော့ပါ။ စိတ်မကောင်းစရာမားနှင့်ကြုံတွေ့ခဲ့ရသဖြင့် နောက်ကျိ နေလေသည်။ သူသည် တင်ဝှမ်းအိမ်၏အခန်းမှ စိတ်လက်မကြည် မလင်ဖြင့်ထွက်လာခဲ့သည်။

မိုးပုံကျားအား လိုက်လံတိုက်ခိုက်ရန် ပြင်ဆင်ခြင်းလည်းမရှိ သေးပါ။ အေးအေးချမ်းချမ်းပင် ရှိနေ၏။ သူသည် ပတ်ဝန်းကျင်သို့ မသိမသာအကဲခတ်ကြည့်သည်။

သံသယဖြစ်ဖွယ်ရာလူသူများ တစ်စုံတစ်ယောက်မှမရှိပါ။ ထိုစဉ် မိန်းကလေးတစ်ယောက်သည် သူ့ထံသို့လျှောက်လာနေသည် ကိုတွေ့လိုက်ရသည်။



သူမ၏လက်ထဲ၌ စာအိတ်တစ်လုံးကိုင်ထားသည်။

သူမသည် စိုးရိမ်သောမျက်လုံးအစုံဖြင့် လုရှောင်ဖုန့်အား ခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်လိုက်သည်။

"ရှင်ဟာ လုရှောင်ဖုန့်မဟုတ်လား"

သူမက စတင်၍မေးလိုက်သည်။

လုရှောင်ဖုန်းက ပြုံး၍ သူမအား စိုက်ကြည့်လိုက်ပြီး....

"ဟုတ်ပါတယ်... ဘာလဲ... ညီမက ကိုယ့်ကိုစောင့်နေတာ လား"

မိန်းကလေးသည် ထိတ်လန့်ဟန်ဖြင့် နောက်သို့ ခြေတစ် လှမ်းဆုတ်သွားသည်။

အသံတုန်တုန်ယင်ယင်ဖြင့်လည်း ပြန်မေးလိုက်သည်။

"ဒါဖြင့်ရင် ရှင်... ရှင်ဟာမျက်ခုံးမွေးလေးခုနဲ့လူပေါ့"

"ဟုတ်ပါတယ်... ကျွန်ုပ်နာမည်ကလုရှောင်ဖုန့်ပါ.. မျက်ခုံး မွေးလေးခုနဲ့လူလို့လဲခေါ်ကြပါတယ်၊ ညီမကကောဘယ်သူလဲ"

"ချူးဝိန်ပါ"

"ဩော်... ဩော်.... နာမည်လေးက မဆိုးဘူးဘဲ...ဒါနဲ့ပါဦး ညီမကိုမိုးပုံကျားကလွှတ်လိုက်တာလား"

www.burmeseclassic.com



ချူးပိန်ကခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်"

"သူက ဒီစာကို ငါ့ကိုပေးခိုင်းလိုက်တယ်ပေါ့ဟုတ်လား"

ချူးပိန်သည် နောက်တစ်ခါခေါင်းညိတ်လိုက်ပြီး သူ့လက်ထဲမှစာအိတ်ကိုလှမ်းပေးလိုက်လေသည်။ လုရှောင်ဖုန့်သည် စာအိတ်ကိုလှမ်းယူပြီး စာအိတ်ကို ဖင်ပြန်ခေါင်းပြန်လှည့်လာကြည့်လိုက်လေသည်။

၀၀၀၀



စာအိတ်သည် အဖိုးတန်စာအိတ်ဖြစ်သလို စာရေးစက္ကူမှာလည်း အကောင်းစားဖြစ်နေသည်။

နောက်ပြီး လက်ရေလည်း မဆိုးလှပါ။

*လုရှောင်ဖုန့်...*

*ခင်ဗျားနာမည်ကိုကြားရတာတော့ အတော်ကြာပါပြီ၊*

*ခင်ဗျားကိုလဲသိပ်တွေ့ချင်နေတာကြာပါပြီ၊*

*အခုလို မမျှော်လင့်ဘဲတွေ့ရတော့ ကျုပ်ဖြင့် ဝမ်းသာလို့မဆုံးပါဘူး၊*

*ခင်ဗျား ခရီးကပြန်လာရင် ကျုပ်ဆီဝင်ခဲ့ပါလို့ဖိတ်ကြားလိုက်ပါတယ်ဗျာ၊*

*ယခု သည်စာနှင့်အတူ ပူးတွဲပါလင်မယားကွာရှင်းကြောင်းစာတစ်စောင်လည်းပါရှိပါတယ်၊*

*အခုအချိန်ကစပြီး တင်ဝှမ်းအိနှင့်ကျွန်တော်ဟာ ဘယ်လိုမှမပတ်သက်တော့ပါဘူး။ ခင်ဗျားအနေနဲ့ သူမကိုသံသယကင်းရှင်းစွာနှင့်ဆက်ဆံနိုင်ပါတယ်ဗျာ။*

*လေးစားလျက်*

*မိုးပျံကျား*

www.burmeseclassic.com

www.burmeseclassic.com



ချူးဝိနိကရပ်လျက်စောင့်နေသေးသည်။ သူမ၏ဝိုင်းစက်သောမျက်လုံးအစုံသည် လုရှောင်ဖုန့်အား မသိမသာအကဲခတ်ကြည့်နေသည်။ လုရှောင်ဖုန့်သည် စာဖတ်ပြီးသောအခါ သူမအားခေါင်းမော့ကြည့်လိုက်သည်။

"ဘာလဲ... ညီမကပြန်စာကိုစောင့်နေတာလား"

"ဟုတ်ပါတယ်ရှင်"

"ဒါဖြင့် မိုးပျံကျားကိုပြန်ပြောလိုက်ပါ... ကျုပ်သူ့ကိုသိပ်ပြီးကျေးဇူးတင်ပါတယ်လို့"

ချူးဝိနိကခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... ကျွန်မပြောလိုက်ပါ့မယ်"

"သြော်... ခဏနေပါဦး၊ ကျုပ် သူ့အတွက် လက်ဆောင်တစ်ခုပေးလိုက်ချင်သေးတယ်"

"ဘာလက်ဆောင်များလဲရှင်"

"သူ့ကိုပြောလိုက်ပါ... ကျုပ်က သူ့ကို 'အီး'လို့ပဲထင်တယ် ဆိုတဲ့စကားလက်ဆောင်တစ်ခု ပါးလိုက်ပါတယ်လို့"

လုရှောင်ဖုန့်သည် ပြောရင်းချာခနဲလှည့်ပြီး မိန်းကလေးအပါးမှထွက်ခွာသွားလေတော့သည်။



ချူးဝိနိသည် လုရှောင်ဖုန့်၏နောက်ကျောအား မျက်တောင်တဖျပ်ဖျပ်ခတ်၍ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

"တော်တော်ဆိုးတဲ့လူကြီး... မိန်းကလေးတစ်ယောက်ရဲ့ရှေ့မှာတောင် အားမနာတဲ့ဆဲသွားတယ်"

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



## လုရှောင်ဖုန့်နှင့်နွေမိုးဆောင်း

ဆဲဆိုခြင်းသည် အမှန်တော့ကောင်းသည့်ကိစ္စရပ်တစ်ခု မဟုတ်ပါ။ လူမှုရေးအရ ရိုင်းပြသည်ဟုဆိုကြသည်။

သို့သော် ရင်ထဲ၌ကျိတ်မှိတ်၍ခံစားနေရသည်ကို ဆဲဆိုလိုက်ခြင်းဖြင့် စိတ်လက်ကြည်လင်လာစေသည်။ စိတ်လည်း ပေါ့ပါးသွားစေသည်ဟုအဆိုရှိပေသည်။

ယခု လုရှောင်ဖုန့်သည် မိုးပျံကျားအားဆဲဆိုလိုက်ရ၍လားမသိ။ စိတ်လက်ကြည်လင်ပေါ့ပါးသွားသည်ဟု စိတ်ထဲတွင်ခံစားမိလေသည်။

သူ၏ခြေလှမ်းလည်း ပို၍သွက်လက်လာသည်ဟုထင်ရလေသည်။ သို့သော် သူ၏စိတ်လက်ကြည်လင်ခြင်းသည် ကြာကြာမခံပါချေ။ သူသည် လျှောက်လာရင်း စိတ်လက်မကြည်မသာသောကိစ္စရပ်များ ထပ်မံတွေ့ရှိလာသောကြောင့်ဖြစ်ပါသည်။



အကြောင်းမှာ သူသည် ကမန်းကတန်းထွက်လာရသည့်အတွက် သူ၏အိတ်ထဲ၌ကြေးပြားတစ်ပြားတစ်ချပ်မျှပင် မပါလာသောကြောင့်ဖြစ်ပါသည်။

လပဟာဆပ်သည် အတော်ဝေးလံနေသေးသည်။ သူသည် လမ်းတွင် စားသောက်ရန် တည်းခိုရန်အတွက် ခရီးစရိတ်စသည်များအတွက် ငွေမရှိတော့ပါ။

ယခု သူသည် စိတ်မကြည်မသာဖြစ်လာသည်။ သို့သော် လုရှောင်ဖုန့်သည် အခက်အခဲများမည်မျှပင် ကြီးမားနေပါစေ လက်မှိုင်ချအရှုံးပေးတတ်သောလူတစ်ယောက်မဟုတ်ပေ။

သူသည် နောက်သို့လှည့်ကြည့်လိုက်သည်။ သူ့နောက်မှလိုက်လာနေသောလူစုများကို လုံးဝမတွေ့ရတော့ပါ။

သို့သော် ကျန်တစ်စုတော့လိုက်လာနေဆဲ။

ယင်းလူစုကား မြို့စားကြီး၏ကိုယ်ရံတော်သုံးယောက်တို့ပင်ဖြစ်ပါသည်။

ဟုတ်ပါသည်။ အဘိုးသုံးယောက် သူ့နောက်သို့အေးအေးလူလူဖြင့် လိုက်ပါလာကြသည်။ လုရှောင်ဖုန့်သည် ခေါင်းတဆတ်ဆတ်
[illegible]
ညိတ်ရင်း သူ့ခရီးကိုဆက်နှင်နေမိသည်။

www.burmeseclassic.com



သူသည် တစ်စုံတစ်ခုသောအတွေးဝင်လာသဖြင့် တစ်ဦး တည်းပြုံးနေလိုက်မိလေသည်။

ကျေနပ်ဝမ်းသာသောအပြုံးပင်ဖြစ်ပါသည်။ သူသည် အိတ်ထဲ၌ ငွေစများကုန်ခန်းသွားပြီဖြစ်သည်။ ငွေလွှဲလက်မှတ်လည်းနတ္ထိ။ သူသည် တည်းခိုခန်းတွင်တည်းရန် မဆိုထားဘိ။ ထမင်းစား ရန်ပင် ငွေကြေးလုံးဝမရှိတော့ပါ။

အမှန်မှာ.... လူရောင်ဖုန့်သည် နေရာတကာတွင် မိတ်ဆွေကောင်း မိတ်ဆွေမြတ်တွေအတော်များများရှိသည်။ မည်သည့်နေရာရောက်သည်ဖြစ်ပါစေ၊ သူ့အတွက် စားသောက်ရန်ပူပန်စရာမလို။ တည်းခိုရန်လည်းစိုးရိမ်စရာမလို။

သူနေထိုင်သော တည်းခိုခန်းတွင် မိမိနေထိုင်ချင်သလောက် နေထိုင်နိုင်ပြီး စားသောက်ဖွယ်ရာများလည်း စားလိုရာစားနိုင်သည်။ ထိုနေထိုင်စားသောက်စရိတ်ကို သူ၏မိတ်ဆွေသင်္ဂဟများက သူ့အတွက် စာရင်းရှင်းသွားလိမ့်မည်ဖြစ်သည်။

ယခုမှာမူ သူသည် မိတ်ဆွေလုံးဝမရှိသောဒေသသို့ရောက်ရှိနေသဖြင့် သူ့အတွက် အရာအားလုံးမှာ စိုးရိမ်ပူပန်ဖွယ်ရာဖြစ်လာရလေတော့သည်။



သို့သော် သူသည် သူ့နောက်မှထပ်ကြပ်မကွာလိုက်လာနေသော သိမ်းငှက်မြို့စားကြီး၏ကိုယ်ရံတော်များကိုတွေ့လိုက်ရသောအခါ...

သူ၏အထက်ဖော်ပြပါ ပူပန်စိုးရိမ်မှုများအားလုံးလိုလို ပြေလည်ပပျောက်သွားစေနိုင်သည့်အကြံတစ်ခုသည် သူ၏ဦးနှောက်ထဲသို့ ဖျပ်ခနဲဝင်လာလေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## ထမင်းလည်းကျွေး အရက်လည်းတိုက်

နေဝန်းကြီးသည် မိုးကုပ်စက်ဝိုင်းငုပ်လျှိုးသွားလေပြီ။

ထိုအခါ ရာသီဥတုသည် တဖြည်းဖြည်းအေးစက်လာသည်။

လမ်းမကြီးတစ်လျှောက်လုံးတွင် ခရီးသွား ခရီးလာများပင် မရှိတော့ပါ။ လုရှောင်ဖုန့်သည် လက်နှစ်ဖက်ကိုနောက်ပစ်ရင်း အေးဆေးစွာ လျှောက်နေမိသည်။ သူလမ်းလျှောက်နေပုံမှာ ခရီးသွားနေသည်ဟုမထင်ရဘဲ ထမင်းစားပြီးစ အစာကြေညက်စေရန်အတွက် အေးအေးလူလူလမ်းလျှောက်နေသည့်ပုံဖြစ်နေသည်။

အမှန်မှာ သူ၏ဝမ်းဗိုက်တွင် အလွန်ဆာလောင်နေပြီဖြစ်သည်။ သူသည် ဖြည်းဖြည်းလျှောက်နေသည့်အတွက် သူ့နောက်မှ လိုက်လာနေသောကိုယ်ရံတော်(၃)ဦးတို့လည်း ဝမ်းဗိုက်အလွန်ဆာလောင်လာသဖြင့် ဤမြို့တွင်တစ်ထောက်နားပြီး စားသောက်ကြမည်ဟုစိတ်ကူးထားသည်။



သို့သော် လုရှောင်ဖုန့်၏ခြေလှမ်းသည် ယခုထက်တိုင် မရပ်သေးပါ။ စားသောက်ဆိုင်များကိုပင် ကျော်လွှားသွားနေပြန်သည်။ ကိုယ်ရံတော်များ မျက်လုံးပြူးသွားကြသည်။ သူတို့ကဆက်လက်၍ ဟန်ဆောင်ပြီးမနေနိုင်တော့ပါ။

"ဒီလူဟာ ရူးများနေသလားမသိဘူး… ဒီလိုပဲ ထမင်းမစား ဟင်းမစားနဲ့ခရီးပဲ ဆက်သွားမလို့နဲ့တူတယ်"

'ရွှေ'အမည်ရှိ ကိုယ်ရံတော်ကစတင်ညည်းညူလိုက်သည်။

"အေး… ဒီကောင်ဟာ တော်တော်ပါးတဲ့ကောင်… သူသာ ထမင်းမစားဘဲရှေ့ဆက်သွားရင် တို့တော့ဒုက္ခပဲ"

'နှင်း'အမည်ရှိကိုယ်ရံတော်၏ ထောက်ခံစကားကိုကြားလိုက်သည့်အခါ…

'မိုး'အမည်ရှိသောကိုယ်ရံတော်ကမျက်ပြူးပြူးလိုက်ပြီး…

"နေဦး… ကျုပ် ဒီကောင်ကိုဖြောင်ပဲ သွားမေးလိုက်မယ်"

သူသည် ပြောရင်း လျှပ်တစ်ပြက် ရှေ့သို့တက်သွားတော့သည်။ လုရှောင်ဖုန့်၏ရှေ့သို့ သူရောက်လာသည့်အခါ လမ်းပိတ်ရပ်လိုက်လေသည်။ လုရှောင်ဖုန့်က မိုးအမည်ရှိကိုယ်ရံတော်အား ပြုံးပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ… ကျုပ်က လမ်းလျှောက်မြန်နေလို့ ခင်ဗျားတို့လာ တားတာလား"

မိုးကိုယ်ရံတော်မျက်နှာရှုံ့မဲ့သွားသည်။

"မဟုတ်ဘူး… ကျုပ်မင်းကိုစကားတစ်ခွန်းမေးချင်လို့"

"မေးပါ… ဘာများလဲ"

"အခု ဘယ်အချိန်ရှိပြီလဲဆိုတာ မင်းသိရဲ့လား"

"သိသားပဲ… နေဝင်ချိန်ပေါ့၊ အဲဒါဘာဖြစ်သလဲ"

"အေး… နေဝင်ချိန်ဆိုရင် ထမင်းစားချိန်ရောက်ပြီမဟုတ် လား"

"ဟုတ်တယ်လေ… အဲဒါဘာဖြစ်သလဲ"

"မင်းက ဘာဖြစ်လို့ ထမင်းမစားသေးဘဲ လမ်းလျှောက်နေ တာလဲ"

"ကျုပ်က မစားချင်သေးလို့ပေါ့ဗျ"

"မစားချင်သေးလို့မရဘူး… မင်းသွားစားရမယ်"

လုရှောင်ဖုန့်သက်ပြင်းချလိုက်သည်။

"အင်း… ကျုပ်တစ်သက်တာမှာ ကျုပ်ကိုထမင်းစားရမယ် လို့ခြိမ်းခြောက်တာကိုကြားဖူးတာဟာ ဒါပထမဆုံးအကြိမ်ပဲ"



"ဘယ်နှစ်ကြိမ်ပဲဖြစ်ဖြစ် မင်းကျုပ်ပြောတာကြားတယ်မ ဟုတ်လား"

"ကျုပ်ထမင်းစားတာ ခင်ဗျားတို့နဲ့ဘာဆိုင်လို့လဲဗျာ"

"လူဆိုရင် ထမင်းစားကြတာချည်းပဲ… မင်းက လူမဟုတ်လို့ လား"

"ဟုတ်ပါတယ်… ကျုပ်ဟာလူပါပဲ၊ ဒါပေမယ့် လူတစ်မျိုးက ထမင်းမစားနိုင်ဘူးဆိုတာကော ခင်ဗျားမသိဘူးထင်တယ်"

"ဘယ်လိုလူမျိုးလဲ"

"ငွေမရှိတဲ့လူပေါ့ဗျ… ငွေမရှိတဲ့လူပေါ့၊ ကျုပ်မှာ ထမင်းစား ဖို့ငွေမှမရှိဘဲ ဘယ်ထမင်းဆိုင်က ကျုပ်ကို အလကားခေါ်ကျွေး မှာလဲ"

မိုးကိုယ်ရံတော်တစ်ယောက် နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်မိ တော့သည်။ ယခုမှ သူသည် အခြေအနေကိုနားလည်သဘောပေါက် သွားတော့သည်။

"အင်း… ဟုတ်ပေသားပဲ၊ ထားပါတော့လေ မင်းကို ထမင်း ကျွေးမယ့်လူရှိရင်ကော"

"ဒါကတော့ အခြေအနေကြည့်ရသေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအခြေအနေကိုကြည့်ရမှာလဲ"

"ကျွေးတဲ့လူက တကယ်စေတနာရှိမရှိဆိုတာကိုပေါ့"

"တကယ်လို့ ကျုပ်က တကယ့်စေတနာနဲ့ မင်းကိုခေါ်ကျွေးမယ်ဆိုရင်ကော"

"ခင်ဗျားကတကယ့်စေတနာနဲ့ကျွေးမယ်ဆိုရင်တော့ ကျုပ်ကလဲ အားနာပါးနာနဲ့ စားရတော့မှာပေါ့ဗျာ"

မိုးကိုယ်ရံတော် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း... မင်းမှာ ထမင်းစားဖို့ငွေမရှိဘူး... သူများကိုလဲ ကျွေးခိုင်းသေးတယ်၊ ဒါပေမယ့် ကျွေးမယ့်လူကပဲ ပြန်တောင်းပန်ပြီး မင်းကိုကျွေးရဦးမယ်ဆိုတော့ နည်းနည်းမလွန်လွန်းဘူးလား"

"မလွန်ပါဘူး... ကျုပ်ကိုထမင်းကျွေးရမယ့်အပြင် တည်းခိုခန်းလဲ ငှါးပေးရဦးမယ်ဗျ"

မိုးကိုယ်ရံတော်သည် သူ့အား အတန်ကြာအောင် စေ့စေ့ကြည့်လိုက်ပြီး....

"အင်း... လုရှောင်ဖုန့်ဆိုတဲ့လူနဲ့ယှဉ်ပြိုင်ဖို့ဟာ တယ်မလွယ်ပါလားကွ"

"ဟား... ဟား... ဟား"



လုရှောင်ဖုန့်သည်....

မိုးကိုယ်ရံတော်၏မှတ်ချက်စကားကြောင့် သဘောကျပြီး ရယ်မောလိုက်လေတော့သည်။

oooo

ဟင်းလျာကအရသာရှိလှသည်။

အရက်ကလည်း အကောင်းစားဖြစ်သည်။ မိုးကိုယ်ရံတော်သည် လုရှောင်ဖုန့်အားစေ့စေ့ကြည့်လိုက်ပြီး....

"မင်း အရက်သောက်တတ်သလား"

လုရှောင်ဖုန့်က ခေါင်းညိတ်ပြလိုက်သည်။

"နည်းနည်းလေးတော့ မသောက်တတ်ဘူးဗျ"

မိုးကိုယ်ရံတော်က ပြုံးလိုက်ပြီး....

"နည်းနည်း မသောက်တတ်ရင် များများသောက်တတ်တယ်ဆိုတဲ့သဘောပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့်သောက်ဗျာ... ကြိုက်သလောက်သောက်"

နွေကိုယ်ရံတော်သည် လက်တစ်ချက်ထောင်လိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ဝါးရွက်စိမ်းတစ်အိုးပေါ့… ခပ်မြန်မြန်လေး"

မိုးကိုယ်ရံတော်ကလည်း လက်ချောင်းတစ်ချောင်းထောင်လိုက်သည်။

"ဘဲကင်တစ်ကောင်"

ဝါးရွက်စိမ်းတစ်အိုးကုန်သွားသောအခါ သူတို့သုံးယောက်သည် ခေါင်းလုံးဝမထောင်နိုင်တော့ပါချေ။

အားလုံးမှောက်ကုန်ကြတော့သည်။

oooo



အမှောင်ထဲကလူ

အခန်းသည် ကျယ်ဝန်းလှသည်။

ခုတင်ပေါ်တွင် လူရှောင်ဖုန့်တစ်ယောက် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည်။ သူသည် အရက်မူးမြန်သလောက် အမူးပြေလည်းမြန်ဆန်လှပေသည်။

သူအရက်မူးပြေသွားသောအခါ တစ်ခန်းလုံးမည်းမှောင်နေသည်ကိုသတိပြုမိတော့သည်။ သူသည် အိပ်ရာမှထလိုက်သည်။

ထိုစဉ် သူ့ရှေ့တွင် လူတစ်ယောက်ထိုင်နေသည်ဟု စိတ်ထဲမှ ရုတ်တရက် အလိုအလျောက်ခံစားလိုက်ရသည်။ နှစ်ပေါင်းများစွာကြုံတွေ့ခဲ့ရသောအတွေ့အကြုံကြောင့် အမှောင်ထုထဲ၌ သဲသဲကွဲကွဲမမြင်တွေ့နိုင်သော်လည်း လူတစ်ယောက်သည်အခန်းထဲသို့ရောက်နေပြီဟု သူ့အတွင်းစိတ်က ချက်ချင်း သူ့အားနှိုးဆော်သတိပေးနေသည်။ သူပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ညဥ့်နက်သန်းခေါင် အချိန်မတော် ကျုပ်ဆီရောက်လာတယ်ဆိုတော့ အလည်သက်သက်တော့ မဟုတ်တန်ကောင်းပါဘူးနော်၊ ကိစ္စရှိလို့ဖြစ်ရမယ်မဟုတ်လား"

"ဟဲ... ဟဲ... ဟဲ ဟုတ်ပါတယ်ဗျာ၊ ကျုပ်လာရတဲ့ကိစ္စက ခင်ဗျားနဲ့စကားနည်းနည်းပြောချင်လို့ပါ"

"နားမထောင်လို့မရဘူးလားဗျာ"

"မရဘူး"

လုရှောင်ဖုန့်သည်သက်ပြင်းတစ်ချက်ချ၍ ပြန်၍လဲလျောင်းနေလိုက်သည်။

"အင်း... နားမထောင်ချင်တဲ့စကားကိုနားထောင်ရမယ်ဆိုရင် နားထောင်ရမယ့်စကားဟာ ကောင်းမယ်တော့မထင်ပါဘူး၊ ဒါကြောင့် ကျုပ်အိပ်ပြီးနားထောင်တာပဲကောင်းပါတယ်လေ"

"ညှော်သည်ကို ဒီလိုပဲဆက်ဆံရသလားဗျ"

"ခင်ဗျားက ကျုပ်ညှော်သည်ဟုတ်မယ်မထင်ပါဘူးဗျာ၊ ဘာဖြစ်လို့လဲဆိုရင် ခင်ဗျားမျက်နှာဟာ ဘယ်လိုနေတယ်ဆိုတာတောင် ကျုပ်မှမသိရဘဲ"

ထိုလူသည် ချောင်းတစ်ချက်ဟန့်လိုက်သည်။



"ခင်ဗျားက ကျုပ်ရဲ့မျက်နှာကိုကြည့်ချင်တယ်ဆိုပါတော့"

သူသည် ပြောပြီး လက်ခုပ်တစ်ချက်တီးလိုက်သည်။ မီးပွားတစ်ခုထွက်ပေါ်လာပြီး စားပွဲပေါ်မှမီးအိမ်သည် လင်းလာလေသည်။ အနက်ရောင်ဝတ်ဆင်ထားသောလူတစ်ယောက်က မီးထွန်းညှိလိုက်ခြင်းဖြစ်သည်။

သူ၏နောက်ကျောတွင် ဓားတစ်လက်လွယ်ပိုးထားသည်။

ဓားရိုး၏ပုံပန်းမှာလှပပြီး ခန့်ညားလှသည်။ တန်ဖိုးလည်းရှိသည်။ မီးရောင်အောက်ဝယ် ကုလားထိုင်ပေါ်မှာထိုင်နေသောလူ၏မျက်နှာကိုလုရှောင်ဖုန့်က ကွက်ကွက်ကွင်းကွင်းမြင်တွေ့လိုက်ရလေတော့သည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် အလွန်တန်ဖိုးရှိသောအဝတ်အစားများဝတ်ဆင်ထားသည်။ သူ၏မျက်နှာသည် တည်ကြည်ခန့်ညားသည်။ မျက်လုံးအစုံသည် ရူးရှတောက်ပလျက်ရှိသည်။ အနက်ရောင်ဝတ်ဆင်ထားသောလူသည် မီးထွန်းညှိပြီးနောက် ထိုလူ၏နောက်တွင် လက်ပိုက်ပြီးမားမားမတ်မတ်ရပ်နေ၏။

လုရှောင်ဖုန့်ကပြုံးလိုက်သည်။

"ဟာ... မဆိုးဘူး"

"ဘာမဆိုးတာလဲ"

"ခင်ဗျားရဲ့ဥပမိရုပ်ဟာ ကျုပ်ထင်တာထက်ပိုပြီးခန့်ညားနေလို့ပါ"

"ကျုပ်ဘယ်သူလဲဆိုတာ ခင်ဗျားသိလို့လား"

"သိတာပေါ့ဗျာ... ခင်ဗျားနာမည်ကလုစန်း ကုန်သည်ကြီးလုစန်း"

ထိုလူသည် သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

"ခင်ဗျား ကျုပ်ကိုမြင်ဖူးလို့လား"

လုရှောင်ဖုန့်ကခေါင်းခါပြလိုက်သည်။

ထိုလူသည် သူ့အားစေ့စေ့ကြည့်လိုက်သည်။



"ဒီလိုဆို ခင်ဗျားကကျုပ်ကိုဘယ်လိုလုပ်မှတ်မိသလဲ"

လုရှောင်ဖုန့်ကရယ်မောလိုက်ပြီး....

"ဒီလိုအချိန်မျိုးမှာ ကျုပ်အခန်းထဲကိုလာတဲ့သူဟာလုစန်းပဲဖြစ်ရမယ်ဗျ"

လုစန်းကတဟားဟားရယ်မောလိုက်သည်။

"လုရှောင်ဖုန့်ဟာ နာမည်နဲ့လိုက်အောင် ခေတဲ့လူမဟုတ်ပါလားဟေ့"

"ဒါကတော့ ဘယ်သူမဆိုတွေးကြည့်လို့ရနိုင်ပါတယ်ဗျာ၊ ဒီလောက်လဲမဟုတ်သေးပါဘူး။ ဟဲ... ဟဲ... ဟဲ"

လုစန်းက ရယ်မောရာမှရပ်လိုက်ပြီး....

"ကဲ... ကျုပ်လာတဲ့ကိစ္စကိုကော ခင်ဗျားသိသလား"

"ခင်ဗျားကိုယ်တိုင်ပြောပြမှသိရတော့မှာပေါ့ဗျာ"

"ကျုပ်က ခင်ဗျားကိုစကားတစ်ခွန်းပြောချင်လို့လာတာဗျ"

"ပြောပါ... ကျုပ်နားထောင်နေပါတယ်"

"ခင်ဗျား ဒီကနေ အေးအေးဆေးဆေးပြန်လှည့်သွားပါ"

"ပြန်လှည့်သွားပါဟုတ်လား... ကျုပ်က ဘယ်ကိုပြန်လှည့်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားလာခဲ့တဲ့နေရာကိုပေါ့ဗျာ.... ဟိုမှာက ပျော်စရာကောင်းပါတယ်လေ၊ ဒီမှာတော့ ခင်ဗျားအတွက် အန္တရာယ်များလှပါတယ်ဗျာ"

လုရှောင်ဖုန့်ကသက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ဟုတ်တော့ဟုတ်ပါတယ်... ကျုပ်လဲ အိမ်ပြန်ချင်ပါတယ်... ဒါပေမယ့်"

လုစန်းသည် ပြုံးလိုက်ပြီး....

"ဪ... ခင်ဗျားမှာ ငွေလေးဘာလေးလိုနေတယ်မဟုတ်လား... လွယ်ပါတယ်ဗျာ"

သူသည် ပြောရင်း လက်ခုပ်တစ်ချက်တီးလိုက်ပြန်ရာ လူနှစ်ယောက်သည် သေတ္တာတစ်လုံးထမ်း၍ဝင်လာလေသည်။ သူသည် လက်တစ်ချက်ဝှေ့ယမ်းပြလိုက်သည်။ သူတို့သည် သေတ္တာကိုချပြီးဖွင့်လိုက်သည်။ သေတ္တာဖွင့်လိုက်သောအခါ အထဲတွင်ငွေတုံးများ ပြည့်လျှက်ရှိနေလေသည်။

လုရှောင်ဖုန့် မျက်မှောင်ကုပ်သွားသည်။

"ဟာ... ငွေတွေများလှချည်လား"

"ကဲ... ခင်ဗျားလက်ခံမလား"



"အို... ငွေပဲဗျာ... ဘယ်သူကလက်မခံဘဲနေပါ့မလဲ"

"ဒါဖြင့် ခင်ဗျားပြန်သွားတော့မယ်ပေါ့"

"မပြန်ပါဘူး.... ကျုပ်ပြန်မယ်လို့ ဘယ်တုန်းက ပြောခဲ့လို့လဲဗျာ"

လုရှောင်ဖုန့်သည် ပြုံး၍စကားဆက်လိုက်သည်။

"ငွေလက်ခံတာကသက်သက်... မပြန်တာကသက်သက်၊ သူ့ကဏ္ဍနဲ့သူ ကိစ္စနှစ်ခုကိုရောထွေးပြီးတော့မပြောပါနဲ့ဗျာ"

လုစန်းကရယ်မောလိုက်သည်။

"ကျုပ်ကငွေနဲ့ပေါက်ပြီး ခင်ဗျားကိုပြန်နိုင်းတာ၊ ဒါလဲ မရဘူး... အဲဒီတော့"

လုရှောင်ဖုန့်ကကြားဝင်ပြောလိုက်သည်။

"အကြမ်းနည်းကိုသုံးတော့မယ်ပေါ့"

ထိုအခါ အနက်ရောင်ဝတ်ဆင်ထားသောလူက ကြားမှဝင်လာသည်။

"အတင်းအကျပ်လုပ်ဖို့ ကျုပ်တို့စိတ်မကူးပါဘူးဗျာ"

"ဟဲ.... ဟဲ.... ဟဲ... အမှန်တော့ ကျုပ်က ကျုပ်ရှိချင်တဲ့ ပစ္စည်းတစ်ခုကိုရရင်တော့ ပြန်သွားမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



လုစန်းမျက်မှောင်ကျုံ့သွားသည်။

"ဘာပစ္စည်းလဲဗျာ"

လုရှောင်ဖုန့်က လုစန်းအားသေချာကြည့်လိုက်ပြီး....

"စောရကြယ်တံခွန်ရဲ့နှာခေါင်းပါ"

လုစန်းသည် သူ့အားအတန်ကြာစေ့စေ့ကြည့်လိုက်ပြီး....

"မင်း... မင်း... ငါ့ကိုမှတ်မိတယ်ဟုတ်လား"

လုရှောင်ဖုန့်ကရယ်မောလိုက်ပြီး....

"မင်းကလုစန်းအနေနဲ့ဟန်ဆောင်တာမဆိုးပါဘူး၊ ဒါပေမဲ့ တစ်ခုလိုသွားတယ်"

"ဘာများလဲ"

"လုစန်းကိုကျူပ်မမြင်ဖူးပေမဲ့ မင်းကိုတော့ငါသိထားတယ်လေ၊ ဒါကြောင့် မင်း သူများတွေကိုသွားလိမ်ရင် ရချင်ရမယ်၊ ငါက မင်းနဲ့အမြဲလိုလိုထိတွေ့နေတော့ ငါ့စိတ်ထဲမှာအလိုလို မင်းဖြစ်မှန်းသိလာတာပေါ့ကွာ"

"ဟား... ဟား... ဟား"

သူတို့သည် ပြိုင်တူရယ်မောလိုက်ကြလေတော့သည်။ အတန်ကြာမှ စောရကြယ်တံခွန်ကစကားဆက်လိုက်လေသည်။



"မှတ်ဆိတ်ပြာက ကျူပ်ကိုလွှတ်လိုက်ဘယ်... လီရှားဟာ လုစန်းကိုတံဆိပ်တုံးရောင်းပေးဖို့ ငွေ(၂)သိန်းနဲ့ဈေးတည့်သွားပြီလို့ သတင်းရဘယ်၊ ဒါကြောင့် ဒီငွေ(၂)သိန်းကိုပို့လိုက်တယ်၊ ခင်ဗျားက လုစန်းအနေနဲ့ဟန်ဆောင်ပြီး မြို့စားကြီးရဲ့တံဆိပ်တုံးကိုရအောင် ပြန်ယူပါလို့မှာလိုက်တယ်"

လုရှောင်ဖုန့်က မျက်မှောင်ကုပ်သွားသည်။

"ဟာ... ဖြစ်ပါ့မလားဗျ၊ တော်ကြာ လုစန်းသိသွားရင်"

သူ၏စကားမဆုံးမီ စောရကြယ်တံခွန်က လက်ကာပြလိုက်သည်။

"ဒီအတွက်တော့ စိတ်မပူပါနဲ့... လုစန်းကို မှတ်ဆိတ်ပြာက ဖမ်းချုပ်ထားလိုက်ပြီ၊ ခင်ဗျားတံဆိပ်တုံးရလာတော့မှ သူ့ကိုပြန်ပြီး လွှတ်လိမ့်မယ်"

လုရှောင်ဖုန့်က စိတ်ဝင်စားစွာဖြင့်နားထောင်နေသည်။

စောရကြယ်တံခွန်ကစကားဆက်လိုက်သည်။

"ခင်ဗျား လပဟာဆပ်ကိုရောက်တဲ့အခါ အကယ်၍ လီရှားကိုရှာမတွေ့ရင် တောင်ဆိတ်ကိုမေးပါလို့မှာလိုက်တယ်"

လုရှောင်ဖုန့်မျက်မှောင်ကုပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"တောင်ဆိတ်ဟုတ်လား"

စောရကြယ်တံခွန်ကခေါင်းညိတ်ပြလိုက်သည်။

"တောင်ဆိတ်ဆိုတာ လူတစ်ယောက်ရဲ့နာမည်ပါဗျာ"

လုရှောင်ဖုန့်ကခေါင်းညိတ်ပြလိုက်သည်။

"သူ့ကိုဘယ်မှာသွားရှာရမှာလဲ"

"လွယ်ပါတယ်… လဟာဆပ်မြို့မှာ သူ့နာမည်ကို ဘယ်သူ့မေးမေးရပါတယ်လို့ပြောတယ်"

"ကောင်းပြီလေ… မုတ်ဆိတ်ပြာက ဘာများမှာလိုက်သေးသလဲ"

"လီရှားနဲ့တွေ့ပြီး အရောင်းအဝယ်တည့်ရင် ငွေချက်ချင်းချေနိုင်အောင် ခင်ဗျားလဟာဆပ်မြို့ကိုရောက်တာနဲ့ငွေပို့လိုက်မယ်တဲ့"

"ကောင်းတယ်… ကဲ… ဒါပဲမဟုတ်လား၊ မင်းသွားတော့… ကျုပ်တရေးလောက်အိပ်ချင်သေးတယ်"

လုရှောင်ဖုန့်သည်ပြောပြီး မျက်လုံးအစုံမှိတ်ထားလိုက်တော့သည်။ သူသည် တကယ်ပင် အိပ်ပျော်သွားလေတော့သည်။

၀၀၀၀



## လဟာဆပ်မြို့

လဟာဆပ်မြို့သည် တရုတ်ပြည်အရှေ့မြောက်ပိုင်းရှိရှုံးဟွာကျန်းမြစ်ပေါ်၌တည်ရှိသည်။ တရုတ်ပြည်၏မြောက်ပိုင်းအစွန်ဆုံးမြို့တော်လည်းဖြစ်သည်။

လူဦးရေထူထပ်ခြင်းမရှိသော်လည်း စည်ကားသိုက်မြိုက်သည်။ အထူးသဖြင့် ဆောင်းရာသီကာလရောက်လာသောအခါ 'ရှုံးဟွာကျန်း'၏မြစ်ပြင်တစ်လျှောက်လုံးမှမြစ်ရေများသည် ရေခဲပြင်သို့ကူးပြောင်းသွားကာ လူတွေ ရေခဲပြင်၌လျှောက်နိုင်ရုံမျှမက မြင်းလှည်းများ၊ မြင်းများ၊ ကုန်တင်လှည်းများပင်သွားနိုင်ပေသည်။

'ရှုံးဟွာကျန်း'မြစ်သည် ရေခဲပြင်သို့ကူးပြောင်းသွားသောအခါ ၎င်းမြစ်၏နှစ်ဘက်သောကမ်းခြေတွင်ရှိသောလူများသည် ထိုရေခဲပြင်သို့ရောက်ရှိလာကြပြီး ယာယီအဆောက်အဦများဆောက်လုပ်၍ ကုန်ပစ္စည်းများခင်းကျင်းရောင်းချနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအနီးတစ်ဝိုက်တွင်နေထိုင်ကြသောလူများသည် ဤကဲ့သို့သောရာသီချိန်သို့ရောက်တိုင်း ဤနေရာသို့စုဝေးရောက်ရှိလာကာရောင်းဝယ်ဖောက်ကားကြသည်။

ရလာသောငွေများအား စားသောက်ကြသည်။

လောင်းကစားကြသည်။

လိုအပ်သောပစ္စည်းများဝယ်ယူကြသည်။

ထို့ကြောင့် လဟာဆပ်မြို့တော်သည် ဆောင်းရာသီတွင် အခြားမြို့နှင့်မတူ အလွန်စည်ကားသောမြို့တော်တစ်ခုဖြစ်လာလေသည်။ လဟာဆပ်သည် နေ့ဘက်၌သာစည်ကားသည်မဟုတ်။

ညဘက်တွင်လည်း မီးရောင်များထိန်ထိန်လင်းလျက် စည်ကားနေ၏။ လောင်းကစားဂေဟာများ၊ ကြေးတန်းစားမယ်များရှိသောဂေဟာများ၊ ထမင်းဆိုင်များ၊ အထည်အလိပ်ဆိုင်များ၊ အရက်ဆိုင်များ စသည်စသည်ဆိုင့်တန်းများသည် ရေခဲပြင်၏သုံးပုံတစ်ပုံခန့်နေရာယူထားကြလေသည်။

ညဘက်ရောက်သောအခါ အဝေးမှကြည့်ပါက မီးရောင်များသည် မိုင်ပေါင်းအတော်ရှည်လျားစွာ အဆက်မပြတ်လင်းထိန်နေပေသည်။



ထို့ကြောင့်လည်း အချို့က လဟာဆပ်မြို့အား ဆောင်းရာသီ၏မြို့တော်ဟုတင်စားခေါ်ဝေါ်ကြလေသည်။

၀၀၀၀

လုရှောင်ဖုန့်ရောက်ရှိသွားသောအချိန်တွင် ဆောင်းရာသီဖြစ်သဖြင့် ရွှံ့ဗွက်ကျွန်းမြစ်သည် ရေခဲပြင်အဖြစ်သို့ကူးပြောင်းနေပြီဖြစ်သည်။

လုရှောင်ဖုန့်သည် ကြီးကျယ်ခမ်းနားသောတည်းခိုခန်းတစ်ခုသို့ သွားရောက်တည်းခိုသည်။

သူ အခန်းငှားပြီးသည့်နောက် သန်မာထွားကျိုင်းသော လူနှစ်ယောက်က သေတ္တာတစ်လုံးကိုမ၍ရောက်ရှိလာလေသည်။

၎င်းထဲမှလူတစ်ယောက်က လုရှောင်ဖုန့်အားခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်လိုက်ပြီး....

“ခင်ဗျားနာမည်ကလုရှောင်ဖုန့်မဟုတ်လား”

လုရှောင်ဖုန့်ကခေါင်းညိတ်ပြသည်။ ထိုလူက....

“စောရကြယ်တံခွန်က လုရှောင်ဖုန့်အတွက် ဒီသေတ္တာကို ပို့ခိုင်းလိုက်ပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ဖုန့်သည် ခေါင်းတစ်ချက်ဆတ်ပြလိုက်ပြီး....

"ကဲ... ကဲ... ဒီလိုဆိုရင် ကျုပ်အခန်းထဲယူလာခဲ့ပါ"

ထိုလူနှစ်ယောက်သည်သေတ္တာကိုမ,၍ အခန်းထဲသို့လာရောက်ချထားလိုက်ပြီးနောက် လုရှောင်ဖုန့်အားနှုတ်ဆက်ပြီးထွက်ခွာသွားတော့သည်။

ထိုလူနှစ်ယာက် အခန်းထဲမှထွက်ခွာသွားသည်နှင့်....

လုရှောင်ဖုန့်သည် အခန်းတံခါးကိုပိတ်လိုက်သည်။

ထို့နောက် သေတ္တာအားဖွင့်ကြည့်လိုက်သည်။

သူ၏မျက်လုံးများဝင်းလက်သွားသည်။

သေတ္တာထဲ၌ ငွေတုံးများအပြည့်အသိပ်ပါလာသည်ကိုတွေ့လိုက်ရသည်။ လုရှောင်ဖုန့် စိတ်အလိုလိုပျော်ရွှင်လာသည်။

သူသည် ငွေတုံးအနည်းငယ်ကိုယူ၍ အိတ်ထဲထည့်လိုက်ပြီး အခန်းထဲမှထွက်လာခဲ့သည်။ အိတ်ထဲ၌ ငွေအရံသင့်ပါလာသဖြင့် သူသည် အားပါးတရစားသောက်ရန်ရည်ရွယ်၍ ထွက်လာခြင်းပင် ဖြစ်လေသည်။

သို့သော် သူထင်သလောက် မြိန်ယှက်စွာအရသာမခံစားလိုက်ရပါ။



အကြောင်းမှာ သူနှင့်ကပ်လျက်စားပွဲတစ်ခု၌ မြို့စားကြီး၏ကိုယ်ရံတော်သုံးယောက်ဖြစ်သော နွေ မိုး နှင်းတို့ ထိုင်၍အရက်သောက်နေသည်ကိုတွေ့လိုက်ရသောကြောင့်ပင်ဖြစ်ပေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## တောင်ဆိတ်ကိုတွေ့ပြီ

မြို့စားကြီး၏ကိုယ်ရံတော်သုံးယောက်သည် လုရှောင်ဖုန့်အား လှည့်၍ပင်မကြည့်ပါ။ သူတို့သုံးဦးသည် အားပါးတရ အရက်သောက်နေကြသည်။ လုရှောင်ဖုန့်သည် ကပျာကယာ စားသောက်ပြီးဆိုင်ထဲမှထွက်လာခဲ့သည်။

သူသည် တောင်ဆိတ်အား မည်သည့်နေရာတွင်လိုက်ရှာရမည်ကိုတွေးနေစဉ်မှာပင် လူတစ်ယောက်သည် အခန်းတစ်ခုမှ ခုန်ပျံထွက်လာပြီး သူ့ရှေ့တွင် လဲကျလာလေသည်။

သူသည် ထိုလူကိုသေချာစွာကြည့်လိုက်သည်။

ထိုလူသည် လောင်းကစားခန်းတွင်းမှ တစ်စုံတစ်ယောက်၏ကိုင်ပေါက်ထုတ်ခြင်းကိုခံလိုက်ရသူဖြစ်ကြောင်း သူသိလိုက်ရလေသည်။ ထိုလူသည် မြေပေါ်တွင်လဲနေရာမှ ချက်ချင်းလူးလိမ့်ထလာသည်။



သူသည် လောင်းကစားခန်းတွင်းသို့မကျေမနပ်တစ်ချက်ငဲ့စောင်းကြည့်ရင်း....

"တောက်... ကျုပ်ငွေကုန်သွားလို့မောင်းထုတ်တယ်ပေါ့၊ ကျုပ်လက်ထဲငွေရှိတဲ့အခါကျရင် ဒင်းတို့ကို ဟောသလို ငွေနဲ့ပေါက်ပစ်မယ်... မှတ်ထား"

ဟု လက်ဟန်ခြေဟန်နှင့်ကြုံးဝါးလိုက်လေသည်။

လုရှောင်ဖုန့်က ထိုသူ့အားပြုံးပြလိုက်ပြီး....

"ဘယ်လိုဖြစ်လာတာလဲဗျ"

ထိုသူသည် လုရှောင်ဖုန့်အားခြေဆုံးခေါင်းဆုံးကြည့်ရင်း—

"ကျုပ်ငွေတွေ အကုန်ရှုံးသွားလို့ အကြွေးနဲ့ထပ်လောင်းတာကို သူတို့ကလက်မခံဘူးဗျ၊ ကျုပ်က မခံချင်လွန်းလို့အော်မိတာနဲ့ ကျုပ်ကိုမောင်းထုတ်လိုက်တာပဲဗျ"

လုရှောင်ဖုန့်က အိတ်ထဲမှငွေတုံးတစ်တုံးကိုထုတ်ယူပြီး—

"ခင်ဗျားကိုဒီငွေတုံးပေးလိုက်မယ်လေ... ဘယ့်နှယ်လဲ"

"ဗျာ...."

ထိုလူသည် အံ့ဩလွန်းသဖြင့် မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာပါ… ဒါပေမယ့် ကျုပ်မေးတဲ့မေးခွန်းကို ဖြေနိုင်ရင် ဒီငွေတုံးဟာခင်ဗျားအပိုင်ပေါ့ဗျာ"

"မေးပါ… မေးပါ၊ ခင်ဗျား ဘာမေးမလို့လဲ"

"တောင်ဆိတ်ဘယ်မှာနေသလဲ"

ထိုသူသည် လုရှောင်ဖုန့်၏လက်ထဲမှငွေတုံးကိုဆတ်ခနဲဆွဲယူလိုက်ပြီး….

"ကျုပ်ဟာတောင်ဆိတ်ပဲဗျ"

ဟုဖျာဖျာသလဲဆိုသည်။

လုရှောင်ဖုန့်သည် အကြီးအကျယ်ဝမ်းသာသွားသည်။

သူသည် ငွေတုံးတစ်တုံးထပ်မံထုတ်လိုက်သည်။

"ကျုပ်မေးခွန်းတစ်ခုကျန်သေးတယ်… ဖြေနိုင်ရင် ဟောဒီငွေတုံးကိုခင်ဗျားထပ်ရမယ်"

တောင်ဆိတ်က ခပ်သွက်သွက်ပင်….

"မေးပါဗျာ"

"လီရှားကိုဘယ်မှာတွေ့နိုင်မလဲ"

တောင်ဆိတ်သည် မျက်တောင်ပုတ်ခတ်ပုတ်ခတ်နှင့် စဉ်းစားနေသည်။



လုရှောင်ဖုန့်သည် သူ့အားစေ့စေ့ကြည့်လိုက်ပြီး….

"ဘာလဲ… ဒီမေးခွန်း ခင်ဗျားမဖြေနိုင်တော့ဘူးလား"

"ကျုပ်ဖြေနိုင်ပါတယ်"

"ဒါဖြင့် ဘာလို့မဖြေသလဲ"

"ခင်ဗျားငွေတုံးကနည်းနေလို့ပါ"

လုရှောင်ဖုန်းသည် တောင်ဆိတ်၏အပြောကြောင့် သဘောကျစွာပြုံးလိုက်သည်။ သူသည် ငွေတုံးတစ်တုံးထပ်မံထုတ်လိုက်သည်။ တောင်ဆိတ်သည် ခေါင်းခါယမ်းလိုက်ပြီး တစ်ဆက်တည်း လက်ချောင်း(၅)ချောင်းထောင်ပြလိုက်သည်။

လုရှောင်ဖုန့် မျက်မှောင်ကုပ်သွားသည်။

"မများလွန်းဘူးလားဗျ"

တောင်ဆိတ်ကထပ်မံခေါင်းခါပြလိုက်သည်။

"မများပါဘူး… လီရှားကိုတွေ့ဖို့ ပါးစပ်နဲ့ညွှန်ကြားလို့ မဖြစ်နိုင်လို့ပါ"

လုရှောင်ဖုန့်က….

"ဘာဖြစ်လို့လဲ"

"ကျုပ်ကိုယ်တိုင်လိုက်ပို့မှဖြစ်မှာမို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ဖုန့် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ... ခင်ဗျားကိုယ်တိုင်လိုက်ပို့ရင်တော့ ပေးရတော့မှာပေါ့ဗျာ"

လုရှောင်ဖုန့်သည် တောင်ဆိတ်အား ငွေတုံး(၅)တုံးပေးရန် သဘောတူလိုက်လေတော့သည်။

၀၀၀၀

တောင်ဆိတ်သည် ရင်ကော့၍ ရှေ့မှဦးဆောင်လျှောက်နေသည်။ လုရှောင်ဖုန့်သည် သူ့နောက်မှလိုက်နေ၏။

အတန်ကြာသွားမိသောအခါ သူတို့၏မြင်ကွင်း၌ အဆုံးအစမရှိသောရေခဲပြင်ကိုသာတွေ့မြင်လိုက်ရလေသည်။

ငွေရောင်နှင်းမှုန်များသည် ပတ်ဝန်းကျင်တစ်ခုလုံးအား ဖုံးလွှမ်းထားသဖြင့် အခြားမည်သည့်အရာကိုမှ သဲသဲကွဲကွဲမမြင်ရတော့ချေ။

လုရှောင်ဖုန့်သည် တောင်ဆိတ်နောက်သို့မျက်ခြည်မပြတ်လိုက်လာသည်မှာ အချိန်အတန်ကြာသွားပြီဖြစ်သည်။

သို့သော်... တောင်ဆိတ်သည် ရေခဲနေသောမြစ်ဆီသို့သာ



ဦးတည်လျှောက်သွားနေသည်ကိုတွေ့ရသဖြင့် စိတ်ထဲတွင်သည်းမ နိုင်တော့ပါ။ ထို့ကြောင့်...

"ဒီမှာတောင်ဆိတ်... ကျုပ်ကို ဘယ်ခေါ်သွားမလို့လဲ"

ဟုလှမ်း၍မေးလိုက်သည်။

"ကျုပ်အိမ်ကိုခေါ်သွားမလို့ပေါ့ဗျာ"

တောင်ဆိတ်က လှည့်၍မကြည့်ဘဲ ပြန်ဖြေလိုက်သည်။

"ဘာဖြစ်လို့ ကျုပ်ကိုခင်ဗျားအိမ်ခေါ်သွားရတာလဲ"

"ခင်ဗျားကလီရှားကိုတွေ့ချင်တယ်ဆို"

"ဗျာ... လီရှားကခင်ဗျားအိမ်မှာနေလို့လား"

"မဟုတ်ပါဘူး... ကျုပ်အိမ်မှာ လီရှားနဲ့ဆက်သွယ်နိုင်မယ့်လူရှိနေလို့ပါ။ သူက ခင်ဗျားကိုလိုက်ပို့လိမ့်မယ်"

လုရှောင်ဖုန့်သည် ဘာမျှက်ပြီးစောဒကတက်မနေတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



တောင်ဆိတ်၏အိမ်သည် ကြီးမားသောရေအိုးတစ်လုံးနှင့် ဆင်တူနေလေသည်။ လုရှောင်ဖုန့်သည် ထိုအိမ်ကိုမြင်သောအခါ အံ့သြစွာကြည့်နေလေသည်။

"ဒါ ခင်ဗျားအိမ်ဟုတ်လား"

တောင်ဆိတ်ကခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... ဒီလိုအိမ်မျိုး ခင်ဗျားမြင်ဖူးသလား"

လုရှောင်ဖုန်းခေါင်းခါလိုက်သည်။

"ဟင့်အင်း... ကျုပ်ဘယ်တုန်းကမှ ဒီလိုအိမ်မျိုးကိုမမြင်ဖူးပါဘူး"

"ကျုပ်ကိုကောမြင်ဖူးသလား"

တောင်ဆိတ်၏အမေးကို လုရှောင်ဖုန့်က ခေါင်းခါယမ်းပြလိုက်သည်။ တောင်ဆိတ်သည် သူ့အားစေ့စေ့ကြည့်လိုက်ပြီး...

"ဒါပေမယ့် ကျုပ်ကခင်ဗျားကိုမြင်ဖူးသလိုပဲ"

"ဟုတ်လား"

"ခင်ဗျားက သူခွေးကြီးလုစန်းအမှန်ပဲနော်"

လုရှောင်ဖုန့်က ဟန်မပျက်ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"



တောင်ဆိတ်က ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်။ ပြီးမှ လုရှောင်ဖုန့်အား အသေအချာကြည့်ပြီး ခေါင်းအသာ ခါယမ်းလိုက်သည်။

"ခင်ဗျားဟာ သူခွေးကြီးလုစန်းမဟုတ်ပါဘူး"

"ဗျာ... ကျုပ်ဟာ လုစန်းမဟုတ်ဘူးလို့ ခင်ဗျားဘယ်လို ပြောနိုင်တာလဲ"

"ဟုတ်ပါတယ်... ခင်ဗျား လုစန်းမဟုတ်တာတော့သေချာ ပါတယ်"

"ဒါဖြင့် ကျုပ်ကဘယ်သူတဲ့တုန်း"

"ခင်ဗျား ဘယ်သူပဲဖြစ်ဖြစ် ဒါပေမယ့် လုစန်းမဟုတ်ဘူး ဆိုတာတော့သေချာတယ်"

တောင်ဆိတ်ကအနိုင်အမာ...

"ဘာဖြစ်လို့"

"လုစန်းကို ကျုပ်တစ်ကြိမ်တွေ့ဖူးမြင်ဖူးခဲ့လို့ပေါ့"

လုရှောင်ဖုန့်သည် တဟားဟားရယ်မောလိုက်လေသည်။

"ဒါဖြင့်..."

သူ့စကားအား တောင်ဆိတ်ကကြားဖြတ်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကငွေရရင်ပြီးတာပဲ၊ ခင်ဗျား ဘယ်သူပဲဖြစ်ဖြစ် ကျုပ်အလုပ်မဟုတ်ပါဘူး၊ ကဲ… အိမ်ထဲကိုကြွပါခင်ဗျာ"

သူသည် ပြောပြောဆိုဆိုနှင့်အိမ်တံခါးကိုတွန်းဖွင့်၍ ဝင်သွားတော့သည်။ လုရှောင်ဖုန့်သည် စိတ်မောစွာဖြင့် သက်ပြင်းတစ်ချက်ချလိုက်သည်။ တောင်ဆိတ်သည် သူထင်သည့်ထက်များစွာပါးနပ်သူဖြစ်ကြောင်း သူနားလည်လိုက်သည်။

အမှန်မှာ တောင်ဆိတ်ဆိုသည့်သိမ်မွေ့သောနာမည်အစားမြေခွေးဟုပြောင်းပြီးခေါ်လျှင် ပို၍အံဝင်ခွင်ကျဖြစ်မည်ဟု လုရှောင်ဖုန့် ရုတ်တရက်တွေးလိုက်မိတော့သည်။

၀၀၀၀



တောင်ဆိတ်….

သူသည် အသက်(၅၀)ကျော်ခန့်ရှိသည်။ ပိန်ပိန်ရှည်ရှည်အသားဖြူဖြူဖွေးဖွေးဖြစ်ပြီး မျက်ပေါက်ကျဉ်းသည်။ သို့သော် မျက်ခုံးမွေးလူလူ နားရွက်ကားကား မျက်နှာသွယ်သွယ်။

အထူးသဖြင့်… မေးစေ့အောက်၌ တစ်ထွာခန့်ရှည်သောမုတ်ဆိတ်မွေးများရှိနေသောကြောင့် တောင်ဆိတ်တစ်ကောင်နှင့်တူနေသည်။ ထို့ကြောင့်လည်း သူ၏နာမည်ရင်းပျောက်၍ အားလုံးကသူ့အား တောင်ဆိတ်ဟုခေါ်ကြသည်။

သို့သော်… လုရှောင်ဖုန့်သည် တောင်ဆိတ်အား သဘောကောင်းသူ ရိုးသားသူဟုမထင်မိပါ။ တောင်ဆိတ်သည် ကောက်ကျစ်စဉ်းလဲသည့်နေရာတွင် မြေခွေးထက်ပင်ပိုလိမ္မာမည်ဟု လုရှောင်ဖုန့် တွေးမိသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## တိတ်တခိုးအကြည့်

အပြင်ဘက်တွင် အေးလွန်းသလောက် အိမ်ခန်းထဲတွင်မူ နွေးနွေးထွေးထွေးရှိလှသည်။ မီးတောက်မီးလျှံဖြင့်နီရဲနေသော မီးဖို၏နံဘေးတွင် မိန်းကလေးတစ်ယောက်ထိုင်နေသည်။

တောင်ဆိတ်က သူ့အားမိတ်ဆက်ပေးမှ ထိုမိန်းကလေး၏နာမည်မှာ ချင်းကျင့်ကျင့်ဖြစ်ကြောင်း လုရှောင်ဖုန့်သိရသည်။

"လီရှားက လဟာဆပ်မြို့မှာရှိတယ်ဆိုတာတော့ သေချာတယ်၊ ဒါပေမယ့် သူ ဘယ်နေရာမှာရှိတယ်ဆိုတာတော့ ကျူဝ်လဲ သေသေချာချာမသိဘူးဗျ။ ဒါကြောင့် ဒီကိစ္စမှာ...."

တောင်ဆိတ်သည် ပြောရင်း ချင်းကျင့်ကျင့်အား လက်ညှိုးထိုးပြလိုက်ပြီး....

"သူ့ကိုပဲ တာဝန်ပေးရတော့မှာပဲ"

ဟုပြောပြလေသည်။



လုရှောင်ဖုန့်သည် ယခုမှ တောင်ဆိတ်က မိမိအား အဘ
ကြောင့် ဤနေရာသို့ခေါ်လာရသည့်အကြောင်းရင်းကို သိရတေ
သည်။ တောင်ဆိတ်သည်လက်နှစ်ဖက်အား မီးဖို ပေါ်သို့မီးလှုံရန်တ
ရင်း....

"ကဲ... ချင်းကျင့်ကျင့် သူကလီရှားကိုတွေ့ချင်လို့တဲ့ မင်းက
လီရှား ဘယ်မှာရှိတယ်ဆိုတာသိတယ်မဟုတ်လား"

ချင်းကျင့်ကျင့်သည် လုရှောင်ဖုန့်အားစေ့စေ့ကြည့်လိုက်ပြီ
အတန်ကြာမှ ခေါင်းညိတ်ပြလိုက်သည်။

"ဒါဖြင့် လီရှားဘယ်မှာရှိသလဲ"

ချင်းကျင့်ကျင့်သည် မျက်လွှာချလိုက်ပြီး....

"ငွေချိတ်လောင်းကစားခန်းမှာ"

ဟုတိုးတိုးတုတ်တုတ်ဖြေလေသည်။

လုရှောင်ဖုန့် မျက်မှောင်ကုပ်သွားပြန်သည်။

"ငွေချိတ်လောင်းကစားခန်းကဘယ်မှာလဲ"

တောင်ဆိတ်ကပြုံးလိုက်ပြီး....

"မြို့လယ်ခေါင်မှာပါ... ခင်ဗျားတည်းတဲ့တည်းခိုခန်းကလု
ကိုမေးလိုက်ရင် သိပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



လုရောင်ဖုန့်သည် ထိုင်ရာမှထလိုက်သည်။

သူသည် ချင်းကျင့်ကျင့်အားတစ်ချက်ကြည့်လိုက်ပြီး....

"ကျေးဇူးတင်ပါတယ်ညီမ"

ဟုပြောပြီး အခန်းမှချက်ချင်းထွက်ခွာလေသည်။

ထိုအခိုက်အတန့်အချိန်ကလေးတွင်....

ချင်းကျင့်ကျင့်သည် သူ့အား မသိမသာ တစ်ချက်ခိုးကြည့်လိုက်ကြောင်း သူသိလိုက်ရလေသည်။

*ပထမပိုင်းပြီး၏။*

*ဒု-စာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်*

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၂ ခုနှစ်
ပထမအကြိမ် အုပ်ရေ–၄၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ မိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅– လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။



## ခုတင်ပေါ်ကမိန်းကလေး

ညဉ့်နက်နေပြီဖြစ်သည်။ ထိန်ထိန်လင်းနေသော မီးရောင်များသည် ယခုအခါ ငြိမ်သွားကြပြီဖြစ်သည်။

နေ့လည်ပိုင်းအချိန်တွင် စည်ကားသိုက်မြိုက်စွာရှိနေခဲ့သော မြို့လေးကား ညဘက်တွင် အမှောင်ထုနှင့်အအေးဓာတ်ကသာ လွှမ်းမိုးထားလေသည်။

ဆေးသွားပမာ ထက်မြက်လှသောလေအေးသည် ရေခဲမြင်အဖြစ်ပြောင်းလဲသွားသောမြစ်ပေါ်မှဖြတ်သန်းတိုက်ခတ်လာရ၍လားမသိ။

လူတစ်ကိုယ်လုံး ခိုက်ခိုက်တုန်လာအောင်ချမ်းစိမ့်စေလေသည်။ တဟူးဟူးတိုက်ခတ်နေသောလေသံနှင့်အတူ ဝံပုလွေအော်သံများပါ ရောရောလွင့်ပါးလာသဖြင့် ကြားရသူများအဖို့ ရင်တုန်ဖွယ်ပင်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုရောင်ဖုန့်သည် လက်ကိုတင်းကျပ်စွာဝိုက်ထွေးလျက်လျှောက်လာနေသည်။

သူသည် လမ်းတစ်ခုအတွင်းချိုးဝင်လိုက်သည်နှင့် သူ့တည်းခိုသောချန်ချန်းတည်းခိုခန်းမှ မီးရောင်များကိုမြင်လိုက်ရသည်။

လုရောင်ဖုန့် သက်ပြင်းတစ်ချက်ချလိုက်သည်။

သူသည် ထွေးနွေးသောအိပ်ရာပေါ်သို့အမြန်ဆုံးဝင်ပြီး ကွေးလိုက်မည်ဟုလည်းဆုံးဖြတ်ထားသည်။

သို့သော် ချန်ချန်းတည်းခိုခန်းအနီးသို့ သူရောက်သွားချိန်တွင် တည်းခိုခန်း၏နံဘေးမှ လူရိပ်တစ်ခုရိပ်ခနဲထွက်လာပြီးနောက် အမှောင်ထဲသို့ပြေးဝင်ပျောက်ကွယ်သွားလေသည်။

လုရောင်ဖုန့်၏ခြေလှမ်းများ တုံ့ခနဲရပ်သွားသည်။

စိတ်ထဲမှလည်းရေရွတ်လိုက်မိသည်။

"ဘယ်သူများပါလိမ့်"

ဟုရေရွတ်လိုက်မိသည်။

ထိုသူ၏လှုပ်ရှားဟန်ကိုကြည့်ရသည်မှာ

သိုင်းသမားတစ်ယောက်နှင့်တူလှသည်ဟုတွေးမိသည်။

ထိုသူသည် အဘယ်ကြောင့် ယခုကဲ့သို့ အချိန်မတော်တွင်



ခိုးကြောင်ခိုးဝှက်လှုပ်ရှားနေရပါသနည်း။

မေးခွန်းတသိကြီးသည် လုရောင်ဖုန့်၏ဦးခေါင်းထဲသို့ဝင်ရောက်လာပေသည်။

သူသည် တုံ့ရပ်နေသောခြေလှမ်းများကို လျင်မြန်စွာ ရွေ့လျားစေရင်း တည်းခိုခန်းသို့လျင်မြန်စွာလှမ်းဝင်လိုက်လေသည်။

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းတံခါးကိုဖွင့်၍ဝင်လိုက်သည်နှင့် သူ့မျက်လုံးအစုံ ပြူးကျယ်သွား၏။ အကြောင်းမှာ....

သူ၏ခုတင်ပေါ်တွင် မိန်းကလေးတစ်ယောက် အခန့်သား အိပ်လျက်ရှိနေသည်ကိုတွေ့လိုက်ရသောကြောင့် ပင် ဖြစ်လေသည်။

သူသည် ထိုမိန်းကလေးအား မျက်မှောင်ကုပ်၍ အတန်ကြာအောင်ကြည့်နေမိသည်။ ထိုစဉ် မိန်းကလေးသည် လန့်၍နိုးလာဟန်ဖြင့် ကမျာကယာထထိုင်လိုက်သည်။

ပြီးနောက် ထိတ်လန့်တကြားဟန်ဖြင့်....

"ရှင်... ရှင် ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျွန်မအခန်းထဲဝင်လာရတာလဲ"

"ဗျာ...."

လုရှောင်ဖုန့် အံ့သြသွားသည်။ သူသည် မိန်းကလေးအား ကြောင်အမ်းအမ်းပြန်ကြည့်ရင်းမေးလိုက်သည်။

"ဒါနဲ့ နေပါဦး.... ဒီအခန်းနံပါတ်က အမှတ်(၉) အခန်းမဟုတ်လား"

"ဟုတ်ပါတယ်ရှင်... ရှင့်အခန်းကော"

မိန်းကလေးက ဖြေလည်းဖြေ ပြန်လည်းမေး၏။



လုရှောင်ဖုန့်က...

"အမှတ်(၉)ပေါ့"

ဟုတိုတိုတုတ်တုတ်ပြန်ပြော၏။

မိန်းကလေးသည် သူ့အား အတန်ကြာစေ့စေ့ကြည့်လိုက်၏။ ပြီးနောက် ရယ်မောလိုက်လေသည်။

လုရှောင်ဖုန့် မျက်မှောင်ကုပ်သွားရပြန်သည်။

"ခင်ဗျားဘာရယ်တာလဲဗျ"

မိန်းကလေးသည် ရယ်မောရာမှရပ်တန့်လိုက်ပြီး....

"ရှင်... ရှင်ဟာလုရှောင်ဖုန့်မဟုတ်လား"

လုရှောင်ဖုန့် ထပ်မံအံ့သြသွားပြန်သည်။

သူသည် ဤနေရာဝန်းကျင်တွင် သူ့ကိုယ်သူလုစန်းဟု အမည်ပေးထားခဲ့သည်။ ယခု...

ဤအမျိုးသမီးက သူ့အား အဘယ်ကြောင့်လုရှောင်ဖုန့်မှန်း သိနေရပါသနည်း။ အမျိုးသမီးသည် လုရှောင်ဖုန့်၏အတွေးကို ရိပ်မိဟန်ဖြင့်ဆက်ပြောလေသည်။

"ကျွန်မနာမည်ကချိုချိုပါ... မုတ်ဆိတ်ပြာကလွှတ်လိုက်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကရှင်းပြလိုက်သဖြင့် လုရှောင်ဖုန့်သဘော ပေါက်သွားသည်။ သို့သော် သူ၏လှုပ်ရှားမှုမှန်သမျှကို မုတ်ဆိတ်ပြာက အားလုံးသိနှင့်ပြီဟုတွေးမိသဖြင့် ပိုရှုပိုရှုပ်အုံ့ညြသွားမိလေသည်။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"မုတ်ဆိတ်ပြာက ဘာကိစ္စနဲ့မင်းကိုလွှတ်လိုက်တာလဲ"

ချီချီအမည်ရှိမိန်းကလေးက....

"ငွေပို့ခိုင်းလိုက်လို့ပါ"

"ငွေ... ကျုပ်မှာငွေတစ်သေတ္တာရှိသေးတယ်လေ"

ချီချီအမည်ရှိမိန်းကလေးက....

"လီရှားဟာ ဒီငွေတစ်သေတ္တာလောက်နဲ့ သူ့ရဲ့တံဆိပ်တုံး ကိုရောင်းမှာမဟုတ်ဘူးလို့ သူထင်နေတယ်ရှင့်"

"သူက လီရှားအကြောင်းကိုအတွင်းသိအစင်းသိနဲ့တူတယ်"

ချီချီအမည်ရှိမိန်းကလေးကပြုံးလိုက်လေသည်။

"သိမှာပေါ့ရှင်... လီရှားဟာ မုတ်ဆိတ်ပြာရဲ့မိန်းမဆိုတာ ရှင်မေ့နေပြီလား"

လုရှောင်ဖုန့် ပါးစပ်ပိတ်ထားလိုက်ရတော့သည်။

✡✡✡



လုရှောင်ဖုန့် အိပ်ရာမှနိုးလျှင်နိုးချင်း ချီချီကိုမတွေ့ရပါ

သူ ခုတင်ပေါ်မှထပြီး မျက်နှာသစ်ပြီးချိန်ကျမှပင် ချီချီ သည် စားသောက်ဖွယ်ရာများကိုယူဆောင်လာ၍ သူ့အခန်းထဲသို့ ဝင် လာလေသည်။

"ရှင် လီရှားနဲ့ဆက်သွယ်မိပြီလား"

သူမသည် စားသောက်ဖွယ်ရာများအား စားပွဲပေါ်သို့ချထာ ရင်း မေးလိုက်သည်။

"မဆက်သွယ်မိသေးပါဘူး... ကနေ့တော့ ဆက်သွယ်မိလိမ့် မယ်လို့ မျှော်လင့်ရတာပဲ"

"ဒါဖြင့်... စားစရာရှိတာ မြန်မြန်စားပြီး မြန်မြန်သွားပါ။ ဒီ လောက်အေးတဲ့နေရာမျိုးမှာ ရှင်ကြာကြာနေချင်လို့လား"

"အင်း မနေချင်ပေမယ့်နေရမှာပဲ၊ ကျုပ်က နက်ဖြန်တောင် ပြန်လိုက်ချင်ပါတယ်၊ ဒါပေမယ့် ဒီကိစ္စကလောလို့မရဘူးဗျ"

"ကဲပါလေ.... စားစရာသာအရင်စားပါ၊ ပြီးတော့ မြန်မြန် သွား... ဒါမှလဲမြန်မြန်ပြီးမယ်၊ ကျွန်မတော့ ဒီနေရာမျိုးမှာ ကြာကြာ သာနေရရင် ရေခဲတုံးဖြစ်သွားလိမ့်မယ်"

ချီချီက စိတ်မရှည်နိုင်ဟန်ဖြင့်ပြောလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com



လှရောင်ဖုန့်သည် စားပွဲအနီးသို့လျှောက်လာပြီး ထိုင်ချလိုက်သည်။

"ကောင်းပါပြီဗျာ... ကျုပ်အမြန်ဆုံးပြီးအောင် ကြိုးစားပါ့မယ်၊ ကျုပ်လဲ ရေခဲတုံးအဖြစ်မခံနိုင်ပါဘူး"

ချိုချိုသည် လှရောင်ဖုန့်၏အပြောကြောင့် သဘောကျပြီး ရယ်မောလိုက်လေသည်။

✡✡✡



ချိုချိုသည် အသက်(၂၀)ဝန်းကျင်မျှသာရှိသောအမျိုးသမီးဖြစ်သည်။ ထူထဲသောဗွမ်းကပ်အဝတ်များဝတ်ဆင်ထားသည့်တိုင် သူမ၏အချိုးအစားပြေပြစ်သောခန္ဓာကိုယ်ဖွဲ့စည်းမှုကို ဖုံးကွယ်ထားနိုင်စွမ်းမရှိပါ။

ယခု လှရောင်ဖုန့်သည် ထိုချိုချိုဆိုသောအမျိုးသမီးလေး၏ပြုစုခြင်းခံနေရသဖြင့် စိတ်ကြည်နူးနေမိသည်။

သို့သော်...

သူနှင့်တွေ့ဆုံသမျှမိန်းကလေးများသည် များသောအားဖြင့် ခေသောအမျိုးသမီးများမဟုတ်ကြရကား...

သူသည် ကြည်နူးစိတ်များကိုသတိဖြင့်ထိန်းချုပ်၍ ချိုချိုလာရောက်ချပေးသောဟင်းလျာများကို အားရပါးရစားသောက်နေမိလေသည်။

ချိုချိုသည် သူ့အားပြုံး၍ကြည့်ရင်း...

"ရှင့်ကို ကျွန်မအဆိပ်ခတ်မှာမကြောက်ဘူးလား"

ဟုမေးလာလေသည်။

လှရောင်ဖုန့် တစ်ခွန်းမျှပြန်မဖြေပါ။

အစားသာကုန်အောင်စား၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက်...

လက်သုတ်ပဝါဖြင့်နှုတ်ခမ်းကိုသုတ်ကာ ထိုင်ရာမှထလိုက်လေသည်။

ထို့နောက် ချိုချိုအမည်ရှိမိန်းကလေးအားစိုက်ကြည့်ရင်း..

"အခုလိုပြုစုကျွေးမွေးတာကျေးဇူးတင်ပါတယ်၊ ကဲ... ကျုပ်သွားလိုက်ပါဦးမယ်"

လုရှောင်ဖုန်းသည် ပြောပြောဆိုဆိုဖြင့်အခန်းထဲမှထွက်ခွာသွားလေတော့၏။

✡✡✡



## လီရှားနှင့်မျက်နှာချင်းဆိုင်

ရုပ်ဆိုးအကျည်းတန်သည်ဟုမဆိုနိုင်သော အမျိုးသမီးတစ်ယောက်သည် ညှော်ခန်းရှိကြီးမားသောကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်ရင်း မီးလှုံနေ၏။

"ကျွန်မကလီရှားပါ"

သူမသည် စကားကိုဖွဲ့နွဲ့ပြောဆိုတတ်သောအမျိုးသမီးတစ်ယောက်မဟုတ်ပါ။ ထို့ကြောင့် ချင်းကျင့်ကျင့်က သူမအား လုရှောင်ဖုန့်နှင့်မိတ်ဆက်ပေးလျှင်ပေးခြင်း၊ ယခုကဲ့သို့ တိုတိုတုတ်တုတ်စတင်၍ပြောလိုက်ခြင်းဖြစ်သည်။

"ကျုပ်ကလုစန်းပါ"

လုရှောင်ဖုန့်ကလည်း ပြုံး၍နှုတ်ဆက်လိုက်သည်။

လီရှားသည် နေရာထိုင်ခင်းပေးပြီးနောက် လုရှောင်ဖုန့်အား ခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က တံဆိပ်တုံးဝယ်ချင်တယ်ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ရှင့်မှာငွေပါလာသလား"

လုရှောင်ဖုန့်ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... အဆင်သင့်ပါလာပါတယ်"

"ငွေ ဘယ်လောက်ပါသလဲ"

လီရှားဆိုသူအမျိုးသမီးကပြန်မေးသည်။

လုရှောင်ဖုန့်က...

"ခင်ဗျားကဘယ်လောက်လိုချင်လို့လဲ"

လီရှားသည် လက်ချောင်းငါးချောင်းထောင်ပြလိုက်သည်။

"ငါးသောင်းပေါ့ဟုတ်လား"

လီရှား ခေါင်းတစ်ချက်ခါယမ်းပြလိုက်သည်။

"ငါးသိန်းရှင့်... ငါးသိန်း"

လုရှောင်ဖုန့်ကပြုံးပြီး လက်ချောင်းသုံးချောင်း ပြန်ထောင်ပြလိုက်သည်။

"ကျုပ်မှာ ငွေသုံးသိန်းပဲပါလာတယ်ဗျ"

လီရှားက မျက်မှောင်တစ်ချက်ကုပ်သွားသည်။



အတန်ကြာမှ သူမသည် တစ်စုံတစ်ခုကိုယတိပြတ်ဆုံးဖြတ်လိုက်ဟန်ဖြင့်ခေါင်း ညိတ်ပြလိုက်သည်။

"ကောင်းပြီလေ... ငွေကိုသာအရင်ပို့လိုက်ပါ"

လုရှောင်ဖုန့်သည် ချင်းကျင့်ကျင့်အားလှမ်းကြည့်လိုက်၏။ သူမကခေါင်းညိတ်ပြသည်။ ထို့ကြောင့် သူသည်လည်း ရောယောင်ပြီးခေါင်းညိတ်လိုက်မိသည်။

"ကောင်းပါပြီလေ... ကျုပ်အလိုရှိတဲ့တံဆိပ်တုံး ဘယ်တော့လောက်ရမှာလဲ"

လီရှားကပြုံးလိုက်ပြီး....

"ရှင်ငွေပို့ပြီးရင် တံဆိပ်တုံးကိုအမြန်ဆုံး ရှင့်ဆီအရောက်ပို့လိုက်မှာပေါ့"

"ကောင်းပြီလေ... ကဲ ကျုပ်ကိုသွားခွင့်ပြုပါဦး။ ငွေ ခင်ဗျားဆီပို့ဖို့ ကျုပ်သွားပြီးအစီအစဉ်လုပ်ရဦးမယ်"

"ကောင်းပါပြီရှင်... ကျွန်မစောင့်နေပါ့မယ်"

သို့ဖြင့် လုရှောင်ဖုန့်သည် ဧည့်ခန်းထဲမှပြန်လည်ထွက်ခွာလာခဲ့လေသည်။

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



"လီရှားနဲ့တွေ့ခဲ့ရဲ့လား"

ချိုချိုသည် လှရှောင်ဖုန့်ပြန်လာသည်ကိုတွေ့လိုက်ရသည်နှင့် ဆီး၍မေးလိုက်ခြင်းပင်ဖြစ်သည်။

လှရှောင်ဖုန့်ကခေါင်းညိတ်ပြရင်း....

"တွေ့ခဲ့ပါတယ်... ငွေ သူ့ဆီအရင်ပို့ရမယ်လို့ပြောပါတယ်"

ဟုလီရှား၏တောင်းဆိုချက်ကိုပါ ပြန်လည်ပြောပြသည်။ ချိုချိုသည် အနည်းငယ်စဉ်းစားလိုက်ပြီးနောက်....

"သူ့ဆီငွေပို့ပြီးရင် တံဆိပ်တုံး ဘယ်လိုလုပ်မလဲ"

"သူက တို့ဆီရောက်အောင်ပို့ပေးမယ်လို့ပြောပါတယ်"

ချိုချိုမျက်မှောင်ကုပ်သွားသည်။

"စိတ်ချရပါ့မလားရှင်"

လှရှောင်ဖုန့် ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒါတော့ ကျုပ်လဲမပြောတတ်ဘူး"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"ခင်ဗျားရဲ့သဘောက ဘယ်လိုလဲ"

ချိုချိုက စိတ်ရှုပ်သွားဟန်ဖြင့်....

"ကျွန်မတော့ မစဉ်းစားတတ်တော့ဘူးရှင်"



"တို့က တံဆိပ်တုံးရရင်ပြီးတာပဲမဟုတ်လား"

"ပြီးပါတယ်ရှင်"

"ဒီလိုဆိုရင် ငွေပေးလိုက်ပေါ့"

ချိုချိုသည် အတန်ကြာအောင် စဉ်းစားချင့်ချိန်နေ၏။ ပြီးမှ ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီလေ... ဒီလိုဆို သူ့ဆီငွေပို့လိုက်ရုံပေါ့"

လှရှောင်ဖုန့်သည် ပခုံးတစ်ချက်တွန့်ပြလိုက်ပြီး အခန်းတွင်းမှထွက်လာခဲ့လေသည်။

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



ည....

ညအချိန်သည် တိတ်တဆိတ်ကျရောက်လာပြန်သည်။

လုရှောင်ဖုန့်သည် ညအမှောင်လွှမ်းသွားသည်ကို သတိမပြုမိပါ။ သူသည် လီရှားနှင့်တွေ့ဆုံပြီးသည့်နောက် ချန်းချန်တည်းခိုခန်းသို့ပြန်မသွားသေးဘဲ အရက်ဆိုင်တစ်ဆိုင်သို့ဝင်ကာ အရက်အိုးတစ်အိုးမှာယူပြီး တစ်ယောက်တည်းထိုင်၍သောက်နေခဲ့သည်။

သူသည် တစ်ယောက်တည်းထိုင်၍ အရက်သောက်ရင်း သပွတ်အူနှယ်ရှုပ်ထွေးနေသောကိစ္စရပ်များကို ပြန်လည်ဆက်စပ်၍ကြည့်နေမိလေသည်။

သူသည် ယင်းကိစ္စကိုအမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကာ ကျန်းနန်းကိုသာပြန်သွားချင်နေပြီဖြစ်သည်။

ယင်းသို့တွေးနေရင်းမှပင်....

ရုတ်တရက် အတွေးတစ်ခုသည် ဖျတ်ခနဲ သူ၏ဦးနှောက်ထဲသို့တိုးဝင်လာလေသည်။

သူ့နောက်ကိုနောက်ယောင်ခံလိုက်လာနေသော မြို့စားကြီး၏ကိုယ်ရံတော်သုံးယောက်တို့သည် ပထမနေ့တွင် သူနှင့်တွေ့ဆုံပြီးသည့်နောက်....



သူတို့သုံးယောက်သည် ဤကမ္ဘာမြေပေါ်မှ ရုတ်တရက်ပျောက်ကွယ်သွားသည့်အလား နောက်ပိုင်းတွင် လုံးလုံးလျားလျားမမြင်မတွေ့ရတော့ပေ။

သူတို့သည် မိမိနောက်သို့ မည်သည့်အကြောင်းကြောင့်ဆက်လက်နောက်ယောင်ခံလိုက်ခြင်း မပြုကြပါတော့သနည်း။

ယင်းမေးခွန်းသည် လုရှောင်ဖုန့်အား အတွေးရှုပ်စေသည်။ မည်သို့မျှတွေးမရအောင် ဦးနှောက်ခြောက်သွားစေတော့သည်။

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



ငွေချိတ်လောင်းကစားခန်းမှသတင်းကို ယခုအချိန်အထိမကြားရသေးပါ။ လုရှောင်ဖုန့်သည် လီရှားတောင်းသည့်ငွေကိုပို့ပေးလိုက်ပြီဖြစ်သည်။

ယခု သူသည် နံနက်စာစားရင်း လီရှားပို့လာမည့်တံဆိပ်တုံးကိုသာစောင့်မျှော်နေမိသည်။

ဆိတ်သားဟင်း၊ ဆိတ်သားကင်၊ ဆိတ်ခြေထောက်စွပ်ပြုတ်တို့သည် အလွန်အရသာရှိသောကြောင့် ယနေ့နံနက်စာစားရာတွင် လုရှောင်ဖုန့်သည် လွန်စွာမြိန်ယှက်ခဲ့သည်။

သူသည် ထမင်းဟင်းချက်ပြုတ်သူများကိုလည်း ချီးကျူးလိုစိတ်များ ရုတ်တရက်ပေါ်ပေါက်လာသဖြင့် ချက်ချင်းဆိုသလိုပင် မီးဖိုချောင်ဘက်သို့လျှောက်လာခဲ့မိလေသည်။

လုရှောင်ဖုန့်သည် လူတစ်မျိုးဖြစ်သည်။

သူပျော်ရွှင်နေသောအခါ အခြားလူအားလုံးကိုလည်း သူ့ကဲ့သို့ပင် စိတ်ပျော်ရွှင်စေလိုသောဆန္ဒရှိသည်။

ဤသည်မှာသူ၏ဝါသနာဖြစ်သည်။ သူ၏အကျင့်ဖြစ်သည်။ ယနေ့နံနက်စာအတွက် တာဝန်ယူရသောထမင်းချက်သည် အသက်(၄၀)ကျော်ရှိသောဝဝပုပုပြတ်ပြတ်ဖြစ်သည်။



လုရှောင်ဖုန့်သည် သူ့ဆီသို့လျှောက်သွားပြီး သူ့ပခုံးအားခင်မင်ရင်းနှီးဟန်ဖြင့်ပုတ်ရင်း....

"ခင်ဗျား သိပ်အချက်အပြုပ်ကောင်းတဲ့လူပဲဗျာ... တကယ်လို့ ခင်ဗျားကသာ မြို့ကြီးပြကြီးမှာသွားပြီး ထမင်းဆိုင်ဖွင့်ရင် တစ်နှစ်တည်းနဲ့ကြီးပွားချမ်းသာနိုင်မယ်ဆိုတာ ကျုပ်ပြောရဲတယ်"

လုရှောင်ဖုန့်သည် အားပါးတရပြောဆိုပြီးနောက် ပြန်ထွက်သွား၏။ ထမင်းချက်သည် သူ့အားလာရောက်ချီးကျူးပြီး ပြန်လည်ထွက်ခွာသွားသည့်လုရှောင်ဖုန့်ကိုကြည့်ကာ စိတ်ထဲ၌ ကြည်နူးပျော်ရွှင်သွားလေသည်။

သူ့ဘဝသက်တမ်းတစ်လျှောက်လုံးတွင် ယနေ့မှသာ သူဟင်းချက်ကောင်းကြောင်း သိခွင့်ရလိုက်သည်မဟုတ်ပါလော။

✡ ✡ ✡

www.burmeseclassic.com

www.burmeseclassic.com



## တောင်ဆိတ်ဘယ်လဲ

မီးအိမ်တွင် မီးမရှိတော့ပါ။

သို့သော် မီးအိမ်သည် လေထဲတွင်ယိမ်းယိုင်နေဆဲပင်။

လုရှောင်ဖုန့်သည် ငွေချိတ်လောင်းကစားခန်းထဲသို့ဝင်သွားသည်။ လောင်းကစားကြသူများသည် နေရောင်ခြည်ကိုကြောက်ရွံ့၍လားမပြောတတ်ပေ။

နေ့ဘက်၌လောင်းကစားမှု မပြုကြပါ။

ထို့ကြောင့် လုရှောင်ဖုန့်သည် ငွေချိတ်လောင်းကစားခန်းသို့ ဝင်လိုက်သည်နှင့်လောင်းကစားခန်းအတွင်း လူသူကင်းရှင်းပြီး တိတ်ဆိတ်ငြိမ်သက်နေလေသည်။ အခန်းထောင့်လုလင်တစ်ယောက်တည်းသာ စားပွဲပေါ်၌ဒိုက်မြည်းလျက်ရှိ၍နေသည်။

"ဒီမှာ... ဟေ့... ဒီမှာ"

လုရှောင်ဖုန့်ကလှမ်းနှိုးလိုက်သည်။



လုလင်သည် အိပ်မှုန်စုံမွှားနှင့်နိုးလာပြီး လုရှောင်ဖုန့်အ ကြောင်တောင်တောင်နှင့်မော့ကြည့်လေသည်။ ဆိုင်လုလင်၏အ အရောကိုကြည့်ကာ လုရှောင်ဖုန့် စိတ်မရှည်နိုင်အောင်ဖြစ်လာသ ထို့ကြောင့် အော်မေးလိုက်သည်။

"ဟေ့... လီရှားဘယ်မှာလဲကွ"

ဆိုင်လုလင်သည် ဒိုက်မြည်းလွန်းသဖြင့် မျက်လုံးများဖွင့ အောင်ဖြစ်နေသည်။ သူသည် မျက်လုံးများကိုပွတ်သပ်ကာ ခေါင်း ယမ်းပြလိုက်သည်။

"ကျွန်တော် မသိပါဘူး"

"ဟာ... ဒီကောင် အိပ်မှုန်စုံမွှားနဲ့ ဘာတွေပြောနေတာလ

"မသိလို့ မသိဘူးပြောတာပဲဗျာ၊ သိချင်ရင် ခင်ဗျားဖာသ သွားကြည့်ပါလား"

ဆိုင်လုလင်သည် ဤသို့ပြောပြီး ပြန်လည်ဒိုက်မြည်းသွ ပြန်လေသည်။ လုရှောင်ဖုန့်က ပခုံးတစ်ချက်တွန့်ပြီး အခန်းရှိရာ လျှောက်သွားသည်။

အခန်းထဲတွင် တစ်စုံတစ်ယောက်မျှမတွေ့ရပါ။

လုရှောင်ဖုန့် မျက်မှောင်ကုပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအခန်းမှလူများသည် မည်သည့်နေရာသို့ရောက်သွားကြပါသနည်း။

မပြောကောင်းမဆိုကောင်း လီရှားတစ်ယောက် သူ့ငွေများကိုလိမ်လည်ရယူ၍ထွက်ပြေးသွားလေပြီလော။

လုရှောင်ဖုန့်သည် ယင်းသို့တွေးရင်း အခန်းထဲမှပြန်ထွက်လာခဲ့လေသည်။ ထိုအခိုက် အခန်းဝတွင်မမျှော်လင့်ဘဲ ချင်းကျင့်ကျင့်နှင့်ချီချီတို့အား ပက်ပင်းတွေ့လိုက်ရသည်။ ချင်းကျင့်ကျင့်၏မျက်နှာတွင် စိုးရိမ်ထိတ်လန့်သောဟန်မူရာများဖြစ်ပေါ်လျက်ရှိသည်။

လုရှောင်ဖုန့်က သူမအားလှမ်းမေးလိုက်သည်။

"ဘာကိစ္စအရေးကြီးနေလို့ ဒါလောက်တောင် မောကြီးပန်းကြီးနဲ့ပြေးလာကြတာလဲ"

ချင်းကျင့်ကျင့်သည် နိမ့်ချီမြင့်ချီဖြစ်နေသော သူမ၏ရင်အားဖိလိုက်ပြီး....

"တောင်ဆိတ်ပျောက်နေလို့လိုက်ရှာနေတာပါ... သူ ရှင့်ဆီရောက်လာသေးသလားဟင်"

လုရှောင်ဖုန့်ခေါင်းခါပြလိုက်သည်။

"မလာဘူး... သူ မနေ့ညကပြန်မလာဘူးလား"



ချင်းကျင့်ကျင့်က....

"ညကပြန်လာပါတယ်၊ ဒါပေမယ့် မနက်မိုးလင်းတော့သူ့ကိုရှာမတွေ့တော့ဘူး"

လုရှောင်ဖုန့် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ဒီမှာလဲ လီရှားတစ်ယောက်ပျောက်ချင်းမလှ ပျောက်နေတယ်၊ သူ့ကိုရှာမတွေ့ဘူး"

"ဟင်...."

ချင်းကျင့်ကျင့်နှင့်ချီချီတို့ ပြိုင်တူအံ့အားသင့်သွားကြပြီး ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။

ခဏကြာမှ....

"ကဲ... ဒီလိုဆို သူတို့ သွားတတ်လာတတ်တဲ့နေရာတွေမှာ တို့လိုက်ရှာကြည့်ကြရအောင်"

ချင်းကျင့်ကျင့်က အကြံပေးလိုက်သည်။ သို့ဖြင့် လုရှောင်ဖုန့်နှင့်ချီချီတို့သည် ချင်းကျင့်ကျင့်၏အကြံပေးချက်ကိုလက်ခံလိုက်ပြီး အားလုံးအခန်းထဲမှထွက်လာခဲ့ကြလေတော့၏။

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ဖုန်၊ ချင်းကျင့်ကျင့်နှင့်ချိုချိုတို့သုံးယောက်သည် ငွေချိတ်လောင်းကစားခန်းမှထွက်လာပြီးနောက် ချင်းကျင့်ကျင့်က ဦးဆောင်ကာ 'တောင်ဆိတ်'သွားလာတတ်သောနေရာများသို့ လိုက်လံရှာဖွေကြလေသည်။

သူတို့သည် လဟာဆပ်မြို့ရှိလောင်းကစားဂေဟာအားလုံးနီးပါးလိုက်လံရှာဖွေခဲ့ကြသော်လည်း ယင်းလောင်းကစားအိမ်များတွင် တောင်ဆိတ်အားမတွေ့ကြချေ။

ကနေ့ တောင်ဆိတ်ရောက်မလာကြောင်းသာ ဖြေကြလေသည်။ သို့ဖြင့် သူတို့သုံးယောက်သည် အရက်ဆိုင်များသို့ ဆက်လက်ခြေဦးလှည့်ခဲ့ကြပြန်လေသည်။

သို့သော် အချည်းအနှီးပင်တည်း။

တောင်ဆိတ်ကို လုံးဝရှာမတွေ့ကြချေ။

ထို့ကြောင့် သူတို့သည် ပို၍စိုးရိမ်လာကြလေသည်။

တောင်ဆိတ်တစ်ယောက် တစ်စုံတစ်ခုသောအန္တရာယ်နှင့် ရင်ဆိုင်တွေ့ကြုံနေရပြီလော။

သို့သော် တောင်ဆိတ်သည် မြေခွေးတစ်ကောင်ကဲ့သို့ဉာဏ်များသူတစ်ယောက်ဖြစ်ရာ....



အန္တရာယ်တစ်စုံတစ်ရာတွေ့မည်မဟုတ်ဟု လုရှောင်ဖုန်က ယုံကြည်ထားသည်။

သူတို့သည် မြို့ထဲတွင်ရှာ၍မတွေ့သည့်အဆုံးတွင် ရေခဲပြင်ရှိရာသို့ တစ်ဖန်ခြေဦးလှည့်လိုက်ကြပြန်လေသည်။

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



ပျောက်သောသူ ရှာလျှင်တွေ့ဟု ဆိုရိုးစကားရှိ၏။

သို့သော် လုရှောင်ဖုန့်တို့သည် တောင်ဆိတ်ကို မည်သို့မျှရှာမတွေ့သည့်အခါ ပျောက်သောသူရှာလျှင်တွေ့ဆိုသောဆိုရိုးစကားသည် မှားများမှားနေပြီလားဟု စိတ်ထဲသံသယဝင်လာမိတော့သည်။

တောင်ဆိတ်ကား....

ထူးဆန်းစွာပင်ပျောက်ချက်သား ကောင်းနေလေသည်။

သူတို့သည် တောင်ဆိတ်နှင့်လီရှားတို့ကိုရှာရင်း တဖြည်းဖြည်းနှင့် ညနေစောင်းအချိန်သို့ပင်ရောက်လာလေပြီ။

သူတို့၏ခြေထောက်များသည်ပင် တောင့်တင်းလျက်ရှိနေပြီဖြစ်သည်။ သို့တိုင်အောင်... တောင်ဆိတ်နှင့်လီရှားတို့၏အရိပ်အယောင်ကိုမျှပင် ရှာမတွေ့ကြချေ။

ထို့ကြောင့် သူတို့သည် စိတ်ပျက်လက်ပျက်ဖြင့် ပြန်လှည့်ရန်ဟန်ပြင်မိကြသည်။ ထိုစဉ်မှာပင်....

"ဟင်... ဟိုမှာ"

ဟူသော ချင်းကျင့်ကျင့်၏ဝမ်းသာအားရအော်သံကြောင့် ချီချီနှင့်လုရှောင်ဖုန့်တို့သည် သူမညွှန်ပြသည့်နေရာသို့ကြည့်လိုက်မိကြလေသည်။



ထိုအခါ သူတို့၏မျက်လုံးများသည် ပြူးငတ်တူလိုပင် ဝိုင်းစက်ပြူးကျယ်သွားကြတော့၏။

ရေခဲပြင်ပေါ်ရှိ နှင်းများကြားတွင် လူသားနှစ်ယောက် ထူးထူးခြားခြားငုတ်တုတ်ထိုင်လျက်ရှိနေသည်ကိုတွေ့ရသောကြောင့်ဖြစ်သည်။ ယင်းလူသားနှစ်ယောက်ကား တောင်ဆိတ်နှင့်လီရှားတို့ပင်ဖြစ်ကြလေသည်။

သို့သော် သူတို့နှစ်ယောက်စလုံးမှာ အသက်ထင်ရှားရှိမနေတော့ပါ။ လုရှောင်ဖုန့် မျက်မှောင်ကုပ်သွားသည်။

ချီချီမှာ ထိတ်လန့်တုန်လှုပ်သွားသည်။

"သူတို့ကို ဘယ်သူကများလုပ်ကြသွားတာလဲဟင်"

သူမ၏အသံသည် တုန်လှုပ်ချောက်ချားနေ၏။ ချင်းကျင့်ကျင့်၏မျက်နှာမှာလည်း သွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်နေလေသည်။

"အင်း... တို့တော့ ငွေလဲဆုံး တံဆိပ်တုံးလဲမရဖြစ်နေပြီ"

လုရှောင်ဖုန့်သည် သက်ပြင်းရှည်ကြီးတစ်ချက်ချကာ ယင်းသို့ပြောလိုက်လေတော့သည်။

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတစ်ခုရှုပ်ထွေးလာပြန်လေပြီ။

လီရှားနှင့်တောင်ဆိတ်အား မည်သူကသတ်သွားသနည်း။

အဘယ်ကြောင့်သတ်ရသနည်း။

တောင်ဆိတ်သည် အလွန်ပါးနပ်ပြီး ဉာဏ်များသောလူတစ်ယောက်ဖြစ်သည်။ လီရှားသည်လည်း အလွန်အကင်းပါးလှသောအမျိုးသမီးဖြစ်သည်မဟုတ်ပါလော။

ယခုသော်.... သူတို့အား တစ်စုံတစ်ယောက်ကလုပ်ကြံသတ်သင်လိုက်ပြီဖြစ်သည်။ ထူးဆန်းသည်မှာ လီရှားနှင့်တောင်ဆိတ်တို့သည် အတူတကွ လုပ်ကြံခံလိုက်ရခြင်းဖြစ်သည်။ အဘယ်ကြောင့်အတူတကွလုပ်ကြံခံလိုက်ရပါသနည်း။

လုရှောင်ဖုန့်သည် ထိုကဲ့သို့တွေးရင်းမှခံပြင်းသောစိတ်များတဖြည်းဖြည်းပေါ်ပေါက်လာလေသည်။ လီရှားနှင့်တောင်ဆိတ်တို့သည်လူဆိုးဖြစ်စေ လူကောင်းဖြစ်စေ ယခုကဲ့သို့တရားလက်လွတ်လုပ်ကြံသတ်ဖြတ်ခြင်းကို သူအလွန်စက်ဆုပ်ရွံမုန်းသည်။ ထို့ကြောင့်သူသည်လူသတ်တရားခံအားဖော်ထုတ်ရန်ဆုံးဖြတ်လိုက်လေသည်။

✡✡✡



## နေလည်းသောက် ညလည်းသောက်

လီရှားနှင့်တောင်ဆိတ်တို့သေဆုံးသွားခဲ့သည်မှာ သုံးရက်မျှပင်ရှိခဲ့ပြီဖြစ်သည်။ သူတို့အား မည်သူမည်ဝါက လုပ်ကြံသတ်ဖြတ်သွားသည်ကိုမူ မည်သို့မျှစုံစမ်း၍မရသေးချေ။

လုပ်ကြံသတ်ဖြတ်ခဲ့သည့်တရားခံကိုခြေရာခံရန်မှာ လမ်းစပျောက်နေလေသည်။

"ကဲ... ကျွန်မတို့ဘာဆက်လုပ်ကြမလဲ"

ချီချီက လုရှောင်ဖုန့်အားမေးလိုက်ခြင်းဖြစ်သည်။

လုရှောင်ဖုန့်ကပခုံးတစ်ချက်ဟွန့်လိုက်ပြီး...

"ကျုပ်က သူတို့ခိုင်းလို့သာလာရတာ... မရလဲ ဘယ်တတ်နိုင်မလဲ ပြန်ရုံပဲပေါ့ဗျာ"

ချီချီ၏မျက်နှာသည် မည်းမှောင်သွား၏။

လုရှောင်ဖုန့်ကိုမကျေမနပ်ကြည့်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ရှင်ကကျွန်မအပေါ်ဘာဝန်ပိုချတော့မလို့ပေါ့လေ၊ ဟုတ်လား"

လုရှောင်ဖုန့်ကမဲပြုံးပြုံးလိုက်ပြီး....

"ကျုပ်က ခင်ဗျားအပေါ်ဘာဖြစ်လို့အပြစ်ပုံချရမှာလဲ၊ ဟုတ်ကြောင်းမှန်ရာပြောပြလိုက်မှာပေါ့၊ သူတို့မကျေနပ်ရင် ကိုယ့်ဖာသာကိုယ်လာကြပါစေ"

လုရှောင်ဖုန့်သည် ပြောရင်း အခန်းတွင်းမှထွက်သွားရန် ခြေလှမ်းပြင်လိုက်လေသည်။

ချိုချိုက ကမန်းကတမ်းလှမ်းတားသည်။

"နေပါဦးရှင်... ရှင် အခုဘယ်သွားမလို့လဲ"

"ကျုပ်လား အရက်သွားသောက်မလို့ဗျ"

လုရှောင်ဖုန့်သည် ယင်းသို့ပြောပြီး အခန်းထဲမှထွက်ခွာခဲ့လေတော့သည်။

✡✡✡



လုရှောင်ဖုန့်သည် မည်သည့်အရာကိုမျှမစဉ်းစားပါ။

သူသည် အရက်ကိုသာတွင်တွင်သောက်နေလေသည်။

အရက်အလွန်အကျွံသောက်ပြီးနောက် သူသည် တည်းခိုခန်းသို့ပြန်လာပြီး အခန်းတံခါးကိုပိတ်၍အိပ်လေတော့သည်။

ချိုချိုသည် လုရှောင်ဖုန့်အား အတန်တန်သတိပေးခဲ့သော်လည်း လုရှောင်ဖုန့်ကနားမထောင်ပါ။ သူသည် နေ့ဘက်တွင်မက ညဘက်တွင်ပါ အရက်ကိုမပြတ်သောက်လာလေသည်။

နောက်ဆုံး သူသည် အရက်ဆိုင်သို့ပင်မသွားတော့ဘဲ အရက်များကိုမှာယူ၍ သူ၏အခန်းတံခါးကိုပိတ်ကာ တစ်နေကုန်တစ်နေခန်း သောက်နေလေတော့၏။ ချိုချိုနှင့်ချင်းကျုင့်ကျုင့်တို့သည် လုရှောင်ဖုန့်အား သတိပေးပြောဆို၍မရသည့်အဆုံးတွင် သူတို့သည် လက်မှိုင်ချ၍နေလိုက်ရတော့သည်။

နှင်းများသည် ပို၍ပို၍သိပ်သည်းစွာကျလာသည်။

ရာသီဥတုသည် ပို၍ဆိုးဝါးလာနေလေပြီ။

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



## ခမောက်နဲ့လူ

အချိန်အခါမဟုတ်ဘဲ မြင်းလှည်းတစ်စီးသည် အရှိန်ပြင်းစွာနှင့်လဟာဆပ်မြို့မှထွက်ခွာလာသည်။ ဤမျှအေးမြနေသောရာသီဝယ် ဤမြင်းလှည်းသည် မည်သို့သောအရေးတကြီးကိစ္စဖြင့် ယခုကဲ့သို့ခရီးထွက်လာရပါသနည်း။

မြင်းလှည်းမောင်းသူသည် ခမောက်ကိုမျက်နှာအုပ်လုနီးနီး ခေါင်းခပ်ငိုက်ငိုက်ဆောင်းထား၏။

ထို့ကြောင့် မြင်းလှည်းမောင်းသူ မည်သူမည်ဝါဖြစ်ကြောင်း ကွဲကွဲပြားပြားမသိရချေ။

မြင်းလှည်းအတွင်းတွင်လည်း သေတ္တာ(၂)လုံး ပါလာသေးသည်။ ထူးခြားသည်မှာ သေတ္တာများသည် ပွင့်နေပြီး မိန်းကလေးတစ်ယောက်သည် အကန့်လိုက်စီထားသောငွေတုံးများကို လက်ဖြင့်တပ်မက်စွာပွတ်သပ်ကိုင်တွယ်ရင်း ကျေနပ်စွာပြုံးနေလေသည်။



တစ်သက်နှင့်တစ်ကိုယ် သူမသည် ဤမျှများပြားသော ငွေများကိုမမြင်ဘူးခဲ့ချေ။ ကိုင်တွယ်ကြည့်ရန်ဆိုသည်မှာ အိပ်မက်မျှပင် မမက်ဖူးသောကိစ္စဖြစ်သည်။

ယခုမူ... သူမ၏အကြံအဖန် လုပ်ရည်ကိုင်ရည် သေသပ်ပိရိကောင်းမွန်မှုကြောင့် ဤမျှများပြားသောငွေများကို လက်ဝယ်ပိုင်ပိုင်ရရှိခဲ့ပြီမဟုတ်ပါလား။

သူမသည် တွေးရင်း ဝမ်းသာပီတိဖြစ်ကာ မျက်လုံးများဝင်းလက်တောက်ပလာလေသည်။ ကျေနပ်အားရမှုကြောင့် သူမ၏အသွင်သည် လန်းဆန်းတက်ကြွလျက်ရှိနေသည်။ နေ့ချင်းညချင်းပင် သူဌေးဘဝသို့ရောက်ရှိလာခဲ့ရပြီမဟုတ်ပါလား။

သို့သော် သူမ၏ဝမ်းသာမှုသည် ရေရှည်မခံပါ။

အကြောင်းမှာ မြင်းလှည်းသည်ပြေးလွှားနေရင်းမှ အရှိန်တဖြည်းဖြည်းလျော့လာပြီး နောက်ဆုံးရပ်တန့်သွားသောကြောင့်ဖြစ်၏။ သူမ စိတ်အနှောင့်အယှက်ဖြစ်သွားရသည်။

"ဘာဖြစ်လို့ လှည်းကိုရပ်လိုက်ရတာလဲ"

သူမသည် ပြတင်းပေါက်ကိုခေါင်းပြူထုတ်ပြီး မြင်းလှည်းသမားအား ခပ်ဆတ်ဆတ်လှမ်းမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းမောင်းသူသည် သူမ၏အမေးကိုပြန်မဖြေပါ။ ရှေ့သို့သာစူးစိုက်ကြည့်နေလေ၏။ သူမသည် မြင်းလှည်းမောင်းသူ ကြည့်ရာနေရာသို့ လှမ်း၍ကြည့်လိုက်သည်။

ထိုအခါ သူမ၏မျက်နှာသည် ကွက်ခနဲပျက်သွားရလေတော့၏။ လမ်းပေါ်တွင် သစ်တုံးကြီးတစ်တုံး လဲကျပိတ်ဆို့လျက်ရှိသည်ကိုတွေ့လိုက်ရသည်မဟုတ်ပါလား။

သူမ၏ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ထိုသစ်တုံးကြီးသည် ရိုးရိုးတန်းတန်းလဲကျနေသည်မဟုတ်ဘဲ တစ်စုံတစ်ယောက်ကလာရောက်ချထားခြင်းဖြစ်ကြောင်း ရိပ်စားမိလိုက်ခြင်းကြောင့်ဖြစ်သည်။

ထိုစဉ်မှာပင် လူသုံးယောက်သည် ထင်းရှူးတောအတွင်းမှ အေးအေးလူလူထွက်လာသည်ကိုတွေ့လိုက်ရလေသည်။

သူတို့သည် မြင်းလှည်းဆီသို့လျှောက်လာရင်း....

"ဟဲ... ဟဲ... ဟဲ... ဒါလောက်အေးတဲ့ရာသီမှာ ဘယ်သွားကြမလို့လဲဟေ့"

တဟဲဟဲနှင့်ရယ်မောရင်း ပြောလိုက်သူကချီချီ....

ချီချီနောက်တွင် သေတ္တာထမ်းသောအလုပ်ကြမ်းသမား နှစ်ယောက်....



ထိုစဉ် မြင်းလှည်းတံခါး ရုတ်တရက်ပွင့်သွားပြီး မိန်းကလေးတစ်ယောက် မြင်းလှည်းပေါ်မှဆင်းလာလေသည်။

"အစ်မကြီးချီချီပါလား... ဘာကိစ္စများရှိလို့လဲ"

သူမသည် ပြောရင်း ချီချီထံသို့လျှောက်သွားသည်။

"ဪ... ချင်းကျင့်ကျင့်ပဲကိုး၊ နင်ဘယ်သွားမလို့လဲ"

ချင်းကျင့်ကျင့်ကပြုံးလိုက်ပြီး....

"ကျွန်မအစ်ကိုတစ်ယောက် ရွာမှာနေထိုင်မကောင်းလို့ ရွာခဏပြန်ပြီး သွားပြုစုမလို့ပါ"

ချီချီက ခနဲ့ပြုံးပြုံးလိုက်ပြီး....

"ဟုတ်လား... ဒါဆိုအတော်ပဲ... ငါလဲ မင်းတို့ရွာကိုအလည်သွားချင်နေတာကြာပြီ... အစ်မ မင်းနဲ့လိုက်ခဲ့မယ်နော်"

သူမသည် ပြောရင်း ချင်းကျင့်ကျင့်ထံသို့လျှောက်လာသည်။

ရုတ်တရက် ချင်းကျင့်ကျင့်သည် ဓားမြှောင်တစ်လက်ကို လျှပ်တစ်ပြက်ဆွဲထုတ်ပြီး ချီချီ၏ရင်ဝသို့ထိုးချလိုက်သည်။

ချင်းကျင့်ကျင့်၏လှုပ်ရှားဟန်မှာလျင်မြန်လှသည်။ သေသပ်ပိရိလှသည်။ တကယ်တော့ ချင်းကျင့်ကျင့်သည် ထိပ်တန်းအဆင့်ရှိသောသိုင်းပညာရှင်တစ်ယောက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမ၏လှုပ်ရှားမှုထက် ချိုချိုလှုပ်ရှားမှုက ပို၍လျင်မြန်နေသည်။ ချိုချိုသည် ချင်းကျင့်ကျင့်ထိုးလာသောဓားမြှောင်အား အချိန်မီရှောင်တိမ်းနိုင်လိုက်သည်။ တစ်ဆက်တည်းမှာပင် သူမ၏လက်ဝါးတစ်ဖက်သည် ချင်းကျင့်ကျင့်၏လည်ဂုတ်ပေါ်သို့ ဒုတ်ခနဲကျရောက်သွားလေသည်။

ချင်းကျင့်ကျင့်က ကယောင်ကတမ်းရှောင်လိုက်သည်။

"ဝိုး... ဖတ်"

ရုတ်တရက် မြင်းလှည်းမောင်းသမား၏ကျာပွတ်သည် ချိုချို့အလစ်၌ ချိုချို၏ခေါင်းပေါ်သို့ရိုက်ချလာသည်။ ချိုချိုသည် ချင်းကျင့်ကျင့်နှင့်သဲသဲမဲမဲယှဉ်ပြိုင်တိုက်ခိုက်နေရသောကြောင့် မြင်းလှည်းမောင်းသမား၏အလစ်ချောင်းရိုက်လိုက်သောကျာပွတ်အားမြင်တွေ့လိုက်ရခြင်းမရှိချေ။ အကယ်၍ တွေ့မြင်သည့်တိုင်အောင် သူမသည် ရှောင်တိမ်းနိုင်မည်မဟုတ်တော့ပါ။ သို့သော် သေရေးရှင်ရေးနှင့်ရင်ဆိုင်လိုက်ရသည့် ထိုတဒင်္ဂအချိန်မှာပင်....

"ရွမ်း...."

ဓားတစ်လက်သည် ကျာပွတ်အား လမ်းခုလတ်၌ပိုင်းချလိုက်လေတော့သည်။



ဓားပိုင်ရှင်ကား သေတ္တာထမ်းသောလူနှစ်ယောက်အနက်မှတစ်ယောက်ဖြစ်သည်။ ထိုသူသည် ကျာပွတ်အား ဖြတ်တောက်ပြီးသည်နှင့် မြင်းလှည်းသမားထံသို့ခုန်ဝင်သွားသည်။

မြင်းလှည်းသမားသည် အခြေအနေမဟန်တော့မှန်းရိပ်မိသည်နှင့် မြင်းလှည်းပေါ်မှလွှားခနဲခုန်ဆင်းလိုက်သည်။ ကယောင်ကတမ်း ခုန်ဆင်းလိုက်သောကြောင့် သူ၏ခမောက်သည် လေထဲ၌လွင့်ပါသွား၏။ ထိုအခါ သူ၏မျက်နှာကိုပီပီပြင်ပြင်မြင်တွေ့လိုက်ရတော့သည်။ သေပြီဟုယူဆနေကြသော တောင်ဆိတ်ပင် ဖြစ်ပေတော့သည်။

"ချွမ်း... ချွမ်း"

တောင်ဆိတ်သည် အသင့်ပါလာသောဓားဖြင့် ခုန်ဝင်လာသော သေတ္တာထမ်းသမားအား ပြန်လည်တိုက်ခိုက်လိုက်လေသည်။ သေတ္တာထမ်းသမားကလည်း နယ်နယ်ရရမဟုတ်ပါ။

ထိပ်တန်းသိုင်းသမားတစ်ဦးပင်ဖြစ်နေသည်။

သူသည် တောင်ဆိတ်အား အပေါ်စီးမှနေ၍တိုက်နေရသဖြင့်ကျန်ရှိသောသေတ္တာထမ်းသမားတစ်ဦးသည် ဝင်မစွက်ဖက်တော့ဘဲအေးအေးလူလူလက်ပိုက်ကာ သူတို့၏တိုက်ခိုက်မှုကိုကြည့်နေလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ဆိတ်သည်.... သေဗ္ဗာထမ်းသမား၏ဓားကွက်အောက်တွင် အလူးအလိမ့်ခံနေရသည်။

တောင်ဆိတ်ဓာချွေးပြန်လာလေပြီ။ ကြောက်ရွံ့၍ဖြစ်ပေါ်လာသောတုန်လှုပ်မှုသည် သူ့ကိုယ်ခန္ဓာအား ဖိစီးနေတော့သည်။ ဓားကိုဆုပ်ကိုင်ထားသောလက်တွင် ချွေးများဖြင့်စိုရွှဲနေလေပြီ။

ထိုအဖြစ်ကိုရိပ်မိသောတစ်ဖက်ဓားသမားက တောင်ဆိတ်အား စိန်ပြေနပြေတိုက်ခိုက်နေရာမှ လျှပ်တစ်ပြက် မုန်တိုင်းဆင်လိုက်သည့်နှယ် 'မုန်တိုင်းဓားကွက်'ဖြင့် တရကြမ်းတိုက်ခိုက်လိုက်လေတော့သည်။

"ချွမ်း..."

"အား..."

ဟူသောအသံနက်ကြီးထွက်ပေါ်လာကာ တောင်ဆိတ်၏ဓားသည် အဝေးသို့လွင့်စဉ်ထွက်သွားလေသည်။

တစ်ဆက်တည်းမှာပင် သေဗ္ဗာထမ်းသမား၏ဓားသည် တောင်ဆိတ်၏ကိုယ်ထဲသို့အရှိန်ပြင်းစွာနှင့်စွက်ခနဲ ဝူးနစ်ဝင်ရောက်သွားလေတော့၏။ တိုက်ပွဲကား တိုတောင်းသောအချိန်လေး အတွင်းမှာပင် လျင်မြန်စွာပြီးဆုံးသွားခဲ့ပြီဖြစ်သည်။



သေပြီဟုယူဆထားခဲ့ကြသောတောင်ဆိတ်သည် ဤတစ်ကြိမ်တွင် သေဗ္ဗာထမ်းသမား၏ဓားချက်ဖြင့် အမှန်တကယ် မြေပေါ်လဲကျသေဆုံးသွားခဲ့ရပြီဖြစ်ပေသည်။

ချင်းကျင့်ကျင့်လည်း ချိုချို၏တိုက်ခိုက်မှုကြောင့် မြေပေါ်ဒူးထောက်ကျကာ မောဟိုက်ပင်ပန်းစွာအသက်ပြင်းပြင်းရှူနေရသည်။ ချိုချိုမှာမူ အနည်းငယ်မျှမောပန်းသည့်အရိပ်အယောင်ပင်မမြင်တွေ့ရပေ။

သက်တောင့်သက်သာဖြင့် ပြုံးရယ်၍ပင်နေလေသည်။

"ကဲ... ပေးစမ်း"

ချိုချိုသည် လက်ဖြန့်၍ ချင်းကျင့်ကျင့်ထံမှတစ်စုံတစ်ခုကိုတောင်းလိုက်လေသည်။

"ဘာကိုပေးရမှာလဲ"

ချင်းကျင့်ကျင့်က အားမသန်၍မာန်လျော့လိုက်ရဟန်ဖြင့် ချိုချိုအားမော့ကြည့်ရင်းမေးလိုက်သည်။

"တံဆိပ်တုံး"

ချိုချိုကတိုတိုတုတ်တုတ်ပင်ပြောလိုက်သည်။

"တံဆိပ်တုံးကလီရှားဆီမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ချင်းကျင့်ကျင်ကဘူးခံနေသည်။ ချို့ချို့ကပြုံးလိုက်ပြီး…

"ဒီမှာ ချင်းကျင့်ကျင့်… မင်းငယ်ပါသေးတယ်… ငါ့ကို ဒါမျိုးလှည့်လို့မရဘူး။ ဒီမှာ မင်းလုပ်ခဲ့တဲ့အလုပ်တွေကို ငါမသိဘူး မှတ်နေသလား"

ချင်းကျင့်ကျင့် ငြိမ်ကျသွားသည်။

ချို့ချို့သည်မဲ့ပြုံးပြုံးပြီးစကားဆက်လိုက်သည်။

"မိုးပျံကျားက ညည်းကို လီရှားဆီက တံဆိပ်တုံးရအောင် ယူလာဖို့ခိုင်းလိုက်တယ်၊ ညည်း ပြန်မလာလို့ အခု ကျုပ်က ညည်း နောက်ကိုလိုက်လာရတယ်လေ"

ချင်းကျင့်ကျင့်မျက်မှောင်ကုပ်သွားသည်။ သူမသည် ချို့ချို့အား ပြန်ကြည့်လိုက်ပြီး…

"သူက လုရှောင်ဖုန့်ကိုလွှတ်လိုက်တာမဟုတ်လား"

ချို့ချို့ခေါင်းခါလိုက်သည်။

"မဟုတ်ဘူး… တကယ်တော့ သူ့ကိုဟန်ပြလွှတ်လိုက်တာပါ။ ရှင်းရှင်းပြောရရင် မြို့စားကြီးရဲ့ကိုယ်ရံတော်တွေ အာရုံပြောင်းသွားအောင်လုပ်လိုက်တာပါ၊ တကယ်ဘာဝန်ရှိတာက ငါပဲ၊ ကဲ… တံဆိပ်တုံးပြန်ပေးစမ်း… မြန်မြန်"



ချင်းကျင့်ကျင့်ခေါင်းခါယမ်းပြလိုက်သည်။

"တံဆိပ်တုံး ကျွန်မဆီမှာတကယ်မရှိတော့ဘူး"

ချို့ချို့နှုတ်ခမ်းမဲ့လိုက်သည်။

"ဒီမှာချင်းကျင့်ကျင့်… ညည်းက လီရှားကို ကြားလူအနေနဲ့ ထားပြီး လုရှောင်ဖုန့်ဆီကငွေကို အရင်ဖို့ခိုင်းပြီး ယူထားလိုက်တယ်၊ နောက် ညည်းကိုယ်တိုင် လီရှားဆီသွားပြီး တံဆိပ်တုံးကိုတောင်းတယ်၊ တံဆိပ်တုံးလက်ထဲရောက်တာနဲ့ ညည်းက တောင်ဆိတ်နဲ့ ပူးပေါင်းပြီး လီရှားကိုသတ်ပစ်လိုက်တယ်၊ ဟဲ… ဟဲ… ညည်းအကြံက မဆိုးဘူး၊ တံဆိပ်တုံးလဲရ ငွေလဲရ တစ်ချက်ခုတ်နှစ်ချက်ပြတ်ပေါ့… တကယ်ကောင်းတဲ့အကြံပဲ၊ ဟဲ… ဟဲ… ဟဲ"

ချင်းကျင့်ကျင့် ငြိမ်ကျသွားသည်။ သူမတွင် ပြန်ပြောစရာစကားမရှိသလောက်ဖြစ်သွားလေပြီ။ သူမ၏အကြံအစည်ကို ချို့ချို့ တစ်ယောက်သိရှိနေပြီမဟုတ်ပါလား။

ချို့ချို့ကစကားဆက်လိုက်သည်။

"နောက်ပြီး ညည်းက လီရှားရဲ့အလောင်းကိုရေခဲပြင်မှာ လာချထားတယ်၊ တို့လိုက်ရှာတဲ့အခါမှာ တောင်ဆိတ်က လီရှားရဲ့ အလောင်းဘေးနားဝင်ပြီး သေချင်ဟန်ဆောင်တယ်၊ တစ်ခါတည်း

www.burmeseclassic.com

www.burmeseclassic.com



သဲလွန်စရှာမရအောင်အဆက်အသွယ်ပြတ်အောင် လုပ်လိုက်တာပေါ့၊ ဟဲ… ဟဲ… ဟဲ… ပိုင်ပါပေတယ်၊ ဒါပေမယ့် ညည်း လုရှောင်ဖုန့်ကို သာလိမ်လို့ရချင်ရမယ်… ငါက တောင်ဆိတ်ရဲ့နှာခေါင်းမှာ အငွေ့တွေထွက်နေတာကို အမှတ်မထင်သတိပြုမိလိုက်တယ်၊ ဒါကြောင့် သူ မသေဘူးဆိုတာငါသိလိုက်ရတယ်”

ချင်းကျင့်ကျင့်၏မျက်နှာသည် ညိုမှောင်လာလေသည်။

ချီချီက စကားဆက်လိုက်ပြန်သည်။

“ဒါပေမယ့် ငါကမသိချင်ယောင်ဆောင်ပြီးပြန်လာခဲ့တယ်၊ နောက်မှ ငါ့လူတွေလွှတ်ပြီး တောင်ဆိတ်ကိုခြေရာခံခိုင်းလိုက်တယ်၊ အဲဒီတော့မှ ညည်းတို့ရဲ့မဟာအကြံအစည်ကိုသိလိုက်ရတော့တယ်၊ ကဲ… ညည်းငြင်းချင်သေးသလား”

ချင်းကျင့်ကျင့်၏မျက်နှာသည် သွေးပင်မရှိတော့သည့်အလား ဖြူဖပ်ဖြူရော်ဖြစ်သွားလေတော့၏။ ချီချီသည် သူမအား စေ့စေ့ကြည့်လိုက်၏။ ထို့နောက်… သူမ၏အသံသည် ရုတ်တရက်ပျော့ပျောင်းသွားလေသည်။

“ကဲပါလေ… ငါကပဲ ညည်းကိုအခွင့်အရေးတစ်ခုပေးလိုက်မယ်၊ ညည်းကသာ ဟံဆိပ်တုံးပြန်ပေးရင် ညည်းကို လုရှောင်ဖုန့်ရဲ့



ငွေနဲ့မြင်းလှည်းကို ငါပြန်ပေးလိုက်မယ်၊ ညည်းသွားချင်တဲ့နေရာကို သွားနိုင်တယ်… ဘယ့်နှယ်လဲ”

ထိုစကားကိုကြားရသောအခါ ချင်းကျင့်ကျင့် စိတ်သက်သာရာရသွားသည်။ ချက်ချင်းပင်….

“မမ တကယ်ပြောတာလားဟင်”

ဟုပြန်မေးလိုက်လေသည်။

ချီချီကပြုံးလိုက်ရင်း….

“အို… ညည်းနဲ့ငါ အခုမှသိကြတာမှမဟုတ်ဘဲ၊ ငါ့အကြောင်းလဲညည်းသိသားနဲ့ ငါလိုချင်တာကတံဆိပ်တုံးတစ်ခုတည်းပါ၊ တခြားဘာမှမလိုချင်ဘူး၊ ညည်းသာ တံဆိပ်တုံးငါ့ကိုပေးလိုက်ရင် ငါမနက်ဖြန် ချက်ချင်းပြန်မယ်”

ချင်းကျင့်ကျင့်မတ်တတ်ရပ်လိုက်သည်။

“ဒီလိုဆို ကျွန်မ မြင်းလှည်းပေါ်ရောက်မှတံဆိပ်တုံးကိုပေးပါရစေ”

ချီချီက ချင်းကျင့်ကျင့်အားစေ့စေ့ကြည့်လိုက်သည်။

“ဘာလဲ… ညည်းကငါ့ကိုမယုံကြည်တဲ့သဘောလား”

ချင်းကျင့်ကျင့်ခေါင်းခါလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မယုံလို့တော့မဟုတ်ပါဘူး... ပိုပြီးစိတ်ချရအောင်လို့ပါ"

ချီချီသည် အနည်းငယ်စဉ်းစားပြီးနောက် ဆတ်ခနဲခေါင်းညိတ်ပြကာသဘောတူလိုက်လေသည်။

"ကဲ... ဒါဖြင့် ညည်းမြင်းလှည်းပေါ်တက်ပါ"

ချင်းကျင့်ကျင့်သည် မြင်းလှည်းပေါ်သို့တက်သွားသည်။ ပြီးနောက် သူမသည် မြင်းဇက်ကြိုးအားဆွဲယူပြီးအဆင်သင့်ပြင်ထားလိုက်သည်။ သို့သော် ရှေ့တွင်အဟန့်အတားရှိနေသဖြင့်....

"ရှေ့ကလမ်းပိတ်နေတဲ့သစ်တုံးကိုဖယ်ပေးပါဦး"

ချင်းကျင့်ကျင့်က ထပ်မံ၍အခွင့်အရေးတောင်းလိုက်သည်။ ချီချီသည် သေတ္တာထမ်းသောလူနှစ်ယောက်အား မျက်ရိပ်ပြလိုက်လေသည်။ ဖယ်ပေးလိုက်ဟူသည့်သဘောဖြစ်သည်။

သေတ္တာထမ်းသူတို့လည်း လမ်းပိတ်နေသောသစ်တုံးအားဖယ်ရှားပေးလိုက်ကြလေသည်။ အတားအဆီးမရှိတော့သဖြင့် ချင်းကျင့်ကျင့်သည် မြင်းဇက်ကြိုးကိုတစ်ချက်လှုပ်ခါလိုက်သည်။ ထိုအခါ မြင်းလှည်းသည် ဘီးလိမ့်ပြီး ထွက်ခွာစပြုလေသည်။

အရှိန်ရလာသည်နှင့် ချင်းကျင့်ကျင့်သည် ရုတ်တရက် လက်တစ်ချက်ဝှေ့ယမ်းလိုက်ရာ တံဆိပ်တုံးတစ်ခုသည် မြေပေါ်ဒေါက်ခနဲ



လွင့်ကျလာတော့သည်။

တစ်ချိန်တည်းမှာပင် သစ်တုံးကိုဖယ်ပေးပြီး အခြေအနေကိုရပ်ကြည့်နေသောလူသည် မြင်းလှည်း သူ့ဆီရောက်ရှိလာသည်နှင့် လက်တစ်ချက် ရုတ်တရက်ဝှေ့ယမ်းလိုက်သည်။ ဓားတစ်လက်သည် လျှပ်တစ်ပြက်အတွင်း ချင်းကျင့်ကျင့်ထံပစ်လွှင့်သွားကာ ရင်ဝသို့စိုက်ဝင်သွားလေတော့သည်။

"အွန့်...."

ချင်းကျင့်ကျင့်၏ခန္ဓာကိုယ်သည် မြင်းလှည်းပေါ်မှတစ်ဆင့် မြေပေါ်သို့လိမ့်ကျပြီး ငြိမ်သက်သွားတော့သည်။ ကျန်လူတစ်ယောက်က မြင်းလှည်းအား အချိန်မီဆွဲရပ်ထားလိုက်သဖြင့် မြင်းလှည်းလည်း တွံ့ခနဲရပ်သွားလေသည်။

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



## ချိုချိုတ်ပရိယာယ်

တံဆိပ်တုံးသည် မြေပေါ်၌ကျနေသည်။ ချင်းကျင့်ကျင့်သည် တံဆိပ်တုံးကျသွားသောနေရာနှင့် ဝါးတစ်ရိုက်ခန့်အကွာတွင် မားဒဏ်ရာဖြင့်လဲကျနေ၏။ ဒဏ်ရာ အတော်ပြင်းထန်ပုံရသည်။ ဖွဲအိတ်တစ်အိတ်ပစ်ချထားသလို မြေပေါ်၌ပုံ့ပုံ့ကလေးလဲကျနေသည်။

ချိုချိုကမှဲပြုံးတစ်ချက်ပြုံး၍ မြေပေါ်ကျနေသော တံဆိပ်တုံးကိုကောက်ယူရန် လျှောက်သွားလေသည်။ ထိုစဉ်မှာပင်....

"ရပ်လိုက်"

အမိန့်ပေးသံတစ်သံ ရုတ်တရက်ထွက်ပေါ်လာသည်။ ယင်းအမိန့်ပေးသံကြောင့် ချိုချိုဖျတ်ခနဲလှည့်ကြည့်လိုက်သည်။ ထိုအခါ အမိန့်ပေးသူမှာ သေတ္တာထမ်းသမားဖြစ်ကြောင်းတွေ့လိုက်ရလေသည်။ သူမသည် လှမ်းနေသောခြေလှမ်းကို တုံ့ခနဲရပ်လိုက်သည်။ ထို့နောက် သေတ္တာထမ်းသည့်လူအားစေ့စေ့ကြည့်လိုက်၏။



"ဘယ်လိုလဲရှောက်ခွန်း.... ရှင်က တံဆိပ်တုံးကို လိုချင်နေလို့လား"

ရှောက်ခွန်းဟုအခေါ်ခံရသူသည် ဂှာစန်းတောင်မှဓားသမားတစ်ယောက်ဖြစ်သည်။ ဂှာစန်းတောင်မှဓားသမားများသည် နာမည်တစ်လုံးနှင့် သိုင်းလောကတွင် ကျော်ကြားနေသောသူများဖြစ်ကြသည်။ ယခု သူမအားလှမ်း၍အမိန့်ပေးလိုက်သော ရှောက်ခွန်းသည်လည်း လွန်စွာကျော်ကြားသောဓားသမားတစ်ယောက်ဖြစ်လေသည်။ သူကတည်ကြည်လေးနက်သောလေသံဖြင့်....

"ဒီတံဆိပ်တုံးကို ကျုပ်ခေတ္တခဏထိန်းသိမ်းထားမယ်"

ရှောက်ခွန်း၏စကားကြောင့် ချိုချိုကအသံလွင်လွင်လေးဖြင့်ရယ်မောလိုက်သည်။

"သြော်... ရှင်က တံဆိပ်တုံးကိုင်ပြီး မြို့စားကြီးရဲ့နေရာကို ဝင်ယူချင်တာကိုး"

ရှောက်ခွန်းခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... တံဆိပ်တုံးလက်ဝယ်ရှိတဲ့လူသာ မြို့စားကြီးရာထူးအဖြစ်ခန့်ထားမယ်လို့ နေပြည်တော်က အတိအလင်းကြေငြာထားတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ချိုချိုမှဲ့ပြုံးပြုံးလိုက်သည်။

"မအောင်မယ်… ရှင်ကဒီသတင်းကိုတောင်မှသိနေမှကိုး"

ရှောက်ခွမ်းက….

"ဟုတ်တယ်… ဒါကြောင့်လဲ ကျုပ်ကမင်းတို့နောက်ကို အထမ်းသမားအဖြစ်နဲ့လိုက်လာတာပေါ့"

ချိုချိုပခုံးတစ်ချက်တွန့်လိုက်ပြီး….

"ကဲ… ကဲ… ထားပါတော့ရှင်၊ မြို့စားကြီးရဲ့ရာထူးဟာ တကယ်တော့ မိန်းမတွေအနေနဲ့ မသင့်လျော်ပါဘူးလေ၊ နောက်ပြီး ကျွန်မကိုယ်တိုင်ကလဲ မြို့စားကြီးမလုပ်ချင်ပါဘူး။ ကျွန်မ ငွေရရင် ပြီးတာပါပဲ… ဒါပေမယ့်…"

သူမသည် လက်ပိုက်လျက်ရပ်နေသောအခြားသေတ္တာထမ်းသမားအားတစ်ချက်ငုံ့စောင်းကြည့်လိုက်ပြီး….

"တုပေကကော ဒီကိစ္စကိုဘယ်လိုစဉ်းစားထားသလဲ"

ဟုမေးလိုက်၏။ လက်ပိုက်ကြည့်နေသူမှာသိုင်းသမားတုပေဖြစ်သည်။ ချိုချိုသည် တုပေအား ရှောက်ခွမ်းနှင့်လှည့်ပြီး ရန်တိုက်ပေးလိုက်ခြင်းဖြစ်သည်။

သို့သော် တုပေကပခုံးတစ်ချက်တွန့်လိုက်ပြီး….



"ကျုပ်အတွက်ကသိပ်အရေးမကြီးပါဘူးဗျာ"

ချိုချိုစိတ်ပျက်သွားသည်။ သို့သော် ဣန္ဒြေဆည်လိုက်ပြီး….

"ထားပါတော့လေ… ဒါပေမယ့် ကျွန်မက မြို့စားကြီးရဲ့ဇနီးဖြစ်ချင်လို့ ဒီကိစ္စကိုသေသေချာချာမေးနေတာပါ"

ရှောက်ခွန်းက တဟားဟားရယ်မောလိုက်ပြီး….

"လွယ်ပါတယ်ဗျာ… ကျုပ်က မြို့စားကြီးဖြစ်တော့မှာပဲ၊ ဒီတော့ ကျုပ်ကိုပဲယူလိုက်ပေါ့… ဟား… ဟား… ဟား"

ချိုချိုသည်ပြုံးလိုက်ပြီး….

"ဟုတ်ပါတယ်ရှင်… ပထမတော့ တုပေကလဲ ကျွန်မကို လိုချင်တယ်ထင်နေလို့ပါ။ ဟင်း… ဟင်း…ဟင်း… သူ ကျွန်မကို မလိုချင်လို့တော့ဟုတ်မယ်မထင်ပါဘူး။ ရှင့်ကိုမယှဉ်ရဲလို့ အညံ့ခံလိုက်တာဖြစ်မယ်ဆိုတာ ကျွန်မရိပ်စားမိပါပြီရှင်"

ရှောက်ခွန်းသည် ဓားသမားကောင်းတစ်ယောက်ဖြစ်သော်လည်း ဉာဏ်အလွန်ထိုင်းသူဖြစ်သည်။ ချိုချို၏စကားလုံးများက တမင်ရန်တိုက်ပေးနေသောစကားလုံးများသာဖြစ်ကြောင်း သူလုံးဝသတိမပြုမိချေ။

သူသည် ကျေနပ်စွာဖြင့် တဟားဟားရယ်မောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟား... ဟား... ဟား... ဟုတ်မယ်မထင်ပါဘူးကွာ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ သူက ဘုန်းကြီးလုပ်ချင်တဲ့လူဆိုတော့ မင်းလိုမိန်းမမျိုးကို ဘယ်ယူလို့ဖြစ်မလဲ"

သူသည် ပြောရင်း တံဆိပ်တုံးကိုကောက်ယူရန် ခြေလှမ်းပြင်လိုက်သည်။ ဤတွင်...

"ရပ်လိုက်"

ရုတ်တရက် တုပေထံမှဟန့်တားသံ ဟိန်းထွက်လာသဖြင့် ရှောက်ခွန်း၏ခြေလှမ်းများ အလိုအလျောက်ရပ်တန့်သွားလေသည်။

သူသည် နားမလည်နိုင်သောမျက်လုံးအစုံဖြင့် တုပေအား လှမ်းကြည့်ပြီး...

"ဟော့ သူငယ်ချင်း... ဒါကဘာဖြစ်သွားတာလဲ"

ဟုမေးလိုက်လေသည်။

တုပေသည် ဘာမှပြန်မပြောတော့ဘဲ လျှပ်တစ်ပြက် ဓားကိုဆွဲထုတ်ပြီး ရှောက်ခွမ်းထံလျှောက်လာသည်။

"မင်းမှားနေပြီ... ကျုပ်လဲပဲ မြို့စားကြီးဖြစ်ချင်ပါတယ်၊ မိန်းမလဲယူချင်ပါတယ်"

တုပေက ခပ်မာမာပြောလိုက်သည်။



ရှောက်ခွန်း မျက်မှောင်ကုပ်သွားသည်။

"မင်း ဘယ်လိုပြောလိုက်တာလဲသူငယ်ချင်း"

တုပေကနှုတ်ခမ်းမဲ့ကာ...

"ကျုပ်ပြောနေတာ ရှင်းရှင်းလေးပါ၊ ခင်ဗျားနဲ့ကျုပ်ယှဉ်မယ်... နိုင်တဲ့သူကိုရှုံးတဲ့လူကအကုန်ပေးရမယ်"

ရှောက်ခွန်းကသဘောကျဟန်ဖြင့်ရယ်မောလိုက်ပြီး...

"မင်း ရူးများရူးနေသလား"

"ကျုပ်မရူးဘူးဗျ၊ ကဲပါ... ပြောနေကြာတယ်၊ ခင်ဗျားဓားဆွဲထုတ်လိုက်ပါ"

တုပေ၏မျက်နှာသည် နီရဲ၍နေသည်။

ရှောက်ခွန်းသည် ပြုံးလိုက်၏။ တုပေအား ဂရုမစိုက်ဟန်ဖြင့် တံဆိပ်တုံးအားငုံ၍ကောက်ယူရန်ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်... တုပေ၏ဓားသည် သူ၏ရင်ဝသို့တိုးဝင်လာလေတော့၏။ လုံးဝမျှော်လင့်မထားသောကြောင့် ရှောက်ခွမ်းမှာ ရှောင်တိမ်းချိန်ပင် မရလိုက်ချေ။ တုပေ၏ဓားသွားသည် သူ၏ရင်ဝသို့ စိုက်ဝင်သွားလေသည်။

"ဗွပ်..."

www.burmeseclassic.com

www.burmeseclassic.com



"အွန်...."

ရှောက်ခွန်းသည် ရင်ဝကိုလက်ဝါးဖြင့်အုပ်ရင်း မယုံကြည်နိုင်သောမျက်လုံးဖြင့် တုပေအားကြည့်ကာ....

"မင်း... မင်း တကယ်ရက်စက်..."

ရှောက်ခွမ်းသည် စကားကိုဆုံးအောင်ပင်မပြောနိုင်တော့ဘဲ မြေပေါ်သို့မှောက်လျက်လဲကျသွားတော့သည်။

"ဝုန်း..."

ချိုချိုက သဘောကျသွားဟန်ဖြင့် လက်ခုပ်လက်ဝါးတီးကာ တုပေအားမြှောက်ပင့်လိုက်သည်။

"တော်တယ်ဟေ့... တကယ်တော့ ရှင့်လိုလူမျိုးပဲ မြို့စားကြီးဖြစ်ထိုက်တာပါ"

သူမသည် ပြောရင်း ဝမ်းသာအားရဟန်ဖြင့် တုပေထံသို့ပြေးသွားလေသည်။ တုပေက ဓားကိုဓားအိမ်ထဲသို့ပြန်လည်ထိုးသွင်းပြီး လက်နှစ်ဖက်ဆန့်ကာ ပြေးဝင်လာသောချိုချိုအား ရင်ခွင်ထဲသို့ တင်းကျပ်စွာဆွဲသွင်း၍ပွေ့ဖက်ထားလိုက်လေသည်။

တုပေ၏မျက်နှာသည် အောင်နိုင်သောစစ်သူကြီးတစ်ဦးပမာပြုံးရွှင်နေလေသည်။



ယခု သူသည် လှပသည့်ဇနီးလည်းရတော့မည်။ ကြွယ်ဝချမ်းသာ(?) ...

ယခု သူသည် လှပသည့်ဇနီးလည်းရတော့မည်။ ဩဇာအာဏာပြည့်ဝသောမြို့စားကြီးရာထူးကိုလည်း ရရှိတော့မည်ဖြစ်သည်။ ထို့ကြောင့် ဖော်မပြနိုင်အောင်ပင် ဝမ်းသာပီတိဖြစ်လျက်ရှိနေလေသည်။ သို့သော် ရုတ်တရက်ဆိုသလိုပင် သူ၏ပြုံးရွှင်နေသောမျက်နှာသည် တဖြည်းဖြည်းပြောင်းလဲသွားသည်။

တစ်ခဏအတွင်းမှာပင်... အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း၊ ခံပြင်းခြင်းစသည့်ဟန်မူရာများ ဖျတ်ခနဲ ဖျတ်ခနဲပြောင်းလဲသွားလေသည်။ ချိုချို၏လက်ထဲမှဓားမြှောင်က သူ၏ဝမ်းဗိုက်ထဲထိုးဖောက်ဝင်ရောက်သွားပြီမဟုတ်ပါလား။

သူ၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားသည်။ ချိုချို့ကိုတင်းကျပ်စွာပွေ့ဖက်ထားသော သူ၏လက်များသည်လည်း ပြေလျော့သွားသည်။ ချိုချိုသည် ချက်ချင်းပင် နောက်သို့ဆုတ်သွားလိုက်သည်။ တုပေက သူမအားဝါးစားမတတ်စိုက်ကြည့်လိုက်ပြီး....

"မင်း... မင်း..."

ချိုချိုက ခနဲ့ပြုံးပြုံးလိုက်သည်။

"ရှင်တို့ကအချင်းချင်းတောင် သစ္စာဖောက်သေးတာပဲ၊ ဒီတော့ ကျွန်မရှင့်ကိုသတ်တာဆန်းသလား"

www.burmeseclassic.com

www.burmeseclassic.com



တုပေသည် စကားတစ်ခွန်းမျှပြန်မပြောနိုင်တော့ပါ။

"ဝုန်း..."

မြေပေါ် ဘိုင်းခနဲလဲကျကာသေဆုံးသွားလေသည်။

ထိုအချိန်တွင်...

"ဟား... ဟား... ဟား... ဟား..."

ချိုချို၏ဟားတိုက်ရယ်မောလိုက်သံက ပတ်ဝန်းကျင်တစ်ခုလုံးအားဖုံးလွှမ်းသွားလေတော့သည်။

✡✡✡



## လောဘနိဂုံး

အမှန်မှာ တုပေနှင့်ရှောက်ခွန်းတို့သည် အလွန်ကျော်ကြားသောသိုင်းသမားများဖြစ်ကြသည်။ သူတို့သည် အလွန်ချစ်ခင်သောသူငယ်ချင်းများလည်းဖြစ်ကြပေသည်။ သူတို့သည် တံဆိပ်တုံးကိစ္စအတွက် လဟာဆပ်မြို့တော်သို့ခြေရာခံပြီးလိုက်လာကြခြင်းဖြစ်ပါသည်။ သူတို့သည်မမျှော်လင့်ဘဲ ချိုချိုအားတွေ့လိုက်ရသဖြင့် ချိုချိုထံမှတံဆိပ်တုံး၏သတင်းကိုသိခွင့်ရလာလေသည်။

ထိုတံဆိပ်တုံးရရှိရေးတွင် လုရှောင်ဖုန့်က ကြားမှကန့်လန့်ကန့်လန့်ပါလာသဖြင့် သူတို့ အကြံအိုက်နေစဉ်မှာပင် ချိုချိုက သူတို့ထံရောက်ရှိလာပြီး သူတို့နှင့်ပူးပေါင်း၍ ချင်းကျင့်ကျင့်ထံမှ တံဆိပ်တုံးနှင့်ငွေများအား ကြားဖြတ်လုယူရန်ကြံစည်ခဲ့ကြသည်။

ယခုမှာမူ ချိုချို၏ပရိယာယ်ကျော့ကွင်းကြောင့်လည်းကောင်း၊ လောဘရမက်ကြောင့်လည်းကောင်း...

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အချင်းချင်းသတ်ဖြတ်ကြသည်အထိ ဖြစ်သွားကြရလေသည်။

✡✡✡

ပတ်ဝန်းကျင်တစ်ခုလုံး ပြန်လည်တိတ်ဆိတ်သွားသည်။

မြေပေါ်တွင် လူလေးယောက်ငြိမ်သက်စွာ လဲလျောင်းနေကြရလေပြီ။ သူတို့သည်ကား ချင်းကျင့်ကျင့်၊ ရှောက်ခွန်း၊ တုပေနှင့် တောင်ဆိတ်တို့ဖြစ်ကြသည်။

လူတို့သည် လောဘရမက်ကြောင့် ယခုကဲ့သို့တစ်ဦးနှင့်တစ်ဦး ရက်ရက်စက်စက်သတ်ဖြတ်မိကြသည်။ အာဏာတန်ခိုးနှင့် ငွေကြေးသာရမည်ဆိုလျှင် လူသတ်ရမည်ကိုဝန်မလေးကြတော့ပါချေ။

ချိုချိုသည်ကောက်ကျစ်စဉ်းလဲသောအပြုံးဖြင့် တံဆိပ်တုံးရှိရာသို့လျှောက်သွားသည်။ သူမ၏ခြေလှမ်းသည် သွက်လက်နေသည်။

ယခု သူမသည်မြင်းလှည်းထဲမှငွေများနှင့် တံဆိပ်တုံးကိုရလိုက်ပြီဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်မှ လာရောက်လုယူနိုင်တော့မည်မဟုတ်တော့ပါ။

သူမသည် ကျေနပ်စွာပြုံးပြီး ရှောက်ခွန်းလဲကျသေဆုံးနေရာအနီး၌ကျနေသောတံဆိပ်တုံးကို ငုံ့၍ကောက်ယူလိုက်လေ၏။



ရုတ်တရက် ဓားတစ်လက်သည် သူမ၏ဝမ်းဗိုက်သို့မျှော်လင့်ဘဲ တည့်တည့်မတ်မတ်စွပ်ခနဲဝင်သွားတော့သည်။

သူမ၏မျက်လုံးပြူးကျယ်သွားသည်။ ရင်ထိတ်သွားသည်။ သူမ၏အသက်ဓိဝိန်မချုပ်ငြိမ်းမီမှာပင် သူမအား လုပ်ကြံလိုက်သောသူကိုကြည့်လိုက်သည်။ သေအံ့မူးမူးဖြစ်နေသောရှောက်ခွန်း၏လက်ချက်ဖြစ်မှန်းသိလိုက်ရလေသည်။ ရှောက်ခွန်းသည် သေလုဆဲဆဲတွင် သူမအား မရဏပြည်သို့တစ်ပါတည်း ပါအောင်ခေါ်သွားနိုင်ခဲ့သည်။

သူမသည် မြေပေါ်သို့လဲကျသွားသည့်တိုင် သူမ၏လက်ထဲတွင် တံဆိပ်တုံးအားမြဲမြဲစွာဆုပ်ကိုင်ထားလျက်ရှိပါသေး၏။

ဩော်... ချိုချို....

သေလုမျောပါးတွင် လောဘရမ္မက်ကိုမသတ်နိုင်သေးပါလား။

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



ရှောက်ခွန်းသည် သူမအား ဓားဖြင့်ပေါက်လိုက်ပြီးနောက် သူ၏အသက်သည်ချုပ်ငြိမ်းသွားလေသည်။ တုပေမှာမူ ရှောက်ခွန်းနှင့်ဝါးတစ်ရိုက်ခန့်အကွာတွင် လဲလျောင်းနေ၏။

သူလည်းအသက်မရှိတော့ပါ။ ချင်းကျင့်ကျင့်သည် သွေးအိုင်ထဲ၌ မလှုပ်မယှက်ခွေခွေကလေးလဲလျောင်းနေသည်။ တောင်ဆိတ်သည်လည်း ဤအကြိမ်ပြန်လည်အသက်ရှင်လာနိုင်ဖွယ်ရာ မရှိတော့ပါ။ ဝန်းကျင်တစ်ခုလုံးမှဖြူဖွေးထူထပ်သောနှင်းများသည် အနီရောင်အဖြစ်သို့ ဟိုတစ်ကွက်သည်တစ်ကွက်ကူးပြောင်းကာ အကျည်းတန်မရှုစိမ့်ဖွယ်ရာဖြစ်ပေါ်နေသည်။

မြင်းနှစ်ကောင်သည် အေးလွန်း၍လားမသိ။ မကြာမကြာဟီသံပေးနေ၏။ မြင်းလှည်းပေါ်မှငွေများသည် မည်သူတစ်ယောက်မျှ ပိုင်ဆိုင်ရယူနိုင်ခြင်းမရှိဘဲ ဤအတိုင်းပင်ရှိနေသေး၏။

ငွေ… ငွေ…

ငှက်များသည် အစာအတွက်သေဆုံးရရှာသည်။

ဤလောဘသားများမှာလည်း ငွေအတွက် အသက်ဆုံးရှုံးကြရပြီမဟုတ်ပါလော။

✡✡✡



အေးစက်သောလေသည် တဟူးဟူးတိုက်ခတ်နေသည်။

မြင်းဟီသံတစ်ချက်တစ်ချက်မှအပ ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်၍နေသည်။ မြေပေါ်တွင် အသက်ကင်းမဲ့နေသောရုပ်ကိုယ်များသည် မလှုမ့ပလဲလျောင်းနေကြသည်။

ထိုစဉ် လူတစ်ယောက်သည် ထိုနေရာသို့ရောက်ရှိလာလေသည်။ သူသည် ထိုမြင်ကွင်းအားတွေ့မြင်ရသောအခါ မျက်မှောင်ကုပ်သွားသည်။ သူသည် မြေပေါ်မှအလောင်းများအားစေ့စေ့စပ်စပ်ကြည့်လိုက်သည်။ ကြည့်နေရင်းမှပင် သူသည် မျက်မှောင်ကုပ်သွားပြန်လေသည်။

“ဟင်… ဘာတွေဖြစ်ကုန်ကြပါလိမ့်”

သူသည် စိတ်မကောင်းစွာဖြင့်ညည်းညူမိလိုက်လေသည်။

ထိုလူကား လုရှောင်ဖုန့်ပင်ဖြစ်သည်။ သူသည် ချိုချို့အားမတွေ့သဖြင့် လိုက်လံရှာဖွေရင်း၊ ချိုချို့အားတွေ့မြင်လိုက်သူတစ်ဦးက ချိုချိုထွက်သွားရာဘက်သို့ လမ်းညွှန်လိုက်သောကြောင့် ယခုကဲ့သို့လိုက်လာခဲ့ခြင်းဖြစ်သည်။

သူသည် ချိုချို့လက်ထဲတွင် ဆုပ်ကိုင်လျက်ရှိသော ဘီးဆံတုံးကိုတွေ့မြင်လိုက်သည်နှင့် ဖမ်းသာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် တံဆိပ် တုံးကိုကောက်ယူပြီးစစ်ဆေးကြည့်လိုက်ရာ မြို့စားကြီး၏တံဆိပ်တုံးဖြစ်ကြောင်းသိလိုက်ရသည်။

တံဆိပ်တုံးသည် လက်တစ်ဝါးစာထက် အနည်းငယ်မျှသာ သေးငယ်သည်။ တံဆိပ်တုံး၏အလယ်တွင် ခြင်္သေ့ရုပ်ပုံကိုဖော်ကျူးထားပြီး နံဘေးလေးဘက်တွင် ကနုတ်ပန်းများဖြင့်ဝိုင်းရံထားသည်။ တံဆိပ်တုံး၏အခြားတစ်ဖက်အောက်ခြေတွင် 'သီဟမြို့စား'ဟု ထွင်းထားသည်ကိုတွေ့ရလေသည်။

လုရှောင်ဖုန့်သည် ပတ်ဝန်းကျင်အား အကဲခတ်ကြည့်လိုက်သည်။ ချီချီနှင့်ချင်းကျင့်ကျင့်တို့သေဆုံးရသည်မှာ ဤတံဆိပ်တုံးနှင့်ငွေများကြောင့်ဖြစ်သည်ကို သူနားလည်လိုက်သည်။ တစ်ခုတော့ရှိသည်။

သေဆုံးနေသောတောင်ဆိတ်၏အလောင်းက အဘယ်ကြောင့် ဤနေရာသို့ရောက်လာသည်ကို သူနားမလည်နိုင်အောင်ဖြစ်သွားလေသည်။

သို့သော် ယခု သူတို့သေဆုံးရခြင်းမှာ တစ်စုံတစ်ယောက်သို့မဟုတ် လူတစ်စုကလာရောက်တိုက်ခိုက်လိုက်ခြင်းမဟုတ်ဘဲ အချင်းချင်းသတ်ဖြတ်ကြခြင်းဖြစ်သည်ဟု သူယုံကြည်လေသည်။



တစ်နည်းအားဖြင့် လိုချင်လောဘကြောင့်ဖြစ်ကြောင်း သူကောင်းစွာနားလည်ထားသည်။ လုရှောင်ဖုန့်သည် သက်ပြင်းရှည်တစ်ချက်ချပြီး တံဆိပ်တုံးအား အိတ်ထဲသို့ကောက်ထည့်လိုက်သည်။ ထို့နောက် သူ့အနေဖြင့် လော့လောဆယ် လုပ်သင့်သောအလုပ်တစ်ခုကို စတင်လုပ်ကိုင်လေတော့သည်။

✡✡✡

လုရှောင်ဖုန့်သည် နဖူးမှစီးကျလာသောချွေးသီးချွေးပေါက်များကို လက်ဖြင့်အသာအယာသပ်ချလိုက်သည်။ စုစုပေါင်းကျင်းကငါးကျင်း.... အလောင်းကငါးလောင်း။

လုရှောင်ဖုန့်သည် ခေါင်းတစ်ချက်ခါယမ်းပြီးအလောင်းများကိုတစ်လောင်းချင်း ကျင်းထဲသို့ထည့်လေသည်။

ထိုမြေကျင်းအတွင်း အလောင်းများကိုထည့်လိုက်စဉ်တွင် အသက်မသေသေးဘဲရှိသောချင်းကျင့်ကျင့်ကိုတွေ့ရသည်။ သူသည် ချက်ချင်းပင် ချင်းကျင့်ကျင့်အားပွေ့ချီပြီး မြင်းလှည်းပေါ်သို့တင်လိုက်လေသည်။ ထို့နောက် မြင်းလှည်းအား မြို့ထဲသို့ပြန်လည်မောင်းနှင်လာလေတော့သည်။

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



ချန်ချန်းတည်းခိုခန်း....

ချန်ချန်းတည်းခိုခန်းသို့ရောက်သောအခါ လုရှောင်ဖုန့်သည် ငွေသေတ္တာများအား အခန်းထဲသို့ရွှေ့ယူလာရန် ဆိုင်လုလင်အား မှာကြားပြီးနောက် ချင်းကျင့်ကျင့်အားအခန်းထဲသို့ပွေ့ယူလာသည်။

သူသည် သူမ၏ဒဏ်ရာများအားဆေးထည့်ပေးလိုက်၏။ ချင်းကျင့်ကျင့်သည် မျက်လုံးကိုအားယူဖွင့်၍ သူ့အားမော့ကြည့်လိုက်သည်။ ထို့နောက် နွမ်းလျသောလေသံဖြင့်....

"ရှင်က ဘာဖြစ်လို့ကျွန်မအသက်ကိုကယ်ရတာလဲ"

ဟုမေးလေသည်။

လုရှောင်ဖုန့်ကကြင်နာစွာပြုံးပြလိုက်သည်။

"ကျုပ်က မင်းကိုချွေးသေဝက်သေလိုသဘောထားပြီး လမ်းမှာပစ်ထားရမှာလား"

ချင်းကျင့်ကျင့်စိတ်လှုပ်ရှားသွားသည်။

"ရှင်... ရှင် ကျွန်မကိုမမုန်းဘူးလား"

တုန်ယင်အက်ကွဲသောလေသံဖြင့်မေးမိသည်။

လုရှောင်ဖုန့်က အသာအယာပြုံးပြကာ....

"မင်းကိုငါ ဘာဖြစ်လို့မုန်းရမှာလဲ"



"ကျွန်မကရှင့်ကိုလိမ်တယ်၊ တောင်ဆိတ်နဲ့ပေါင်းပြီး လီရှားကိုသတ်တယ်၊ တံဆိပ်တုံးနဲ့ငွေကိုလဲ အပိုင်ကြံခဲ့မိတယ်"

လုရှောင်ဖုန့်ကခွင့်လွှတ်ဟန်ဖြင့် သူမ၏လက်ကလေးကို အသာအယာဆုပ်ကိုင်ပြီး အားပေးလိုက်သည်။

"ဒါတွေမပြောပါနဲ့တော့ ပြီးခဲ့တာတွေကိုမေ့ပစ်နိုင်အောင်ကြိုးစားပါ။ အခု ဒဏ်ရာက တော်တော်များနေသေးတယ်... ကျုပ်သမားတော်သွားခေါ်လိုက်ဦးမယ်"

ချင်းကျင့်ကျင့်သည် နောင်တရဟန်ဖြင့်မျက်ရည်များစီးဆင်းကျလာလေတော့သည်။

"ရှင်... ရှင်... ကျွန်မကိုမကယ်ပါနဲ့တော့လားရှင်၊ ကျွန်မထိုက်နဲ့ကျွန်မကံပဲရှိပါစေတော့ရှင်"

လုရှောင်ဖုန့်သည် ပြုံးပြီး အားပေးလိုက်သည်။

"ကျုပ်ကသူများကိုကူညီဖို့ပဲသိတယ်၊ ကျုပ်အပေါ်မှာ ဘယ်လိုပဲအကောက်ကြံကြံ ကျုပ်ကဗွေမယူဘဲမေ့ပစ်လိုက်တာပဲ"

ဤကဲ့သို့သဘောထားကြီးသည့် စိတ်ဓာတ်ထားနိုင်သောကြောင့်လည်း၊ လုရှောင်ဖုန့်သည်အခြားသူများထက် စိတ်ချမ်းသာနေခြင်းဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းကျင့်ကျင့်သည် ရှိုက်၍ရှိုက်၍ငိုကြွေးလိုက်သည်။

လုရှောင်ဖုန့်က သူမအားတစ်ချက်ကြည့်လိုက်ပြီး....

"မင်း အားရပါးရငိုလိုက်ရင် စိတ်သက်သာရာရသွားလိမ့်မယ်၊ ကဲ... ကျုပ်တော့ သမားတော်သွားခေါ်လိုက်ဦးမယ်၊ အားရအောင်ငိုပြီးရင် အေးအေးဆေးဆေးအနားယူလိုက်ပါ"

လုရှောင်ဖုန့်သည် ဤသို့ပြောပြီးနောက် လှည့်ပင်မကြည့်တော့ဘဲ အခန်းထဲမှထွက်ခွာသွားလေသည်။ ချင်းကျင့်ကျင့်၏ငိုရှိုက်သံသည်သာ အခန်းထဲတွင် ပျံ့လွင့်လျက်ကျန်ရစ်လေတော့သည်။

✡✡✡



## မင်းအသက်ငါ့ပေး

နေရောင်ခြည်သည် ကွယ်ပျောက်ပြီဖြစ်သည်။ ထို့ကြောင့်လေသည် ပို၍အေးစက်လာလေသည်။

လုရှောင်ဖုန့်သည် ချန်ချန်းတည်းခိုခန်းမှ ထွက်လာပြီးနောက် လမ်းထိပ်သို့ရောက်သောအခါ မြို့စားကြီး၏ကိုယ်ရံတော်သုံးယောက်အား ရုတ်တရက်တွေ့လိုက်ရလေသည်။ သူသည် မြို့စားကြီး၏ကိုယ်ရံတော်သုံးယောက်ဆီသို့လျှောက်သွားပြီး နှုတ်ဆက်လိုက်လေသည်။

သို့သော် ၎င်းကိုယ်ရံတော်သည် ပြန်လည်နှုတ်ဆက်ခြင်းမပြုဘဲ လက်ဝါးကိုသာဖြန့်ပြလိုက်ပြီး....

"ပေးစမ်း"

ဟုလှမ်း၍တောင်းနေသည်။

လုရှောင်ဖုန့်သည် မျက်တောင်တဖျပ်ဖျပ်ခတ်လိုက်ပြီး....

www.burmeseclassic.com



"ဗျာ... ကျုပ်က ခင်ဗျားကိုဘာပေးရမှာလဲ၊ ဪ... သိပြီ ဟိုတစ်ခါတုန်းကအကြွေးထင်တယ်"

နွေကိုယ်ရံတော်၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

သူသည် နှုတ်ခမ်းတစ်ချက်မဲ့လိုက်ပြီး...

"ငါ့ကိုဘာမှမပေးနဲ့တော့... အခုအချိန်မှာ ငါ မင်းအသက်ကိုပဲလိုချင်တော့တယ်"

သူ၏အသံသည် အေးစက်မာကျောလှသည်။

လုရှောင်ဖုန့်ကပြုံးလိုက်သည်။

"ဟာ... ကျုပ်အသက်တော့မလိုချင်ပါနဲ့၊ မကောင်းပါဘူး၊ ငွေလိုချင်ရင်တော့ရပါတယ်၊ ကျုပ်မှာငွေအများကြီးပါပါတယ်... ထမင်းစားချင်ရင်လဲရမယ်... ထမင်းဆိုင်တွေအများကြီးရှိတာပဲ"

နွေကိုယ်ရံတော်က အံကြိတ်ကာ....

"မင်းအသက်ကိုပဲငါလိုချင်တယ်"

"ဒါပေမယ့် ကျုပ်မှာအသက်ကတော့တစ်ချောင်းထဲရှိလို့ ဝမ်းနည်းပါတယ်... မပေးနိုင်ပါဘူးဗျာ"

နွေကိုယ်ရံတော်က ဒေါသထွက်လာသည်။

"စကားမများနဲ့ မင်းဆီမှာရှိတဲ့တံဆိပ်တုံးကိုပေးစမ်း"



လုရှောင်ဖုန့်ကခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မပေးနိုင်ဘူးဗျ"

နွေကိုယ်ရံတော်မျက်မှောင်ကုပ်သွားသည်။

"ဒါကဘာသဘောလဲကွ"

လုရှောင်ဖုန့်ကလည်း မျက်မှောင်ကုပ်သွားသည်။

"ကျုပ်လဲ ခင်ဗျားကိုမေးပါရစေ... ခင်ဗျားကကော ဘာသဘောနဲ့ ကျုပ်ဆီကတံဆိပ်တုံးကိုအလုခံနေရတာလဲ"

"မင်းက တံဆိပ်တုံး ငါတို့ကိုမပေးဘူးပေါ့ဟုတ်လား"

"ဟုတ်တယ်... ကျုပ်က ခင်ဗျားတို့ကိုပေးပါ့မယ်လို့ ဘယ်တုန်းကပြောဖူးလို့လဲ"

"ဒါဖြင့် မင်းဒီတံဆိပ်တုံး ဘယ်သူ့ကိုပေးမှာလဲ"

"မှတ်ဆိတ်ပြာကိုပေါ့...' သူ့ကိုတံဆိပ်တုံးယူပေးပါ့မယ်လို့ ကျုပ် ကတိခံထားတယ်"

"မင်းက သူ့ကိုပေးပါ့မယ်လို့ ဘာဖြစ်လို့ကတိခံထားရတာလဲ"

"သူ့ကိုပေးမှ ကျုပ်ဟာလူသတ်မှုအတွက် သံသယကင်းလွတ်ခွင့်ရမှာလေ"

www.burmeseclassic.com

www.burmeseclassic.com



နွေကိုယ်ရံတော်သည် သူ့အားတစ်ချက်စေ့စေ့စပ်စပ်ကြည့်လိုက်ပြီး....

"မင်း ဒီတံဆိပ်တုံးကိုအပိုင်စီးဖို့ကော အဲရင်ကစိတ်မကူးမိဘူးလား"

"ဟဲ... ဟဲ... ဟဲ... ခင်ဗျားဗိုက်ထဲမှာ ပုဏ္ဏားလေးရှိတယ်ထင်တယ်... ကျုပ်စိတ်ကူးမိတာပေါ့ဗျာ"

"ဒါဖြင့် အခုကော"

"အခုလဲ ဒီလိုပဲစိတ်ကူးနေတာပေါ့"

နွေကိုယ်ရံတော်၏မျက်နှာသည် ကွက်ခနဲပျက်သွားလေ၏။ လုရှောင်ဖုန့်က သူ့စကားကိုပြန်ဆက်လိုက်သည်။

"ကျုပ်ရဲ့စိတ်ကူးတွေကတော့သိပ်များတယ်ဗျာ၊ တစ်ခါတလေ ကျုပ်ကရှင်ဘုရင်သိပ်ဖြစ်ချင်တယ်၊ ဒါပေမယ့် ကျုပ်ကပျင်းတာဆိုကြောက်တယ်... တစ်ခါတစ်ခါ ကျုပ်ကဝန်ကြီးဖြစ်ချင်ပြန်ရော... ဒါပေမယ့် အလုပ်များမှာကိုတော့ကြောက်တယ်... တစ်ခါတစ်ရံမှာတော့ ကျုပ်က သူဌေးကြီးဖြစ်ရင်ကောင်းမှာပဲလို့ စိတ်ကူးမိတယ်... ဒါပေမယ့် တော်ကြာ ငွေတွေကို သူခိုးခိုးမှာကိုလဲ ကြောက်မိတယ်၊ အဲ မိန်းမယူဖို့စိတ်ကူးမိပြန်ပေမယ့် နားငြီးမှာကိုကြောက်တယ်ဗျာ၊



တစ်ခါတလေ ဟင်းကောင်းကောင်းချက်စားချင်ပေမယ့်အိုးခွက်ဆေးကြောရမှာကိုပျင်းပြန်ရော... အခုလဲကြည့်လေ ခင်ဗျားကိုပါးရိုက်မယ်လို့စိတ်ကူးမိတယ်... ဒါပေမယ့် ခင်ဗျားကိုမနိုင်မှာကြောက်နေလို့ မရိုက်ဖြစ်ဘူး"

သူ၏စကားမဆုံးမီ နွေကိုယ်ရံတော်သည် မအောင့်အီးနိုင်ဘဲပြုံးလာလေတော့သည်။

သူသည် လုရှောင်ဖုန့်အားပြုံးပြုံးကြီးကြည့်ရင်း....

"မင်းစိတ်ကူးတဲ့ကိစ္စကတော့များပါပေရဲ့... ဒါပေမယ့် တစ်ခုမှမလုပ်ဖြစ်ဘူးမဟုတ်လား"

လုရှောင်ဖုန့်ကသက်ပြင်းတစ်ချက်ချလိုက်ပြီး....

"လူ့ဘဝတစ်လျှောက်လုံးမှာစိတ်ကူးတွေများပြီး လက်တွေ့မလုပ်တဲ့လူတွေဟာ ကျုပ်တစ်ယောက်တည်းထဲမှမဟုတ်ဘဲဗျာ"

ဟုတ်ပါသည်။ လူတစ်ယောက်သည် သူစိတ်ကူးမိသမျှအားလုံးတွေကိုသာလုပ်ဖြစ်မည်ဆိုလျှင် ကမ္ဘာလောကကြီးသည် မည်သို့ဖြစ်လာပါမည်နည်း။

အတန်ကြာမှ နွေကိုယ်ရံတော်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ကဲ… မင်းသွားလိုရာသွားနိုင်ပါပြီကွာ"

လုရှောင်ဖုန့်သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း… ခင်ဗျားကျုပ်အပေါ်မှာယုံကြည်မှုရှိတာကိုဝမ်းသာပါတယ်ဗျာ"

နွေကိုယ်ရံတော်သည် မျက်နှာထားတင်းတင်းထားလိုက်ပြီး….

"ဒီတစ်ကြိမ်ဟာ ကျုပ်ခင်ဗျားကိုနောက်ဆုံးအနေနဲ့ယုံကြည်တယ်လို့မှတ်ထားပါ"

လုရှောင်ဖုန့်သည် ပြုံးလိုက်ပြီး….

"ကျုပ်ချန်ချန်းတည်းခိုခန်းမှာတည်းနေတာ ခင်ဗျားတို့လဲသိမှာပေါ့၊ အရက်သောက်ချင်ရင်တော့ အချိန်မရွေးလာခဲ့ပါဗျာ၊ ကျုပ်ကြိုဆိုပါတယ်"

သူသည် ပြောရင်း ထိုနေရာမှထွက်ခွာရန် ခြေလှမ်းပြင်လိုက်လေသည်။

"နေဦး"

သူ့အား ဟန့်တားလိုက်သူမှာ မိုးကိုယ်ရံတော်ဖြစ်ပါသည်။ လုရှောင်ဖုန့်သည် ကိုယ်ရှိန်သပ်ကာပြန်ရပ်လိုက်ရသည်။



"ဗျာ… ဘာကိစ္စရှိသေးလို့လဲ"

"ကျုပ်မင်းကိုကြည့်ချင်လို့ပါ"

လုရှောင်ဖုန့်သည် မိုးကိုယ်ရံတော်၏စကားကြောင့်သဘောကျပြီးရယ်မောလျက် ပြန်ပြောလိုက်သည်။

"ကဲဗျာ… ကြည့်ချင်သလောက်ကြည့်… ကျုပ်က လူချောဗျ… ဟဲ… ဟဲ… ဟဲ"

သူသည် မတ်တတ်ရပ်၍ ကိုယ်ကိုတစ်ပတ်လှည့်ပြလိုက်ပြီး ကိုယ်ဟန်လုပ်ပြနေသည်။ မိုးကိုယ်ရံတော်ကအေးစက်စက်ဖြင့်….

"ရပ်စမ်း… ကျုပ်က မင်းရဲ့ကိုယ်ခန္ဓာကိုကြည့်ချင်တာ မဟုတ်ဘူး"

"ဒါဖြင့် ခင်ဗျားဘာကိုကြည့်မှာလဲ"

"မင်းရဲ့သိုင်းပညာကို"

လုရှောင်ဖုန့်၏အပြုံးသည် မဲ့ပြုံးအဖြစ်သို့ပြောင်းသွားသည်။

"ဗျာ…. ကျုပ်ရဲ့သိုင်းပညာကိုကြည့်ချင်လို့ဟုတ်လား… ကျုပ်ရဲ့သိုင်းပညာဟာ ကျုပ်ရဲ့ကိုယ်ခန္ဓာနဲ့ရုပ်ရည်လောက် ကြည့်လို့မကောင်းပါဘူးဗျာ"

မိုးကိုယ်ရံတော်သည် သူ့အားမကြည့်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ချာခနဲလှည့်လိုက်ပြီး....

"ကျုပ်နောက်ကိုလိုက်ခဲ့"

ဟုပြောပြီးလျှောက်သွားလေတော့သည်။

လုရှောင်ဖုန့်သည် သူ၏နှာခေါင်းအား တစ်ချက်ပွတ်လျက် မိုးကိုယ်ရံတော်၏နောက်သို့လိုက်ပါသွားလေသည်။

✡✡✡

မိုးကိုယ်ရံတော်....

သူသည် သိမ်းငှက်မြို့စားကြီး၏ကိုယ်ရံတော်သုံးယောက် အနက် စိတ်အဆတ်ဆုံးနှင့်ဒေါသအကြီးဆုံးဖြစ်သည်။ သိုင်းလောက သားများသည် သိမ်းငှက်မြို့စားကြီး၏ကိုယ်ရံတော်သုံးယောက်စလုံး အားရင်မဆိုင်မိရန် အတတ်နိုင်ဆုံးရှောင်ရှားကြသည်။

အထူးသဖြင့် မိုးကိုယ်ရံတော်အား ပို၍ရှောင်ရှားကြတတ် လေသည်။ အကြောင်းမှာ သူတို့သည်အခြားကိုယ်ရံတော်များဖြစ် သော နေနှင့်ဆောင်းအား ရင်ဆိုင်တွေ့ရလျှင်ကစား အကျိုးသင့်အ ကြောင်းသင့်ပြောဆိုတောင်းပန်ပါက ခွင့်လွှတ်မှုရနိုင်သေးသည်။

မိုးကိုယ်ရံတော်မှာမူ သူလုပ်ချင်ရာများကိုစိတ်လိုက်မာန်ပါ ပြုလုပ်တတ်သူဖြစ်သည်။



သူပြုလုပ်လိုသောအရာများကိုလည်း မည်သူကမျှဟန့်တား ၍မရပါ။ ထို့ကြောင့် လုရှောင်ဖုန့်သည် စကားအဖတ်တင်နေမည့် အစား ပါးစပ်ပိတ်၍သာ သူ့နောက်လိုက်သွားခြင်းဖြစ်ပါသည်။

မိုးကိုယ်ရံတော်သည် ရှေ့သို့ခပ်သုတ်သုတ်လျှောက်သွားနေ သည်။ လုရှောင်ဖုန့်က နောက်မှထပ်ကြပ်လိုက်နေလေ၏။

"ကျုပ်ကို ဘယ်ခေါ်သွားမလို့လဲ... အရက်သောက်ဖို့လား... ဒါမှမဟုတ် လောင်းကစားဖို့လား။ ဒါဆိုရင် ကျုပ်လိုက်မယ်... အဲ... သူများတွေနဲ့ချရမယ် ထိုးရမယ်ဆိုရင် ကျုပ်တော့ ထွက်ပြေးမှာပဲ နော်"

သူက မိုးကိုယ်ရံတော်အား လှမ်းပြောလိုက်သည်။

မိုးကိုယ်ရံတော်က သူ့အား ဂရုစိုက်ခြင်းမပြုတော့ပါ။

ရှေ့ကိုသာဆက်လျှောက်သွားနေသည်။ ဟိုကွေ့ ဒီချိုးဖြင့် လမ်းမကြီးပေါ်သို့ရောက်လာသည်။ လမ်းမကြီး၏တောင်ဘက်တွင် ကြီးကျယ်ခမ်းနားသောစားသောက်ဆိုင်တစ်ဆိုင်ရှိသည်။

ထိုဆိုင်ရှေ့တွင် မြင်းများ မြင်းလှည်းများရပ်ထားသည် ကိုလှမ်းမြင်နေရသည်။ ထိုမြင်းလှည်းပေါ်၌ အလံများစိုက်ထူထား လေသည်။ အလံသည် တြိဂံပုံဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလံပေါ်တွင် ခွေနဂါးအရုပ်တစ်ရုပ်ဖော်ထားသည်။

'ချို'ဟူသောစကားလုံးကြီးတစ်လုံးကိုလည်း ရောင်စုံပိုးချည်ဖြင့် စာတန်းရေးထိုးထားသည်။ ထိုအလံတံဆိပ်ဖြင့် တွေ့မြင်လိုက်ရသည်နှင့် ထိုအလံတံဆိပ်သည် ခွေနဂါးအာမခံဌာနဖြစ်ကြောင်း သိနိုင်ပေသည်။ တစ်နည်းအားဖြင့် ခွေနဂါးအာမခံဌာနမှ သိုင်းသမားများသည် ဤစားသောက်ဆိုင်တွင်း၌ စားသောက်နေကြသည်ဟု သိလိုက်ရလေသည်။

ခွေနဂါးအာမခံဌာနမှသိုင်းရာဇာ'ချိုကျွန်းဖူး'သည် အလွန်နာမည်ကျော်ကြားသောသိုင်းသမားတစ်ယောက်ဖြစ်သည်။

ထို့ကြောင့်'ချို'ဟူသော တြိဂံအလံကိုတွေ့လိုက်ရသည်နှင့် လမ်းဓားပြများဖြစ်သောအနက်ရောင်သိုင်းသမားများသည် အနှောင့်အယှက်မပေးဝံ့တော့ချေ။ ယခု ချိုကျွန်းဖူးသည် ဤစားသောက်ဆိုင်တွင် သူ၏အဖော် များနှင့်အတူ စားသောက်နေခြင်းဖြစ်မည်။

မိုးကိုယ်ရံတော်သည် စားသောက်ဆိုင်တွင်းသို့ဝင်လိုက်သည်နှင့် ချိုကျွန်းဖူးထံသို့ တည့်တည့်မတ်မတ်လျှောက်သွားသည်။

သူသည် ချိုကျွန်းဖူးအား အေးစက်သောလေသံဖြင့်....

"မင်းလားကွ... ချိုကျွန်းဖူးဆိုတာ"



ဟုမေးလိုက်သည်။ ချိုကျွန်းဖူးသည် သူ့အား အသားလွတ်မာကျောကျောဖြင့်မေးလာသော မိုးကိုယ်ရံတော်အား စေ့စေ့ကြည့်ရင်း မျက်မှောင်ကုပ်သွားသည်။

"ဟုတ်တယ်"

မိုးကိုယ်ရံတော်ကပြုံးလိုက်သည်။

"ကောင်းပြီ... ဒါဖြင့် ကျုပ်ဘယ်သူလဲ"

"ဒါတော့ ကျုပ်ဘယ်သိမလဲဗျ"

ချိုကျွန်းဖူးသည် ဘုဆတ်ဆတ်နှင့်ပြန်ဖြေလိုက်သည်။

"အေး... မသိရင် မှတ်ထား... ကျုပ်က သီဟမြို့စားကြီးရဲ့ ကိုယ်ရံတော်သုံးယောက်ထဲက မိုးကိုယ်ရံတော်ပဲ"

ထိုနာမည်ကြားလိုက်သည်နှင့်ချိုကျွန်းဖူး၏မျက်နှာသည် ကွက်ခနဲပျက်သွားသည်။ စောစောက သူ ဘုဆတ်ဆတ်နှင့်ပြန်ဖြေမိသည်ကိုပင် နောင်တရနေမိလေသည်။ သူ၏နဖူးပေါ်တွင်ချွေးများပျံလာလေသည်။ မိုးကိုယ်ရံတော်က သူ့အားကြည့်ပြီး...

"ကဲ... ကျုပ် ဘယ်သူလဲဆိုတာ မင်းအခုသိပြီမဟုတ်လား"

ချိုကျွန်းဖူးသည် ကပျာကယာထိုင်ရာမှထကာ ဦးညွှတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့… မိုးကိုယ်ရံတော်ကို အခုလိုမမျှော်လင့်ဘဲ တွေ့ရတာဝမ်းသာပါတယ်၊ ကျွန်တော်မသိလို့ အရိုအသေမပြုမိတာကိုလဲ ခွင့်လွှတ်ပါခင်ဗျား"

သူ၏အသွင်အပြင်မှာ မိုးကိုယ်ရံတော်အပေါ်၌ အလွန်ကြည်ညိုလေးစားနေ၏။ မိုးကိုယ်ရံတော်သည် လုရှောင်ဖုန့်အား လှည့်၍ မေးလိုက်သည်။

"မင်း သူ့ကိုသိသလား"

လုရှောင်ဖုန့်ကခေါင်းညိတ်ပြလိုက်ရင်း ဖြေလိုက်သည်။

"ကြားဖူးသားပဲ"

မိုးကိုယ်ရံတော်က ပြုံးလိုက်သည်။

"သူဟာ သိုင်းလောကမှာနာမည်ကြီးတစ်ယောက်ပဲ… သိုင်းပညာကလဲ မခေ့ဘူးကွ၊ သူဟာ ကျုပ်ကိုတွေ့လိုက်တာနဲ့ ကျုပ်အပေါ် ဘယ်လောက်ရိုသေသလဲဆိုတာ မင်းတွေ့တယ်မဟုတ်လား"

"တွေ့ပါတယ်"

"မင်းကတော့ ငါ့အပေါ်မှာရိုရိုသေသေ လေးလေးစားစား မရှိပါလား"

လုရှောင်ဖုန့်သည် ပြုံးလိုက်ပြီး….



"ဒါကတော့အဓိကရှိပါတယ်… သူဟာ ငယ်ငယ်တုန်းကတည်းက လူကြီးသူမတွေကို ရိုသေလေးစားတတ်တဲ့အကျင့်ပါနေလို့ ခင်ဗျားကိုလေးလေးစားစားနဲ့ဆက်ဆံနေတာဖြစ်မှာပဲလို့ ထင်ပါတယ်"

မိုးကိုယ်ရံတော်သည် သူ့အား စေ့စေ့ကြည့်လိုက်ပြီး….

"မင်းကော"

"ကျုပ်ဟာ မိဘမဲ့ကလေးတစ်ယောက်ပါ"

"ဖြော်… ဖြော်… ဒါကြောင့် မင်းက မိဘရဲ့ဆုံးမသွန်သင်ပြသမှုကိုမရခဲ့ရဘူးဆိုပါတော့"

"ဟုတ်ပါတယ်ခင်ဗျား"

"ဒါဖြင့်ရင်… မင်းကိုနည်းနည်းပါးပါးဆုံးမသွန်သင်ပြရရင်ကောင်းမယ်လို့ ငါထင်တယ်"

သူသည် ပြောရင်း ချီကျွန်းဖူးဘက်သို့လှည့်ပြီး လုရှောင်ဖုန့်အားလက်ညှိုးထိုးပြရင်း….

"မင်း သူ့ကိုသိသလား"

ချီကျွန်းဖူးကခေါင်းခါယမ်းလိုက်၏။ မိုးကိုယ်ရံတော်က….

"အေးလေ… မင်းသူ့ကိုသိစရာမလိုပါဘူး။ မင်းကသူ့ကိုဆုံးမပေးဖို့ပဲလိုတယ်"

www.burmeseclassic.com

www.burmeseclassic.com



ချို့ကျွန်းဖွေး၏မျက်နှာကွက်ခနဲပျက်သွားသည်။

"သူနဲ့ကျွန်တော်ဟာ ဘာရန်စမှမရှိတာ"

မိုးကိုယ်ရံတော်ကမဲ့ပြုံးပြုံးလိုက်ပြီး....

"မင်းမှာရွေးစရာလမ်းနှစ်ခုရှိတယ်... သူ့ကို မင်းကဆုံးမ မလား... ဒါက မင်းကိုဆုံးမရမလားဆိုတာ"

ချို့ကျွန်းဖွေး၏မျက်နှာသည် ညှိုပုပ်သွားသည်။ သူသည် ရွေးချယ်ရန် အခြားလမ်းမရှိတော့ပါ။ ထို့ကြောင့် သူသည် လက်ဝါးစောင်းဖြင့် လုရှောင်ဖုန့်၏လည်ဂုတ်သို့လွှဲခုတ်ချလိုက်သည်။

"ဖုန်း...."

ချို့ကျွန်းဖွေးသည် အတွင်းအားပညာရပ်ကိုလေ့ကျင့်ထားခြင်းမရှိသော်လည်း သူ၏လက်ဝါးစောင်းသည် သံမဏိကဲ့သို့မာကျောနေလေသည်။ သူ၏လက်ဝါးစောင်းသည် လူမဆိုးထားဘိ နွားတစ်ကောင်ကိုပင် ဖင်ထိုင်လဲကျသွားအောင်ခုတ်နိုင်စွမ်းရှိသည်။

ယခု သူ၏လက်ဝါးစောင်းသည် လုရှောင်ဖုန့်၏လည်ဂုတ်သို့ထိထိမိမိရိုက်ချလိုက်နိုင်သည်။ သို့သော် သူမျက်လုံးပြူးသွား၏။ နဖူးပေါ်မှချွေးများစီးကျလာသည်။

အကြောင်းမှာ....



လုရှောင်ဖုန့်သည် ဣန္ဒြေမပျက်မလှုပ်မယှက်ရပ်လျက်ပင်ရှိနေသည်ကိုတွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ချို့ကျွန်းဖွေးသည် အံတင်းတင်းကြိတ်ပြီး သူ၏တံတောင်ဆစ်ဖြင့် လုရှောင်ဖုန့်၏ဝမ်းဗိုက်သို့ တအားဆောင့်ထိုးလိုက်ပြန်၏။

အချည်းနှီးပင်....။

လုရှောင်ဖုန့်သည် မတုန်မလှုပ်ရပ်မြဲရပ်နေလျက်....

ဤတစ်ကြိမ် ချို့ကျွန်းဖွေးကြောက်စိတ်ဝင်လာလေသည်။

သူသည် ထပ်မံမတိုက်ခိုက်ဝံ့တော့ပါ။ ကြောင်အမ်းအမ်းဖြင့်လုရှောင်ဖုန့်အားငေး၍ကြည့်နေသည်။

လုရှောင်ဖုန့်သည် သူ့အားပြုံးပြလိုက်ပြီး....

"ကဲ... နောင်ကြီး.... ကျုပ်ကိုဆုံးမလို့တော်ပြီလား"

ချို့ကျွန်းဖွေး၏မျက်နှာသည်ရှုံ့မဲ့သွားပြီး စကားတစ်ခွန်းမျှမပြောဘဲငြိမ်နေတော့သည်။

လုရှောင်ဖုန့်သည် မိုးကိုယ်ရံတော်အားပြုံး၍ကြည့်ပြီး....

"ကျုပ် အခုသွားနိုင်ပါပြီလားခင်ဗျာ"

မိုးကိုယ်ရံတော်၏မျက်နှာသည် ညှိုညစ်သွားသည်။

"အေး... မင်းသွားနိုင်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



နှင်းကိုယ်ရံတော်က ကြားဝင်ပြောလိုက်သည်။

လုရှောင်ဖုန့်ကပြုံးလိုက်ပြီး....

"ကျေးဇူးတင်ပါတယ်ခင်ဗျား"

ဟုပြော၍ပြီး စားပွဲပေါ်တွင်အဆင်သင့်ရှိနေသည့်အရက်ခွက်ကိုကောက်ယူမော့သောက်ပြီးနောက် ထွက်သွားလေတော့သည်။ အခန်းထဲတွင်ကျန်နေသောလူများသည် လုရှောင်ဖုန့်အား လူထူးလူဆန်းသဖွယ် အံ့အားသင့်စွာငေးကြည့်ရင်းကျန်ရစ်ခဲ့လေသည်။

✡✡✡

လုရှောင်ဖုန့်....

သူသည် စားသောက်ဆိုင်အခန်းဝသို့ရောက်လာသည်နှင့် အပြင်မှပြေးဝင်လာသောလူတစ်ယောက်နှင့်ပက်ပင်းတိုးမိလေတော့သည်။ ထိုလူသည် လုရှောင်ဖုန့်အားသေသေချာချာကြည့်လိုက်ပြီး....

"ခင်ဗျား လုရှောင်ဖုန့်ဆိုတဲ့လူဟုတ်လား"

လုရှောင်ဖုန့်သည် ကိုယ့်နှာခေါင်း ကိုယ် လက်ညှိုးဖြင့်ထိုးပြလိုက်ပြီး....

"ကျုပ်က လုရှောင်ဖုန့်ဆိုတဲ့လူပဲ ထားပါတော့... မင်းကဘာလုပ်မလို့လဲ"



ထိုလူသည် လက်ထဲမှစာတစ်စောင်ကို လုရှောင်ဖုန့်အား လှမ်းပေးလိုက်သည်။

"ဒီစာကို သိုင်းဆရာကြီးလုရှောင်ဖုန့်ကိုပေးလိုက်ပါလို့ လူတစ်ယောက်ကတစ်ဆင့်ပေးခိုင်းလိုက်လို့ပါ"

လုရှောင်ဖုန့်က စာပေးသူအားပြုံးပြလိုက်ပြီး....

"ကျုပ်က သိုင်းဆရာတော့မဟုတ်ပါဘူး... ဘာဖြစ်လို့လဲဆိုရင် သိုင်းဆရာကလူများကိုသာချတာ... ကျုပ်ကတော့ ခံခဲ့ရတာဗျ"

ထိုလူသည် လုရှောင်ဖုန့်၏စကားကိုနားမလည်ပါ။ သူသည် သူ့တာဝန်ကျေပွန်ပြီဖြစ်သဖြင့် ထိုနေရာမှထွက်ခွာသွားလေတော့သည်။ လုရှောင်ဖုန့်သည် ယင်းသို့သာပြောလိုက်ခြင်းဖြစ်သော်လည်း ချီကျွန်းဖူးအပေါ် လုံးဝစိတ်မဆိုးခဲ့ပါ။

လောကကြီးတွင်အားကြီးသူက အားငယ်သူကို ညှဉ်းပန်းနေကြသည်မှာ ချီကျွန်းဖူးလို လူမျိုးတစ်ယောက်ထဲမဟုတ်ပါ။ ဖြစ်လေ့ဖြစ်ထရှိသော သဘာဝအတိုင်းပင်ဖြစ်သည်။

လုရှောင်ဖုန့်သည်ရှည်ရှည်ဝေးဝေးဆက်၍ မစဉ်းစားတော့ပေ။ သူသည် ထိုစာအား ဖွင့်ဖတ်မိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူသည် ဒေါသအမျက်ချောင်းချောင်းထွက်သွားရလေတော့သည်။ ဒေါသထွက်သည့်ပြင် စိုးရိမ်ပူပန်စိတ်လည်း ဝင်မိသွားလေသည်။

✡✡✡

စာထဲတွင်....

*မိတ်ဆွေကြီးလုရှောင်ဖုန့်ခင်ဗျား....*

*ယခင်က ခင်ဗျား ကျူပ်ကို 'အိုး'တစ်လုံးလက်ဆောင် ပေးလိုက်တာကို အားနာလွန်း၍ကျေးဇူးတင်စွာဖြင့် ငြင်းပယ်လိုက်ပါရစေ။ ယခုအခါမှာ ချင်းကျင့်ကျင့်၏ဒဏ်ရာကုသရန် မိတ်ဆွေကြီးကသမားတော်သွားဖိတ်သည်ကိုကြားရသဖြင့် မိတ်ဆွေကြီး အလုပ်များမှာစိုးရိမ်နေမိပါ၍ သူမအားခေါ်သွားပါသည်။ နောက်ပြီး ငွေသေတ္တာများလဲ မိတ်ဆွေကြီးအနေနဲ့သယ်ယူရန် လေးလံနေမှာ စိုးရိမ်ပါ၍ တပါတည်းယူဆောင်သွားပါပြီခင်ဗျား။*

*မိုးပျံကျား*

လုရှောင်ဖုန့်သည် ထိုစာကိုဖတ်ပြီးသည်နှင့်မျက်နှာများနီရဲလာကာ အပြင်သို့ပြေးထွက်သွားသွားလေတော့သည်။



ကိုယ်ရံတော်သုံးယောက်တို့မှာလည်း လုရှောင်ဖုန့်နောက်မှ တပါတည်းလိုက်ထွက်သွားလေသည်။ ချိုကျွန်းဖူးကမူ သူဆုံးမလိုက်သောလူသည် သိုင်းလောကတွင် နာမည်ကြီးနေသောလုရှောင်ဖုန့်ဖြစ်သည်ကိုသိလိုက်ရသဖြင့် မျက်လုံးပြူးကာ မလှုပ်မယှက်ရပ်နေပြီး သူ့အများကိုသူ နောင်တရနေလေတော့သည်။

✡✡✡

ချန်ချန်းတည်းခိုခန်း....

ယင်းတည်းခိုခန်းသည် လဟာဆပ်မြို့၏အခမ်းနားဆုံး၊ အကြီးကျယ်ဆုံး၊ စားသောက်ဖွယ်ရာအကောင်းဆုံးဟု နာမည်ကျော်ကြားနေသောတည်းခိုခန်းတစ်ခုဖြစ်သည်။ ယခုမှာမူ ယင်းတည်းခိုခန်းသည် မီးဟုန်းဟုန်းတောက်လောင်နေပြီဖြစ်သည်။

မီးညွန့် မီးခွယ်များသည် လေ၏တိုက်ခတ်မှုကြောင့် အပေါ်သို့လွင့်တက်နေ၏။ အော်ဟစ်သံများ၊ ငိုကြွေးသံများနှင့် မီးများ ဝိုင်းရံငြိမ်းသတ်နေသောလူအုပ်များ၏ဆူညံသောအသံများသည် တိတ်ဆိတ်သောညတွင် ပွတ်လောရိုက်ခတ်နေ၏။

လူများသည် မီးလွတ်သောနေရာသို့ ပစ္စည်းများသယ်ယူရွှေ့ပြောင်းနေပုံမှာလည်း ကြေကွဲဖွယ်ရာကောင်းလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရှေးပညာရှင်ကြီးများသည် ရန်သူမျိုးငါးပါးအနက် မီးသည်အန္တရာယ်အကြီးမားဆုံးဖြစ်ကြောင်း ဩဝါဒပေးခဲ့ခြင်းဖြစ်ပါပေသည်။

✡✡✡

လုရှောင်ဖုန့်သည် သူ့အမှားကြောင့် သူ နောင်တရသွားလေသည်။ သူသည် ချင်းကျင့်ကျင့်အား အခန်းထဲတွင်တစ်ယောက်တည်းထားခဲ့သည်မှာ သူ၏မဟာအမှားဖြစ်ကြောင်းကို ကောင်းစွာသိလိုက်ရလေသည်။ သူ တည်းခိုခန်းသို့ရောက်သွားချိန်တွင် မီးသည် အခန်းတစ်ခုလုံးကိုဝါးမျိုသွားပြီဖြစ်သည်။

နှင်းကျနေသဖြင့်သာ မီးသည် အခြားနေရာသို့ကူးစက်လောင် ကျွမ်းခြင်းမရှိဘဲ သက်သာရာရသွားသည်။ မီးအရှိန်ကြောင့် လုရှောင်ဖုန့်၏မျက်နှာတစ်ခုလုံး ပူလောင်လျက်ရှိသည်။ သူ၏မျက်လုံးများလည်းနီရဲလာသည်။ သို့သော် လုရှောင်ဖုန့်၏ခြေလက်များမှာ အေးစက်နေသည်။

တစ်လမ်းလုံး ပြေးလွှားသံများ၊ အော်ဟစ်သံများ၊ အကူအညီတောင်းသံများ၊ ကလေးငိုသံများဖြင့်ဆူညံနေသည်။



လူအများသည် ပစ္စည်းများသယ်သူသယ်၊ မီးသတ်သည့်သူကသတ်နှင့်အုပ်အုပ်သဲသဲဖြစ်နေကြသည်။ ထိုအဖြစ်များကိုကြည့်၍ လုရှောင်ဖုန့် လွန်စွာစိတ်ထိခိုက်မိသည်။ သူ့အတွက်နှင့် မဆီမဆိုင်သူများ အကြောင်းမဲ့သက်သက်ဒုက္ခနှင့်ကြုံတွေ့ရပြီမဟုတ်ပါလား။

လုရှောင်ဖုန့်သည် အလွန်စိတ်မချမ်းမြေ့သောမျက်နှာဖြင့် မိုးကိုယ်ရံတော်ဘက်သို့လှည့်လိုက်ပြီး....

"ခင်ဗျားတို့တွေ့သလား"

မိုးကိုယ်ရံတော်မျက်မှောင်ကုပ်သွားသည်။

"ဘာကိုတွေ့ရမှာလဲ"

"ခင်ဗျားတို့ကြောင့် မဆိုင်တဲ့လူတွေမီးဘေးသင့်ကုန်ပြီဗျ"

မိုးကိုယ်ရံတော် ပါးစပ်ပိတ်ငြိမ်သက်နေလိုက်သည်။

သူလည်း စိတ်မကောင်းဖြစ်သွားဟန်ရှိသည်။

လုရှောင်ဖုန့်သည် သူ့အားစေ့စေ့ကြည့်လိုက်ပြီး....

"ခင်ဗျား အခု ကျုပ်ရဲ့သိုင်းပညာကိုကြည့်ချင်သေးသလား"

"ကျုပ် ခုနကကြည့်ပြီးပြီပဲ"

မိုးကိုယ်ရံတော်၏မျက်နှာသည် မည်းမှောင်သွားသည်။

လုရှောင်ဖုန့်ကမဲ့ပြုံးပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခုနက သူများချတာကို ကိုယ်ကခံရတဲ့ပညာဗျ။ အခု ကျုပ်ပြမှာက သူများကိုချမယ့်ပညာ"

လုရှောင်ဖုန့်၏စကားက၊ သူ့အား စိန်ခေါ်လိုက်ခြင်းဖြစ်ကြောင်းထင်ရှားနေသည်။ မိုးကိုယ်ရံတော်သည် တစ်ကြိမ်တစ်ခါမျှ ဤကဲ့သို့စိန်ခေါ်ခြင်းမခံရဘူးသဖြင့် ဒေါသထွက်လွန်း၍ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားလိုက်သည်။ နှင်းကိုယ်ရံတော်သည် မိုးကိုယ်ရံတော်၏ရှေ့သို့ဝင်၍ရပ်လိုက်ပြီး.....

"သူက မင်းရဲ့သိုင်းပညာကိုမကြည့်ချင်သေးဘူးကွ"

နွေကိုယ်ရံတော်ကလည်းပြုံးလိုက်ပြီး....

"သူက မြို့စားကြီးတံဆိပ်တုံးကလွဲပြီး ဘယ်ဟာမှစိတ်မဝင်စားဘူးကွ"

သူတို့သည် တစ်ယောက်တစ်လှည့်ဝင်ပြောပြီး မိုးကိုယ်ရံတော်အား ထိုနေရာမှဆွဲထုတ်သွားတော့သည်။

✡✡✡



## ပြေနိုင်မှတော်ကာကျမယ်

လုရှောင်ဖုန့်သည် သူတို့အား ဟန့်တားခြင်းမပြုတော့ပါ။ နေရာတွင်မလှုပ်မယှက်သာရပ်ရင်း မီးလောင်သည်ကိုငေးကြည့်နေမိသည်။ အတန်ကြာမှ သူသည် လေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။

သူသည် ထိုကိုယ်ရံတော်သုံးယောက်အား သည်းခံလာခဲ့သည်မှာ အတော်ကြာသွားပြီဖြစ်သည်။ ယခု သူက ဆက်လက်၍ သည်းမခံတော့သဖြင့် ပြန်လည်တော်လှန်လိုက်ခြင်းဖြစ်သည်။

သူသည် ယခုကဲ့သို့ တော်လှန်လိုက်သည်နှင့် အောင်မြင်မှုရလာသည်။ သို့သော် ဤအောင်မြင်မှုကို မည်မျှကြာကြာထိန်းသိမ်းနိုင်ပါမည်နည်း။

သူသည် လူအုပ်ထဲတွင်ရပ်နေခြင်းမှာ အဓိပ္ပာယ်မရှိဟု ရုတ်တရက်သတိရလာသည်။ ထို့ကြောင့် လူအုပ်ထဲဝင်ပြီး မီးကိုဝိုင်းခန်းပြီးငြိမ်းသတ်ပေးနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရေကို ၇၃ ပုံးပြည့်အောင်ခွဲ၍ ဝိုင်းဝန်းလောင်းပက်ပြီးချိန်တွင် မီးညွန့်သည်လည်း လုံးဝငြိမ်းကျသွားတော့သည်။

သူနှင့်အတူ မီးငြိမ်းသတ်နေသောလူတစ်ယောက်က မောဟိုက်စွာဖြင့်....

"ဟှော့လူ... ခင်ဗျားက ၇၃ ပုံး... ကျုပ် ၆၃ ပုံးဆိုတော့ ကျုပ်က ၁၀ ပုံးတောင်လျော့နေတယ်ဗျ"

လုရှောင်ဖုန့်သည် ထိုသူအားလှည့်ကြည့်လိုက်ရာ ချီကျွန်းဖူးဖြစ်နေသည်ကို အံ့သြစွာတွေ့လိုက်ရလေသည်။ လုရှောင်ဖုန့်သည် ချီကျွန်းဖူး၏ပခုံးကိုအသာအယာပုတ်လိုက်ပြီး....

"ခင်ဗျားက တခြားလူတွေထက် အများကြီးကြိုးစားတာကို ကျုပ်တွေ့တယ်... အဲ ကျုပ်ကိုထိုးတဲ့အခါမှာသာ ခုလိုကြိုးစားရင်တော့ ကျုပ်ခံနိုင်မှာမဟုတ်ဘူးဗျ"

ချီကျွန်းဖူး မျက်နှာနီရဲသွားသည်။

"ဟဲ... ဟဲ.. ဟဲ... ကျုပ်က သူများကိုထိုးကြိတ်တဲ့အခါမှာ ဒါလောက်မကြိုးစားပါဘူး၊ ဘာဖြစ်လို့လဲဆိုရင် သူများကိုထိုးတယ် ကြိတ်တယ်ဆိုတာ စိတ်ချမ်းသာတဲ့အလုပ်မှမဟုတ်ဘဲဗျား နောက်ပြီး ကျုပ်လက်နာသွားမှာလဲကြောက်တယ်ဗျ"



သူတို့နှစ်ဦးစလုံး အားရပါးရရယ်မောလိုက်မိလေသည်။

သူတို့ရယ်မောနေစဉ် သူတို့အနီးတွင် လူများဝိုင်းရံထားသည်ကိုတွေ့လိုက်ရလေသည်။ ထိုလူများသည် သူတို့အား ကျေးဇူးတင်သောမျက်လုံးများဖြင့်ကြည့်နေကြ၏။

ကျစ်ဆံမြီးနှစ်ခုကျစ်ထားသော (၁၀)နှစ်အရွယ်ကလေးမတစ်ယောက်သည် လူအုပ်ထဲမှပြေးထွက်လာပြီး သူတို့လက်ထဲသို့ သကြားလုံး တစ်လုံးစီထည့်ပေးလေသည်။

"ဦးဦးတို့ကကူညီတဲ့အတွက် ကျွန်မကကျေးဇူးတင်တဲ့အနေနဲ့ ကျွန်မစားမယ့်သကြားလုံးကိုလက်ဆောင်ပေးလိုက်ပါတယ်"

လုရှောင်ဖုန့်သည် ကလေးမ၏ဆံပင်များအား အသာအယာပွတ်သပ်ပေးလိုက်သည်။ သူ၏ရင်ထဲ၌ ဖော်မပြနိုင်သောခံစားချက်တစ်ခုဖြစ်ပေါ်လာလေသည်။

ချီကျွန်းဖူးကလည်း သူ့အားပြုံး၍ကြည့်နေသည်။

သူတို့သည် နားလည်လိုက်သည်။ အများအတွက်အကူအညီပေးခြင်းသည် စိတ်အချမ်းသာဆုံးအလုပ်တစ်ခုဖြစ်သည်ဟု နားလည်လိုက်လေတော့သည်။ ထိုစဉ် (၁၂)နှစ်အရွယ် လူငယ်တစ်ဦး လူအုပ်ထဲမှတိုးထွက်လာသည်ကိုတွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ဖုန့်သည် ထိုလုလင်အားမှတ်မိလိုက်သည်။

ထိုလုလင်သည် တည်းခိုခန်းတွင် သန့်ရှင်းရေးလုပ်နေသော လုလင်ဖြစ်သည်။ ဤလုလင်အားမေးလျှင် မီးတောက်လောင်ကျွမ်းပုံကို သိကောင်းသိနိုင်မည်ဟုလည်းတွေးမိသည်။

သူသည် ထိုလုလင်ထံသို့လျှောက်သွားသည်။ ရုတ်တရက် လူအုပ်ထဲမှလူတစ်ယောက်သည် လုရှောင်ဖုန့်အားညွှန်ပြလိုက်ပြီး...

"ဒီလူပေါ့... မီးရှို့သွားတာ သူပဲ"

ဟု အသံကျယ်လောင်စွာဖြင့်အော်ပြောလိုက်လေသည်။

လူအုပ်သည် ထိုစကားကိုကြားလိုက်ရသည်နှင့် ဒေါသမထိန်းနိုင်တော့ဘဲ လုရှောင်ဖုန့်ထံသို့ပြေးဝင်လာကြလေသည်။

လုရှောင်ဖုန့်သည် အခြေအနေမဟန်မှန်းသိလိုက်သည်နှင့် လုလင်ထံသို့မသွားရဲတော့ဘဲ ကပျာကယာနောက်ဆုတ်ပြီးထွက်ပြေးရလေသည်။ လူအုပ်သည် လုရှောင်ဖုန့်၏နောက်သို့ ပြာသံပေး၍ လိုက်လာကြသည်။ သို့သော် လုရှောင်ဖုန့်အား သူတို့မှီအောင် မလိုက်နိုင်ကြပါပေ။

✡✡✡



ဆူပွက်နေသောလူအုပ်အား ချိကျွန်းဖူးနှင့်သူ၏တပည့်များကဝင်ရောက်ထိန်းသိမ်းပေးလိုက်သဖြင့် ငြိမ်သက်စွာသည်။

လုရှောင်ဖုန့်သည် ထွက်ပြေးသွားပြီးမှ တစ်ခါ ထပ်မံ၍ပြန်ရောက်လာသည်။ ထိုအချိန်တွင် လူအုပ်သည် လူစုကွဲသွားပြီဖြစ်၍ ယင်းနေရာတွင် လူအတော်အတန်ရှင်းနေလေပြီ။

သူသည် ဟိုဟိုသည်သည်ကြည့်၍တစ်စုံတစ်ယောက်ကိုရှာနေလေသည်။ လုရှောင်ဖုန့်၏ဂဏှာမငြိမ်သော အမူအရာကိုတွေ့မိသဖြင့် ချိကျွန်းဖူးမျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားဘာကိုရှာနေတာလဲ"

"ဆိုင်ကသန့်ရှင်းရေးလုပ်တဲ့လူငယ်ကိုရှာတာ"

ချိကျွန်းဖူးသည် လုရှောင်ဖုန့်နှင့်အတူ ယင်းလူငယ်အားကူ၍ရှာကြည့်သည်။ သို့သော် ဆိုင်လုလင်၏အရိပ်အယောင်ကိုပင် မတွေ့ရတော့ပါ။

လုရှောင်ဖုန့်စိတ်ထဲတွင် မကျေမချမ်းဖြစ်နေမိသည်။

"ခုနက ခင်ဗျားကိုမီးရှို့တယ်လို့စွပ်စွဲတဲ့လူဟာ တကယ်တမ်းမီးရှို့တဲ့လူဖြစ်ရမယ်ဗျာ"

လုရှောင်ဖုန့်ကသဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်… ကျုပ်ဆိုင်က ကောင်လေးဆီသွားနေတာကို တွေ့လို့ ဒီလူဟာ ဒေါသထွက်နေတဲ့လူနဲ့လှည့်ပြီး ကျုပ်ကိုဟန့်တားနောက်ယှက်လိုက်တာဖြစ်ရမယ်ဗျ"

ချီကျွန်းဖူးခေါင်းညိတ်လိုက်သည်။

"အင်း… ဟုတ်တယ်ဗျာ၊ ကဲ… အခု ကျုပ် ဘာအကူအညီပေးရမလဲ"

လုရှောင်ဖုန့်သည် သူ့အားကျေးဇူးတင်သောမျက်နှာဖြင့်ကြည့်လိုက်ပြီး….

"ကျေးဇူးတင်ပါတယ်… ခင်ဗျားက ဒီနယ်ကိုကျွမ်းတယ်၊ ဒီတော့ ကျုန်တော့်အတွက်"

ချီကျွန်းဖူး၏နားသို့ကပ်၍ တစ်စုံတစ်ခုအား တိုးတိုးပြောလိုက်လေသည်။ ချီကျွန်းဖူးကခေါင်းညိတ်လိုက်ပြီး….

"ကောင်းပြီ… သတင်းရလာရင် ခင်ဗျားကို ဘယ်နေရာမှာလာပြောရမလဲ"

"ခင်ဗျား ငွေချိတ်လောင်းကစားခန်းကိုသိလား"

"သိသာပေါ့"

"ဒါဖြင့် နောက်(၁၅)ရက်ကြာရင် ဟိုမှာတွေ့ကြမယ်"



"ကောင်းပြီလေ"

ထို့နောက် သူတို့သည် တစ်ယောက်လက်ကိုတစ်ယောက် တင်းကျပ်စွာ ဆွဲယမ်းနှုတ်ဆက်လိုက်လေတော့သည်။

သူတို့နှစ်ဦးသည် ပထမသော် ရန်သူနယ်ဖြစ်ခဲ့ကြသော်လည်း တစ်ယောက်၏သဘောကိုတစ်ယောက်က နားလည်သွားသောအခါ ခင်မင်သောသူငယ်ချင်းအဖြစ်သို့ ကူးပြောင်းသွားကြတော့သည်။

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



## လန်းဆန်းလာသောပန်း

အခန်းတစ်ခု....

ယင်းအခန်းငယ်သည် သပ်ရပ်ပြီး သန့်သန့်ရှင်းရှင်းရှိလှပေသည်။ ပြတင်းပေါက်မှ လခြမ်းစက္ကူများသည် အသစ်များဖြင့်ထပ်မံမွမ်းမံထားသဖြင့်သစ်လွင်နေ၏။

အပြင်ဘက်တွင် ရာသီဥတုကလည်း သာသာယာယာ။

နွေးထွေးသောနေရောင်ခြည်သည် နံရံပေါ်မှလှပသော ပန်းချီကားကလေးအပေါ်သို့ လှပစွာဖြာကျနေသည်။ ပြတင်းပေါက်ဘောင်ပေါ်၌ သစ္စာပန်းများစိုက်ထူထားသော ပန်းအိုးတစ်လုံးလည်းရှိသေးရာ အခန်းကလေးအား ပို၍ကျက်သရေတိုးစေလေသည်။

ယနေ့ တင်ဝှမ်းအိသည် တဖြည်းဖြည်းဖြင့် ထထိုင်နိုင်သည့်အဆင့်သို့ရောက်ရှိနေလေပြီ။ ဖြူဖပ်ဖြူလျော်ဖြစ်နေသော သူမ၏ မျက်နှာပေါ်တွင် ပန်းနုရောင်အလှသွေးများပင် ယှက်သန်းလာသည်



ကိုတွေ့ရသည်။ ခြောက်သွေ့သွားသောပန်းကလေးသည် ပြန်လည်ရှင်သန်လာသည်နှင့်တူလှပေသည်။

ဤအခြေအနေကိုတွေ့ရှိလိုက်ရသော လှရှောင်ဖုန့်၏ စိတ်နှလုံးသည် အလိုလိုကြည်လင်ရွှင်ပျလာသည်။

"ကျုပ်လာမယ်လို့ မင်းကိုကတိပေးထားခဲ့တယ်နော်... အခု ကျုပ် ရောက်လာပြီလေ"

လှရှောင်ဖုန့်က ပြုံး၍ပြောလိုက်လေသည်။

"ကျွန်မ သိပါတယ်ရှင်"

တင်ဝှမ်းအိကလည်း ဝမ်းမြောက်ပျော်ရွှင်ဟန်ဖြင့် ပြုံး၍ပြန်ပြောသည်။ သူမသည် ကုတင်ပေါ်တွင်ပင် ခေါင်းအုံးတစ်လုံးခု၍ထိုင်နေသည်။ သူမ၏မျက်နှာသည် လှပချောမောနေသည်။

လှရှောင်ဖုန့်သည် အိတ်ထဲသို့လက်နှိုက်လိုက်ပြီး....

"ခင်ဗျားမြင်ချင်တဲ့ပ[illegible]ကျုပ်ယူလာခဲ့တယ်"

တင်ဝှမ်းအိ၏မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွားလေသည်။

"ဟင်... ဟုတ်လား၊ ရှင် မြို့စားကြီးတံဆိပ်တုံးကိုရလာတယ်ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ဖုန့်ကခေါင်းညိတ်ပြလိုက်သည်။

"ကျုပ်ကကတိပေးထားတဲ့ကိစ္စဆိုရင် ဖြစ်အောင်လုပ်တတ်ပါတယ်၊ ဘယ်သူ့ကိုမှ ကျုပ်မလိမ်ခဲ့ဘူး"

"ဒါဖြင့် ကျွန်မက ရှင့်ကိုလိမ်တယ်လို့ပြောချင်လို့လား"

"ချင်းကျုင့်ကျုင့်ဟာ ခင်ဗျားရဲ့မိတ်ဆွေနော်"

"ဟုတ်ပါတယ်"

"သူဟာ စိတ်ချယုံကြည်ရပါတယ်လို့ ခင်ဗျားပြောခဲ့တယ်နော်"

"ဟုတ်ပါတယ်... နေပါဦး သူက မယုံရလို့လား"

"ရှင်းရှင်းပြောရရင် သူလဲ ဒီအရှုပ်တော်ထဲမှာပါဝင်နေတဲ့လူတစ်ယောက်ပဲ"

"အင်း... ဒီလိုဆို သူသေသွားပြီပေါ့ ဟုတ်လား"

လုရှောင်ဖုန့်သည်မျက်မှောင်ကုပ်၍ သူမအား စေ့စေ့ကြည့်လိုက်ပြီး....

"သူသေသွားပြီလို့ ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

တင်ဝှမ်းအိက ပြုံးလိုက်သည်။

"သိတာပေါ့ရှင်"



"ဘယ်လိုလုပ်သိတာလဲ"

"ရှင့်အပေါ်မှာမကောင်းကြံတဲ့လူဟာ ဒီလိုပဲသေလိမ့်မယ်လို့ ကျွန်မယုံကြည်ထားလို့ပေါ့"

တင်ဝှမ်းအိ၏အကြောင်းပြချက်က ရယ်စရာတော့ ကောင်းနေသည်။ လုရှောင်ဖုန့်က လက်ခံလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ မြို့စားကြီးတံဆိပ်တုံးရအောင်ယူလာခဲ့ရလို့ တော်သေးတာပေါ့"

တံဆိပ်တုံးဟူသောစကားကိုကြားလိုက်သည်နှင့် တင်ဝှမ်းအိမျက်လုံးအစုံသည် ပို၍ ဝင်းလက်တောက်ပလာပြန်သည်။

သူမသည် လုရှောင်ဖုန့်ကမ်းပေးလိုက်သောတံဆိပ်တုံးအားကြည့်ရင်း မျက်ရည်များပင်စီးကျသွယ်လာလေသည်။

ဤတံဆိပ်တုံးအတွက် လူအများ၏အသက်ကို စတေးခဲ့ရသည်မဟုတ်ပါလား။

သူမသည် တံဆိပ်တုံးအား လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာဆုပ်ကိုင်ထားသည်။

သူမ၏လက်များသည် တုန်ခါနေသည်။

လုရှောင်ဖုန့်သည် သက်ပြင်းချလိုက်ရင်း....

www.burmeseclassic.com

www.burmeseclassic.com



"ဒီတံဆိပ်တုံးသာ ကျူပ်ပိုင်ဆိုင်ရရင်တော့ မင်းကိုပဲအပိုင်ပေးလိုက်ချင်တယ်"

"အို… ဒီလိုမပြောပါနဲ့ အခု ဒီတံဆိပ်တုံး ကျွန်မရလဲ ကျွန်မအတွက် ဘာမှအဓိပ္ပာယ်မရှိတော့ပါဘူးရှင်"

သူမသည် ယင်းသို့ပြောရင်း သူမ၏ပါးပြင်ပေါ်သို့ မျက်ရည်များလိမ့်ဆင်း၍လာပြန်လေသည်။

လုရှောင်ဖုန့်သည် သူမအားစိတ်မကောင်းဟန်ဖြင့် အငေးသားစိုက်၍ကြည့်နေမိရှာသည်။

✡✡✡

ယခု မြို့စားကြီး၏တံဆိပ်တုံးသည် တင်ဝှမ်းအိ၏ရင်ခွင်ထဲသို့ရောက်ရှိနေလေပြီ။ တောက်ပသောနေရောင်ခြည်အောက်ဝယ် တံဆိပ်တုံး၏အရောင်အသွေးသည် လှပပြီးချောမွတ်နေလေသည်။

ထို့ပြင် ဖော်မပြနိုင်သောတန်ခိုးအာနိသင်လည်း ရှိသည်ဟု ယူဆရသည်။ တင်ဝှမ်းအိသည် တံဆိပ်တုံးအား ယုယစွာဖြင့်နမ်းရှုံ့နေရှာလေသည်။

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျေးဇူးတင်ပါတယ်"



သူမ၏နှုတ်မှလည်း တတွတ်တွတ်ရေရွတ်နေ၏။

လုရှောင်ဖုန့်သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

တင်ဝှမ်းအိ၏ဘဝကိုလည်း သနားကြင်နာမိလာသည်။

သူသည် ထိုင်ရာမှထလိုက်သည်။

ထို့နောက် နံရံပေါ်မှပန်းချီကားချပ်အား သွားရောက်ကြည့်နေလိုက်လေသည်။ သူသည် ပန်းချီကားချပ်အား စိတ်ဝင်စားသောကြောင့်မဟုတ်ပါ။ သက်သက်မဲ့ အကြောင်းရှာ၍ ကြည့်နေခြင်းသည် တင်ဝှမ်းအိ၏အဖြစ်ကိုမကြည့်ရက်၍ သာဖြစ်ပေသည်။ ထိုစဉ်…

"ဒုတ်… ဒုတ်"

ဟူသောအသံနှစ်ချက် ရုတ်တရက်ထွက်ပေါ်လာသည်။

ထိုအသံကြောင့် လုရှောင်ဖုန့် လျှပ်တစ်ပြက်လှည့်ကြည့်လိုက်လေသည်။ အရာဝတ္ထုတစ်ခုသည် ပြတင်းပေါက်ဘောင်မှစက္ကူအားထိုးဖောက်ထွက်သွား၏။

ပြီးနောက် ချက်ချင်းဆိုသလိုပင် အခြားအရာဝတ္ထုတစ်ခုကလည်း တင်ဝှမ်းအိထံသို့ အလွန်လျင်မြန်ပြင်းထန်သော အရှိန်အဟုန်ဖြင့်ဝင်ရောက်လာလေသည်။ လုရှောင်ဖုန့်သည် ထိတ်ခနဲဖြစ်ကာ တင်ဝှမ်းအိထံသို့ ကပျာကယာပြေးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ရင်ချွင်မှတံဆိပ်တုံးကိုမူ မတွေ့ရတော့ပါ။ သူမ၏ရင်ဝတွင် တံဆိပ်တုံးအစား ဓားတစ်ချက်စိုက်ဝင်နေသည်ကိုသာတွေ့လိုက်ရလေတော့သည်။ သူမ၏လှသစ်စမျက်နှာလေးသည် ချက်ချင်းပင် ဖြူဖပ်ဖြူရော်ဖြစ်လာပြန်သည်။

သူမ၏မျက်လုံးထောင့်မှကြွက်သားများနှင့် နှုတ်ခမ်းများသည် အားနည်းစွာလှုပ်ရှားနေပါ၏။ သူမသည် ငိုနေသကဲ့သို့ရှိသည်။

သို့သော် ရယ်နေသည်ဟုလည်း ဆိုနိုင်သည်။

လုရှောင်ဖုန့်သည် ကြက်သေသေသကဲ့သို့ သူမအား ငိုင်၍ကြည့်နေမိလေသည်။ တင်ဝှမ်းအိသည် မှေးမှိန်နေသောမျက်လုံး အစုံဖြင့် လုရှောင်ဖုန့်ကို အားယူကြည့်လိုက်ပြီးနောက်....

"ရှင်... လိုက်မသွားဘူးလား"

ဟု အားယူ၍မေးလေသည်။ လုရှောင်ဖုန့်ခေါင်းခါယမ်းပြလိုက်သည်။ သူမပုံဟန်မှာ ယခုကဲ့သို့ဖြစ်ပျက်ခြင်းမှာသူမျှော်မှန်းထားသည့်အတိုင်းဖြစ်ပေါ်လာသည်ဟူသောအသွင်ဖြစ်သည်။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ခင်ဗျားအလိမ်ခံရပြန်ပြီနော်"

ဟု ကရုဏာသက်စွာဖြင့်မေးလိုက်သည်။



"ဟုတ်တယ်... ကျွန်မက ရှင့်ကိုလိမ်တယ်၊ သူက ကျွန်မကိုပြန်လိမ်တယ်... ဒါဟာကံတရားပေါ့ ဟုတ်လားဟင်"

တင်ဝှမ်းအိ၏အသံသည် တဖြည်းဖြည်း တိုး၍တိုး၍သွားပြီး လုံးဝတိတ်ဆိတ်သွားလေသည်။

ဩော် တင်ဝှမ်းအိ၏အဖြစ်မှာ ခဏာဘာပွင့်လန်းလာသော ပန်းပမာနှယ်ပင် မဟုတ်ပါလား။

✡✡✡

တင်ဝှမ်းအိ....

သူမသည် လုရှောင်ဖုန့်အား ပရိယာယ်ဖြင့်လှည့်စားခဲ့၏။ သူမသည် လုရှောင်ဖုန့်ထံမှတံဆိပ်တုံးအားလိမ်ယူရန် အကွက်ဆင်ထားခြင်းဖြစ်သည်။ ဤအချက်ကို လုရှောင်ဖုန့်ကလည်းရိပ်စားမိထားသည်။ တင်ဝှမ်းအိသည် ခြေတစ်ဖက်ပြတ်သွားသည့်တိုင် ထိုတံဆိပ်တုံးအပေါ်တွင် ဤမျှသံယောဇဉ်ကြီးမားနေရန် မလိုပါ။ သူမ ယခုကဲ့သို့တံဆိပ်တုံးအား လွန်စွာစိတ်ဝင်စားနေသည်မှာ အကြောင်းတစ်ခုခုရှိရမည်ဟုလည်း လုရှောင်ဖုန့်ကတွေးမိပြီးဖြစ်သည်။

ထို့ကြောင့် လုရှောင်ဖုန့်သည် သူမ လွတ်လွတ်လပ်လပ်လှုပ်

www.burmeseclassic.com

www.burmeseclassic.com



ရှားနိုင်ရန် နံရံမှပန်းချီကားချပ်များအား စိတ်ဝင်စားသယောင်ပြု၍ ကြည့်နေလိုက်ခြင်းဖြစ်သည်။ တင်ဝှမ်းအိသည် တံဆိပ်တုံးအား ပြတင်းပေါက်မှအပြင်သို့ ပစ်ပေါက်ထုတ်လိုက်သည်ကိုလည်း သူသိသည်။ သို့သော် အခန်းအပြင်ဘက်မှတံဆိပ်တုံးကိုစောင့်၍ဖမ်းယူသောလူက တင်ဝှမ်းအိအား ယခုကဲ့သို့ရက်ရက်စက်စက် သတ်သွားလိမ့်မည်ဟုကား သူ မမျှော်လင့်ပါ။ မသိရိုးလည်း အမှန်ပါ။

ယခုသော် ထိုလူသည် တင်ဝှမ်းအိအားသစ္စာဖောက်၍ ရက်ရက်စက်စက်သတ်သွားချေပြီမဟုတ်လား။

ထိုလူသည် မည်သူဖြစ်ပါသနည်း။

✡✡✡

ည....

ဆောင်းညဖြစ်သဖြင့်အေးစိမ့်လှသည်။

မည်းမှောင်နေသောလမ်းကြားသည်လည်း ပကတိတိတ်ဆိတ်နေလေသည်။ လမ်းကြားထဲတွင် လူသူဟူ၍အသွားအလာ မရှိပါ။ မီးအိမ်တစ်လုံးသာ လမ်းကြားတစ်နေရာတွင်ရှိနေ၏။

ထိုမီးအိမ်သည် ဟောင်းနွမ်းနေသောမီးအိမ်ဖြူဖြစ်၏။



ထိုမီးအိမ်ဖြူသည် လမ်းကြားရှည်၏အစွန်ဆုံးရှိ အဆောက်အဦ၏တံစက်မြိတ်ပေါ်တွင်ချိတ်ဆွဲထားခြင်းဖြစ်လေသည်။

❀ မီးရောင်မလင်းလှသော်လည်း ငွေချိတ်ဆိုင်းဘုတ်ကလေးမှာမူ ဝင်းလက်တောက်ပနေသေး၏။ ဆောင်းလေသည် တစ်ချက်တစ်ချက်ဝှေ့ယမ်းတိုက်ခတ်လိုက်သောကြောင့် ငွေချိတ်မီးအိမ်လေးသည် ယိမ်းထိုးလှုပ်ယမ်းနေလေသည်။

✡✡✡

ယွို့ဟွီးသည် နှင်းမှုန်များကြားမှ မီးရောင်ထိန်ထိန်လင်းနေသောငွေချိတ်လောင်းကစားခန်းရှိအိမ်ဆီသို့ လှမ်းဝင်သွားသည်။ သူသည် နှင်းကာအားချွတ်လိုက်သောအခါ သူ၏ပုံပန်းကျလှသောအဝတ်အစားများပေါ်လွင်လာလေသည်။

နေ့စဉ် ဤအချိန်ရောက်တိုင်း သူ၏စိတ်သည် ရွှင်လန်းကြည်လင်လာတတ်သည်။ အထူးသဖြင့် ယနေ့ညတွင် သူသည် ပို၍ဝမ်းသာပီတိဖြစ်နေလေသည်။ အကြောင်းမှာ လုရှောင်ဖုန့်သည်အားလံသော လဟာဆပ် မြို့မှပြန်လည်ရောက်ရှိလာပြီဖြစ်သောကြောင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လုရှောင်ဖုန့်အားလေးစားသည်။

ခင်မင်သည်မဟုတ်ပါလော။

လုရှောင်ဖုန့်....

သူက ပို၍ပင် ဝမ်းသာရွှင်လန်းနေသည်။

ရေခဲနေသောလဟာဆပ်မှ နွေးထွေးပြီးလုပ်သော ကျန်းနန်သို့ပြန်လည်ရောက်လာခြင်းအတွက် သူသည် ဝမ်းမြောက်ရွှင်လန်းလျက်ရှိနေသည်မဟုတ်ပါလော။

✡✡✡

ခန့်ညားကြီးကျယ်သောညေ့ခန်းတွင် အရက်နံ့များ အမွှေးနံ့များသည် ကြိုင်လှိုင်သင်းပျံ့နေလေသည်။ ရယ်မောသံများ၊ ငွေသံများ၊ အံစာတုံးပစ်သောအသံ များသည်လည်း အချက်ကျကျဂီတသံပမာထွက်ပေါ်နေ၏။

တစ်ချက်တစ်ချက်ထွက်ပေါ်လာသော ဝါးခနဲရယ်သံများသည် အခန်းတစ်ခုလုံးအားဟိန်းထွက်သွားစေလေသည်။

ထိုအသံများကို လုရှောင်ဖုန့် အလွန်နှစ်သက်လေသည်။

အထူးသဖြင့်....



ရေခဲပြင်ပိတ်ဖုံးနေသောနေရာဒေသမှ ပြန်ရောက်လာရသဖြင့် နားထဲတွင်ပို၍ သာယာလာသည်ဟု ထင်ရလေသည်။ သူသည် လဟာဆပ်မှအသက်ရှင်လျက် ချောချောမောမောပြန်ရောက်လာနိုင်သဖြင့် သူ့ကိုယ်သူပင် အံ့ဩနေမိသည်။

သူသည် ရေပူနွေးဖြင့်ရေမိုးချိုးပြီးနောက် သစ်လွင်သော အဝတ်အစားများကို လဲလှယ်ဝတ်ဆင်လိုက်လေသည်။ အမွေးအမှင် ဗလပျစ်ဖြစ်နေသောမုတ်ဆိတ်နှင့်နှုတ်ခမ်းမွေးများအားလည်း သေသေသပ်သပ်ဖြစ်အောင် ရှင်းပစ်လိုက်သည်။

အဖြူရောင်ဆိုးထားသောဆံပင်များနှင့် မျက်လုံးထောင့်မှ အတွန့်အတွန့်အရေးအကြောင်းများကိုလည်း ပြန်လည်ဖယ်ရှားပစ်လိုက်သည်။ ယခု သူသည် အလွန်ခန့်ညားချောမောသောယောကျ်ားတစ်ယောက်အသွင်သို့ ပြန်လည်ရောက်ရှိလာလေပြီ။

သူ ညေ့ခန်းထဲသို့ရောက်ရှိလာသောအချိန်တွင် အခန်းထဲမှ မိန်းမအချို့သည် သူ့အား တိတ်တဆိတ် ခိုးကြည့်နေကြသည်ကို လှမ်းတွေ့လိုက်ရသည်။ လုရှောင်ဖုန့်သည် သူတို့အား ပြုံး၍ပြလိုက်သည်။ ယဉ်ကျေးမှုအရဖြစ်ပါသည်။

ယို့ဟွီးသည် သူ့အားပြုံး၍ကြည့်လိုက်ပြီး...

www.burmeseclassic.com



"ခင်ဗျား ဒီနေရာကိုတော်တော်နှစ်သက်တယ်နော်"

ဟုဆက်မေးသည်။ လုရှောင်ဖုန့်ကပြုံးလိုက်သည်။

"ဒီနေရာကိုနှစ်သက်တဲ့လူတွေဟာ တစ်နေ့တခြား များလာတယ်လို့ ကျုပ်ထင်တယ်ဗျ"

ယို့ဟွီးကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ဒီနယ်မှာအရောင်းအဝယ်ကောင်းလာတော့ လူတွေဟာငွေရှင်လာကြတယ်၊ ဒါကြောင့် ဒီနေရာမှာ ခုလို စည်ကားနေတာပေါ့ဗျာ"

လုရှောင်ဖုန့်ကပြုံးလိုက်သည်။

"ကျုပ်ကတော့ ခင်ဗျားကိုလာကြည့်ချင်ကြလို့ သူတို့ ဒီကိုလာကြတယ်လို့ ကျုပ်ထင်နေတာဗျ"

ယို့ဟွီးက လုရှောင်ဖုန့်၏ပျက်လုံးကြောင့် အားရပါးရရယ်မောလိုက်သည်။

လုရှောင်ဖုန့်ပြောသကဲ့သို့လည်းဖြစ်နိုင်သည်။

အကြောင်းမှာ ယို့ဟွီးသည်ခန့်ညားပြီး ချောမောသောယောကျ်ားတစ်ယောက်ဖြစ်ရာ လူတိုင်းကပင် သူ့ကိုအားကျနှစ်သက်သဘောကျသည်မဟုတ်ပါလော။



ထိုစဉ် လူတစ်ယောက်သည် လက်ထဲမှဓားတစ်လက်ဖြင့် ယို့ဟွီး၏နောက်မှနေ၍ လျှပ်တစ်ပြက်ထိုးသွင်းလိုက်သည်။

လုရှောင်ဖုန့်သည် မျက်လုံးပြူးကျယ်သွားသည်။

ယို့ဟွီးသည် နောက်ပင်လှည့်မကြည့်ပါ။

ရုတ်တရက်ပင် သူသည် ခါးကိုတွန့်လိမ်တိမ်းရှောင်လိုက်ပြီး လုံးဝင်လာသောလူ၏လက်အား ဖမ်းချုပ်လိုက်ကာ တစ်ချက်လိမ်ချိုးလိုက်သည်။ လူနှစ်ယောက်သည် သူတို့ရှိရာ ချက်ချင်းရောက်လာပြီး ထို လူအားဖမ်းချုပ်ကာ အပြင်ဘက်သို့မောင်းထုတ်လိုက်လေသည်။

✡✡✡

လုရှောင်ဖုန့်က ယို့ဟွီးအားပြုံးပြလိုက်သည်။

"ဒီလူ မင်းကိုဘာလို့သတ်ချင်နေတာလဲဗျ"

ယို့ဟွီးကပခုံးတစ်ချက်တွန့်ပြလိုက်ပြီး....

"လောင်းကစားတာရှုံးလို့ ရူးသွားသလားမှမသိဘဲဗျာ"

လုရှောင်ဖုန့်ကရယ်မောလိုက်ပြီး....

"အင်း... ရှုံးမှာကြောက်ရင် ဘာလို့လာပြီးလောင်းကစားကြရတာလဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



လောင်းကစားခြင်းဆိုသည်မှာ နိုင်သူရှိလျှင် ရှုံးသူရှိရမည်ဖြစ်သည်။ ဤသည်ကို လူတိုင်းကသိထားကြပါလျက်နှင့် အဘယ်ကြောင့် ဤသို့စိတ်ရှုပ်ပေါက်သွားသူများ ရှိရပါသနည်း။

အံ့ဩဖို့ပင် ကောင်းနေတော့သည်မဟုတ်ပါလော။

✡✡✡

လောင်းကစားခြင်းသည် လူ့လောင်လောကစတင်ဖြစ်ထွန်းသည်မှစခဲ့သောအရာပင်ဖြစ်သည်။ ထို့ကြောင့် လောင်းကစားမှုသည် ပုံစံအမျိုးမျိုးဖြင့် နေရာ၊ ဒေသအမျိုးမျိုးတွင် ရှိနေဦးမည်အမှန်ပင်။

လောင်းကစားခြင်းသည် ဒုစရိုက်မှုတစ်ခုသာဖြစ်ရာ နောက်ဆုံးတွင် ဤလောင်းကစားမှုကြောင့်ပင် လူတွေပျက်စီးကြသည်။ အသက်ဆုံးရှုံးကြသည်။ ဒုက္ခတွေ ပင်လယ်ဝေခဲ့ရသည်။

လောင်းကစားမှု၏မသဒီစရာရလာဒ်ကိုလည်း လူတိုင်းပင်သိကြသည်။ ပို၍သိအောင် ပို၍နားလည်အောင်လည်း လောင်းကစားမှု၏ဆိုးကျိုးများအကြောင်းကို စာပေနှင့်တစ်မျိုး၊ ဩဝါဒဖြင့်တစ်ဖုံ ပညာရှင်များ ဆုံးမပြောဆိုခဲ့ကြသည်။

ရေးသားခဲ့ကြသည်။



သို့သော် လောင်းကစားမှုများကား ပပျောက်မသွားသေးပါ။ အရှိန်ယုတ်လျော့သွားဖြင့်းမရှိသေးပါ။ ပို၍ပို၍ပင် ကြီးထွားလာသည်ကိုတွေ့ရ၏။ အချို့ကလောင်းကစားဂေဟာများနှင့်ပတ်သက်၍စာရင်းပြုစုကြည့်ရာ ကျန်းနန်းနယ်တစ်ခုတည်းတွင်ပင် လောင်းကစားဂေဟာအကြီးအသေး စုစုပေါင်းထောင်ကျော်ဂဏန်းမျှရှိသည်ဟုဆိုလေသည်။

ဤသို့ဆိုလျှင် လောင်းကစားမှုအတွက် ဒုက္ခရောက်ရသည့်လူများမှာ တစ်နေ့တခြားများပြားလာမည်မှာကေန်မလွဲပါချေ။

✡✡✡

ရုတ်ရုတ်သဲသဲဖြစ်သွားချိန်မှာ တစ်ခဏမျှသာဖြစ်သည်။

နောက်တော့ ပြန်လည်ငြိမ်သက်သွားသည်။ ယင်းတခဏ်အချိန်ကလေးအတွင်းမှာပင် လူများ လှုပ်လှုပ်ရွရွပြန်ဖြစ်သွားကြလေသည်။ သို့သော် ယင်းအချိန်ကလေးတွင် ဘာမှမဖြစ်သလို တည်ငြိမ်စွာနေရာမပျက်ထိုင်နေသောလူတစ်ယောက်တော့ရှိပါ၏။ ထိုသူသည် ခေါင်းပေါ်တွင် သိုးမွေးပွဦးထုပ်တစ်လုံးဆောင်ထားသည်။ ကိုယ်ပေါ်တွင်လည်း သိုးမွေးအင်္ကျီများဝတ်ဆင်ထားသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်နှာသည် မပြုံးပြင်ဘဲထားသည်မှာကြာမြင့်ခဲ့ပြီဖြစ်ပုံရ၏။ မုတ်ဆိတ်မွေးများဗရပွစ်ဖြစ်နေ၏။ ထိုလူ၏ပုံဟန်မှာ နယ်ပြခြားမှပြန်ရောက်လာသောကုန်သည်တစ်ဦးနှင့် လွန်စွာတူလှသည်။ မှန်သည်။ ထိုသူသည် ဆေးပင်ဆေးမြစ်များ တူးဖော်ရောင်းချသောဘယဆေးကုန်သည်တစ်ယောက်ပင်ဖြစ်ပါ၏။

ထိုသူ၏ဖောင်းကြွနေသောအိတ်များကို ကြည့်ခြင်းအားဖြင့် ထိုသူသည် ဆေးပင်ဆေးမြစ်များရောင်း၍ ငွေအတော်အတန်ရနေပြီဖြစ်ကြောင်းသိသာလေသည်။

ယို့ဟွီးသည် ထိုသူကိုကြည့်ရင်း လုရှောင်ဖုန့်အားပြုံး၍....

"ဟော့... ဟိုလူက သိပ်အဆီတွေများနေတယ်... ခင်ဗျားသွားပြီး လုယူရဲပါ့မလား"

"ဟဲ... ဟဲ... ဟဲ... ကတုံးပေါ် ထိပ်ကွက်ပြီးရတဲ့ငွေဟာ သုံးရတာ အရသာရှိတယ်လို့ ကျုပ်ထင်တယ်ဗျာ၊ ခင်ဗျားကော"

"ဟဲ... ဟဲ... ဟဲ... ကျုပ်ကလဲစိတ်ကူးမိတာပေါ့ဗျာ၊ ဒါပေမယ့် ကျုပ်ယောက်ဖစောင့်နေတာက ခက်တယ်"

"အို... ခင်ဗျားယောက်ဖစောင့်ပါစေ၊ ဒီလိုလူမျိုးဆီက ငွေကိုရအောင်မယူရင် ကျုပ်တို့ငရဲကြီးလိမ့်မယ်ဗျ"



"အင်း... ဒါကြောင့်လဲ ခင်ဗျားဟာလုရှောင်ဖုန့်ဆိုပြီး နာမည်ကြီးနေတာကိုး"

"ကဲဗျာ... ခင်ဗျားယောက်ဖဆီသွားပြီးအကြောင်းကြားပေးပါ၊ ကျုပ်တော်ကြာမှလာမယ်လို့"

လုရှောင်ဖုန့်သည် ပြောပြီးသည်နှင့် ဘယဆေးကုန်သည်ဆီသို့လျှောက်သွားလေသည်။

"မိတ်ဆွေ... ပျင်းနေလို့ရှိရင် ကျွန်တော်တို့နှစ်ယောက်တည်း လောင်းကြေးရအောင်"

သူသည် စတင်အကြံပြုလိုက်သည်။ ဘယဆေးကုန်သည်ကလည်း ရှောရှောရှူရှူလက်ခံလိုက်သည်။

"ကောင်းတယ်... ဒါပေမယ့် လောင်းကြေးနည်းနည်းလေးနဲ့တော့ မကစားပါရစေနဲ့"

"ကောင်းပြီ... ခင်ဗျား လောင်းကြေးများသလောက် ကျုပ်လိုက်မယ်... ဘယ့်နှယ်လဲ"

"ကောင်းပြီလေ"

ယို့ဟွီးသည် သူတို့အားကြည့်၍ပြုံးလိုက်ပြီးနောက် အခန်းထဲသို့ဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယို့ဟွီးတစ်ယောက် အခန်းထဲဝင်ရောက်ပျောက်ကွယ်သွားတော့မှ လုရှောင်ဖုန့်သည် စားပွဲအောက်သို့လက်လျှိုပြီး မုတ်ဆိတ်မွေးဗလပျစ်နှင့်ဘယဆေးကုန်သည်ထံသို့ လက်ကမ်းပေးလိုက်လေတော့သည်။

✡✡✡



## မိတ်ဆွေသစ်

မုတ်ဆိတ်ပြာသည် သူ၏လက်နှစ်ဖက်အား သေသေချာချာစစ်ဆေးကြည့်နေလေသည်။ သူ၏လက်များသည် နည်းကျပြီးအရွယ်ငယ်သည်။ လက်သည်းများလည်းသန့်သန့်ရှင်းရှင်းရှိသည်။

ယခု သူသည် လက်နှစ်ဖက်အား စားပွဲပေါ်တွင်တင်ထားခြင်းဖြစ်သည်။ ယို့ဟွီးကလည်း မုတ်ဆိတ်ပြာ၏လက်နှစ်ဖက်ကိုကြည့်နေလေသည်။ ချွေ၊ မိုး၊ နှင်းစသည့်မြို့စားကြီး၏ကိုယ်ရံတော်သုံးယောက်တို့မှာလည်း မုတ်ဆိတ်ပြာ၏လက်နှစ်ဖက်အား ကြည့်နေကြသည်။

သူတို့သည် အဘယ်ကြောင့်မုတ်ဆိတ်ပြာ၏လက်များကိုဝိုင်း၍ကြည့်နေကြပါသနည်း။

သူတို့၏မျက်လုံးများသည် ထိုလက်နှစ်ဖက်အားကြည့်နေကြသည်မှာမှန်ပါသည်။ သို့သော်....

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏စိတ်ထဲမှဖြစ်ပေါ်လာ သောအတွေးများသည် ကွဲပြားခြားနားနေကြလေသည်။

ယို့ဟွီးသည် ဤသို့စိတ်ကူးမိသည်။

မုတ်ဆိတ်ပြာ၏လက်နှစ်ဖက်သည် သန့်ရှင်းသည်၊ လှပသည်မှန်သော်လည်း သူ၏ဘဝတစ်လျှောက်လုံးတွင် သူ၏လက်နှစ်ဖက်သည် မတရားမှုများ၊ ကောက်ကျစ်စဉ်းစားလဲမှုများ၊ အများအပြားလုပ်ခဲ့ပြီး ကောင်းသောလုပ်ငန်းမှန်သမျှ တစ်ကြိမ်မှမလုပ်ခဲ့ဟု သူတွေးနေမိသည်။

ချွေ၊ မိုး၊ နှင်းကိုယ်ရံတော်သုံးယောက်ကလည်း အတွေးကိုယ်စီဖြစ်ပေါ်နေသည်။ မုတ်ဆိတ်ပြာ၏လက်နှစ်ဖက်သည် လူသွေးများစွန်းသည်ကလွဲ၍ တစ်ခါမျှကောင်းသောအလုပ် မလုပ်ခဲ့။

သူတို့သည် ဤသို့အတန်ကြာကြာဆိတ်ငြိမ်နေရာမှ ယို့ဟွီးကချောင်းတစ်ချက်ဟန့်လိုက်ပြီး....

"လုချောင်ဖုန့်ပြန်လာပြီ"

ဟုသတင်းပို့လိုက်သည်။

"အခု... သူဘယ်မှာလဲ"

မေးသူကမုတ်ဆိတ်ပြာမဟုတ်ပေ။



အခန်းထဲသို့ဝင်လာသော ယို့ဂှမ်းအိပင်ဖြစ်ပါသည်။

"သူ အခု လူတစ်ယောက်နဲ့ အပြင်ခန်းမှာ လောင်းကစားနေတယ်"

"သူနဲ့လောင်းကစားတဲ့လူက ဘယ်သူလဲ"

မုတ်ဆိတ်ပြာကမေးလိုက်ခြင်းဖြစ်သည်။

"နယ်ခြားကပြန်လာတဲ့ ဘယဆေးကုန်သည်ချုန်ဖူးပါ"

ယို့ဟွီးကဖြေလိုက်သည်။

"သူ့မှာမုတ်ဆိတ်မွေးရှိသလား"

"ရှိပါတယ်"

"ဒီလူကချုန်ဖူးဟုတ်လို့လား"

"ဟုတ်ပါတယ်"

"မင်း... သေချာရဲ့လား"

"သေချာပါတယ်"

မုတ်ဆိတ်ပြာကပြုံးပြီး သူ့အား စေ့စေ့ကြည့်လိုက်သည်။

"မင်း အလိမ်ခံလိုက်ရပြီ... သူက ချုန်ဖူးမဟုတ်ဘူး"

ယို့ဟွီးသည် ပါးစပ်ပိတ်သွားတော့သည်။ သူ၏မျက်လုံးအစုံသည် မုတ်ဆိတ်ပြာအား အံ့သြတကြီးနှင့်ငေးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူက အာမခံဌာနမှူးတစ်ယောက်ဖြစ်တယ်... သူ့နာမည်က...."

သူသည် ဤသို့စကားကို တစ်ပိုင်းတစ်စပြောပြီးနောက် တစ်ချက်ပြုံးလိုက်သည်။

"ချိုကျွန်းဖူးကွ"

ဟုတစ်လုံးချင်းပြောလိုက်လေတော့သည်။

✡✡✡

"ချိုကျွန်းဖူး ဟုတ်လား"

ယို့ဟွီးက အံ့ဩစွာမေးလိုက်သည်။

မှတ်ဆိတ်ပြာကခေါင်းညိတ်လိုက်သည်။

"အေး... ချိုကျွန်းဖူးဟာ တစ်ယောက်ပဲရှိတယ်"

"သူက ဒီကိုလာဖူးသလား"

ယို့ဟွီးက မေးလိုက်ခြင်းဖြစ်သည်။

"အာမခံဌာနကလူတွေ ကုန်သည်တွေ ဒီမြို့ရောက်ရင်တော့ ဒီကိုလာဖူးကြတာချည်းပဲ"

"ဒါဖြင့် ဒီတစ်ခါ သူကဘာဖြစ်လို့ရုပ်ဖျက်လာသလဲ"



မှတ်ဆိတ်ပြာသည် မဲ့ပြုံးပြုံးလိုက်ပြီး....

"ဒါကတော့ မင်းသိချင်ရင် သူ့ကိုသွားမေးကြည့်ပေါ့"

ယို့ဟွီးသည် ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

✡✡✡

ချိုကျွန်းဖူး....

သူသည် မိုးကိုယ်ရံတော်၏အနိုင်ကျင့်မှုကြောင့် လုရှောင်ဖုန့်နှင့်ရင်ဆိုင်ခဲ့ရလေသည်။

သို့သော် သူသည် လုရှောင်ဖုန့်၏ရိုးသားဖြောင့်မတ်သောစိတ်နေသဘောထားများကိုသိရှိလာသောအခါ သူသည် လုရှောင်ဖုန့်အပေါ် လေးစားလာသည်။ ခင်မင်လာသည်။ ကြည်ညိုလာသည်။ လုရှောင်ဖုန့်ကလည်း ချိုကျွန်းဖူးမှာ လူကောင်းတစ်ယောက် ဖြစ်သည်ကိုတွေ့သိလာသောအခါ သူသည် ချိုကျွန်းဖူးအပေါ် ယုံကြည်စိတ်ချလာသည်။

အထူးသဖြင့် သူ့အတွက် နယ်မြေကျွမ်းကျင်သောလူတစ်ယောက်လိုအပ်နေသဖြင့် သူသည် ချိုကျွန်းဖူးအား တာဝန်အချို့ပေးပြီး စုံစမ်းစေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်း၍ရလာသောအခါ ငွေချိတ်လောင်းကစားဂေဟာသို့ လာရောက်တွေ့ဆုံရန် ချိန်းဆိုခဲ့၍လည်း ချိုကျွန်းဖူးသည် ယခုကဲ့သို့ ဆေးမြစ်တူးရောင်းသောဘယဆေးကုန်သည်အသွင်ဆောင်၍ ငွေချိတ်လောင်းကစားဂေဟာသို့လာရောက်ကာ လုရှောင်ဖုန့်နှင့်တွေ့ဆုံခြင်းဖြစ်ပါသည်။

တစ်နည်းဆိုသော် ချိုကျွန်းဖူးသည် လုရှောင်ဖုန့်၏အသစ်ဖြစ်သောသစ္စာရှိမိတ်ဆွေပင်....

✡✡✡

လုရှောင်ဖုန့်သည် အခန်းထဲသို့လှမ်းဝင်လာချေပြီ။

မုတ်ဆိတ်ပြာ၏လက်သည် စားပွဲပေါ်မှ ရုတ်တရက် ပြန်ရုပ်သွားသည်။ နွေကိုယ်ရံတော်၏လက်သည်မူ ဖျတ်ခနဲဆန့် ထုတ်ပြီးဖြစ်နေလေသည်။

"ပေးစမ်း"

လုရှောင်ဖုန့်သည် ဖြန့်လာသောလက်အားကြည့်ပြီး....

"ဘာပေးရမှာလဲဗျ... ကျူပ်မှာရှိသမျှငွေအားလုံး အခုပဲ ရှုံးလို့ကုန်သွားပြီလေ"



နွေကိုယ်ရံတော်ကမဲ့ပြုံးပြုံးလိုက်ပြီး....

"မင်းက သူများတွေရဲ့ငွေကိုနိုင်ချင်လို့ သွားလောင်းတာမဟုတ်လား"

"ဟုတ်ပါတယ်"

"အခုတော့ အကုန်လုံးရှုံးသွားပြီပေါ့နော်"

"ဟုတ်ပါတယ်"

"ဒီလိုဆို မင်းမှာပါလာတဲ့မြို့စားကြီးရဲ့တံဆိပ်တုံးပါ ရှုံးသွားပြီထင်တယ်"

လုရှောင်ဖုန့်ကပြုံးလိုက်ပြီး....

"ဖြစ်နိုင်ပါတယ်... ဒါပေမယ့် ကံကောင်းတယ်လို့ပြောရမယ်... တံဆိပ်တုံးပါမလာလို့တော်သေးတာပေါ့"

"ဒါဖြင့် အခု မင်းဆီမှာတံဆိပ်တုံးပါမလာဘူးဆိုပါတော့"

"ဟုတ်ပါတယ်... ဒါပေမယ့်"

"ဒါပေမယ့်ဘာဖြစ်လဲ"

"ဒါပေမယ့် ပထမတော့ ကျူပ်ဆီမှာပါလာပါတယ်"

"နောက်တော့"

"နောက်တော့ ပျောက်သွားတယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



နွေကိုယ်ရံတော်၏မျက်နှာသည် မအီမသာဖြစ်သွားသည်။

လုရှောင်ဖုန့်ကပြုံးလိုက်ပြီး….

"တံဆိပ်တုံးကပျောက်သွားပေမယ့် ကျုပ်ကတော့ မသေသေးဘူးဗျ"

"မင်းပါသေလိုက်ရင်ကောင်းမယ်"

"ကျုပ်သေသွားရင် ဘယ်သူကတံဆိပ်တုံးကိုရအောင် ပြန်ယူပေးမှာလဲဗျ"

"ဘာ… မင်းကရအောင် ပြန်ရှာနိုင်တယ်ဟုတ်လား"

"ခင်ဗျားလိုချင်တယ်ဆိုရင် ကျုပ်ပြန်ရှာပေးရမှာပေါ့… ဒါပေမယ့်…."

"ဒါပေမယ့် ဘာဖြစ်လဲ"

"ပြန်ရလာရင် ခင်ဗျားဒေါသဖြစ်မှာစိုးလို့ပါ"

"ကျုပ်ကဘာဖြစ်လို့ဒေါသဖြစ်ရမှာလဲကွ"

"မြို့စားကြီးတံဆိပ်တုံးဟာ အတုဖြစ်နေလို့ပေါ့ဗျာ"

လုရှောင်ဖုန့်၏စကားကြောင့် အခန်းထဲမှလူအားလုံးသည် ရုတ်တရက် ပါးစပ်အဟောင်းသားဖြစ်သွားကြလေတော့၏။

✡✡✡



## ထူးဆန်းသောဂါထာ

အခန်းတစ်ခုလုံးငြိမ်သက်သွားသည်။ အတန်ကြာမှ မှတ်ဆိတ်ဖြူ၏လက်နှစ်ဖက်သည် စားပွဲပေါ်သို့ပြန်လည်တင်လာသည်။

နွေကိုယ်ရံတော်၏လက်နှစ်ဖက်လည်း စားပွဲပေါ်တွင် တင်ထားလိုက်သည်။ သူတို့၏လက်များသည် လုရှောင်ဖုန့်၏လည်မျိုအားညှစ်ရန်ကြိုးစားနေပြီလော။

လုရှောင်ဖုန့် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီတံဆိပ်တုံးဟာအတုဆိုတာ ကျုပ် ဒီရောက်တော့မှ သိရတာဗျ"

အားလုံးကနားစွင့်နေသည်။

လုရှောင်ဖုန့်ကဆက်၍ရှင်းပြလေသည်။

"ကျုပ် ဒီကိုပြန်ရောက်လာမှ ကျုပ်မိတ်ဆွေဆီက သတင်းတစ်ခုကြားခဲ့ရတယ်၊ သူကပျောက်နေတဲ့မြို့စားကြီးရဲ့တံဆိပ်တုံးဟာ အတုလို့ပြောလိုက်လို့ဗျ"

www.burmeseclassic.com



နွေကိုယ်ရံတော်က လုရှောင်ဖုန့်အားစေ့စေ့ကြည့်ပြီး....

"မင်းမိတ်ဆွေကဘယ်သူလဲ"

"ကျူးထိန်းပါ"

"အတုဝိဇ္ဇာကျူးထိန်းလား"

"ဟုတ်ပါတယ်... ဒီတံဆိပ်တုံးဟာ သူအတုလုပ်ပြီးရောင်းလိုက်တယ်လို့ပြောပါတယ်"

နွေကိုယ်ရံတော်ကမဲ့ပြုံးပြုံးလိုက်သည်။

"အတုပဲဖြစ်ဖြစ် ကျုပ်ယူမယ်"

လုရှောင်ဖုန့်က သူ့အားအံ့သြစွာကြည့်ပြီး....

"အတုပဲလိုချင်တယ်ဟုတ်လား"

နွေကိုယ်ရံတော်သည် သူ့အား ခပ်စိမ်းစိမ်းတစ်ချက်ကြည့်ပြီးလက်ဖြန့်လိုက်သည်။

"ဟုတ်တယ်... ပေးစမ်း"

လုရှောင်ဖုန့်ကရယ်မောလိုက်ပြီး....

"ဒီလိုဆို ကျုပ်ရှာပေးပါ့မယ်ဗျာ"

"မင်းဘယ်မှာသွားရှာမှာလဲကွ"

"ဒီအခန်းထဲမှာပါ"



"ဘာကွ"

နွေကိုယ်ရံတော်ကဒေါသထွက်သွားသဖြင့် သူ၏အသံသည် ဟိန်းထွက်လာသည်။ လုရှောင်ဖုန့်ကပြုံးလိုက်သည်။

"ဟုတ်တယ်... ဒီအခန်းထဲမှာရှာပေးပါ့မယ်၊ အခုတော့ မရှိသေးပေမယ့် ကျုပ်ကဂါထာမန်းလိုက်ရင် ပြန်ရလာမှာပါ"

အခန်းတွင်းရှိလူအားလုံးသည် သူ့အား ထူးထူးဆန်းဆန်း ကြည့်နေကြသည်။ လုရှောင်ဖုန့်ကပြုံးလိုက်ပြီး....

"ကျုပ်ကမီးအိမ်ကိုငြိမ်းပြီး ဂါထာတစ်ချက်မန်းလိုက်ရင် မီး ပြန်လင်းလာတာနဲ့ တံဆိပ်တုံးပြန်တွေ့မှာပါ"

မုတ်ဆိတ်ပြာကရယ်မောလိုက်သည်။

ယို့ဟွီးကလည်း ရယ်မောလိုက်သည်။

ယို့ဝှမ်းကလည်း တခိခိရယ်မောနေပြီးနောက်....

"လုရှောင်ဖုန့်... ရှင့်ရဲ့စကားကို ဘယ်သူကယုံမှာလဲရှင်"

လုရှောင်ဖုန့်ကလည်း ပြုံးလိုက်သည်။

"ခင်ဗျားတို့မယုံပေမယ့် လူတစ်ယောက်ကတော့ ကျုပ်စကားကိုယုံကြည်တယ်ဗျာ"

မုတ်ဆိတ်ပြာကမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

နွေကိုယ်ရံတော်ကတည်ကြည်စွာဖြင့်....

"ကျုပ်ယုံတယ်"

ဟုတစ်လုံးချင်းပြောချလိုက်လေတော့သည်။

✡✡✡

အခန်းတွင် မီးအိမ်သုံးလုံးရှိသည်။

ယခု မီးအိမ်သုံးလုံးစလုံးငြိမ်းသွားပြီဖြစ်သည်။

မီးငြိမ်းသွားသည်နှင့်တစ်ခန်းလုံး မှောင်ကျသွားလေသည်။

အမှောင်ထုထဲတွင် လုရှောင်ဖုန်၏ဂါထာရွတ်သံများ ထွက်ပေါ်လာသည်။ သို့သော် သေသေချာချာနားထောင်လိုက်သောအခါ နေရာဒေသများ၏အမည်များ၊ လူနာမည်စသည်များအား ထပ်တလဲလဲရွတ်ဆိုနေခြင်းသာဖြစ်နေသည်။

"မြစ်ဟောင်းဝ... ထုံတီတ်ဘယဆေးဆိုင်၊ သမားတော်မျက်မမြင်၊ မြစ်ဟောင်းဝ... ထုံတီတ်ဘယဆေးဆိုင်၊ သမားတော်မျက်မမြင်၊ မြစ်ဟောင်းဝ... ထုံတီတ်ဘယဆေးဆိုင်"

သို့သော် သူ၏ရွတ်ဆိုသံများသည် အမှောင်ထုကြားမှကြား



ရသူအဖို့ လျှို့ဝှက်ဆန်းကြယ်လှသည်ဟုခံစားရလေသည်။

သူ၏ဂါထာသည် တကယ်ပင်ထိရောက်နေသည်။

အမှောင်ထုထဲမှ လူတစ်ယောက်သည် ထိုဂါထာကိုကြားလိုက်ရသည်နှင့်ရင်တလှပ်လှပ်ခုန်လာသည်။

လုရှောင်ဖုန်သည် ထိုသို့ထပ်တလဲလဲရွတ်ဆိုပြီးနောက်....

"မီးမွှေ့လိုက်တော့"

ဟုအော်လိုက်သည်။

မီးအိမ်သည် လျှပ်တစ်ပြက် လင်းထိန်လာသည်။

မီးရောင်အောက်စားပွဲပေါ်တွင်ကား မြို့စားကြီး၏တံဆိပ်တုံးတစ်ခုအမှန်တကယ်ရောက်ရှိလာသည်ကို အားလုံးတွေ့မြင်လိုက်ရလေတော့သည်။

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



မီးရောင်အောက်ဝယ် တံဆိပ်တုံးကလေးသည် အရောင်များတောက်ပနေသည်။

သို့သော် အခန်းတွင်းရှိလူအားလုံး၏မျက်နှာများသည် ဖြူဖပ်ဖြူရော်ဖြစ်နေလေသည်။ သူတို့၏မျက်လုံးများတွင် အံ့သြသောအရိပ်အယောင်များအထင်းသားပေါ်လွင်နေပါ၏။

လူရှောင်ဖုန့်သည် ကျေနပ်စွာပြုံးလိုက်ပြီး....

"ကဲ... ကျုပ်ရဲ့တန်ခိုးအာနိသင်ကိုယုံကြပြီမဟုတ်လားဗျ"

ယို့ဂွမ်းကသက်ပြင်းတစ်ချက်ချလိုက်ပြီး....

"အင်း... ရှင်ဟာ မျက်လှည့်ပြတဲ့မျက်လှည့်သမားလုပ်စားဖို့ကောင်းတယ်"

နွေကိုယ်ရံတော်ကအေးစက်စွာဖြင့်....

"ဒါ မျက်လှည့်မဟုတ်ဘူးကွ... ဒီတံဆိပ်တုံးဟာ သူ့ဟာသူအပြင်ကနေ ပျံလာတာမဖြစ်နိုင်ဘူး"

လူရှောင်ဖုန့်ကပြုံးလိုက်ပြီး....

"ခင်ဗျားပြောတာဟုတ်ပါတယ်ဗျာ"

"ငါပြောတာဟုတ်ပါတယ်ဆိုရင် ဒီတံဆိပ်တုံး ဘယ်ကလာတာလဲကွ"



"ဒါတော့သည်းခံပါ... ခင်ဗျား ဒီလောက် အမေးအမြန်းထူနေရင် တော်ကြာ ဒီတံဆိပ်တုံးထပ်ပျောက်သွားပါဦးမယ်"

နွေကိုယ်ရံတော်သည် ပါးစပ်ပိတ်ထားလိုက်ရတော့သည်။

ဟုတ်ပါသည်။ သည်တစ်ခါတော့ သူသည် ယင်းတံဆိပ်တုံးကိုအပျောက်မခံနိုင်တော့ပါ။

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



## ရှင်းရှင်းလေးပေါ

စားပွဲပေါ်တွင် မြို့စားကြီး၏တံဆိပ်တုံးသည် ငြိမ်သက်စွာရှိနေသည်။ အားလုံးသောလူများသည် တံဆိပ်တုံးအားမေးမော်ကြည့်ရှုနေကြလေသည်။

ဤတံဆိပ်တုံးသည် မြို့စားကြီး၏သားတော်လက်ထဲမှ မုတ်ဆိတ်ပြာ၏လက်သို့ကူးပြောင်းလာသည်။

မုတ်ဆိတ်ပြာ၏လက်မှတစ်ဖန် လီရှားကခိုးယူသွားသည်။ လီရှား၏လက်မှ ချင်းကျင့်ကျင့်နှင့်တောင်ဆိတ်တို့က လီရှားအား လုပ်ကြံ၍လက်လွှဲယူသွားပြန်သည်။ ထိုမှတစ်ဖန် ချိုချိုက ချင်းကျင့်ကျင့်၏လက်ထဲမှတံဆိပ်တုံးကို လုယူသွားပြန်သည်။ ချိုချို၏လက်မှ တစ်ဆင့် လုရှောင်ဖုန့်ကရရှိထားသည်။ လုရှောင်ဖုန့်က တံဆိပ်တုံးအား တင်ဝှမ်းအိကိုပြသစဉ် မမျှော်လင့်ဘဲ တင်ဝှမ်းအိ၏ရင်ခွင်ထဲမှ ပျောက်ချင်းမလှ ပျောက်ဆုံးသွားခြင်းဖြစ်သည်။



ထိုတံဆိပ်တုံးသည် ထိုစဉ်အခါက မည်သူမည်ဝါ၏လက်ထဲ ရောက်နေမှန်းမသိရပေ။

ယခု မုတ်ဆိတ်ပြာ၏အခန်းရှိစားပွဲပေါ်မှ ရုတ်တရက် ပြန်လည်ပေါ်ထွက်လာသည်။ မီးရောင်အောက်တွင် ထိုတံဆိပ်တုံးသည် အေးဆေးငြိမ်သက်စွာတည်ရှိနေသော်လည်း အမှန်မှာ ထိုတံဆိပ်တုံးကြောင့်လူ့အသက်များစွာစတေးခြင်းခံခဲ့ရလေပြီ။ မုတ်ဆိတ်ပြာသည် သက်ပြင်းတစ်ချက်ချပြီး နွေကိုယ်ရံတော်အားကြည့်လိုက်သည်။

"ဒီတံဆိပ်တုံးက အစစ်လားအတုလား"

နွေကိုယ်ရံတော်ကပခုံးတစ်ချက်တွန့်ပြလိုက်ပြီး....

"အတု"

ဟု အော်ပြောလိုက်လေတော့သည်။

"ဒီတံဆိပ်တုံးက အစစ်နဲ့ခွဲမရအောင်တူနေတယ်... ဒါပေမယ့် တံဆိပ်တုံးပေါ်မှာဖော်ပြထားတဲ့အရုပ်တွေဟာ ကွဲလွဲနေတယ်၊ တကယ်ကျွမ်းကျင်တဲ့လူကလွဲလို့ ဘယ်သူကမှအတုမှန်းမသိနိုင်ဘူး"

လုရှောင်ဖုန့်သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"လီရှားတစ်ယောက်တော့ ဒီတံဆိပ်တုံးဟာအတုဖြစ်တယ်လို့ သူ့မသိလိုက်ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်ပြာသည် သူ့အားစေ့စေ့ကြည့်လိုက်သည်။

"မင်းစကားက ဘာသဘောလဲကွ"

လူရှောင်ဖုန့်ကပြုံးလိုက်ပြီး....

"ကျုပ်ပြောတာရှင်းရှင်းလေးပါ... လီရှား ခင်ဗျားဆီကခိုးသွားတဲ့တံဆိပ်တုံးဟာအတုဖြစ်တယ်လို့ ကျုပ်ပြောနေတာပါ"

မုတ်ဆိတ်ပြာ မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် အစစ်ကော"

လူရှောင်ဖုန့်ကပြုံးလိုက်ပြီး....

"ကျုပ်ဥပမာတစ်ခုပေးမယ်... ဆိုပါစို့ ပန်းကန်ပြားထဲမှာ ပေါက်စီတစ်လုံးနဲ့အကြော်ကွေးတစ်ချောင်းစီရှိကြတယ်၊ ကျုပ်က တစ်ခုစားလိုက်တယ်... ပန်းကန်ပြားထဲမှာပေါက်စီပဲကျန်ရင် ကျုပ်က ဘာကိုစားလိုက်တာလဲ"

မုတ်ဆိတ်ပြာကရယ်မောလိုက်သည်။

"ဟာ... ပန်းကန်မှာပေါက်စီကျန်ခဲ့ရင် မင်းကအကြော်ကွေးစားလိုက်တာပေါ့ကွာ၊ ဒါများ အဆန်းလုပ်ပြီးမေးနေတယ်"

လူရှောင်ဖုန့်ကလက်ခုပ်လက်ဝါးတီးလိုက်ပြီး....

"ခင်ဗျားမဆိုးဘူး ... ကျုပ်ရဲ့ဥပမာကောရှင်းရဲ့လား"



"သိပ်ရှင်းတာပေါ့"

လူရှောင်ဖုန့်က မျက်နှာတည်တည်ထားလိုက်ပြီး....

"လီရှားခိုးသွားတဲ့တံဆိပ်တုံးဟာအတု... ချင်းကျင့်ကျင့်က လီရှားဆီကယူလာတဲ့တံဆိပ်တုံးကလဲ အတု... တစ်ခါ ချိုချိုက ချင်းကျင့်ကျင့်ဆီကလုယူပြီး ကျုပ်လက်ထဲရောက်လာတဲ့တံဆိပ်တုံးကလဲအတု... အဲဒီတော့ ကျုပ် ဥပမာပေးတဲ့ပေါက်စီအတိုင်း ဖြစ်မနေဘူးလား"

မုတ်ဆိတ်ပြာကခေါင်းခါယမ်းလိုက်သည်။

"ကျုပ်မရှင်းသေးဘူးဗျ"

လူရှောင်ဖုန့်ကပြုံးပြီး....

"လီရှားလက်ထဲကပါသွားတဲ့တံဆိပ်တုံးက အတုဆိုရင် အစစ်ဟာ ခင်ဗျားလက်ထဲမှာပဲရှိရမှာပေါ့ဗျ... ဟား... ဟား... ဟား"

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



## မုတ်ဆိတ်ပြာ၏နိဂုံး

နွေကိုယ်ရံတော်သည် အံ့သြသွားသည်။

ယို့ဝှမ်းနှင့်ယို့ဟွီးတို့လည်း အံ့သြသွားကြသည်။

မုတ်ဆိတ်ပြာသည် တဟားဟား ရယ်မောပစ်လိုက်သည်။

"ကျုပ်က ဘာဖြစ်လို့ဒီလိုလုပ်ရမှာလဲကွ... ဆိုစမ်းပါဦး"

လုရှောင်ဖုန့်ကလက်ကာပြလိုက်သည်။

"ကျုပ်ရှင်းပြပါ့မယ်"

သူသည် သူ၏ထင်မြင်ချက်ကိုစတင်ရှင်းပြလိုက်လေသည်။

"လီရှားဟာ အသက်ကြီးလာလို့ ခင်ဗျားက သူ့ကိုငြီးငွေ့ပြီး စွန့်ပစ်ချင်တယ်၊ အဲဒီတော့ သူ့ကိုထွက်ပြေးသွားအောင် အခွင့်အရေး တစ်ခုဖန်တီးပေးလိုက်တယ်၊ နောက်ပြီး လီရှားနဲ့တင်ဝှမ်းအိဟာ အလွန်ခင်မင်တဲ့သူငယ်ချင်းဖြစ်တယ်ဆိုတာ ခင်ဗျားကသိထားတယ်၊ နောက်ပြီး တင်ဝှမ်းအိမှာလင်ငယ်တစ်ယောက်ရှိတယ်လို့ ခင်ဗျားက



သိထားပြန်တယ်၊ ဒါပေမယ့် ဘယ်သူဘယ်ဝါဆိုတာ မသိတော့ လီရှားကိုခုတုံးလုပ်ပြီးစုံစမ်းတယ်"

မုတ်ဆိတ်ပြာကပြုံးလိုက်သည်။

"နေပါဦးဗျာ... တင်ဝှမ်းအိဟာကျုပ်မိန်းမမှမဟုတ်တာဗျ၊ သူ့မှာလင်ငယ်ရှိတယ် မရှိဘူးဆိုတာ ကျုပ်နဲ့ဘာဆိုင်လို့လဲဗျ"

လုရှောင်ဖုန့်ကပြုံးလိုက်ပြီး...

"ခင်ဗျားနဲ့မဆိုင်ဘူးဟုတ်လား"

"ဟုတ်တယ်လေ... သူ့ယောကျ်ားကမိုးပျံ့ကျားဗျ၊ ကျုပ် မဟုတ်ဘူး... ခင်ဗျားတော့ရှုပ်ကုန်ပြီဗျ"

လုရှောင်ဖုန့်က သူ့အားစေ့စေ့ကြည့်လိုက်ပြီး...

"ဒါဖြင့် မိုးပျံ့ကျားကဘယ်သူလဲ... ခင်ဗျားပဲမဟုတ်လား"

ထိုစကားကိုကြားလိုက်ရသည်နှင့် မုတ်ဆိတ်ပြာသည် တဟားဟား ရယ်မောလိုက်လေသည်။

"ဟား... ဟား... ဟား"

သူသည် အလွန်ရယ်စရာကောင်းသောစကားများကိုကြားလိုက်ရသည့်အလား ရယ်ရလွန်း၍ မျက်ရည်များပင်စီးကျလာသည်။

လုရှောင်ဖုန့်က မရယ်ပါ။ သူသည်တည်ကြည်စွာဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"မိုးပျံကားဟာ အလွန်လောဘကြီးသူတစ်ယောက်ဖြစ်တယ်၊ သူဟာ မြို့စားကြီးနေရာကိုအလွန်ကို လိုချင်တပ်မက်နေတယ်ဆိုတာ အားလုံးကသိကြတယ်၊ ဒါပေမယ့် ထူးထူးခြားခြား ဒီတစ်ခါမြို့စားကြီးတံဆိပ်တုံးပျောက်ဆုံးတဲ့ကိစ္စမှာ သူဟာ အေးအေးဆေးဆေးပဲနေတယ်၊ ဘာဖြစ်လို့လဲလို့အဖြေရှာလိုက်ရင် သူဟာ ဒီတံဆိပ်တုံးဟာအတုဖြစ်နေတယ်ဆိုတာကို ကြိုသိနေလို့ပဲပေါ့ဗျာ"

မုတ်ဆိတ်ပြာသည် ရယ်မြူရယ်နေသည်။ သူ၏လက်ထဲတွင်ဆုပ်ကိုင်ထားသောအရက်ခွက်သည် ရယ်ရလွန်း၍ ညှစ်အားလွန်သွား၍လားမသိ။ ပြားချပ်သွားသည်။

လုရှောင်ဖုန်ကစကားဆက်လိုက်သည်။

"တင်ဝှမ်းအိကတော့ မုတ်ဆိတ်ပြာဟာ မိုးပျံကျားနဲ့တစ်ဦးထဲပဲလို့ လုံးဝမထင်မိဘူးပေါ့၊ မုတ်ဆိတ်ပြာဆိုရင် တကယ်မုတ်ဆိတ်တွေရှိတယ်လို့ပဲ ထင်နေတယ်၊ ကျုပ်လဲအစက ဒီလိုပဲထင်မိတယ်၊ ကျုပ် မုတ်ဆိတ်ပြာနဲ့တွေ့ပြီးတဲ့နောက်ပိုင်းကျမှ ဒီလျှို့ဝှက်ချက်ကိုသိလာတော့တယ်"

ယို့ဝှမ်းက မသိမသာအံကြိတ်ကာပြားချပ်သွားသောအရက်ခွက်အား မုတ်ဆိတ်ပြာ၏လက်ထဲမှယူလိုက်သည်။



ထို့နောက် စီရိုပေါ်မှကြွေခွက်အသစ်တစ်လုံးကိုယူကာ ပိုးပဝါဖြင့်သေသေချာချာသန့်စင်အောင်သုတ်ပြီး မုတ်ဆိတ်ပြာအတွက်အရက်ထပ်မံငှဲ့ပေးလိုက်သည်။ မုတ်ဆိတ်ပြာသည် ယုယစွာဖြင့် သူမ၏လက်အားဆုပ်ကိုင်လိုက်သည်။ လုရှောင်ဖုန်က....

"ယို့ဝှမ်းက ခင်ဗျားရဲ့ လျှို့ဝှက်ချက်ကိုသိလာတဲ့အတွက် ခင်ဗျားမှာလမ်းနှစ်သွယ်ပဲရွေးရတော့တယ်၊ တစ်ခုက သူ့ကိုသတ်လိုက်ရုံပဲ၊ နောက်လမ်းတစ်ခုက ခင်ဗျားမှာရှိတဲ့မိန်းမလေးယောက်ကိုမောင်းထုတ်ပစ်ရမယ်၊ ဒါပေမယ့် ယို့ဝှမ်းရဲ့အလှက ခင်ဗျားကိုဖမ်းစားထားတဲ့အတွက် ခင်ဗျားကဒုတိယလမ်းကိုပဲရွေးလိုက်ရတယ်"

ယို့ဟွီး သက်ပြင်းတစ်ချက်ချလိုက်သည်။

"နေပါဦး... သူဟာ မိုးပျံကျားပါပဲလို့ ခင်ဗျားကဘယ်လိုလုပ်သိသလဲ"

လုရှောင်ဖုန့်ကပြုံးပြီး ယို့ဟွီးအား စေ့စေ့ကြည့်လိုက်သည်။

"တင်ဝှမ်းအိဟာ မိုးပျံကျားရဲ့မိန်းမလို့ပြောတယ်၊ မိုးပျံကျားရဲ့မိန်းမဆိုရင် ယို့ဟွီး မင်းအနေနဲ့ တင်ဝှမ်းအိကိုသတ်စရာအကြောင်းမရှိဘူး... အခုဟာက မုတ်ဆိတ်ပြာခိုင်းလို့သာ မင်းသွားသတ်တယ်ဆိုတာ ထင်ရှားမနေဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း... မုတ်ဆိတ်ပြာက ဘာဖြစ်လို့ တင်ဝှမ်းအိကိုသတ်ခိုင်းရတာလဲလို့မေးစရာရှိပြန်တယ်၊ သူဟာ မိုးပျံကျားပါလို့ တင်ဝှမ်းအိကဖော်မှာစိုးရိမ်လို့ပေါ့ဗျာ"

မုတ်ဆိတ်ပြာကမဲ့ပြုံးပြုံးလိုက်ပြီး...

"ငါကသူ့ကိုခိုင်းတယ်လို့ မင်းဘယ်လိုလုပ်သိသလဲ၊ နောက်ပြီး သူဟာမိုးပျံကျားမဟုတ်ပါဘူးလို့ မင်းဘယ်လိုလုပ်သိသလဲ"

လုရှောင်ဖုန်၏အဖြေသည် ရှင်းလွန်းသည်။

"သူက ကျုပ်သူငယ်ချင်းဖြစ်နေလို့ ကျုပ်ကသိတာပေါ့ဗျာ"

လုရှောင်ဖုန့်က စကားဆက်လိုက်သည်။

"ကျုပ်မှာ သူငယ်ချင်းတစ်ယောက်ရှိသေးတယ်... ခင်ဗျား သိမလား မပြောတတ်ဘူး"

"မင်းကချူကျွန်းဖူးကိုပြောနေတာလား"

"ဟုတ်တယ် သူမုတ်ဆိတ်ပြာကိုတွေ့ဖူးတယ်တဲ့၊ သူတွေ့ခဲ့တဲ့မုတ်ဆိတ်ပြာက မုတ်ဆိတ်မွေးဗလပျစ်ရှိတယ်လို့ပြောတယ်"

မုတ်ဆိတ်ပြာကပြုံးလိုက်ပြီး...

"ခင်ဗျားက မုတ်ဆိတ်ပြာနဲ့တွေ့တဲ့အခါ မုတ်ဆိတ်ပြာမှာမုတ်ဆိတ်မွေးမရှိဘူးမဟုတ်လား"



လုရှောင်ဖုန့်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ကျုပ်ကိုမုတ်ဆိတ်အတုတွေတပ်ပြီး လိမ်လို့မရဘူးဆိုတာ ခင်ဗျားစောစောကကြိုတင်ပြီးသိပါတယ်ဗျာ"

သူသည် စကားဆက်လိုက်သည်။

"ခင်ဗျားက တံဆိပ်တုံးအစစ်ကိုတော့ ဝှက်ထားပြီး အစစ်အစား အတုတစ်ခုလုပ်ပြီး လီရှားမြင်သာအောင်ဝှက်ပြတယ်၊ လီရှားကသော့အစစ်ကြီးအောင်းမေ့လို့ ခိုးသွားတဲ့အခါမှာ မြို့စားကြီးရဲ့ကိုယ်ရံတော်သုံးယောက်ကို အာရုံပြောင်းသွားအောင် ကျုပ်ကိုလဟာဆပ်မြို့ကိုလိုက်ခိုင်းတယ်၊ ကိုယ်ရံတော်သုံးယောက်က ကျုပ်နောက်ကိုနောက်ယောင်ခံပြီးလိုက်သွားရင် ကျုပ်ကတံဆိပ်တုံးပြန်ရသည်ဖြစ်စေ မရသည်ဖြစ်စေ သူ့မှာတာဝန်ကင်းသွားတယ်၊ အတုရလာလဲ သူနဲ့မဆိုင်တော့ဘူးမဟုတ်လား"

နွေကိုယ်ရံတော်ကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... လမ်းမှာပြဿနာတက်လာရင်တော့ တို့က မင်းကိုပဲအရေးယူရမှာပဲ"

လုရှောင်ဖုန့်ကစကားဆက်လိုက်သည်။

"ကျုပ်တို့ကတော့ ရေခဲပြင်မှာ ခွန်ခွန့်စားစားကြိုးစားရှာ

www.burmeseclassic.com

www.burmeseclassic.com



နေတုန်း သူက ဒီမှာနွေးနွေးထွေးထွေးနဲ့ဇိမ်ခံနေခဲ့မယ်၊ အဲ ခုနစ်လ ခုနစ်ရက်နေ့ရောက်လာတဲ့အခါ သူဟာ တံဆိပ်တုံးအစစ်ကိုပြနိုင်တဲ့အတွက် မြို့စားကြီးနေရာကိုရတော့မယ်၊ အဲဒီအချိန်ကျရင် သူဟာ ဘယ်သူ့ကိုမှဂရုစိုက်နေစရာမလိုတော့ဘူးပေါ့ဗျာ”

နွေကိုယ်ရံတော်ကခေါင်းညိတ်ပြီး သဘောတူလိုက်သည်။

“မြို့စားကြီးနေရာကိုတရားဝင်ဆက်ခံပြီးမှတော့ ဘယ်သူက သူ့ကိုအပြစ်ပြောရဲတော့မှာလဲဗျ”

“မြို့စားကြီးနေရာကို သူဆက်ခံရတဲ့အပြင် ကျားနက်ဂိုဏ်းရဲ့ဂိုဏ်းချုပ်လဲဖြစ်ပြန်တော့ ဘယ်သူက သူ့ကိုအံတုဝံ့တော့မလဲဗျ”

နွေကိုယ်ရံတော်ကအေးစက်သောအပြုံးဖြင့်....

“ဒါပေမယ့် သူကံမကောင်းပါဘူး... မြို့စားကြီးနေရာကို သူလက်မခံရသေးပါဘူး”

မုတ်ဆိတ်ပြာကသက်ပြင်းတစ်ချက်ချလိုက်သည်။

“ဟုတ်တယ်... ကံမကောင်းတာတော့အမှန်ပဲ”

လုရှောင်ဖုန့်က သူ့အားစေ့စေ့ကြည့်လိုက်ပြီး....

“ခင်ဗျားဘာကိုဆိုလိုတာလဲ”

မုတ်ဆိတ်ပြာကခေါင်းတစ်ချက်ခါယမ်းလိုက်သည်။



“ကျုပ်တို့အားလုံး ကံမကောင်းကြဘူးလို့ပြောနေတာပါ”

လုရှောင်ဖုန့်မျက်မှောင်ကုပ်သွားသည်။

“ကျုပ်တို့ဟုတ်လား”

“ဟုတ်တယ်... ကျုပ်တို့ကံမကောင်းလို့ မိတ်ဆွေအပေါင်းမှားနေကြတာပေါ့”

“ကျုပ်ကမိတ်ဆွေအပေါင်းမှားတယ်... ဟုတ်လား”

“ဟုတ်တယ်... မှားတာမှတကယ့်မဟာအမှားဗျ”

မုတ်ဆိတ်ပြာသည် သက်ပြင်းရှည်တစ်ချက်ချပြီး စကားဆက်လိုက်သည်။

“ကျုပ်ကပိုဆိုးတာပေါ့ဗျာ... ဘာဖြစ်လို့လဲဆိုတော့ ကျုပ်မိန်းမယူမိတာ တော်တော့်ကိုမှားသွားတယ်”

သူသည် ဤသို့ပြောပြီး ယိုဟွမ်း၏လက်ကောက်ဝတ်အား လျှပ်တစ်ပြက်ဖမ်းချုပ်ကာ...

“ပေးစမ်း”

ဟုအော်လိုက်လေသည်။

ယိုဟွမ်း၏မျက်နှာသည် ကွက်ခနဲပျက်သွားသည်။

“ကျွန်မ... ကျွန်မ ဘာပေးရမှာလဲရှင်”

www.burmeseclassic.com

www.burmeseclassic.com



"မင်း မုန်လာဥလုပ်မနေစမ်းပါနဲ့... ပေးဆိုပေးစမ်း"

"နေပါဦးရှင့်... တံဆိပ်တုံးအစစ် ကျွန်မဆီမှာမှမရှိဘဲ"

"ငါ တံဆိပ်တုံးတောင်းတာမဟုတ်ဘူး"

"တံဆိပ်တုံးမဟုတ်ရင် ဘာပေးရမှာလဲ"

မုတ်ဆိတ်ပြာသည် စကားမဆက်နိုင်တော့ပါ။

သူသည် တစ်ကိုယ်လုံးတောင့်တင်းသွားကာ....

"ဝုန်း...."

သူ၏ခန္ဓာကိုယ်သည် ရုပ်သေးရုပ်ကြိုးပြတ်သွားသည့်ပမာ မြေပေါ်သို့လဲကျသွားလေတော့သည်။ ယို့ဝှမ်းသည် ထိတ်လန့်တုန်လှုပ်သွားကာ ငေး၍ကြည့်နေသည်။

"ရှင်... ရှင် ဘာလိုချင်တာလဲပြောပါ၊ ကျွန်မ ဘာမဆိုပေးမှာပါ"

သူမ၏အသံသည် တုန်ယင်နေသည်။

မုတ်ဆိတ်ပြာ၏မျက်လုံးအစုံသည် သူမအားပြူး၍စိုက်ကြည့်နေသည်။ သူ၏နှုတ်ခမ်းနှင့်နှာခေါင်းတွင် သွေးအနည်းငယ်စီးထွက်လာလေသည်။

ယို့ဝှမ်းသည် နောက်သို့ဆုတ်သွားသည်။



သူမသည် ကိုယ့်ကိုယ်ကိုယ်ပင်မထိန်းနိုင်တော့ဘဲ ယိမ်းယိုင်နေသည်။ ယို့ဟွီးက ကပျာကယာ သူမ၏ကိုယ်ကိုဖေးမထားလိုက်သည်။ အခန်းရှိလူအားလုံးတို့သည် အံ့သြစွာဖြင့် မလှုပ်မယှက် ကြမ်းပေါ်လဲလျောင်းနေသောမုတ်ဆိတ်ပြာအား ငေး၍ကြည့်နေကြလေသည်။

"ရှင်... ရှင် ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လိုက်ရတာလဲရှင်"

ယို့ဝှမ်းသည် ပြောရင်း ငိုကြွေးနေလေတော့သည်။

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



## ရိုက်သံနောက်ကလျှို့ဝှက်ချက်

အခန်းတစ်ခုလုံးသည် ယို့ဝှမ်း၏ရှိုးကင်ငိုကြွေးသံမှအပ တိတ်ဆိတ်၍နေသည်။ အားလုံးသောလူများသည် မမျှော်လင့်သော ယင်းအဖြစ်အပျက်ကြောင့် ကြောင်အမ်းအမ်းဖြစ်နေကြသည်။

မုတ်ဆိတ်ပြာသည် ယခုကဲ့သို့ကိုယ့်ကိုယ်ကိုယ် စီရင်လိုက်သည့်အတွက်အံ့ဩနေကြလေသည်။

သို့သော် အံ့ဩခြင်းအလျဉ်းမရှိသောလူတစ်ယောက်တော့ ရှိပါသည်။ ထိုလူကား လုရှောင်ဖုန့်ပင်ဖြစ်ပါသည်။ ယင်းအဖြစ်အပျက်ကြောင့် စိတ်ထိခိုက်သွားသူမှာနွေကိုယ်ရံတော်ဖြစ်သည်။

"ဒုက္ခပါပဲ… သူသေသွားတာကအရေးမကြီးဘူး။ တံဆိပ်တုံးအစစ်ဘယ်မှာဝှက်ထားတယ်ဆိုတာ ဘယ်သူမှမသိတော့ဘူး"

လုရှောင်ဖုန့်ကပြုံးလိုက်သည်။

"သူသေတာကအရေးမကြီးပါဘူးလေ"



လုရှောင်ဖုန့်၏စကားကြောင့် နွေကိုယ်ရံတော်သည် မျက်မှောင်ကုပ်၍ သူ့အားစေ့စေ့ကြည့်လိုက်သည်။

"အရေးမကြီးဘူးဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် တံဆိပ်တုံးအစစ်ဝှက်ထားတဲ့နေရာကို ဘယ်သူသိသေးသလဲ"

လုရှောင်ဖုန့်က နှာခေါင်းကိုတို့ပြပြီး…

"ကျုပ်ပေါ့"

လုရှောင်ဖုန့်၏စကားကြောင့် နွေကိုယ်ရံတော်သည် ဆတ်ခနဲထိုင်ရာမှထလိုက်သည်။ ပြီးမှ ဖြည်းညင်းစွာပြန်လည်ထိုင်ချလိုက်သည်။ သူ၏မျက်နှာသည် ပြန်လည်တည်ငြိမ်လာသည်။

"တံဆိပ်တုံး ဘယ်မှာဝှက်ထားတယ်ဆိုတာ မင်းတကယ်သိတယ်နော်"

လုရှောင်ဖုန့်ကခေါင်းညိတ်ပြလိုက်သည်။

"မုတ်ဆိတ်ပြာဟာ အလွန်အကြံကြီးပြီး ကောက်ကျစ်စဉ်းလဲတဲ့လူတစ်ယောက်ဖြစ်တယ်၊ ကောက်ကျစ်စဉ်းလဲတဲ့သူများဟာ ✱ားသောအားဖြင့် ဘယ်သူ့ကိုမှမယုံဘူး၊ သူယုံတာဟာသူ့ကိုယ်သူပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မင်းဆိုလိုတာက တံဆိပ်တုံးအစစ်ဟာသူ့ကိုယ်ပေါ်မှာရှိမယ်ပေါ့ဟုတ်လား"

"မှန်ပါတယ်"

နွှေကိုယ်ရံတော်သည် ထိုင်ရာမှ ကပျာကယာထလိုက်၏။ လုရှောင်ဖုန့်ကဝင်ရောက်တန့်တားလိုက်သည်။

"ခင်ဗျားက သူ့ကိုယ်ပေါ်မှာသွားရှာမလို့လား"

"နို့... မင်းကပဲ သူ့ကိုယ်ပေါ်မှာရှိတယ်ဆို"

"ဟုတ်ပါတယ်... ဒါပေမယ့် သူ့ကိုယ်ပေါ်မှာ အခုမရှိတော့ဘူး"

"ဘာကွ... မင်းက ခုနကပဲ သူ့ကိုယ်ပေါ်မှာရှိတယ်လို့ ပြောသေးတယ်မဟုတ်လား"

"ဟုတ်ပါတယ်... ခုနက သူ့ကိုယ်ပေါ်မှာရှိတာကတော့ အမှန်ပဲ... ဒါပေမယ့်"

"ဒါပေမယ့်ဘာဖြစ်သလဲ"

"ဒါပေမယ့် အခုသူ့ကိုယ်ပေါ်မှာမရှိတော့ဘူးဗျ"

နွှေကိုယ်ရံတော်သည် လုရှောင်ဖုန့်အားစေ့စေ့ကြည့်လိုက်သည်။ လုရှောင်ဖုန့်သည် တစ်ချက်ပြုံးလိုက်ပြီး....



"ဘယ်ကိစ္စမျိုးမဆို တဒင်္ဂအတွင်းမှာ အပြောင်းအလဲရှိတတ်ပါတယ်"

နွှေကိုယ်ရံတော်က သူ့အားကြည့်လိုက်ပြီး....

"ဒါဖြင့် အခု ဒီတံဆိပ်တုံးဘယ်ရောက်နေပြီလဲ"

လုရှောင်ဖုန့်သည် ရုတ်တရက်ယို့ဝှမ်းဘက်သို့လှည့်လိုက်ပြီး လက်ဖြန့်လိုက်သည်။

"ပေးစမ်း"

ယို့ဝှမ်းကအံကိုတင်းတင်းကြိတ်လိုက်ပြီး....

"ကျွန်မယောကျ်ားအသက်တောင် ရှင့်ကြောင့်ဆုံးရှုံးသွားရရှာပြီ၊ အခု ကျွန်မဆီ ရှင်ဘာလာတောင်းပြန်ပြီလဲ"

"ခုနက မုတ်ဆိတ်ပြာ ခင်ဗျားဆီကိုတောင်းတာ တံဆိပ်တုံးမဟုတ်ဘူး... ဘာဖြစ်လို့လဲဆိုရင် တံဆိပ်တုံးက သူ့ကိုယ်ပေါ်မှာရှိနေသေးတယ်"

"ဒါဖြင့် သူကဘာကိုတောင်းတာလဲ"

"ဖြေဆေး"

"ဖြေဆေးဟုတ်လား"

"ဟုတ်တယ်... သူတောင်းတာကဖြေဆေး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြေဆေးလဲ"

"အဆိပ်ဖြေဆေးပေါ့"

လုရှောင်ဖုန့်သည် ယင်းသို့ပြောပြီး မုတ်ဆိတ်ပြာသောက်သွားသောကြွေခွက်ကိုယူ၍မြှောက်ပြလိုက်ပြီး....

"မုတ်ဆိတ်ပြာဟာ အလွန်စေ့စပ်သေချာတဲ့လူတစ်ယောက်ဗျ၊ ဘယ်သူမှ သူ့ကိုအဆိပ်ခတ်သတ်ဖို့ဆိုတာမလွယ်ပါဘူး။ ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့..."

သူသည် ယို့ဟွီးအားတစ်ချက်ကြည့်လိုက်ပြီး စကားဆက်လိုက်သည်။

"ဒီတစ်ကြိမ်တော့ သူကအရက်ထဲမှာအဆိပ်မရှိဘူးဆိုတာလဲသိတယ်၊ နောက်ပြီး ကြွေခွက်ထဲမှာလဲ အဆိပ်မရှိဘူးလို့ သေသေချာချာသိထားပြန်တယ်"

"အရက်ထဲမှာလဲအဆိပ်မရှိဘူး... အရက်ထည့်တဲ့ခွက်မှာလဲ အဆိပ်မရှိဘူးဆိုရင် သူဘာဖြစ်လို့သေသွားတာလဲ"

လုရှောင်ဖုန့်ကလက်ကာပြလိုက်သည်။

"ကျုပ်ရှင်းပြပါ့မယ်... သူ အခုသတိလစ်သွားလို့ပါ"

"ဘာကိုသတိလစ်သွားတာလဲရှင့်"



"အရက်ခွက်ကို ခင်ဗျားက ပိုးပဝါနဲ့သန့်စင်အောင်သုတ်လိုက်တာကို သူသတိလစ်သွားလို့ဗျ"

လုရှောင်ဖုန့်ကဆက်၍ရှင်းပြသည်။

"အရက်ထဲမှာအဆိပ်လဲမရှိဘူး... အရက်ခွက်ထဲမှာလဲ အဆိပ်မရှိဘူး၊ တကယ်တော့ အဆိပ်ဟာ ပိုးပဝါထဲမှာသာရှိတာ"

ယို့ဟွမ်းသည် လုရှောင်ဖုန့်အားကြောက်ရွံ့လာမိတော့သည်။ လူသည် အရာရာကိုသိနေပါလားဟု အံ့သြကြောက်ရွံ့လာမိသည်။ အတန်ကြာမှ သူမသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ကျွန်မ တစ်ခုမေးချင်တယ်"

"မေးပါ"

"မိုးဖျံကျားလိုလူမျိုးသေသင့်သလား... မသေသင့်ဘူးလား"

"သေသင့်ပါတယ်ဗျာ"

"ဒီလိုဆိုရင် ကျွန်မ သူ့ကိုသတ်ပစ်လိုက်တာဟာ အပြစ်မရှိဘူးပေါ့ဟုတ်လား"

"ဟုတ်ပါတယ်... ခင်ဗျားမှာအပြစ်ရှိပါတယ်လို့မပြောပါဘူး၊ ခင်ဗျားကသာ ပေးစရာရှိတာကိုပေးလိုက်ရင်ပြီးတာပါပဲ"

"ကျွန်မက ဘာကိုပေးရမှာလဲရှင့်"

www.burmeseclassic.com

www.burmeseclassic.com



"မြို့စားကြီးရဲ့တံဆိပ်တုံးအစစ်ကိုလေ"

"ကျွန်မသိမှာမရှိပါဘူးရှင်"

"ခုနကမရှိဘူးဆိုတာကို ကျုပ်လက်ခံပါတယ်... ဒါပေမယ့် အခုတော့ရှိနေပြီမဟုတ်လား"

ယို့ဝှမ်းသည် နွေ၊ မိုး၊ နှင်းကိုယ်ရံတော်များအား တစ်ဦးစီ ကြည့်လိုက်ပြီး ဆောင့်ဆောင့်အောင့်အောင့်ဖြင့် ခြေတစ်ချက်ဆောင့်ကာ အလျှော့ပေးလိုက်တော့သည်။

"ကဲပါရှင်... ကျွန်မ ရှင်တို့လိုချင်တာကိုပေးလိုက်ပါမယ်၊ ဒီတံဆိပ်တုံးဟာ တကယ့်ကိုအကုသိုလ်များတဲ့ပစ္စည်းပါပဲ"

သူမသည် ပြောပြီးသည်နှင့် ကိုယ်ပေါ်တွင်ဝှက်ထားသော တံဆိပ်တုံးကိုယူ၍ စားပွဲပေါ်သို့ချလိုက်လေသည်။ သူတို့အားလုံး၏ မျက်လုံးအစုံသည် တံဆိပ်တုံးပေါ်သို့သာ စူးစိုက်ကျရောက်နေကြလေတော့သည်။

✡✡✡



## စိတ်သာချအတည်

ယခုအခါ မြို့စားကြီး၏တံဆိပ်တုံးသည် စားပွဲပေါ်၌ အရောင်တဖျပ်ဖျပ်တောက်ပနေသည်။ ဤတံဆိပ်တုံး၏အရောင်အသွေးကပို၍တောက်ပနေသည်။ အစစ်ဖြစ်ကြောင်း သိသာထင်ရှားလှသည်။ နွေကိုယ်ရံတော်သည် ထိုတံဆိပ်တုံးအား လှမ်းယူပြီး သိမ်းဆည်းထားလိုက်သည်။ လုရှောင်ဖုန့်ကပြုံးလိုက်ပြီး....

"ကဲ... ခင်ဗျားတို့ပစ္စည်းလဲပြန်ရသွားပြီ၊ ကျုပ်တာဝန်တော့ကျေပါပြီနော်"

"ဟုတ်ပါတယ်... ကနေ့ကစပြီး ခင်ဗျားရဲ့တာဝန်ကျေပွန်သွားပါပြီ"

လုရှောင်ဖုန့်က ပြုံးလိုက်ပြီး....

"ကျေးဇူးတင်ပါတယ်ခင်ဗျား"

နွေကိုယ်ရံတော်ကလည်းပြုံးပြပြီး....

www.burmeseclassic.com



"ကျုပ်လဲကျေးဇူးတင်ပါတယ်"

ယို့ဂှမ်းသည် သူတို့အား အေးစက်စွာကြည့်လိုက်ပြီး....

"အခု မိုးပျံကျားလဲသေဆုံးသွားပြီ... တံဆိပ်တုံးလဲ ရှင်တို့ကို ပြန်ပေးလိုက်ပြီးပြီ၊ ရှင်တို့ ခုထက်ထိထွက်မသွားကြသေးဘူးလား"

လုရှောင်ဖုန့်ကပြုံးလိုက်ပြီး....

"ဗျာ... ခင်ဗျားကကျုပ်တို့ကိုနှင်နေတာလား"

"ဟုတ်တယ်... ရှင်တို့က ဘာဖြစ်လို့ ဒီကနေထွက်မသွားကြသေးတာလဲ"

"မပူပါနဲ့... ကျုပ်တို့ အခုပဲသွားမှာပါဗျာ၊ ဒါပေမယ့် ပြဿနာနည်းနည်းကျန်နေသေးလို့ပါ"

"ဘာပြဿနာလဲ"

လုရှောင်ဖုန့်သည် တစ်ချက်ရယ်မောပြီး ယို့ဟွီး၏ပခုံးအား အသာအယာပုတ်လျက်....

"ချင်းကျင့်ကျင့်ဟာ အလွန်လုပတဲ့မိန်းကလေးတစ်ယောက်ပါ၊ မင်းသူ့ကိုချစ်ရင် သူ့အပေါ်မှာမေတ္တာစစ် မေတ္တာမှန်နဲ့ တစ်သက်လုံးချစ်ပါကွာ"

ယို့ဟွီးမျက်မှောင်ကုပ်သွားသည်။



"ချင်းကျင့်ကျင့်... ဘယ်ကချင်းကျင့်ကျင့်လဲ"

"ကျုပ်တို့သိတဲ့ချင်းကျင့်ကျင့်ပေါ့ဗျာ... ဘယ်ချင်းကျင့်ကျင့်ရှိဦးမှာလဲ"

ယို့ဟွီးကပြုံးလိုက်ပြီး....

"သူဟာ မီးလောင်လို့သေဆုံးသွားပြီပဲ"

"သူ မသေပါဘူး"

"ဗျာ... သူ မသေသေးဘူးဟုတ်လား"

"ဟုတ်တယ်... သူမသေပါဘူး"

"ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

"မီးလောင်ကျွမ်းတဲ့နေရာမှာ မိန်းမအရိုးကိုရှာမတွေ့ဘူးဗျ"

"ဘာလဲ... ခင်ဗျားကပြာပုံမှာသွားရှာကြည့်ခဲ့လို့လား"

"ဟုတ်တယ်... နောက်ပြီး ကလေးတစ်ယောက်ကလဲ လူတစ်ယောက်က ချင်းကျင့်ကျင့်ကိုကယ်သွားတာတွေ့ခဲ့တယ်"

"သူ့ကိုဘယ်သူကကယ်သွားတာလဲ"

"ခင်ဗျားကိုယ်တိုင်ပဲပေါ့"

လုရှောင်ဖုန့်၏စကားကြောင့် ယို့ဟွီးလွန်စွာအံ့အားသင့်သွားပြီး စကားမပြောနိုင်အောင်နှုတ်ဆိတ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ သူသည် သက်ပြင်းတစ်ချက်ချပြီး....

"ချင်းကျင့်ကျင့်ကိုကျုပ်ကယ်သွားတယ်လို့ ခင်ဗျားကိုဘယ်သူပြောလိုက်သလဲဗျ"

လုရှောင်ဖုန်ကပြုံးလိုက်ပြီး....

"ဘယ်သူမှမပြောပါဘူး... ကျုပ်ကမိတ်ဆွေကြီးချိုကျွန်းဖူးကိုစုံစမ်းခိုင်းလိုက်လို့သိရတာပါ"

"ကျုပ်က ချင်းကျင့်ကျင့်ကိုကယ်တင်ခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားဘယ်လိုစုံစမ်းလို့သိတာလဲ"

"ကျုပ်ကမီးပုံထဲမှာ ချင်းကျင့်ကျင့်ရဲ့အရိုးကိုရှာမတွေ့တော့ စုံစမ်းကြည့်တယ်၊ ကလေးတစ်ယောက်ပြောပြလို့ လူတစ်ယောက်ကယ်တင်သွားတယ်လို့ ကျုပ်သိရတယ်၊ ဒါပေမဲ့ ဘယ်သူဘယ်ဝါတော့ မသိဘူးပေါ့၊ ဒါကြောင့် ချိုကျွန်းဖူးကို စုံစမ်းခိုင်းလိုက်တယ်၊ အဲဒီအချိန်မှာ ချင်းကျင့်ကျင့်ဟာဒဏ်ရာရနေတော့ သမားတော်တစ်ယောက်ယောက်ကိုခေါ်ပြီးပြရမှာပဲဆိုတာ ကျုပ်ရိပ်မိတယ်၊ အဲဒီတော့ ချင်းကျင့်ကျင့်ကိုစုံစမ်းချင်ရင် သမားတော်ဆီကတစ်ဆင့်စုံစမ်းရမယ်မဟုတ်လား"

ယို့ဟွီးက ခေါင်းတညိတ်ညိတ်နှင့်နားထောင်နေသည်။



လုရှောင်ဖုန်ကဆက်ရှင်းပြသည်။

"ဒီတော့ ကျုပ်တို့စုံစမ်းရင်းရလာတဲ့အဖြေဟာ မြစ်ဟောင်းဝ... ထုံထိတ်ဘယဆေးဆိုင်၊ မျက်မမြင်သမားတော်က ကုသပေးလိုက်တယ်လို့သတင်းရခဲ့တယ်၊ သူ့ကိုလာဖိတ်တဲ့လူဟာလဲ ခင်ဗျားဖြစ်တယ်ဆိုတာ သိရတော့တာပေါ့ဗျာ"

နွေကိုယ်ရံတော်က ကြားဖြတ်ပြောလိုက်သည်။

"ဒါကြောင့် ခင်ဗျား ခုနက ဂါထာရွတ်တဲ့အခါမှာ မြစ်ဟောင်းဝ... ထုံတိတ်ဘယဆေးဆိုင်၊ မျက်မမြင်သမားတော်လို့ ရွတ်နေတာကိုး"

"ဟုတ်ပါတယ်... ဒီလိုရွတ်ဆိုလိုက်တဲ့အခါမှာ သူက မနေနိုင်တော့ဘဲ တံဆိပ်တုံးအတုကိုထုတ်လိုက်ရတာပေါ့ဗျာ"

လုရှောင်ဖုန်သည်ပြုံးလိုက်ပြီး စကားဆက်လိုက်သည်။

"အမှန်တော့ ခင်ဗျားအနေနဲ့ချင်းကျင့်ကျင့်ကို ခင်ဗျားကယ်တင်သွားတဲ့အကြောင်းကို ကျုပ်သိသွားရင်လဲ ဂရုမစိုက်ပါဘူး၊ ဒါပေမယ့် ခင်ဗျားက ဒီအကြောင်းကိုလူတစ်ယောက်သိသွားမှာကိုသိပ်ကြောက်နေတယ်"

ယို့ဟွီးက ပြုံးလိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဦး... ကျုပ်က ဘယ်သူ့သိမှာကြောက်နေလို့လဲ"

လုရှောင်ဖုန့်သည် ယို့ဝှမ်းဘက်သို့လှည့်လိုက်ပြီး....

"သူ့ကိုပေါ့"

ဟုပြောလိုက်ရာ ယို့ဝှမ်း၏မျက်နှာတစ်ခုလုံးသည် မည်းမှောင်သွားလေတော့သည်။

လုရှောင်ဖုန့်သည် ယို့ဟွီး၏ပခုံးအား ထပ်မံပုတ်လိုက်သည်။

"ကျုပ်ပြောပြီးပြီကော... ချင်းကျင့်ကျင့်ဟာ အလွန်ချစ်စရာကောင်းပြီး သနားစရာကောင်းတဲ့မိန်းကလေးတစ်ယောက်ပါလို့ ခင်ဗျားအနေနဲ့ သူ့ကိုကောင်းကောင်းမွန်မွန် ကြည့်ရှုပြုစုလိုက်ပါကွာ"

ယို့ဟွီးက ခေါင်းညိတ်၍ပြုံးလိုက်သည်။

သို့သော် သူ၏အပြုံးသည် ထူးခြားနေ၏။

လုရှောင်ဖုန့်သည် ပြောဖွယ်ရှိသည်များကိုပြောပြီးနောက် ပြုံး၍ ထိုနေရာမှထွက်ခွာသွားရန် နေရာမှထလိုက်သည်။

ယို့ဝှမ်းကပျာပျာသလဲ ဝင်ရောက်ဟန့်တားလိုက်သည်။

"ခဏနေပါဦး"

"ဘာကိစ္စများ ရှိသေးလို့လဲ"

ယို့ဝှမ်းသည်ခံပြင်းလွန်း၍ သူမ၏မျက်လုံးအစုံသည် နီရဲ



နေ၏။

"ကျွန်မ ရှင့်ကိုရှင်းစရာရှိနေသေးလို့ပါ"

လုရှောင်ဖုန့်သည် ပခုံးတစ်ချက်တွန့်လိုက်ပြီး ကုလားထိုင်ပေါ်သို့ပြန်လည်ထိုင်ချလိုက်လေတော့သည်။

\+ + +

မီးစာများ တိုသွားပြီဖြစ်သည်။ ဆီမီးရောင်လည်း မှေးမှိန်လာသည်။ အခန်းတွင်းတွင်လည်း တစပြင်ပမာ တိတ်ဆိတ်၍နေသည်။ ယို့ဟွီးသည် မလှုပ်မယှက်ရပ်နေသည်။ မည်သည့် အကြောင်းကြောင့် မသိပါ။ သူ၏ခန့်ညားချောမောသောမျက်နှာသည် ကြောက်မက်ဖွယ်ရာအဖြစ်သို့ကူးပြောင်းသွားသည်။

ယို့ဝှမ်းသည် သူ့အား မကြည့်ပါ။ သူမ၏မျက်လုံးအစုံသည် လုရှောင်ဖုန့်အား ကြည့်နေ၏။

"ကျွန်မ အခုတော့ သဘောပေါက်နားလည်ပါပြီ"

လုရှောင်ဖုန့်က မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျား ဘာကိုသဘောပေါက်နားလည်သွားတာလဲ"

"တကယ်တော့ သူဟာ ကျွန်မအပေါ်လိမ်နေတာပဲ"

"သူဆိုတာ ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ယို့ဖွီးပါ... သူက ကျွန်မကို တကယ်ချစ်လို့မဟုတ်ဘူး။ သူက ချင်းကျင့်ကျင့်ကိုပဲချစ်တယ်ဆိုတာကို ကျွန်မနားလည်ပါပြီ"

လုရှောင်ဖုန့်က အသာအယာ နားထောင်နေလိုက်သည်။

ယို့ဝှမ်းသည် စကားဆက်လိုက်သည်။

"အမှန်တော့ ကျွန်မ စောစောကတည်းက သိဖို့ကောင်းတယ်... သူဟာ ကျွန်မကိုသက်သက်ခိုင်းကောင်းလို့ ခိုင်းနေတာပါ။ ဒါပေမယ့် အခုတော့ ကိစ္စအားလုံးပြီးသွားလို့ သူက ကျွန်မကိုတစ်နေ့မဟုတ်တစ်နေ့ သတ်မှာသေချာတယ်၊ အဲဒီတော့ သူက မသတ်ခင်"

သူမသည် ပြောရင်း ပါးစပ်ထဲသို့ဆေးလုံးတစ်လုံးပစ်ထည့်လိုက်ပြီး....

"ကျွန်မကိုယ် ကျွန်မသတ်သေလိုက်ပါတော့မယ်ရှင်"

သူသည် ပြောရင်း ယို့ဖွီးဘက်သို့လှည့်ကာ....

"ဟား... ဟား... ဟား။ ရှင် အခုတော့ စိတ်ချသွားပြီပေါ့။ ရှင့်လျှို့ဝှက်ချက်တွေကို ကျွန်မဆက်ပြီးမဖော်ထုတ်နိုင်တော့ပါဘူး"

သူမသည် ဤသို့ပြောရင်းနှင့်ပင် သူမ၏ကိုယ်ခန္ဓာသည် မြေပေါ်သို့ တဖြည်းဖြည်းခွေကျသွားလေတော့သည်။



+ + +

တစ်ယောက်တစ်ယောက်ချင်း

ယို့ယွီးသည် သူမ လဲကျသွားသည်ကိုစိုက်ကြည့်နေသည်။ သူသည် မလှုပ်မယှက် ရပ်လျက်နေ၏။ သနားကရုဏာသက်ဟန် လုံးဝမရှိပေ။

လုရှောင်ဖုန့်က သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ကျုပ်မှာပြောစရာစကားတွေ ကျန်နေသေးတယ်... ပထမ တော့မပြောတော့ဘူးလို့ စိတ်ကူးထားပေမယ့် အခုတော့ ဆက်ပြီး ပြောရဦးမယ်"

ယို့ဖွီးသည် သူ့အားစေ့စေ့ကြည့်လိုက်ပြီး....

"ခင်ဗျား ဘာတွေပြောချင်သေးလို့လဲ"

လုရှောင်ဖုန့်သည် သူ့အားအေးစက်စွာကြည့်လိုက်ပြီး....

"တကယ်တော့ မိုးပျံကျားအစစ်ဟာ ခင်ဗျားပါပဲ၊ မှတ်ဆိတ် ပြာကတော့ ခင်ဗျားရဲ့ကြိုးဆွဲတာကိုခံနေရတဲ့လူတစ်ယောက်ပါ"

ယို့ဖွီးသည် မျက်နှာတည်လိုက်သည်။

"ယို့ဝှမ်းဟာ ကျုပ်ရဲ့ညီမမဟုတ်ဘူးဆိုတာ ခင်ဗျားသိနေ တယ်ပေါ့ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

ယို့ဟွီးသည် ပါးစပ်ပိတ်ထားလိုက်လေသည်။

လုရှောင်ဖုန့်သည် သူ့အား စေ့စေ့ကြည့်လိုက်ပြီး....

"ခင်ဗျားအတွက်နဲ့ ယို့ဂုမ်း... လီရှား... မုတ်ဆိတ်ပြာ... တောင်ဆိတ်နဲ့ချီချီတို့ဟာ အသက်ဆုံးရှုံးသွားပြီ၊ အမှန်တော့ ခင်ဗျားက ကျုပ်တို့ကိုသတ်ပစ်သင့်တယ်၊ ဒါပေမယ့် ကျုပ်က နောက်ဆုံးအနေနဲ့ ခင်ဗျားတို့အခွင့်အရေးတစ်ခုပေးလိုက်မယ်"

"အခွင့်အရေးတစ်ခုဟုတ်လား"

"ဟုတ်တယ်... အခု ကျုပ်တို့လေးယောက်က တစ်ပြိုင်နက် မင်းကိုတိုက်ခိုက်ရင် မင်း ခံနိုင်ပါ့မလား"

ယို့ဟွီးခေါင်းခါပြလိုက်သည်။ သူသည် ကိုယ်ရံတော်သုံးယောက်အား တစ်ချက်ကြည့်လိုက်သည်။

"လေးယောက်မပြောနဲ့ သူတို့ထဲကတစ်ယောက်ယောက်ကို တောင် ကျုပ်မနိုင်ဘူး"

လုရှောင်ဖုန့်ကနှစ်နှစ်ကာကာ တစ်ချက်ပြုံးလိုက်ပြီး....

"ဒါဖြင့် ကျုပ်ဆိုရင် ခင်ဗျားနိုင်ချင်နိုင်မယ်ဆိုပါတော့"

ယို့ဟွီးက အားတက်ဟန်ဖြင့်ပြုံးလိုက်ပြီး....



"ကျုပ်ကသေချာပေါက် ခင်ဗျားကိုနိုင်မယ်လို့ မပြောရပါလား"

လုရှောင်ဖုန့်က ပြုံးလိုက်ပြန်သည်။

"ဒီလိုလုပ်ပါ... ခင်ဗျားကို ကျုပ်တစ်ယောက်ထဲနဲ့ ယှဉ်ပြိုင်မယ်၊ ခင်ဗျားနိုင်ရင်တော့ ခင်ဗျားသွားလိုရာသွားနိုင်ပါတယ်... ဘယ်သူမှမနှောက်ယှက်ပါဘူး"

ယို့ဟွီးသည် နှေကိုယ်ရံတော်ဘက်သို့လှည့်၍ ကြည့်လိုက်သည်။ နှေကိုယ်ရံတော်က ခေါင်းညိတ်ပြလိုက်သည်။

"စိတ်ချ... မင်းကသာ သူ့ကိုနိုင်ရင် ကျုပ်တို့က မင်းကို မဟန့်တားပါဘူး"

ယို့ဟွီးသည် ပြုံးလိုက်ပြီး....

"ဒီစကားဟာ တကယ်ပဲနော်"

နှင်းနှင့်မိုးကိုယ်ရံတော်တို့က ခေါင်းညိတ်ပြလိုက်သည်။

"တို့လက်ခံပါတယ်"

ယို့ဟွီးသည် လုရှောင်ဖုန့်ဘက်သို့လှည့်လိုက်သည်။

"မင်းကတော့ စကားပြောင်ချင်သေးသလား... စကားပြောင်ချင်ရင် စောစောကပြောထား အချိန်ရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ဖုန့်ကခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ဘယ်တုန်းကမှ ပြောပြီးသားစကားတစ်လုံးကို မဖျက်ဘူး... မပြင်ဘူး"

ယို့ဟွီးသည် တဟားဟားရယ်မောလိုက်ပြီး...

"လုရှောင်ဖုန့်... ဒီတစ်ခါတော့ မင်းတွက်ကိန်းမှားသွားပြီပေါ့... ဟား... ဟား... ဟား"

✡✡✡



## အကျဉ်းအတည်း

ယို့ဟွီး၏ရယ်မောသံသည် အခန်းတစ်ခုလုံးပဲ့တင်ထပ်သွားသည်။ လုရှောင်ဖုန့်ကအေးစက်စွာဖြင့်...

"ကျုပ် ဘာမှားတာလဲဗျ"

ယို့ဟွီးသည် တစ်ဖက်သို့ဖြည်းညင်းစွာလှည့်သွားသည်။

သူပြန်လည်လှည့်လာသောအခါ သူ၏လက်ထဲတွင် လက်အိတ်တစ်စုံပါလာလေသည်။ ချွန်ထက်သောဆူးများ တပ်ဆင်ထားသောလက်အိတ်များဖြစ်နေသည်။

ယင်းလက်အိတ်နှင့်သာထိမိလျှင် တွေးဝံ့စရာပင်မရှိအောင် ကြောက်စရာကောင်းလှသည်။

"ဟား... ဟား... ဟား"

ယို့ဟွီး၏အားရပါးရရယ်မောလိုက်သံများသည် ဟိန်းထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့သိုင်းပညာကို ကျုပ်သိပါတယ်ဗျာ... မင်းက ဘယ်အခါမှ ဓားတို့ လက်နက်တို့မသုံးဘူး... ဒါကြောင့် မင်းကို ငါက ဒီလက်အိတ်နဲ့အနိုင်ယူပြမယ်"

သူသည် ပြောပြီး ထိုလက်အိတ်အား စွပ်လိုက်လေသည်။

ထိုလက်အိတ်ပေါ်တွင် အပ်ကလေးများတပ်ဆင်ထားသဖြင့်မီးရောင်အောက်တွင် တဖိတ်ဖိတ်တောက်ပနေသည်။

လုရှောင်ဖုန့်သည် မျက်မှောင်ကုတ်သွားသည်။ အကြောင်းမှာ ထိုလက်အိတ်ပေါ်တွင်တပ်ဆင်ထားသောအပ်ကလေးများသည် အဆိပ်များလူးထားကြောင်း သူသိထား၍ပင်ဖြစ်သည်။ ထို့ကြောင့် သူသည် နောက်သို့သတိကြီးစွာဖြင့် ဆုတ်လိုက်လေသည်။

✡✡✡

ယို့ဟွီးသည် ရှေ့သို့တစ်လှမ်းချင်း တိုးလာသည်။

လုရှောင်ဖုန့်မှာမူ နောက်သို့တစ်လှမ်းချင်း ဆုတ်သွားသည်။

ယို့ဟွီး၏မျက်နှာတွင် ကောက်ကျစ်စဉ်းလဲသောအပြုံးများ ယှက်သန်းနေသည်။ တဖြည်းဖြည်းနှင့် လုရှောင်ဖုန့်မှာ နောက်ဆုတ်ရန်လမ်းမရှိတော့ပါ။



သူ၏ကျောပြင်သည် ယခုအခါ နံရံနှင့်ထိတွေ့နေပြီဖြစ်လေသည်။

"ဟား... ဟား... ဟား"

ယို့ဟွီးက အားရပါးရရယ်မောလိုက်သည်။

"မင်းနောက်ဆုတ်စရာ နေရာမရှိတော့ဘူးလုရှောင်ဖုန့်"

သူသည် ပြောရင်း သူ၏လက်တစ်ဖက်သည် လုရှောင်ဖုန့်၏ရင်ဝသို့ထိုးချလိုက်လေသည်။ လုရှောင်ဖုန့်သည် ရှောင်တိမ်းရန် အခွင့်အလမ်းမသာတော့ပါ။

သို့သော် လုရှောင်ဖုန့်သည်အတွေ့အကြုံရင့်ကျက်ပြီး ဖြစ်သော သိုင်းပညာရှင်တစ်ဦးဖြစ်ရာ သူသည် သူ၏ကိုယ်ခန္ဓာအား ကျုံ့လိုက်ပြီး ခေါင်းပုကာ ယို့ဟွီး၏ချိုင်းအောက်မှငါးရှဉ့်တစ်ကောင်ပမာ လျှောခနဲ ရှောင်ထွက်သွားလေသည်။

ယို့ဟွီးသည် ချာခနဲလှည့်လိုက်ပြီး သူ၏လက်သီးတစ်လုံးဖြင့် လုရှောင်ဖုန့်၏ကျောပြင်သို့ထိုးချလိုက်ပြန်သည်။ သို့သော် သူ့လက်သီးသည် မထိပါ။ သူ၏လက်သီးသည် လုရှောင်ဖုန့်၏ကျောပြင်နှင့်လေးလက်မခန့်အကွာမှကပ်၍လွဲသွားသည်။

လက်သီးချက်လွဲသွားသဖြင့် သူသည် ခြေလှမ်းသုံးလှမ်းမျှ

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တိုးသွားကာ သုံးချက်မျှဆင့်၍ဆင့်၍ထိုးချလိုက်ပြန်သည်။

မထိပါ။ လုရှောင်ဖုန်၏ကျောပြင်နှင့်လေးလက်မမျှလွဲဖယ်သွားပြန်သည်။ ယို့ဟွီးသည် အားမလိုအားမရဖြစ်လာသည်။

သူသည်တစ်ချက်ခုန်လိုက်ပြီး ကျားသစ်တစ်ကောင်က သားကောင်အပေါ်ခုန်အုပ်လိုက်သည့်ပမာ အရှိန်ပြင်းစွာဖြင့် လုရှောင်ဖုန့်အား ခုန်အုပ်လိုက်လေသည်။

ဤတစ်ကြိမ်တွင် လုရှောင်ဖုန့်သည်ရှေ့ဆက်သွားစရာမရှိတော့ပါ။ နံရံက သူ့အားတားဆီးထားလေသည်။

ယို့ဟွီးသည် ဤတစ်ကြိမ်တွင်အပိုင်ထိုးရန် လက်သီးကိုဆုပ်ထားရာမှဖြန့်ပြီး လုရှောင်ဖုန့်၏ကိုယ်ပေါ်သို့ လွှားခနဲခုန်အုပ်လိုက်လေသည်။

"အား..."

စူးရှလှသောအသံသည် ရုတ်တရက်ထွက်ပေါ်လာသည်။

ယို့ဟွီးသည် သူ၏လက်ချောင်းဖြင့် လုရှောင်ဖုန့်အား အပိုင်ကုတ်ချမည်အပြုတွင် လုရှောင်ဖုန့်၏ခြေတစ်ဖက်က ရုတ်တရက်မြောက်တက်လာပြီး ခုန်ဝင်လာသောယို့ဟွီး၏ဝမ်းဗိုက်သို့ ကန်ထည့်လိုက်သဖြင့် ယို့ဟွီးသည်မြေပေါ်သို့ဘုန်းခနဲပစ်လဲကျသွား၏။



ထိုအခိုက် ဓားတစ်လက်သည် သူ၏နောက်ကျောသို့ထိုးသွင်းလျက်သားဖြစ်သွားသဖြင့် တစ်ချက်မျှ စူးရှစွာအော်ဟစ်ရင်း အသက်ပျောက်သွားလေတော့သည်။

✡✡✡

## သင်ခန်းစာ

ထိုးလိုက်သောဓားပိုင်ရှင်သည် နှင်းကိုယ်ရံတော်ဖြစ်သည်။

"ခင်ဗျားက ဘာဖြစ်လို့ သူ့ကိုသတ်လိုက်တာလဲ"

လုရှောင်ဖုန့်သည် အေးစက်စွာဖြင့်မေးလိုက်သည်။

နှင်းကိုယ်ရံတော်သည်သွေးစွန်းနေသောဓားကိုကိုင်ပြီး ခေါင်းငုံ့သွားသည်။ မိုးနှင့်နွေကိုယ်ရံတော်တို့သည် သူ့အား စေ့စေ့ကြည့်နေ၏။ မိုးကိုယ်ရံတော်ကခေါင်းခါယမ်း၍သက်ပြင်းချလိုက်သည်။

"သူက ယို့ဟွီးကိုသတ်ဖို့မဟုတ်ဘူး"

မိုးကိုယ်ရံတော်၏စကားကြောင့် လုရှောင်ဖုန့်သည် နှင်းကိုယ်ရံတော်ဘက်သို့စူးစိုက်ကြည့်နေရာမှ မိုးကိုယ်ရံတော်ဘက်သို့ကူးပြောင်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားစကားကဘာလဲဗျ"

"ရှင်းပါတယ်... သူကမင်းကိုသတ်မလို့ကွ၊ ယို့ဟွီးက အခုန် မင်းက အကန်နဲ့နောက်ပြန်လွင့်စဉ်လာတဲ့ယို့ဟွီးဟာ သူ့ဓားနဲ့ထိပြီး စိုက်ကျသွားတာကွ"

လုရှောင်ဖုန့်က နှင်းကိုယ်ရံတော်အား အံ့ဩသင့်စွာကြည့် ပြီးမေးလိုက်သည်။

"ခင်ဗျားက ဘာဖြစ်လို့ကျုပ်ကိုသတ်ချင်ရတာလဲ"

နှင်းကိုယ်ရံတော်သည် သူ၏ဓားအားငေးကြည့်လျက်ရှိနေ သေးသည်။ သူ၏မျက်နှာသည် ဖြူရော်နေသည်။

သူသည် လုရှောင်ဖုန့်အားလှည့်မကြည့်တော့ပါ။

သူသည် နွေနှင့်မိုးကိုယ်ရံတော်ဘက်သို့လှည့်လိုက်ပြီး....

"ကျုပ်လဲ မြို့စားကြီးနေရာကိုလိုချင်တာပေါ့... ဒီကိစ္စသာ အောင်မြင်ရင် ကျုပ်ကနယ်ခြားမှာမြို့စားကြီးလုပ်မယ်... ယို့ဟွီးက ကျင်းလိမ်မှာမြို့စားကြီးရဲ့နေရာခံယူမယ်လေ၊ ကျုပ်လုပ်ငန်းသာ အောင်မြင်သွားရင် ကျုပ်ဟာမြို့စားကြီးဖြစ်မယ်ဗျာ... အခုတော့"

မိုးကိုယ်ရံတော်က လေးပင်စွာသက်ပြင်းချလိုက်သည်။

"ဂုဏ်... ဩဇာ... အာဏာ... ရမ္မက်... လောဘတွေဟာ



တို့လို အသက်ကြီးရင့်တဲ့လူတွေအတွက် မက်မောတပ်မက်စရာများ ရှိနေသေးသလားကွယ်၊ မင်း တော်တော်မှားနေပါလား"

နှင်းကိုယ်ရံတော်သည် မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က အသက်ကြီးရင့်လာလို့ အေးအေးဆေးဆေးနေ နိုင်အောင် အခွင့်အခါကြုံတုန်း တစ်ခါတည်းအပွကြံရတာပေါ့ဗျာ"

နွေကိုယ်ရံတော်သည် မဲ့ပြုံးပြုံးလိုက်ပြီး...

"ခက်တာက... ခင်ဗျားရဲ့လုပ်ငန်းဟာ အခု မအောင်မြင် တော့ဘူးလေ"

နှင်းကိုယ်ရံတော်သည် မည်သူ့အားမျှ ဂရုစိုက်လေဟန်ဖြင့် ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်။

"ဟား... ဟား... ဟား... ကျုပ်လုပ်ငန်းမအောင်မြင်ပေမယ့် ကျုပ်က ဘယ်သူ့ကိုမှဂရုမစိုက်ပါဘူးဗျ"

သူသည်ပြောပြောဆိုဆိုနှင့်ပင် သူ၏ဓားကိုင်ထားသော လက်သည် လျှပ်တစ်ပြက်လှုပ်ရှားသွားလေသည်။

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



နှင်းကိုယ်ရံတော်၏ကိုယ်သည် တအိအိနှင့်မြေပေါ်သို့ လဲကျသွားသည်။ မှန်ပါသည်။ သေတဲ့သူတစ်ယောက်သည် မည်သူကိုမျှ ဂရုစိုက်ရန်မလိုတော့ပြီ မဟုတ်ပါလော။

နှင်းကိုယ်ရံတော်သည် မိမိ၏အမှားတစ်ချက်ကြောင့် မိမိကြိုးစည်အားထုတ်နေသောလုပ်ငန်းသည် ပျက်ပြယ်သွားသဖြင့် မိမိကိုယ်ကိုအဆုံးစီရင်သွားခြင်းသာ ဖြစ်သည်။

သတိသံဝေရယူရန် ကောင်းလှပေသည်။

✡✡✡

ည....

မှောင်မည်းနေသောလမ်းကြားရှည်တွင် အေးစက်သော နှင်းမှုန်များသည် ရစ်ဝေအုပ်ဆိုင်းလျက်ရှိသည်။

လုရှောင်ဖုန့်သည် ထိုနေရာမှဖြည်းညင်းစွာ လျှောက်ထွက်သွားသည်။ မိုးနှင့်နွေကိုယ်ရံတော်တို့သည် သူ့နောက်မှလိုက်သွားကြသည်။ မိုးကောင်းကင်မှကြယ်ကလေးများသည် တစ်စယက်တစ်စ ကျွဲ၍သွားသည်။ သူတို့သည် အောင်နိုင်မှုရသော်လည်း စိတ်ထဲတွင် ပျော်ရွှင်ခြင်းမရှိကြပါ။



လမ်းကြားရှည်မှ သူတို့ထွက်လာကြသောအခါ အပြင်ဘက်၌မှောင်မည်းနေလေပြီ။ လုရှောင်ဖုန့်သည် မိုးကိုယ်ရံတော်အားလှည့်ကြည့်လိုက်သည်။

"သူနဲ့ယို့ဘွီးပေါင်းတယ်ဆိုတာကို ခင်ဗျား ဘယ်လိုလုပ်သိတာလဲ"

နွေကိုယ်ရံတော်ကပြုံးလိုက်သည်။

"ယို့ဟွီးရဲ့သိုင်းပညာဟာ ဘယ်အဆင့်မှာရှိနေတယ်ဆိုတာ မင်းလဲသိသားပဲ၊ ဒါပေမယ့် သူကတော့ မင်းကိုသူနိုင်လိမ့်မယ်လို့ သူ့ကိုယ်သူယုံကြည်နေပုံရတယ်၊ အဲဒီတော့ သူ့မှာအားကိုးရမယ့်လူ ဒါမှမဟုတ် အားကိုးရမယ့်အကြောင်းတော့ရှိမှာပေါ့... ဒါကိုကျုပ် သံသယဖြစ်နေတုန်းမှာ နှင်းကိုယ်ရံတော်ကစားထုတ်လိုက်တာနဲ့ သူဟာ မရိုးသားတော့ဘူးလို့ ကျုပ်တွက်မိတာပေါ့ဗျာ"

လုရှောင်ဖုန့်ကပြုံးလိုက်ပြီး....

"အင်း... လူတစ်ယောက်ဟာ အောင်မြင်ရေးလမ်းကြောင်းပေါ်ရောက်နေတဲ့အခါမှသာ သတိလက်လွှတ်ဖြစ်တတ်တယ်ဆိုတာ ကျုပ်သင်ခန်းစာရလိုက်တယ်ဗျာ"

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါသည်။ လူတစ်ယောက်သည် အောင်မြင်မှုကလေးရလာသည်နှင့် ကိုယ့်ကိုယ်ကိုဘဝင်မြင့်လာတတ်သည်။ ဝီရိယလည်း လျော့နည်းလာတတ်ပါသည်။

ဘာမဆို ကိုယ်က သူများထက်သာသည်ဟုထင်လာတတ်ကြပါသည်။ လုရှောင်ဖုန့် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါကြောင့်လဲ လောကမှာ တကယ်အောင်မြင်တဲ့လူတွေဟာ နည်းလွန်းနေတာပေါ့ဗျာ"

မိုးကိုယ်ရံတော်သည် တစ်စုံတစ်ခုသတိရလာကာ....

"ဒါနဲ့ကျုပ်တစ်ခုတော့မရှင်းဘူးဗျ"

"ဘာကိုလဲ"

"မင်းက မြို့စားကြီးရဲ့တံဆိပ်တုံးကိုမြင်ဖူးလို့လား"

လုရှောင်ဖုန့်ကခေါင်းခါယမ်းပြလိုက်သည်။

"ဟင့်အင်း... ကျုပ်မမြင်ဖူးပါဘူး"

"ဒါဖြင့် တံဆိပ်တုံးအတုမှန်း မင်းဘယ်လိုလုပ်သိသလဲ"

"ဒါလား... ဒီလိုပါ ဒီတံဆိပ်တုံးအတုဟာ ကျုပ်ရဲ့မိတ်ဆွေကျူးထိန်းကလုပ်ပေးတယ်လို့ ကျုပ်ပြောခဲ့တယ်မဟုတ်လား"

"ဒါကို ကျုပ်သိပြီးပါပြီ"



"ကျူးထိန်းဟာ အတုလုပ်တဲ့နေရာမှာ အစစ်နဲ့ခွဲမရအောင်လုပ်တတ်ပါတယ်"

"ငါယုံပါတယ်"

"ဒါပေမယ့် သူက ဘာကိုပဲတုတု အကျင့်တစ်ခုတော့ ရှိနေတယ်"

"ဆိုစမ်းပါဦး။ ဘယ်လိုအကျင့်မျိုးလဲ"

"သူအတုလုပ်တဲ့ပစ္စည်းတွေထဲမှာ ဖဲပွင့်တွေထည့်ထားတတ်တာပါပဲ"

"ဖဲပွင့်တွေဟုတ်လား"

"ဟုတ်ပါတယ်... ကျူးထိန်းကဖဲသမားမို့လို့ပါ"

ရွှေကိုယ်ရံတော်သည် ကိုယ်ပေါ်မှတံဆိပ်တုံးကို ကပျာကယာထုတ်ယူပြီး မှောင်ထဲတွင်မီးခြစ်ခြစ်၍ကြည့်လိုက်သည်။

သူ၏မျက်နှာသည် မည်းမှောင်သွားသည်ဟုထင်ရသည်။

လုရှောင်ဖုန့်ကသက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ကြည့်မနေပါနဲ့ဗျာ... ယို့ဝှမ်းက မှတ်ဆိတ်ပြာရဲ့ကိုယ်ပေါ်ကနှိုက်ယူလိုက်တဲ့တံဆိပ်တုံးဟာ ဖဲပွင့်တွေပါနေတာပဲမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



နွေကိုယ်ရံတော်သည် လုရှောင်ဖုန့်အား အံ့သြစွာ ငေးကြည့်နေမိသည်။ လုရှောင်ဖုန့်ကစကားဆက်လိုက်သည်။

"ဒါပေမယ့် ဒီတံဆိပ်တုံးကအတုဖြစ်ပါတယ်ဆိုတာ ကျုပ်မပြောရင် ဘယ်သူမှမသိပါဘူး... ဒါကြောင့်"

နွေကိုယ်ရံတော်သည် သူ့အားတစ်ချက်စေ့စေ့ကြည့်လိုက်ပြီး.....

"ဆက်ပြောပါ"

လုရှောင်ဖုန့်ကတစ်ချက်ပြုံးလိုက်ပြီး....

"ခင်ဗျားတို့ ဒီတံဆိပ်တုံးကိုယူပြီး မြို့စားကြီးအရိုက်အရာနဲ့သွားလဲချင်ရင် ကျုပ်ကိုအရင်သတ်မှဖြစ်မယ်၊ ဒါမှ ဒီတံဆိပ်တုံးကအတုဖြစ်တယ်ဆိုတာ ဘယ်သူမှမသိမှာ"

နွေကိုယ်ရံတော်သည် သူ့အားစေ့စေ့ကြည့်လိုက်ပြီး....

"ကျုပ်ကလဲ မင်းကိုအခွင့်အရေးတစ်ခုပေးလိုက်မယ်"

လုရှောင်ဖုန့်နားထောင်နေသည်။

"မင်း ပြေးနိုင်သလောက်ပြေးပါ၊ မင်းလွတ်အောင်ပြေးနိုင်ရင် မင်း အသက်ကိုချမ်းသာပေးလိုက်မယ်"

သူတို့သည် ပြောရင်း ဖြစ်သလိုရပ်လိုက်ကြသည်။



သူတို့သည် ဖြစ်ကတတ်ဆန်းရပ်နေသည်ဟုထင်ရသော်လည်း သူတို့၏နေရာယူထားပုံမှာအလွန်ဆန်းကြယ်သည်။

သူတို့သည် ဂဏန်းလက်မနစ်ခုပမာ လုရှောင်ဖုန့်ပြေးနိုင်မည့်ထွက်ပေါက်အားလုံးကိုပိတ်ဆို့ထားလိုက်ပြီးဖြစ်သည်။

လုရှောင်ဖုန့် နားလည်လိုက်သည်။

သို့သော် သူသည် အပြုံးမပျက်ပါ။

"ကျုပ်ပြေးလို့မလွတ်ဘူးဆိုတာကျုပ်သိပါတယ်... ဒါပေမဲ့ ကျုပ်ပြောစရာရှိသေးတယ်"

"ပြောပါ"

"ကျုပ်ကပြေးလို့ လွတ်မယ်ထား... ဒါပေမယ့်`ကျုပ်မပြေးဘူး... အဲ ခင်ဗျားတို့မောင်းထုတ်တာတောင် ကျုပ်ကပြေးမှာမဟုတ်ဘူးဗျ"

"ဘာလဲ... မင်းကသေချင်နေလို့လား"

"မဟုတ်ပါဘူး... ကျုပ်မသေချင်သေးပါဘူး"

ခနွေနှင့်မိုးကိုယ်ရံတော်တို့သည် နားမလည်ကြတော့ပါ။

သူတို့သည် အချင်းချင်းတစ်ချက်ကြည့်လိုက်ကြသည်။

လုရှောင်ဖုန့်ကစကားဆက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သက်တမ်းအားဖြင့်ခြောက်နှစ်ကြာခဲ့ပြီ... ကျုပ်အနေနဲ့ အကြိမ်ခြောက်ဆယ်လောက် သေလုနီးနီး ဘေးအန္တရာယ်နဲ့ ကြုံခဲ့ဖူးတယ်၊ ဒါပေမယ့် ကျုပ်မသေနိုင်ခဲ့ဘူး... အဲဒါဘာဖြစ်လို့လဲဆိုတာ ခင်ဗျားတို့သိကြရဲ့လား"

မိုးကိုယ်ရံတော်က ပခုံးတစ်ချက်တွန့်လိုက်ပြီး....

"မင်းပြောပြမှပဲကျုပ်သိရမှာပေါ့"

လုရှောင်ဖုန့်ကပြုံးလိုက်ပြီး....

"ကျုပ်မှာ ဓားပညာအင်မတန်ထက်မြက်တဲ့ မိတ်ဆွေတွေ အဆင်သင့်ရှိနေလို့ပါပဲ"

လုရှောင်ဖုန့်၏စကားဆုံးသည်နှင့် မိုးကိုယ်ရံတော်သည် ချာခနဲနောက်သို့လှည့်ကြည့်လိုက်သည်။ လူတစ်ယောက်အား တွေ့လိုက်ရလေသည်။ ထိုလူသည် တစ်ကိုယ်လုံး အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ ထူးဆန်းသည်မှာ ထိုလူ၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ သို့သော် ပို၍ထူးဆန်းနေသည်က ထိုလူ၏ ခန္ဓာကိုယ်မှ ဓား၏အငွေ့အသက်များထွက်လာနေသည်ဟု သူတို့၏ စိတ်ထဲတွင် ပြိုင်တူခံစားမိလာသောကြောင့်ပင်။

✡✡✡



နှင်းမှုန်....

နှင်းမှုန်များသည်ထူထပ်စွာ ကျလျက်ရှိနေသည်။ ထို့ကြောင့် ဝန်းကျင်တစ်ခုလုံးအေးစိမ့်နေလေသည်။

သို့သော်... ထိုလူသည် နှင်းမှုန်ကြားတွင် မလှုပ်မယှက် မားမားမတ်မတ်ရပ်နေဆဲ။ ထိုလူရပ်နေပုံကိုလှမ်းကြည့်လျှင် ဤနေရာတွင် ထိုလူသည် နှစ်ပေါင်းကြာရှည်စွာကပင် ရပ်လျက်ရှိနေသည်ဟု ထင်မှတ်ရလေသည်။

ရွှေနှင့်မိုးကိုယ်ရံတော်တို့သည် ထိုလူအား တွေ့လိုက်ရသည်နှင့် လူတစ်ယောက်အား ချက်ချင်းပင် သူတို့ပြေး၍ သတိရလိုက်လေသည်။

"စီးမင်းချွေးရှက်"

သူတို့နှုတ်မှလည်း ပြိုင်တူအသံထွက်သွားကြသည်။

ဟုတ်ပါသည်။ မှန်ပါသည်။ ထိုလူကား ဇမ္ဗူတစ်ခွင်တွင် ပြိုင်ဘက်ကင်းသောဓားဝိဇ္ဇာစီးမင်းချွေးရှက်ပင် ဖြစ်ပါတော့သည်။

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



ဓားပညာ

စီးမင်းချွေးရှက်သည် စကားလုံးဝမပြောပါ။ လှုပ်ရှားမှုလည်း မရှိပါ။ ထို့ပြင် ဓားကိုကိုင်ဆောင်ထားခြင်းလဲမရှိပါ။ သူ့ကိုယ်ပေါ်၌ဓားလုံးဝမရှိပါ။ လုရှောင်ဖုန့်ကပြုံးနေ၏။ နွေကိုယ်ရံတော်က လုရှောင်ဖုန့်ဘက်သို့ ချာခနဲလှည့်လိုက်သည်။

"မင်း ဘယ်တုန်းက သူ့ကို သွားအကူအညီတောင်းလိုက်တာလဲ"

"ကျုပ်ကသူ့ကိုသွားမရှာပါဘူး... ဒါပေမယ့် ကျုပ်မိတ်ဆွေတစ်ယောက်ကသွားရှာပြီး သူ့ကိုအကူအညီတောင်းခဲ့တာပါ"

မိုးကိုယ်ရံတော်သည် စီးမင်းချွေးရှက်အားစေ့စေ့ကြည့်လိုက်ပြီး...

"မင်းက တိမ်ဖြူရဲ့တိုက်ဓားသမားကိုအနိုင်ယူလိုက်တဲ့ စီးမင်းချွေးရှက်ပေါ့ဟုတ်လား"



"ဟုတ်ပါတယ်"

လုရှောင်ဖုန့်ကကြားဝင်၍ဖြတ်ပြောလိုက်သည်။

မိုးကိုယ်ရံတော်က ခေါင်းတဆတ်ဆတ်ညိတ်ပြလိုက်ရင်း...

"တိမ်ဖြူရဲ့တိုက်ဓားသမားရဲ့ မိုးပေါ်ဓားပျံဓားကွက်ဟာ ပြိုင်စံရှားတယ်၊ ဒါတောင် ခင်ဗျားက အနိုင်ရလိုက်တယ်ဆိုတော့ ခင်ဗျားမဆိုးဘူးလို့ ဆိုရမယ်"

စီးမင်းချွေးရှက်က အေးစက်သောအသံဖြင့်ပြန်ပြော လိုက်သည်။

"ခင်ဗျားတို့မှားနေပြီ"

နွေကိုယ်ရံတော်က မျက်မှောင်ကုပ်သွားသည်။

"ကျုပ်တို့မှားနေတယ် ဟုတ်လား... ဘာဖြစ်လို့လဲ"

"ခင်ဗျားတို့ထင်နေသလို တိမ်ဖြူရဲ့တိုက်ဓားသမားကို ကျုပ် ဘယ်တုန်းကမှမနိုင်ခဲ့ဖူးပါဘူး"

မိုးကိုယ်ရံတော်က မျက်မှောင်ကုပ်သွားပြန်သည်။

"ဒါဖြင့်သူက ဘာဖြစ်လို့ရှုံးသွားတာလဲ"

"သူ့ကိုယ်သူ ရှုံးသွားတာပါ"

စီးမင်းချွေးရှက်၏စကားကို သူတို့က သဘောမပေါက်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကို စီးမင်းချွေးရှက်က နားလည်လိုက်သည်။ ထို့ကြောင့် သူက စကားဆက်လိုက်သည်။

"ဓားပညာထက်မြက်ဖို့ဆိုတာ စိတ်ထဲမှာသန့်မှဖြစ်မယ်၊ ကိုယ်လုပ်တဲ့အလုပ်ဟာ တရားတယ်လို့ စိတ်ထဲမှာရှိမှ ဓားပညာကလဲထက်မြက်လာတယ်၊ စိတ်ထဲမှာမသန့်ဘူး၊ ကိုယ်ကမတရားတာကိုပြုလုပ်နေတယ်ဆိုရင် ရှုံးမှာပဲဗျ"

သူသည် စကားဆက်လိုက်သည်။

"ဓားပညာနဲ့ပတ်သက်လို့ ရှေးပညာရှိတို့ရဲ့ဆိုရိုးစကား တစ်ခွန်းရှိခဲ့တယ်၊ စိတ်ထဲမှာမသန့်ရင် ဓားပညာဟာ ပျော့ညံ့သွားတတ်ပါတယ်လို့"

ကိုယ်ရံတော်နှစ်ယောက်သည် ထိုစကားကိုကြားလိုက်ရသောအခါ ရင်ထိတ်သွားကြလေတော့သည်။

ဟုတ်ပါသည်။ သူတို့၏အတွင်းစိတ်က သန့်ရှင်းမှုမရှိသဖြင့် သူတို့၏ဓားပညာသည်လည်း ထက်မြက်မှုရှိနိုင်ပါ့မလား။

✡✡✡



နွေကိုယ်ရံတော်သည် အံကိုတစ်ချက်ကြိတ်လိုက်ပြီး....

"မင်းဓားကော"

"ကျုပ်ဓားရှိပါတယ်"

"မင်းဓားရှိတယ်သာဆိုတယ်... ကျုပ်မမြင်ပါလား"

"အရာရာတိုင်းဟာ ကျုပ်ဓားချည်းပါပဲ"

စီးမင်းချွေးရှက်စကားသည်နားလည်ရန် ခက်ခဲသော်လည်း နွေကိုယ်ရံတော်ကနားလည်လိုက်သည်။ မိုးကိုယ်ရံတော်ကလည်း သဘောပေါက်သွားသည်။

စီးမင်းချွေးရှက်သည် လူနှင့်ဓားခွဲမရအောင်ဖြစ်နေသောအဆင့်တွင်ရှိနေချေပြီမဟုတ်ပါလော။

နွေကိုယ်ရံတော်နဲ့မိုးကိုယ်ရံတော်တို့သည် လျှပ်တစ်ပြက်ဓားများကိုဆွဲထုတ်လိုက်ကြသည်။

"ချွမ်း...."

သူတို့သည် ဝဲယာမှနေ၍ စီးမင်းချွေးရှက်အားဝိုင်းရံထားလိုက်သည်။ စီးမင်းချွေးရှက်က မျက်နှာတည်တည်ထားလျက်....

"မင်းတို့ဟာဓားနဲ့မတန်ဘူး... ဓားနှစ်လက်နဲ့ဝိုင်းတိုက်ရတဲ့မင်းတို့ရဲ့ဓားဟာ အဝတ်စုတ်ပဲသွားညှပ်ဖို့ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ယား…."

မြားရောင်ဖျတ်ခနဲ ဖြစ်သွားသည်။ နွေကိုယ်ရံတော်၏မြား သည် စီးမင်းချွေးရှက်၏ရင်ဝသို့လျှပ်တစ်ပြက်ထိုးဝင်သွားသည်။

"ရှမ်း…. ရှမ်း"

မြားရောင်များသည် လက်နဲ့ဝင်းပြက်သွားသည်။

လူရိပ်နှစ်ခုသည် တစ်ခုတည်းအဖြစ်ပူးကပ်သွားပြီးမှ ချက်ချင်းပြန်လည်ကွဲကွာသွားသည်။ သူတို့နှစ်ယောက်သည် မျက်နှာချင်းဆိုင်ရပ်နေမိလေပြီ။ ထိုအချိန်တွင် မြားသည် နွေကိုယ်ရံတော်၏ရင်ဝသို့ အံ့သြစွာစိုက်ဝင်လျက်ရှိသွားပါ၏။

စီးမင်းချွေးရှက်က အေးစက်စွာကြည့်လိုက်ပြီး….

"ခုဆို ကျုပ်ရဲ့မြား ဘယ်မှာရှိသလဲဆိုတာသိရောပေါ့"

နွေကိုယ်ရံတော်သည် စကားမပြောနိုင်တော့ပါ။ ချောင်းတဟွတ်ဟွတ်သာ ဆိုးနေလေသည်။ နောက်ဆုံး သူသည် ချောင်းဆိုးရပ်သွားကာ သူ၏ခန္ဓာကိုယ်သည် ဝုန်းခနဲမြေပေါ်သို့လဲကျသွားလေတော့သည်။

✡✡✡



## နောက်ဆုံးကူညီခြင်း

လုရှောင်ဖုန့် သက်ပြင်းချလိုက်သည်။

မိုးကိုယ်ရံတော်သည် အသက်ရှူပင်ရပ်သွားသည်ဟု ထင်မှတ်လိုက်ရသည်။ စီးမင်းချွေးရှက်က လုရှောင်ဖုန့်အားစေ့စေ့ကြည့်လိုက်သည်။

"မင်းက လူလွှတ်ပြီးငါ့ကိုခေါ်လို့ ငါလာခဲ့တာ"

လုရှောင်ဖုန့်ကခေါင်းညိတ်လိုက်သည်။

"မင်းလာမယ်ဆိုတာငါသိပါတယ်ကွာ"

"မင်းက ငါ့အပေါ်မှာကျေးဇူးရှိခဲ့တာကိုး"

"ဒါပေမယ့် မင်းဟာငါ့ရဲ့မိတ်ဆွေမဟုတ်လား"

"ဟုတ်ပါတယ်… မိတ်ဆွေဖြစ်ပေမယ့် ဒီတစ်ခါကူညီခြင်းဟာနောက်ဆုံးအကြိမ်ပါပဲ"

"နောက်ဆုံးအကြိမ်ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်… မဲင်းကျေးရွာလဲ ငါ့ဆပ်ပြီးပြီ၊ မင်းအပေါ်လဲ ငါ့ကျေးဇူးမရှိတော့ဘူး… ငါ့အပေါ်လဲမင်းကျေးဇူးမရှိတော့ဘူး… အဲဒီတော့"

"အဲဒီတော့ နောက်တစ်ခါ ဘယ်သူကပဲငါ့ကိုသတ်သည် ဖြစ်စေ မင်းကလက်ပိုက်ကြည့်နေတော့မယ်ပေါ့ ဟုတ်လား"

စီးမင်းချွေးရှက်သည် လုရှောင်ဖုန့်၏စကားကိုပြန်လည်၍ ချေပခြင်းမရှိပါ။ သူသည် ချာခနဲလှည့်ကာ နှင်းမှုန်ကြားသို့တိုးဝင်ကာ ကွယ်ပျောက်သွားလေတော့သည်။

✡✡✡



နှင်းမှုန်ကြားကလူ

မိုးကိုယ်ရုံတော်သည် မလှုပ်မယှက်ရပ်မြဲရပ်နေသည်။

အတန်ကြာငြိမ်သက်စွာ ရပ်လျက်ရှိနေလေသည်။

လုရှောင်ဖုန့်သည်လည်း သူလိုပင် မလှုပ်မယှက်ရပ်နေ၏။ မိုးကိုယ်ရုံတော်သည် တဖြည်းဖြည်းလှည့်ပြီး လုရှောင်ဖုန့်နှင့် မျက်နှာချင်းဆိုင်ရပ်လိုက်သည်။

ရုတ်တရက် သူ၏ဓားသည် လုရှောင်ဖုန့်၏ရင်ဝသို့ထိုးသွင်းလိုက်သည်။ တစ်ချိန်တည်းမှာပင် လုရှောင်ဖုန့်လည်း လက်ဆန့်ထုတ်လိုက်သည်။ သူ၏လက်ချောင်းများသည် မိုးကိုယ်ရုံတော်၏လက်ကောက်ဝတ်အား ဖမ်းချုပ်ထားလိုက်သည်။

တစ်ဆက်တည်း သူ၏ဒူးခေါင်းသည် လျှပ်တစ်ပြက်အပေါ်သို့ထောင်တက်သွားပြီး မိုးကိုယ်ရုံတော်၏တဘောင်ခအားတိုက်ခဲ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အား...."

"ချွမ်း...."

မိုးကိုယ်ရံတော်သည်နာကျင်စွာ တစ်ချက်အော်လိုက်ပြီး သူ၏ဓားသည် မြေပေါ်သို့လွတ်ကျသွားလေသည်။ ရုတ်တရက် မိုးကိုယ်ရံတော်၏လက်တစ်ဖက်သည် လက်ဝါးစောင်းအနေအထားဖြင့် လုရှောင်ဖုန့်၏လည်ဂုတ်သို့ခုတ်ချလိုက်သည်။

လုရှောင်ဖုန့်သည် ဖမ်းချုပ်ထားသောမိုးကိုယ်ရံတော်၏ လက်ကောက်ဝတ်အားလွှတ်လိုက်ပေးပြီး နောက်သို့ခုန်ရှောင်လိုက်ရသည်။ မိုးကိုယ်ရံတော်သည် ဆက်၍တိုက်ခိုက်ခြင်းမပြုတော့ပါ။

သူသည် နောက်သို့ခုန်ဆုတ်သွားရင်း နှင်းမှုန်ကြားသို့ ထွက်ပြေးသွားလေသည်။ လုရှောင်ဖုန့်သည် သူ၏နောက်သို့ မလိုက်တော့ပါ။ ရပ်၍ကြည့်နေသည်။ ထိုအချိန်မှာပင် နှင်းမှုန်ကြားမှ လူရိပ်တစ်ခုပေါ်လာပြန်လေသည်။ ထိုလူရိပ်သည် ဖြည်းဖြည်းနှင့် နှင်းမှုန်ကြားမှပေါ်ထွက်လာခြင်းဖြစ်သည်။ ပြေးလွှားနေသော မိုးကိုယ်ရံတော်၏ခြေလှမ်းသည် ရုတ်တရက်ရပ်တန့်သွားသည်။ ထို့နောက်....

"ဝုန်း...."



ဟူသောအသံတစ်ချက်ကြားလိုက်ရသည်နှင့်အတူ မိုးကိုယ်ရံတော်၏ခန္ဓာကိုယ်သည် အပေါ်သို့မြောက်တက်သွားပြီးပြန်၍ ကျလာသည်။ သို့သော် မိုးကိုယ်ရံတော်သည် ကျနေရာမှပြန်လည်ထလာနိုင်ခြင်းမရှိတော့ပါ။ မိုးကိုယ်ရံတော် သို့မဟုတ် လောဘသားကောင်တစ်ဦး၏နောက်ဆုံးဇာတ်သိမ်းပင်ဖြစ်ပါတော့သည်။

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



## ကျင်းလိမ်မြို့စား

နှင်းမှုန်များသည် အားကောင်းဆဲပင်....

နှင်းမှုန်ထဲမှလူရိပ်သည် ပျောက်ကွယ်သွားခြင်းမရှိသေးပါ။

ထိုလူရိပ်သည် လုရှောင်ဖုန့်အား ကြည့်နေသည်ဟုထင်ရသည်။ လုရှောင်ဖုန့်ကလည်း ထိုလူအား စိုက်ကြည့်နေသည်။

"မင်းကလုရှောင်ဖုန့်ဟုတ်လား"

နှင်းမှုန်ကြားမှလူရိပ်ကမေးလိုက်ခြင်းဖြစ်သည်။

"ခင်ဗျားကကျုပ်ကိုသိလို့လား"

"လုရှောင်ဖုန့်မှာ မျက်ခုံးမွေးလေးခုရှိတယ်လို့ အားလုံးကပြောနေကြတယ်"

"ဟုတ်ကဲ့... ကျုပ်ကမျက်ခုံးမွေးလေးခုနဲ့လူပါ"

"ငါ့ကိုကော မင်းသိရဲ့လား"

"မသိပါဘူး"



"မင်းကိုငါကျေးဇူးတင်စရာရှိတယ်"

"ဘာဖြစ်လို့လဲဗျ"

"မင်းက ငါ့ရဲ့သစ္စာဖောက်တွေကိုဖော်ထုတ်ပေးပြီး သူတို့ကိုပါ တပါတည်းသုတ်သင်ပစ်ပေးလို့ပေါ့"

လုရှောင်ဖုန့် မျက်လုံးပြူးကျယ်သွားသည်။

"ဒီလိုဆို ခင်ဗျားကကျင်းလိမ်မြို့စားကြီးပေါ့ဟုတ်လား"

"ဟုတ်ပါတယ်"

"ခင်ဗျားသေသွားပြီလို့ သတင်းကြွေထွက်နေပါလား"

"ဟုတ်ပါတယ်... ဒါကျုပ်ရဲ့ပရိယာယ်... ကျုပ်ရဲ့လှည့်ကွက်ဆိုပါတော့"

"ကျုပ်နားမရှင်းဘူး"

"ဒီလိုပါ ကျုပ်လက်အောက်မှာ ငယ်သားတွေ အလွန်များပြားနေတယ်ဆိုတာ မင်းလဲအသိပဲမဟုတ်လား"

"မြို့စားကြီးရဲ့လက်အောက်ငယ်သားတွေဟာ ထောင်ချီပြီးရှိတာဟာ မဆန်းပါဘူး"

"ဟုတ်ပါတယ်... ဒါပေမယ့် လူများလာတဲ့အခါမှာ လူကောင်းထဲမှာလူဆိုးတွေပါလာတတ်တယ်လေ၊ အကြံသမားတွေလဲ

www.burmeseclassic.com

www.burmeseclassic.com



ပါလာတတ်တယ်”

“ဟုတ်ပါတယ်… ဒါကတော့ မရှောင်လွှဲနိုင်တဲ့ကိစ္စရပ်ပါပဲ”

“ဒါကအရေးမကြီးဘူး… အထူးအရေးကြီးတာက ငါ့ လက်အောက်ငယ်သားထဲက ငါ့ကိုပုန်ကန်ပြီး မြို့စားကြီးရာထူးအပိုင်စီးမယ့်လူတစ်ယောက်ပေါ်နေတယ်လို့ ငါသတင်းရထားတယ်”

“ဘယ်သူတွေများပါလိမ့်”

“ငါကလဲ ဘယ်သူဘယ်ဝါဆိုတာကို တိတိကျကျ ဘယ်လိုမှ စုံစမ်းမရလို့ ငါ့ကိုယ်ငါသေပြီလို့သတင်းလွှင့်ပြီး မြို့စားကြီးရဲ့တံဆိပ်တုံးကိုပိုင်ဆိုင်တဲ့သူဟာ ခုနစ်လ ခုနစ်ရက်ရောက်ရင် မြို့စားကြီးနေရာ ဆက်ခံရမယ်လို့ ကြေညာနိုင်းလိုက်တယ်လေ”

လုရှောင်ဖုန့်က သက်ပြင်းတစ်ချက်ချလိုက်သည်။

“အင်း… မြို့စားကြီးရဲ့နေရာဟာ ဩဇာအာဏာတွေ ရှိတယ်မဟုတ်လား၊ ဒါကြောင့် မြို့စားကြီးရဲ့တံဆိပ်တုံးကိုလိုချင်လို့ လောဘတက်နေတဲ့လူတွေ များနေတာပေါ့ဗျာ”

လူရိပ်က စကားဆက်လိုက်သည်။

“ကျုပ်က အဲဒီလိုကြေညာလိုက်တော့ ကြံစည်မယ့်လူတစ်ယောက်ဟာ နည်းဗျူဟာပြောင်းသွားကြတယ်၊ သူတို့ကလုပ်ကြံဖို့ထက်



မြို့စားကြီးတံဆိပ်တုံးနောက်ကိုလိုက်ဖို့ ဦးစားပေးလာကြတယ်… အခုတော့ မင်းရဲ့ကျေးဇူးကြောင့်”

သူ၏စကားမဆုံးမီ လုရှောင်ဖုန့်က လက်ကာပြ၍ဟန့်တားလိုက်သည်။

“ကျွန်တော့်ကိုကျေးဇူးတင်စရာမလိုပါဘူးဗျာ”

“မဟုတ်သေးဘူးသူငယ်… မင်းရဲ့သတ္တိ မင်းရဲ့တရားမျှတသောစိတ်ထားကို ကျုပ်က လေးစားဂုဏ်ယူချီးကျူးမိပါတယ်… ဒါကြောင့် မင်းကိုရာထူး….”

မြို့စားကြီး၏စကားမဆုံးမီ လုရှောင်ဖုန့်က ကြားဖြတ်ဝင်ပြောလိုက်သည်။

“ကျေးဇူးတင်ပါတယ်… ဒါပေမယ့် ကျွန်တော်က ဘာရာထူးကိုမှလက်ခံမယူပါရစေနဲ့ခင်ဗျား”

“ဘာဖြစ်လို့လဲ”

“ကျွန်တော်နဲ့ရာထူးဟာ မတန်လို့ပါ”

“ကိုယ့်ကိုယ်ကိုယ် ဒီလောက်တောင် နှိမ်ချမနေပါနဲ့… မင်းရဲ့စွမ်းရည်ကိုလဲ ငါကိုယ်တွေ့သိထားပြီးပါပြီ၊ ဒါကြောင့်…”

“ကျေးဇူးတင်ပါတယ်ခင်ဗျား… ကျွန်တော်က လွတ်လွတ်

www.burmeseclassic.com

www.burmeseclassic.com



လပ်လပ်နေတတ်တဲ့လူတစ်ယောက်မို့ ထီးမလှေနန်းမလှေထုံးစံတွေကို ကျွန်တော်ဘယ်လိုမှနားမလည်ပါဘူး… ဖြစ်လဲမဖြစ်နိုင်လို့ပါခင်ဗျာ”

အတန်ကြာ တိတ်ဆိတ်သွားသည်။

ပြီးမှ မြို့စားကြီး၏အသံထပ်မံပေါ်လာသည်။

“အမှန်ပြောရရင် မင်းဟာ ကျုပ်ရဲ့တစ်သက်သာမှာ တွေ့ကြုံခဲ့ ရင်ဆိုင်ခဲ့ရတဲ့လူတွေထဲမှာကြောက်စရာအကောင်းဆုံး လူတစ်ယောက်ပါပဲ၊ ဒါကြောင့် မင်းအတွက် ငါနည်းနှစ်ခုကိုသုံးရတယ်”

လုရှောင်ဖုန့်ကနားထောင်နေသည်။

“ပထမနည်းက မင်းကို ငါ့လက်အောက်မှာ သိမ်းသွင်းထားမယ်”

လုရှောင်ဖုန့်ကပြုံးလိုက်ပြီး….

“သိမ်းသွင်းလို့မရရင်ကော”

“သိမ်းသွင်းလို့မရရင် မင်းကို ငါသတ်ပစ်ဖို့ရည်ရွယ်ထားပါတယ်”

“အခုကော”

“အခု ကျုပ်ကမင်းကိုစကားတစ်ခွန်းပဲမေးချင်တယ်”



“မေးပါခင်ဗျာ”

“အခု မင်းက ငါ့ရဲ့ရန်သူမဟုတ်သလို မိတ်ဆွေလဲမဖြစ်နိုင်ဘူး၊ ဒါကြောင့် ကျုပ်မေးချင်တာက နောက်ပိုင်းမှာမင်းဟာငါ့ရဲ့ရန်သူဖြစ်လာမလား မိတ်ဆွေဖြစ်လာမလားဆိုတာ”

လုရှောင်ဖုန့်သည် ပြုံးလိုက်ပြီး….

“ကျွန်တော်ဟာ ခင်ဗျားရဲ့ရန်သူ ဘယ်တော့မှမဖြစ်သလို မိတ်ဆွေလဲဖြစ်မှာမဟုတ်ပါဘူးလို့ဖြေချင်ပါတယ်”

“မင်း တကယ်ပြောနေတာလား”

“ဟုတ်ပါတယ်… ကျွန်တော်လဲ တစ်သက်တာမှာ ခင်ဗျားလို ကြောက်စရာကောင်းတဲ့လူကို တစ်ခါမှမတွေ့ဖူးခဲ့ပါဘူးခင်ဗျာ”

“ဟား… ဟား… ဟား”

မြို့စားကြီးသည် အားရပါးရရယ်မောလိုက်လေသည်။

“ဟား… ဟား… ဟား”

ရယ်မောသံသည် တဖြည်းဖြည်း ဝေး၍ဝေး၍ သွားသည်။ နောက်ဆုံးနှင်းမှုန်ကြားတွင်ပင် ပျောက်ကွယ်သွားလေတော့သည်။ လုရှောင်ဖုန့်သည်သက်ပြင်းတစ်ချက်ချကာ နှင်းမှုန်ကြားသို့ တိုးဝင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အမြန်ဆုံးအိမ်ပြန်ပြီး ရေမိုးချိုးကာ သုံးနေ့ သုံးည တိတိ ဝဝလင်လင်အိပ်စက်အနားယူရန်သာ ဆန္ဒများပြင်းပြနေတော့သည်မဟုတ်ပါလား။

*ပြီး၏။*

*တက္ကသိုလ်နေလင်းအောင်*

www.burmeseclassic.com